

ပခုက္ကူ

ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာ

## တရားတော်

ဦးကံညွန့်

သို့

. . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . အား

ဤကျမ်းစာအုပ်ကို “**ဓမ္မဒါန**” ပြုပါသည်။

ဖတ်ရှုသူသည် တရားအသိ၊ ဉာဏ်၊ ပညာများ

တိုးပွား၍ ကျင့်တတ်ပွားတတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်

ချမ်းသာသုခများရရှိပါစေ။


မှ လှူဒါန်းသူ

. . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . သည်

ဤကျမ်းစာအုပ်ကို“**လှူဒါန်း**”ရသော ကုသိုလ်ကောင်းမှုကြောင့် “**သုခပဋိပဒါ ခိပ္ပာဘိညာ**” ဖြင့် ချမ်းသာစွာနေထိုင်ရပြီး လွယ်လွယ်နှင့်တရားရမြန်သူဖြစ်ပါစေသတည်း။

ပခုက္ကူဆရာတော်ဘုရားကြီး



ဦးကုဏ္ဍောဘာသ

## ပခုက္ကူ
## ဆရာတော်ဘုရားကြီး
## ဟောကြားတော်မူသော

# ဓမ္မာနုပဿနာ
# တရားတော်

## ဦးကံညွန့်

---

"အင်ကြွင်းညွန့်" စာပေ

တိုက် (၂၉၁/၅)၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ ☎ : ၅၅၆၇၉၉

၂၆၁၉၃

ဘာသာရေးဆိုင်ရာစာမူ

| | |
|---|---|
| ခွင့်ပြုချက်အမှတ် | - (၃၂/၂၀၀၀) (၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - (၄၄/၂၀၀၀) (၁) |
| ပုံနှိပ်ခြင်း | - ၂၀၀၀ ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၈၀၀ ကျပ် |
| ထုတ်ဝေသူ | - ဒေါ်ရွှေအိမ် (၀၁၂၉၉)<br>တိုင်းလင်းစာပေ၊ အမှတ် ၈/၆၅<br>အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း<br>အင်းစိန် |
| ပုံနှိပ်တိုက် | - သပြေညို ပုံနှိပ်လုပ်ငန်း<br>၁၃၇၊ သံသုမာလမ်း၊ သုဝဏ္ဏ |
| မျက်နှာဖုံးရိုက် | - ကျောက်စိမ်းအော့ (ဖ်) ဆက်<br>၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - UNIQCOM ၊ ပန်းဆိုးတန်း |
| ဒီဇိုင်း | - "33" ၊ (၃၃)လမ်း |
| ဖလင် | - ဖူဂျီကို၊ (၁၃၅) ၄၈လမ်း |
| စာအုပ်ချုပ် | - ဦးအေးမြင့် (၁၁၄)<br>၉၂ လမ်း၊ ရန်ကုန်မြို့။ |

# မျက်စိမြင်၊ နားကြား
# စိတ်မသွား သူကား ဒုက္ခငြိမ်းသတည်း

❑ ခန္ဓာငါးပါးကို စွဲလန်းရင် (ဥပါဒါနက္ခန္ဓာဒုက္ခာ) လို့

❑ မြတ်စွာဘုရားက (ပါဠိ) လို့ ဟောထားပါတယ်။

❑ ဥပါဒါန = စွဲလန်းမှုနှင့်တကွ ဖြစ်ကုန်သော

❑ ခန္ဓာ = ခန္ဓာငါးပါးအစုတို့သည်

❑ ဒုက္ခာ = (ဒုက္ခသစ္စာ) မည်ကုန်၏။

❑ ဒီ စွဲလန်းမှု (ဥပါဒါန်) တွေကဘယ်ကလာသလဲ ?

❑ မျက်စိမြင်၊ နားကြားကလာတာ၊

❑ တွေးတော့လည်းမျက်စိမြင်၊

❑ နားကြားတွေပဲ ပြန်ပြန်တွေးကြတာကိုး . . .

❑ ဒါကြောင့် မျက်စိမြင်၊ နားကြားတာကို ဘယ်သူဘယ်ဝါ ဘယ်လို၊ ဘယ်ချမ်းသာမျိုးနဲ့မှ (စိတ်) ကမလိုက်နဲ့၊ သိကာမတ္တာ၊ (ဝိညာဏ်) သိသဘော (ဓမ္မ) လေးမျှပဲလို့ သိလိုက်ပါ၊ ဒါဆိုရင် ခန္ဓာငါးပါးရမှု၊ ဥပါဒါနက္ခန္ဓာ ဒုက္ခမှ ကင်းလွတ်ပြီးဒုက္ခငြိမ်း နေပါလိမ့်မယ်။

ပခုက္ကူဆရာတော်ဘုရားကြီး

**ဓမ္မမိတ်ဆွေ**

ဤစာအုပ်ပါ "နိဒါန်း" ကို ဖတ်ရှုပါလျှင်

"ဓမ္မာနုပဿနာ" တရားတော်မြတ်

၏

တန်ဖိုးမဖြတ်နိုင်ပုံကို ပိုမိုသိရှိ၍

(သဒ္ဒါ) တိုးပွားနိုင်ကြပါလိမ့်မည်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (က-ထ) |
| ၂။ | ဓမ္မာနုပဿနာ | ၁ |
| ၃။ | ဓမ္မာနုပဿနာ (နီဝရဏ) ပိုင်း | ၃ |
| ၄။ | ဓမ္မာနုပဿနာ (ခန္ဓာ) ပိုင်း | ၁၇ |
| ၅။ | (ရုပ်) ရှုနည်း | ၂၁ |
| ၆။ | ဥပါဒါနက္ခန္ဓာ | ၂၄ |
| ၇။ | မဟာဘုတ်ရုပ် | ၂၉ |
| ၈။ | ဥပါဒါရုပ် | ၃၁ |
| ၉။ | (ဝိညာဏ်) ရှုနည်း | ၆၀ |
| ၁၀။ | ဝိညာဏ်သိ (၆)မျိုး | ၆၂ |
| ၁၁။ | စိတ် | ၇၉ |
| ၁၂။ | (သညာ) ရှုနည်း | ၉၁ |
| ၁၃။ | (သင်္ခါရ) ရှုနည်း | ၉၂ |
| ၁၄။ | (ဝေဒနာ) ရှုနည်း | ၁၀၁ |
| ၁၅။ | ဓမ္မာနုပဿနာ (အာယတန)ပိုင်း | ၁၀၃ |

## မာတိကာ




| | | |
|---|---|---|
| ၁၆။ | သံယောဇဉ် (၁၀)ပါး | ၁၀၅ |
| ၁၇။ | ဓမ္မာနုပဿနာ (ဗောဇ္ဈင်) ပိုင်း | ၁၁၆ |
| ၁၈။ | ဓမ္မာနုပဿနာ (သစ္စာ) ပိုင်း | ၁၁၈ |
| ၁၉။ | ဒုက္ခသစ္စာ | ၁၁၉ |
| ၂၀။ | သမုဒယသစ္စာ | ၁၂၁ |
| ၂၁။ | နိရောဓသစ္စာ | ၁၂၃ |
| ၂၂။ | မဂ္ဂသစ္စာ | ၁၂၄ |
| ၂၃။ | သမ္မာဒိဋ္ဌိ | ၁၂၆ |
| ၂၄။ | သမ္မာသင်္ကပ္ပေါ | ၁၂၆ |
| ၂၅။ | သမ္မာဝါစါ | ၁၂၆ |
| ၂၆။ | သမ္မာကမ္မန္တော | ၁၂၇ |
| ၂၇။ | သမ္မာအာဇီဝေါ | ၁၂၇ |
| ၂၈။ | သမ္မာဝါယာမော | ၁၂၈ |
| ၂၉။ | သမ္မာသတိ | ၁၂၈ |
| ၃၀။ | သမ္မာသမာဓိ | ၁၂၉ |
| ၃၁။ | သစ္စာ (၄) ပါး | ၁၂၉ |

## မာတိကာ

၃

# ဓမ္မာနုပဿနာ
# (ဒုတိယ) ပိုင်း

၃၂။ တရားအားလျော်စွာကျင့်ပါ
၃၃။ ပညတ်နှင့် ပရမတ်
၃၄။ (နာမသန္တာန်) မရောက်ရန်အမှန်သတိပြု
၃၅။ နိဂုံး
၃၆။ (နာမ) နှင့် (သဘာဝ)

**ခမ္မမိတ်ဆွေတို့**

အထပ်ထပ်ပြင်ခဲ့ပါသော်လည်း မတွေ့နိုင်လို့ ကျန်နေခဲ့သည့် ကွန်ပျူတာအမှားများတွေ့ရှိပါက သီးခံခွင့်လွှတ်၍ အမှန်ကို ယူပြီးပြင်ဆင်ဖတ်ရှုကြပါရန်။

# နိဒါန်း

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

(ဓမ္မာနုပဿနာ) တရားတော်သည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဒီဃနိကာယ် မဟာဝဂ္ဂသုတ္တန်၌ပါဝင်သော (မဟာသတိပဋ္ဌာနသုတ်) တော်လာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဟူသော(သတိပဋ္ဌာန်) တရား၄ပါး ဟောကြားတော်မူခဲ့သည့်အနက် (ဓမ္မာနုပဿနာ) သည် တစ်ပါးအပါအဝင်ဖြစ်ပါသည်။

ရဟန်း၊ ရှင်၊ လူတို့အသိများကြသည်မှာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ နှင့် စိတ္တာနုပဿနာ တို့ကိုသာ အသိများကြပြီး (ဓမ္မာနုပဿနာ)မှာ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ အသိနည်းခဲ့ကြသော တရားတော်ပင်ဖြစ်ခဲ့ပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သည်မှာ (သတိပဋ္ဌာန်) တရား၄ပါးဖြစ်ပါသော်လည်း တရားတော်ကိုဖော်ထုတ်ရာ၌ ရှေ့(၃)ပါးသောတရားတို့ကိုသာဖော်ထုတ်နိုင်ခဲ့ကြပါသည်။ လယ်တီဆရာတော်ဘုရားကြီး၊ မိုးညှင်းဆရာတော်ဘုရားကြီး၊ မင်းကွန်း ဆရာတော်ဘုရားကြီးတို့သည်

(ကာယာနုပဿနာ)တရားကို ကျယ်ကျယ်ပြန့်ပြန့်ကျမ်းပြု၍ ဖော်ထုတ်နိုင်ခဲ့ကြသလို စွန်းလွန်းဆရာတော်ဘုရားကြီးသည် (ဝေဒနာနုပဿနာ) တရားကို ဖော်ထုတ်တော်မူခဲ့ပါသည်။ မိုးကုတ်ဆရာတော် ဘုရားကြီးသည်လည်း အများပြည်သူတို့ နားလည်နိုင်အောင်(စိတ္တာနုပဿနာ) တရားတော်ကိုကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ဟောကြားတော်မူခဲ့ပါသည်။

(ဓမ္မာနုပဿနာ)တရားကိုလည်း ကာယ၊ စိတ္တတို့နည်းတူ ကျယ်ကျယ်ပြန့်ပြန့် ကျမ်းပြုခြင်း၊ အများသိအောင်ဖော်ထုတ်ဟောကြားခဲ့ခြင်းတို့ကိုမူ စာရေးသူအနေဖြင့် မတွေ့ခဲ့ရပါ။ (ဓမ္မာနုပဿနာ) ရယ်လို့ အခေါ်သာပြောစမှတ်ရှိကြပြီး၊ အများသိအောင် နားလည်အောင်၊ ရှင်းလင်းသည့် အဟောမရှိခဲ့ပါပေ။ မြတ်စွာဘုရားဟောကြားခဲ့သည့် သတိပဋ္ဌာန် တရား(၄)ပါးအနက်၊ သတိပဋ္ဌာန် (၃)ပါးသာ မျက်မှောက်ကာလတွင် အဟော အပြောများကြသည့်အတွက် ဟောပြောမှုသိနားလည်မှုနည်းပါးနေသည့် မြတ်စွာဘုရား၏ (ဓမ္မာ နုပဿနာ) တရားတော်သည် တိမ်မြုပ်ပျောက်ကွယ်ဘွယ်ရာရှိနေပါသည်။

(ဓမ္မာနုပဿနာ) တရားတော်အပြည့်အစုံကို ရှေးရှေးက စာတတ် ပေတတ်ဆရာတော်ကြီးများကိုယ်တိုင် သိခဲ့ကြပါသော်လည်း အများသိအောင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ရေးသား ကျမ်းပြု ဟောကြားခြင်းမျိုးမတွေ့ရပါသဖြင့် မျက်မှောက်ခေတ်၌ (ဓမ္မာ နုပဿနာ) တရားတော် အပြည့် အစုံ ဟောမှု၊ ပြောမှုမှာ မရှိသလောက်

နည်းပါးလာခဲ့ရပါသည်။ (ဓမ္မာနုပဿနာ) ဆိုလျှင် (နီဝရဏ) ကို ရှုတာ၊ (သညာ) ကိုရှုတာ၊ (သင်္ခါရ) ကို ရှုတာဟူသော အပေါ်ယံ စကားလုံးလောက်သာ ဟောပြောနိုင်ကြပြီး တရားသဘောကို ရှင်းအောင် အကျယ်ဟောပြ နိုင်သည့် ရဟန်းပုဂ္ဂိုလ် အနေဖြင့် အလွန်ရှားပါးနေပါသည်။ လူပုဂ္ဂိုလ် များဆိုလျှင် သိသူ အလွန်နည်းပါးနေကြပါသည်။ ဤမျှလောက်အောင် မြတ်စွာဘုရား၏ (ဓမ္မာနုပဿနာ) တရားတော်မှာ ကွယ်လုမတတ်ဖြစ်နေရပါသည်။

(ဓမ္မာနုပဿနာ) တရားအကျယ်၊ တရားအပြည့်အစုံကို ပေါ်လွင်အောင် ကျမ်းတစ်စောင်၊ စာတစ်အုပ်အဖြစ် သီးသန့်ရေးသားခဲ့ကြခြင်းမျိုးမှာလည်း မရှိသလောက်ရှားပါးလှသဖြင့် ကိုးကားနိုင်လောက်သည့် စာအုပ်ကိုရှာ၍ မရနိုင်အောင်ဖြစ်ခဲ့ရပါသည်။ (ညောင်ကန်) ဆရာတော် (ဦးဗုဓ်) အနက်ပြန်ဆိုအပ်သော (မဟာသတိပဋ္ဌာနသုတ်) နိဿယ (နန်းတွင်းမူ) နှင့် မုံ့တောဆရာတော် စီရင်ရေးသားအပ်သော (မဟာသတိပဋ္ဌာန်) အဓိပ္ပါယ်ကောက်တို့၌သာ (ဓမ္မာနုပဿနာ)ကို (သတိပဋ္ဌာန် ၄ပါး) အနေဖြင့် တွဲလျက်သာတွေ့ရှိရပါသည်။ တွေ့ရသော (မဟာ သတိပဋ္ဌာနသုတ်) ၌ (ဓမ္မာနုပဿနာ) ကို (ပါဠိ) နှင့် (အနက်) ရောလျက် စာမျက်နှာ (၃၀) ခန့်သာတွေ့ရှိရပါသည်။

အချို့ဆရာတော်ကြီးများသည် ( မဟာသတိပဋ္ဌာန်) တရား

အနည်းအကျဉ်းကို (၄)အုပ်ခွဲ၍ ပါဠိကိုအနက်ပြန်ဆိုသောပုံစံ မျိုးဖြင့်သာရေးသားခဲ့ကြပါသော်လည်း နက်နဲလှသည့် (ဓမ္မာနုပဿနာ) ကိုမူ ရဟန်းရှင်လူတို့ နားလည် သဘောပေါက်နိုင်လောက်အောင်၊ သိအောင်၊ ရှင်းလင်းအောင် အကျယ်မရေးဖြစ်ခဲ့ကြပါပေ။ သို့ဖြစ်ပါ၍ (ဓမ္မာနုပဿနာ) ကို ရဟန်းရှင်လူတို့ မသိနိုင်ကြသည့် အခါ၌ (ပညတ်) နှင့် (ပရမတ်)တရား၊ (အတ္တ) နှင့် (အနတ္တ) တရား တို့ကိုလည်း သေသေချာချာ ကွဲပြားအောင် မသိနိုင်ကြတော့ပါပေ။

စာရေးသူသည် (နိဗ္ဗာန်)ရောက်ကြောင်း တရားတော်ကို နိဗ္ဗာန်မြင်နိုင်မှုနှင့် ဆီလျော်အောင်၊ နည်းလမ်းကျအောင်၊ ရှင်းလင်း နားလည်အောင် ဖတ်ရှုရပါမှအားရနိုင်ပါသည်။ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားရာတွင် ဓမ္မသဘောနှင့်ကိုက်ညီအောင် ဟို ရောက်ဒီရောက်မဖြစ်အောင်၊ နားလည်အောင်၊ ဘုရားဟောပါဠိတော် ကြီးများနှင့် ကိုက်ညီအောင်၊ နိဗ္ဗာန်ရောက်ကြောင်း နှင့်ဆီလျော်အောင် ဟောကြားတော်မူသည့် မိုးကုတ်ဆရာတော် ဘုရားကြီး၏ တရားတော် များဖြစ်သော (စိတ္တာနုပဿနာ) တရားတော်များဆိုလျှင် စာရေးသူ အလွန်အားရမိပါသည်။ ထို့ကြောင့်လည်း အများပြည်သူ ရဟန်းရှင် လူများအတွက် ပိုမိုရှင်းလင်း လွယ်ကူစွာ သိရှိ နားလည် နိုင်ကြရအောင် စာရေးသူသည် မိုးကုတ် ဆရာတော်ဘုရားကြီး၏ (စိတ္တာနုပဿနာ) တရားတော်ဆိုလျှင် စာအုပ် (၃) အုပ်မျှပင် ရေးသားပူဇော်ခဲ့ပါသည်။

ထို့နောက် ရဟန်းရှင်လူတို့အတွက် အလွယ်တကူသိရှိနိုင်ကြ

ရအောင် **"သတိပဋ္ဌာန်တရားနှင့် ဝိပဿနာတရားအားထုတ်နည်း" စာအုပ်ကိုလည်း** ရေးသားပူဇော်ခဲ့ပြန်ပါသည်။ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်လူကြီးများနှင့် စာရေးသူတို့ တွေ့စဉ်ကဆိုလျှင် စာရေးသူအား (မိုးကုတ်ဝိပဿနာ) တရားတော်များကို ဆက်လက်ရေးသားရန် ပြောကြားခဲ့ကြပါသည်။

စာရေးသူအနေဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ (စိတ္တာနုပဿနာ) တရားတော်များကို ရေးသားရသည်မှာ အားရလှပါသော်လည်း မိမိကဲ့သို့အလားတူ ရေးသားတတ်သည့် ပုဂ္ဂိုလ်များ ရေးသားနိုင်ကြပါစေရန် ဦးစားပေးမှုတို့ဖြင့် စာရေးသူသည် (စိတ္တာနုပဿနာ) ကိုရေးရန်ရှိပါသော်လည်း ထပ်မံမရေးနိုင်သေးပဲ၊ အများနားလည်အောင် ရေးပြဖို့လိုအပ်နေသော **"သတိပဋ္ဌာန်တရားနှင့် ဝိပဿနာတရား"** အားထုတ်နည်းစာအုပ်ကိုသာ ဆက်လက်ရေးသား ပူဇော်ခဲ့ပါသည်။

ထို့နောက် စာရေးသူသည် **" (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး) များဟောကြားရေးပြပေးခဲ့သည့် နိဗ္ဗာန်ပို့မည့်တရားတော်များ"** ဟူ၍လည်း မိုးကုတ်ဆရာတော်ဘုရားကြီးအပြင်၊ အခြားဆရာတော်ကြီးများဖြစ်ကြသော စွန်းလွန်းဆရာတော်ဘုရားကြီး၊ တောင်ပုလုဆရာတော်ဘုရားကြီး၊ အရှင်ဇနကာဘိဝံသဆရာတော်ကြီး၊ သံလျင်တောရ

ဆရာတော်ကြီး၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး အစရှိသောဆရာတော်ကြီးများ၏ တရားအာဘော်များကိုလည်း အများပြည်သူ၊ ရဟန်းရှင်လူများ အလွယ်တကူသိရှိသဘောပေါက်နိုင်ကြရအောင် ထပ်မံရေးသား ပူဇော်ခဲ့ရပြန်ပါသည်။

ထို့နောက် ရန်ကုန်၊ တာမွေမြို့နယ်ရှိ **"မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး"** ၌ နိုင်ငံခြားသို့ သွားရောက်သာသနာပြုကြမည့် ရဟန်းတော်များလေ့ကျင့်သင်ကြားရေးတွင် လော(စ်)အိန်ဂျလီး (စ်)၊ စင်္ကာပူ၊ ပီနန်ရှိ မြန်မာဗုဒ္ဓဘာသာကျောင်းများ၏ ပဓါနနာယက ဆရာတော်ကြီး (ဦးပညာဝံသ) ၏ စီစဉ်ချက်အရ စာရေးသူသည် ထိုကျောင်းတော်ကြီး၏ (ပညာရေးဆပ်ကော်မတီ)တွင် ပါဝင်နေရာ၊ သာသနာပြုသင်တန်းသားရဟန်းတော်များအတွက်ကိုလည်း အထောက်အကူပြုနိုင်ကြပါစေရန် ရည်စူး၍ **"မြတ်ဗုဒ္ဓ၊ မြတ်နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း ဒါန၊ သီလ၊ ဘာဝနာတရား"** စာအုပ်ကိုလည်းထပ်မံရေးသားပူဇော်ခဲ့ပြန်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် စာအုပ် ထွက်ရှိရေးကိုလည်း ဆောင်ရွက်နေဆဲဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၊ မြတ်နိဗ္ဗာန်တရားစာအုပ်ကို ရေးသားနေစဉ်အတွင်း၊ ရဟန်းရှင်လူ အများပြည်သူတို့အတွက် အကျိုးပြုမည့် တရားစာအုပ်၊ နောက်ထပ်ရေးသားပူဇော်ရမည့် တရားစာအုပ်ကို စဉ်းစားရာ သတိပဋ္ဌာန်တရား (၄)ပါးရှိသည့် အနက် (ဓမ္မာနုပဿနာ) တရားသည်

ရဟန်းရှင်လူ အများ ပြည်သူတို့ အသိအလွှန်မှ နည်းပါးလှပါပေသည်။ (ဓမ္မာနုပဿနာ) တရားသည် ကွယ်လုမတတ်ဖြစ်နေသောကြောင့် ဤတရားတော်ကို ပူဇော်လိုက် ရလျှင် သာသနာအတွက် အလွန် အကျိုးရှိပြီး သာသနာပြုရာလည်း ရောက်ပေမည်ဟု စိတ်ထဲ၌ ဖြစ်ပေါ်လာပါသည်။

သို့ပါသော်လည်း စာရေးသူအနေဖြင့် ဤတရားကိုကောင်းစွာ မသိသေး၍ (ဓမ္မာ နုပဿနာ) တရားတော်စာအုပ်များ ရှိလေမလားဟု ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ပဋိကတ်ဆိုင်ကြီးများ၊ မြို့ထဲရှိ စာအုပ်အဟောင်း ဆိုင်များ၊ ကမ္ဘာအေးရှိသာသနာရေး ဦးစီးဌာနမှ (ကျမ်း)စာအုပ် အရောင်းဆိုင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ စာအုပ်အရောင်းဌာနနှင့် စာကြည့်တိုက်များတွင်လိုက်၍ ရှာဖွေပါသော်လည်း မတွေ့ရပါ။ သာသနာရေး ဦးစီးဌာနမှ မိတ်ဆွေ အရာရှိများအား အကူအညီတောင်းခံပါသော်လည်း စာအုပ်မရှိ သေး၍ မရရှိခဲ့ပါ။

စာရေးသူအနေဖြင့် (ဓမ္မာနုပဿနာ) တရားတော်ကို ရေးသားပူဇော်ချင် လှပါသော်လည်း မှီငြမ်းပြုရမည့် တရားစာအုပ်ကို ရှာမရသည့်အပြင် နားလည်အောင် ဟောပြပေးနိုင်မည့် ရဟန်းပုဂ္ဂိုလ် အနေဖြင့်လည်း ရှာမတွေ့ဖြစ်နေသည့်အတွက် တရားတော်ကို ရေးသားရန် အခက်အခဲနှင့် ကြုံတွေ့နေခဲ့ရပါသည်။

ထို့ကြောင့် စာရေးသူသည် (ဓမ္မာနုပဿနာ) ကို မရေးဖြစ်နိုင်တော့သည့် အခက်အခဲနှင့် ကြုံရာမရပဲဖြစ်နေခဲ့ရာ၊ နောက်ဆုံး၌ မြတ်စွာဘုရားကိုပဲ တိုင်တည်လို၍ အိမ်ကဘုရားရှေ့မှာပဲ ဆုတောင်းမိသည်မှာ - "ဘုရားတပည့်တော်သည် (ကျမ်း) စာအုပ်များကိုပဲ (ဆရာ) ပြုပြီး သာသနာပြုတရားစာအုပ်များကို ရေးသားပူဇော် နေရပါသည်၊ ဘုရားတပည့်တော်မှာ သင်ပြပေးမည့် (ဆရာ)၊ တိုင်ပင်ရမည့် (ဆရာ) ရယ်လို့ ယနေ့ထိမရှိသေးပါဘုရား၊ ဘုရားတပည့်တော် မသိသေးသော၊ ရေးချင်နေသော (ဓမ္မာနုပဿနာ) တရားတော်များကို ရေးသားပူဇော်နိုင်ရန် လက်တွေ့ကျပြီး၊ နားလည်သဘောပေါက်နိုင်လောက်အောင် ဟောပြပေးနိုင်မည့် ဆရာတော်ကြီးတစ်ပါးကိုဖြင့် ဖူးမြင်ချင်လှပါဘိ အရှင်ဘုရား၊ အမြန်ဆုံးဖူးမြင်ရပါလို၏ အရှင်ဘုရားလို့ ဒီလိုပဲဘုရားရှိခိုးရာမှာ ဆုတောင်းနေမိခဲ့ပါသည်။

ထို့အပြင် စာရေးသူသည် ဘုရားရှိခိုးရာမှာလည်း အရပ်လေးချက်နှာ၊ အရပ်ရှစ်မျက်နှာတို့၌ရှိကြကုန်သော(ရဟန္တာ) သူတော်စင်သူတော်မြတ်တို့ကိုလည်း ရည်မှန်းပြီး အမြဲရှိခိုးလေ့ရှိပါသည်။ ထိုသို့ဘုရားမှာ ဆုတောင်းခြင်း၊ အရပ်ရှစ်မျက်နှာ၌ရှိကြကုန်သော (ရဟန္တာ) များကို ရှိခိုးခြင်းများပြုခဲ့သည်မှာ မှန်သော သစ္စာစကားပင်ဖြစ်ပါသည်။

မကြာလိုက်ပါ၊ စာရေးသူ၏နေအိမ်သို့ **"ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများဟောကြားရေးပြပေးခဲ့သည့် နိဗ္ဗာန်ပို့မည့်တရားတော်"** စာအုပ်

လာဝယ်သည့် လူတစ်ယောက်ရောက်လာပါသည်။ ထိုသူသည် ထူးထူး ဆန်းဆန်းပင် ဒီစာအုပ်ကို ကျွန်တော်ကဝယ်တာမဟုတ်ပါဘူး၊ ကျွန်တော့ဆရာတော်ကြီးက ဝယ်ခိုင်းလိုက်လို့ လာဝယ်တာဟုစပြီး ပြောပါလေ တော့သည်။ စာရေးသူက ဒီလိုဆိုရင် ပိုက်ဆံမယူပါဘူး၊ စာအုပ်ကို လှူလိုက်ပါ့မယ်၊ ဒါထက်ခင်ဗျား ဆရာတော်ကြီးက ဘယ်ကျောင်းကလည်း၊ ဆရာတော်ကြီး အကြောင်းကိုပြောပါအုံးဟု သိလိုသည်များမေးမြန်းကြည့်ရာ၊ ထိုသူ၏ ပြောပြချက်အရ စာအုပ် ဝယ်ခိုင်းလိုက်သော ဆရာတော်ကြီးသည် **"ပခုက္ကူဆရာတော်ကြီး ဦးကုန္ဒောဘာသ"**ဆရာတော်ကြီး ဖြစ်ကြောင်း၊ ကမ္ဘာအေးဘုရားလမ်း နှင့် တက္ကသိုလ်ရိပ်သာလမ်း ဒေါင့်မီးပွိုင့်အနီး၌ရှိသော (တေဇိန္ဒာရာမ) ကျောင်းတိုက်ရှိ (ပင်လုံဝိဟာ) ကျောင်းဆောင်အောက်ထပ်၊ ခေါင်းရင်း ခန်းတွင် သီတင်းသုံးနေတော်မူသည့် သက်တော် (၇၈)နှစ်၊ ဝါတော် (၅၈) ဝါရှိသည့် ဆရာတော်ကြီးဖြစ် ကြောင်း သိရှိရပါသည်။

စာရေးသူသည် ဆရာတော်ဘုရားကြီးအား မမြင်ဘူးသေး သော်လည်း ကြားရရုံမျှဖြင့် ကြည်ညိုသဒ္ဓါတရားများ ပွားများလာသော စိတ်များဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် စာအုပ်လာဝယ်သူအား ဆရာတော်ကြီးကို ဖူးမြင်ရအောင်ဆွမ်းလာကပ်ပါအုံးမည်ဟု ပြောလိုက် ပြီး စာအုပ်ကိုလည်း လှူလိုက်ပါသည်။

ဆရာတော်ဘုရားကြီးအား ဖူးမြင်ရန်၊ ဆွမ်းကပ်ရန် ရောက်

သွားသောနေ့မှာပင် ဆရာတော်ဘုရားကြီးသည် ဆွမ်းဘုန်းပေးပြီး နောက် စာရေးသူပင်မပြောရ၊ မလျှောက်ထားရပဲ၊ ဆရာတော်ဘုရား ကြီးသည် စာရေးသူသိချင်နေသော (ဓမ္မာနုပဿနာ) တရားတော် အနည်းအကျဉ်းကို ဟောကြားလိုက်ပါတော့သည်။

စာရေးသူသည် သိချင်နေသောတရားများကို ကြားသိရ၍ အလွန်သဘောကျမိသည့်အတွက် ပြန်လည် မေးမြန်းနိုင်ရန် အိမ်ပြန် ရောက်သည့်အခါ၌ ဆရာတော် (ဦးပုစ်) ရေးသားပြုစုခဲ့သည့် (ဓမ္မာနုပဿနာနိဿယျ) ပါဠိနှင့်အနက်ကို အပြန်ပြန်အလှန်လှန် ဖတ်ရှုထားလိုက်ပါတော့သည်။ တနင်္လာနေ့တိုင်း ဆရာတော်ဘုရားကြီး ထံသို့သွားရောက် ဆွမ်းကပ်ရင်း ဆရာတော်ဘုရားကြီးက ဟောကြား ပေးသည့် (ဓမ္မာနုပဿနာ) တရားတော်များကို (၈)လကြာသည့်တိုင် အောင် တရားတော်များကို ကောင်းစွာ နာယူမှတ်သားပြီးသည့် အခါကြမှ ဤ (ဓမ္မာနုပဿနာ) တရားတော်ကို ရေးသားပူဇော် နိုင်ပါတော့သည်။

ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်လုံးကို နိုင်နင်းတော်မူပါပေသည်၊ စာရေးသူသည် (၈) လပါတ်လုံးအပါတ်စဉ် ဆရာတော်ဘုရားကြီးထံ ရောက်ရှိခဲ့ရာ၊ ဆရာတော် ကြီးသည် (ဓမ္မာနုပဿနာ) တရားစကားမှလွဲ၍ အပိုစကား အပြောမျိုး ပြောဆိုခြင်းမရှိခဲ့ပါပေ။

ဆရာတော်ဘုရားကြီးသည် အပိုစကားမပြောသည့်အပြင် ဘာလုပ်ချင်သည်၊ ဘာလိုချင်သည်၊ ဘယ်သွားချင်သည်၊ ဘယ်လာချင်သည်ဟူ၍ (ချင်) သည့် စကားတစ်လုံးမျှကိုလည်းမပြောပါ။ တရားဟောပြီးလျှင် ဒကာကြီး ပြန်ချင်ရင်ပြန်ပေတော့ဟူ၍သာပြောပြီး နေ့စဉ်နှင့်အမျှတရားနှလုံးသွင်း မှုဖြင့် တစ်ပါးတည်းနေထိုင်မှုကိုသာ မွေ့လျော်သည့်ဆရာတော်ကြီးပင် ဖြစ်ပါသည်။

စာရေးသူသည် (၈)လကြာမျှ ဆရာတော်ဘုရားကြီးထံ အပါတ်စဉ်တနင်္လာနေ့တိုင်း တရားတော်များနာယူခြင်း၊ မသိတာများ မေးမြန်း၍ နည်းနာခံယူနေသည့် အချိန်အတွင်း ဆရာတော်ကြီးအား လေ့လာကြည့်ရာ၊ ဆရာတော်ကြီးသည် ထူးခြားသော ဆရာတော်ကြီး တစ်ပါးဖြစ်နေကြောင်း သိရှိရပါသည်။ စာရေးသူအား ဆုံးမဩဝါဒ ပေးရာ၌ စာရေးသူအနေဖြင့် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးတို့၌ တစ်ခုခု မှားယွင်း မှုရှိလာခဲ့သည့်နေ့ဆိုလျှင် ဆရာတော်ကြီးသည် သွယ်ဝိုက်၍ အမှားအမှန်ကို ထောက်ပြဆုံးမပေးတော်မူပါသည်။ လောလော လတ်လတ် ကိစ္စမျှမဟုတ်ပါ။ လွန်ခဲ့သောတစ်နှစ်၊ နှစ်နှစ်ကတွေ့ကြုံခဲ့ ရသည့်ကိစ္စများကိုပင် တရားစကားနှင့် စကားစပ်မိလျှင် ထောက်ပြ ပေးတော်မူ နိုင်ပါပေသည်။

ဆရာတော်ဘုရားကြီးသည် စာရေးသူ၏စိတ်အကြံအစည်နှင့်၊ နှုတ်မှထွက်ခဲ့သော စကားစသည့် ကိုယ်ရေးကိုယ်တာတို့ကိုသာ

သိနေသည်သာမဟုတ်ပါ၊ စာရေးသူခေါ်သွားသော ဒကာ၊ ဒကာမများကိုလည်း တွေ့လျှင်တွေ့ချင်း ၎င်းတို့၌ (အကုသိုလ်) ဖြစ်စေနိုင်သည့် အားနည်းနေသောအချက်များရှိလျှင် ထောက်ပြ၍ အားသာချက်များဖြစ်အောင်ပြုပြင်ရန် ဆုံးမပေးတတ်ပါပေသည်။ ဆရာတော်ဘုရားကြီး၏ (ကပ္ပိယ) ဖြစ်သူတစ်ဦးဆိုလျှင်၊ ဆရာတော်ကြီးထံသွားရန် အိမ်မှအထွက် ကားမှတ်တိုင်၌ အလုပ်သွားရန် ကားစောင့်နေကြသည့် ၎င်း၏အပေါင်းအသင်းများနှင့် တွေ့၍(တဏှာ၊ ရာဂ) ဖြစ်ပေါ်စေသည့် မသင့်တော်သောစကားများပြောမိခဲ့ကြပြီး ဆရာတော်ကြီးရှေ့မှောက်သို့ ရောက်သွားသည့်အခါ၊ ရောက်ရောက်ခြင်းဆိုသလို ဆရာတော်ကြီးက (ကပ္ပိယကြီး) အားတခါလာလည်း ဒီမာတုကာမစကားပဲ၊ ဒီစကားမပါရင် မပြောတတ်ဘူးလားဟူ၍ တရားလက်လွတ်မဖြစ်အောင် ဆုံးမဩဝါဒ ပေးတတ်သဖြင့် ဆရာတော်ကြီးကွယ်ရာမှာမတော်တာတွေ မပြောဝံ့တော့ကြောင်း (ကပ္ပိယကြီး) ပြန်ပြောပြ၍ သိရပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော (နိရုတ္တိပဋိသမ္ဘိဒါ) နှင့်အညီ မည်သည့်ဘာသာလူမျိုးကိုမဆို၊ ထိုသူ၏ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို သိနေသည်ဟု စာရေးသူထင်မြင်မိပါသည်။

ထို့အပြင် ဆရာတော်ကြီးသည် (အတ္ထပဋိသမ္ဘိဒါ) ဖြစ်သော

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ပါဠိတော်များအတိုင်း ပါဠိတော်နှင့် အနက်ကိုသိသော ဆိုလိုရင်းသဘောကို သိသော (ဉာဏ်)နှင့်လည်း ပြည့်စုံနေသည်ဟု စာရေးသူ ထင်မြင်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် (ပဋိပတ်)အရာ၌ (နေ) လို (လ) လို ထင်ရှား ကျော်ကြားခဲ့ကြသော ရှေးကဆရာတော်ကြီးများပင်လျှင် အများ သိအောင်၊ အကျယ်မဟောမပြောဖြစ်ခဲ့ကြ သည့် ဤ (ဓမ္မာနုပဿနာ) တရားနှင့်တရား၏ အနှစ်သာရများကိုပင် ဆရာတော်ကြီးသည် အချိန်မရွေးဟောနိုင်သည့် အပြင်၊ (၈)လ ဟောလည်း မကုန်နိုင်အောင် ဖြစ်နေပါသည်။ ဤစာအုပ်ကို ရေးပြီး၍ (နိဒါန်း)ရေးနေချိန်မှာပင် ဤစာအုပ်၌ မပါခဲ့သေးသော တရားအချက်အလက် များကိုပင် ဆရာတော်ဘုရားကြီးသည်ဆက်လက်၍ဟောကြား နေပါသေးသည်။ ဆရာတော်ဘုရားကြီးဟောကြားခဲ့သော ဤ (ဓမ္မာနုပဿနာ) တရားတော် အစအဆုံးကို သေချာစွာ ဖတ်ရှုနိုင်ကြပါလျှင် တရားတော်၏ အဆင့်အတန်းကပင် သက်သေခံနေမည်ကို တွေ့မြင်နိုင်မည်ဖြစ် ပါသည်။

ဆရာတော်ဘုရားကြီးသည် (ဓမ္မာနုပဿနာ)တရားကို ရတန သုတ်၊ ပရိတ်ကြီး၊ ဝိနည်းတရားတော်များထဲမှလည်း ဖော်ထုတ်ဟော တတ်ပါပေသည်။ ထို့အပြင် (ဓမ္မာနုပဿနာ)တရားကို (အဘိဓမ္မာ) နှင့် (ပဋ္ဌာန်း) ဒေသနာတော်များထဲမှလည်း ပါဠိတော်နှင့်တကွ ကောက်နုတ် ဟောပြောပါသေးသည်။ ထိုကဲ့သို့ဟောပြောချက်များကို

ကျမ်းစာသိပ်ကျယ်ဝန်းမှာစိုး၍ အချို့ကိုစာရေးသူမှ မတင်ဆက်ပဲချန်ထားခဲ့ရသည်များလည်းရှိပါသည်။

ဆရာတော်ဘုရားကြီးသည် ပဋ္ဌိသမ္ဘိဒါ (၄)ပါးအနက် ကျန်ရှိသည့် (ဓမ္မပဋိသမ္ဘိဒါ) နှင့် (ပဋိဘာနပ္ပဋိသမ္ဘိဒါ) တို့နှင့်လည်း ပြည့်စုံမှုရှိသည်၊ မရှိသည်ကို တတ်သိနားလည်သူတို့ သိနိုင်ကြပါသည်။ စာရေးသူအနေဖြင့် ယခုထက်ပိုပြီး ရေးရန်မသင့်တော်ပါ၍ ချန်လှပ်ထားရပါသည်။

ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော (ဓမ္မာနုပဿနာ) တရားတော်သည် စာရေးသူအတွက် အလွန်တန်ဘိုးရှိလှပါပေသည်။ တရားတော်ကို အလွန်ပဲအားရလှပါသည်။ တရားတော်ကို ရာနှုန်းပြည့်နားလည်ကြသူတို့အဖို့ တန်ဖိုးရာနှုန်းအပြည့်ရရှိနိုင်ကြမည်ဖြစ်ပြီး ဓမ္မပီတိ၊ ဓမ္မသုခများလည်း ရရှိနိုင်ကြရမည်ဖြစ်ပါသည်။

ဤတရားတော်စာအုပ်ကို ရေးသားပူဇော်တင်ဆက်ရာ၌ ပုံစံအားဖြင့် ဆရာတော်ဘုရားကြီးသည် စိန်များ၊ ပတ္တမြားများ၊ ကျောက်စိမ်း၊ နီလာ၊ ပုလဲစသော အဖိုးတန်ကျောက်မျက်ရတနာများကို ပေးအပ်သူ နှင့် တူလှပါသည်။ စာရေးသူသည် ဆရာတော်ဘုရားကြီး ပေးအပ်သော အဖိုးတန်ကျောက်မျက်ရတနာများကို ရွှေဖြင့်ကွပ်၍ စီချယ်ပြုလုပ်ပြီး အများပြည်သူတို့ကို တင်ဆက်ပြသ ပေးသည့် ရွှေပန်းတိမ်နှင့်သာ (ဥပမာ)တူလှ ပါသည်။ အဖိုးတန် စိန်၊ကျောက်မျက်

ရတနာများနှင့်တူသော (တရား) ပိုင်ရှင်သည် ဆရာတော်ဘုရားကြီးပင် ဖြစ်ပါ၍၊ မူလ (တရား) ပိုင်ရှင်သည် ရှင်တော်မြတ်ဘုရားသာလျှင် ဖြစ်ပါသည်။အမှားပါခဲ့ပါလျှင်စာရေးသူ၏ချို့ယွင်းချက်သာဖြစ်ပါသည်။

စာရေးသူသည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များအနက် ရဟန်းရှင်လူအများပြည်သူတို့ အသိနည်းပြီး မှေးမှိန် ပျောက်ကွယ်လုဖြစ်နေသော **"ဓမ္မာနုပဿနာတရားတော်"** ကို ရေးသား ပူဇော်ရ၍ အလွန်တရာမျှ ဓမ္မပီတိများရနေပါသည်။ ဤ (ဓမ္မာ နုပဿနာ)တရားတော်သည် စာရေးသူပင် အသက် (၆၀)ကျော်မှ နာကြားရသည့် တရားတော် ဖြစ်ပါသည်။ တရားတော်ကို နာကြားရသူ ကျွန်တော်ကဲ့သို့ တရားတော်ကို ဖတ်ရှုကြရသူတို့သည်လည်း အကျိုး ထူးကို ရရှိနေကြမည်ဖြစ်ပါသည်၊ တရားသိမှုတွင် (အနာထပိဏ်) သူဌေးကြီးကဲ့သို့ မတွေ့ကြုံကြရလေအောင် ဤတရားတော်ကို အများ ပြည်သူရှေ့မှောက်သို့ အချိန်မှီတင်ဆက်လိုက်ရပါသည်။

ဥပရိပဏ္ဏာသပါဠိတော် အနာထပိဏ္ဍိကောဝါဒသုတ်၌ လာသည်မှာ၊ အနာထပိဏ်သူဌေးကြီးသည် သေခါနီးအချိန်၌ ရောဂါ ဝေဒနာအလွန်နှိပ်စက်သဖြင့် မသေမီအရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီး၏ တရားကိုနာချင်လွန်းလှ၍ တပည့်များနှင့်ပင့်လျှောက် ခိုင်း၏။ ထိုအခါ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ရှင်အာနန္ဒာနှင့်အတူ ကြွတော်မူလာ၏။

အနာထပိဏ်သူဌေးကြီးအိမ်သို့ ရောက်သောအခါ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သူဌေးကြီး၏ ဝေဒနာအခြေအနေကို မေးတော်မူရာ၊ အနာထပိဏ်သူဌေးကြီးက တပည့်တော်၏ ဝေဒနာမှာ သက်သာသည်မရှိပါဘုရား၊ တိုး၍သာ၊ တိုး၍သာ ပြင်းထန်၍လာပါသည်ဘုရား၊ ထို့ကြောင့် တရားချီးမြှင့်တော်မူပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် တရားကို ဟောတော်မူ၏။ တရားတော်ဆုံးသောအခါ အနာထပိဏ်သူဌေးကြီးသည် မျက်ရည်တွေယိုစီးလျက် ငိုကြွေးခြင်းကိုပြုလေ၏။

အာနန္ဒာအရှင်မြတ်ကြီးက ဒကာကြီး၊ သေခြင်းသဘောတရားကို ထိုမျှကြောက်ရွံ့တုန်လှုပ်နေပါသလောဟု မေးတော်မူရာ၊ ထိုအခါ အနာထပိဏ်သူဌေးကြီးက တပည့်တော်သေရမည့်ဘေးကို ကြောက်ရွံ့၍ ငိုကြွေးခြင်းပြုသည်မဟုတ်ပါဘုရား။

တပည့်တော်ဝမ်းနည်း ငိုကြွေးရခြင်းအကြောင်းမှာထိုမျှလောက်ကောင်းလှ၊ မွန်မြတ်လှသောတရားတော်ကို မြတ်စွာဘုရားဟောကြားနေခဲ့ပါသော်လည်း၊ တပည့်တော်ရှေးအခါက တခါဘူးမျှ မကြားနာခဲ့ဖြစ်ခဲ့ပါဘုရား။ ယခုအခါသေခါနီးမှ ကြားနာရပါ၍ တရားကျင့်ရန် အချိန်မရတော့၍ ဝမ်းနည်း ငိုကြွေးရခြင်းဖြစ်ရပါသည်ဘုရားဟု လျှောက်ထားလိုက်ပါ၏။ ထိုသို့လျှောက်ထားပြီးနောက်

အနာဂတပိဋကသူဌေးကြီးသည်လည်း စုတိမနေသေလွန်၍ တုသိတာဘုံသို့ရောက်ရလေ၏။

ထိုတရားကား အဘယ်တရားပါနည်းဆိုသော်၊ ထိုတရားသည် (အာယတန) ဒွါရ (၆)ပါး၊ စိတ် (၆)ပါးတို့၌ (ပညတ်) ကိုပယ်ခွါ၍၊ (တဏှာ၊ မာန၊ ဒိဋ္ဌိ) ကို ဖယ်ခွါစေသည့် (ရာဂ၊ ဒေါသ၊ မောဟ) တို့ကို ကုန်စေသည့် (ဓမ္မာနုပဿနာ)တရားတော် ကြီးပင်ဖြစ်နေသောကြောင့် ဖြစ်ပါတော့၏။

ထို့ကြောင့် ကွယ်လွန်သွားခဲ့ကြသည့် မိဘ၊ ဘိုးဘွားများ၊ ဆွေမျိုးညာတကာများပင် မသိလိုက်ကြရသည့် အလွန်ကောင်းလှ၊ မွန်မြတ်လှပြီး၊ နားလည်လွယ်၍ (နိဗ္ဗာန်) ရောက်ကြောင်းနှင့် ဆီလျော်ပြီး လက်တွေ့ကျင့်နိုင်သည့် ဤ (ဓမ္မာ နုပဿနာ)တရားတော်ကို သူတော်ကောင်းတို့သည် ယခုအခါ ဖတ်ရှု နိုင်ကြရပြီဖြစ်ပါ၍ တစ်မင်္ဂ၊ တစ်ဖိုလ်ရရှိနိုင်ကြရန် မခဲယဉ်းတော့ပြီ ဖြစ်ပါသောကြောင့် (နိဗ္ဗာန်) အကျိုးမျှော်၍ ကြိုးစား အားထုတ်တော်မူနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် တရားတော်အား ပူဇော်လိုက်ရပါတော့သည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

ဦးကိုညွန့်
(အငြိမ်းစားဗိုလ်မှူး)
၁၉၉၉ ခု၊ အောက်တိုဘာလ (၁၂) ရက်၊
ရန်ကုန်မြို့။

# ဓမ္မာနုပဿနာ တရားတော်

ဆရာတော်ဘုရားကြီးထံ ပထမဦးဆုံးအကြိမ် သွားရောက်ဖူးမြင်ပြီး ဆွမ်းကပ်သောနေ့က ဆရာတော်ဘုရားကြီးသည် စာရေးသူအား တရားအနည်းငယ်ဟောကြားလိုက်ပါသည်။ ထိုတရားသည် (ဓမ္မာနုပဿနာ) တရားဖြစ်နေကြောင်း စာရေးသူနားလည်၍ဝမ်းသာမိခဲ့ပါသည်။ ဒုတိယအကြိမ် သွားရောက်ဖူးမြင်သည့်အခါ၌လည်း ဆရာတော်ဘုရားကြီးသည် (ဓမ္မာနုပဿနာ)တရားကိုပင်အနည်းငယ်ထပ်မံဟောကြားလိုက်ပြန်ပါသည်။ စာရေးသူလိုချင်နေသောတရားဖြစ်နေ၍ ဝမ်းသာမိနေပြန်ပါသည်။

ဆရာတော်ဘုရားကြီးထံမှ အလွန်တန်ဘိုး ရှိပြီး ကောင်းမွန်လှသည့် (သဓမ္မ) သူတော်ကောင်းတရားကို နာမိနေချိန်၌ စာရေးသူသည် ဆရာတော်ဘုရားကြီး ဟောကြားနေသော တရားထဲ၌ပင် (ဓမ္မပီတိ) များ ဖြစ်နေပြီး စိတ်နှလုံးအေးချမ်း၍ ကြည်နူးနေခဲ့ပါသည်။ အိမ်ပြန်ရောက်သော်လည်း (ဓမ္မပီတိ) များ အရှိန်မပြေနိုင်သေး၍ (ဓမ္မာနုပဿနာ) တရားအားလုံးကိုပင်

ပီပီပြင်ပြင် သိချင်စိတ်များ ဖြစ်ပေါ်နေသည့်အတွက် ဆရာတော် ဦးပုဏ်၏ (မဟာသတိပဋ္ဌာနသုတ် နိဿယ) စာအုပ်ကိုထုတ်ယူပြီး ထိုစာအုပ်ထဲမှ (ဓမ္မာနုပဿနာ) တရားပါဠိနှင့်အနက်များကို ဖတ်ရှုလေ့လာ မိခဲ့ပါသည်။

တတိယအကြိမ် ဆရာတော်ဘုရားကြီးထံသွားရောက် ဆွမ်းကပ်ပြီးချိန်၌ စာရေးသူသည် ဆရာတော်ဘုရားကြီးအား 'အရှင်ဘုရား တပည့်တော်အား (ဓမ္မာနုပဿနာတရား) ကို အစအဆုံး ဟောကြားပေးတော်မူပါဘုရား' ဟု လျှောက်ထား တောင်းပန်လိုက်မိပါတော့သည်။

ဆရာတော်ဘုရားကြီးက အင်း. . . . ဒကာကြီးက (ဓမ္မာ နုပဿနာ) တရားကို များများနာချင်တယ်ပေါ့ (မှန်ပါ့ဘုရား)။ . . ဒကာကြီးက တရားစာတွေရေးနေတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်နေတော့အများ ပြည်သူတွေ အကျိုးရှိမည့်တရားဖြစ်တာကြောင့် ဒကာကြီးလိုချင်တဲ့ တရားကို ဟောကြားပေးပါမယ်။ (မှန်ပါဘုရား)

ဒကာကြီး - မြတ်စွာဘုရားဟောကြားခဲ့တဲ့ (မဟာသတိပဋ္ဌာန သုတ်) ထဲက ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ တရားတွေလေ့လာရဲ့မဟုတ်လား၊ (မှန်ပါ့ဘုရား)၊ လေ့လာ လျက်ပါဘုရား၊ ဒီတော့ဘာကျန်လဲ? (ဓမ္မာနုပဿနာ စေတသိက် တရားပဲကျန်ပါတော့တယ်အရှင်ဘုရား၊) အေး. . . . (စေတသိက်)

တရားကလည်း (သင်္ခါရက္ခန္ဓာ) ဓမ္မပဲ၊ (သင်္ခါရက္ခန္ဓာ) စေတသိက်ကို ရှုတော့ (ဓမ္မာနုပဿနာ) ပဲပေါ့၊ . . (မှန်ပါ့)၊ (ဓမ္မာနုပဿနာ)က (နီဝရဏ) ဖြစ်တဲ့ (သင်္ခါရ) စေတသိက်တင် မကဘူး၊ (ခန္ဓာ)၊ (အာယတန) တွေ၊ (ဗောဇ္ဈင်) တွေ (သစ္စာ)တွေလည်း ပါတယ် . . (မှန်ပါ)။

ဒကာကြီး (ဓမ္မာနုပဿနာ သတိပဋ္ဌာန်)ကို ဖတ်မိရဲ့လား (မှန်ပါ)၊ တပည့်တော်ဖတ်ပြီးကြောင်း ပါဘုရား၊ အေး. . . ကျမ်းတွေထဲမှာ '**ဓမ္မာနုပဿနာ**' ကို နီဝရဏပိုင်း၊ ခန္ဓာပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာပိုင်းရယ်လို့ ပြမထားပေဘူးလား. . ?(မှန်ပါ့၊ ပြထားကြောင်းပါဘုရား) အေး . . ဒါကြောင့် (နီဝရဏပိုင်း) **ကစပြီး** ဟောပြပေးပါမယ် (မှန်ပါ့ဘုရား)

## ဓမ္မာနုပဿနာ (နီဝရဏ) ပိုင်း

(နီဝရဏ) ဆိုတာပိတ်ပင်တာ၊ တားဆီးတာ၊ နီဝရဏေသု = ပိတ်ပင်ဖုံးလွှမ်းတတ်သောကြောင့် (နီဝရဏ) လို့ခေါ် တယ်. . .၊ (မှန်ပါ့)၊ မြတ်စွာဘုရားက

ကထဉ္စ ပနဘိက္ခဝေ ဘိက္ခု ဓမ္မေသု
ဓမ္မာနုပဿီ ဝိဟရတိ၊ ဣဓဘိက္ခဝေ ဘိက္ခု ဓမ္မေသု
ဓမ္မာနုပဿီ ဝိဟရတိ၊ပဉ္စသု နီဝရဏေသု။ လ။ လို့ဟောတယ်၊

(မှန်ပါ့ဘုရား)

မြတ်စွာဘုရားက ဘိက္ခဝေ = ရဟန်းတို့၊ ဓမ္မေသု = (သတ္တဝါ) မဟုတ်တဲ့ (ရုပ်နာမ်) သဘောတို့၌၊ (ရုပ်နာမ်) သဘောတွေပဲလို့ ဘယ်နည်းဘယ်ပုံရှုမြင်ကြရမလဲဆိုရင်၊ ပဉ္စသုနီဝရဏေသု = မဂ်တရား၊ ဖိုလ်တရားကို တားဆီးပိတ်ပင်တတ်တဲ့ (နီဝရဏငါးပါး) သဘောတရားတွေမိမိသန္တာန်မှာ လာပြီးကပ်ငြိနေရင်၊ ဓမ္မာနုပဿီ = သဘောတရားမျှလေးပဲလို့ရှုမြင်ပြီး၊ ဝိဟရတိ = နေကြပါလို့မြတ်စွာဘုရားက ဟောကြားပါတယ်၊ (မှန်ပါ့ဘုရား)

(နီဝရဏ) ဆိုတာ (နိဗ္ဗာန်) မရောက်အောင် ပိတ်ပင်တားဆီးနေတဲ့ စေတသိက် (သင်္ခါရက္ခန္ဓာ) တွေပဲ၊ ဒီ (သင်္ခါရက္ခန္ဓာ) စေတသိက်တွေက (သင်္ခါရ) တွေပဲ၊ (စိတ်၊ စေတသိက်၊ ရုပ်) ဆိုတဲ့ (ရုပ်နာမ်) တွေဟာ (ပဋိစ္စသမုပ္ပါဒ်) သဘောနဲ့ပြောရင် (ဝိညာဏ်၊ နာမ်၊ ရုပ်) ပဲ၊ (ဝိညာဏ်) က (သိ)မှု လေးသက်သက်ပဲ၊ (ရုပ်) ကတော့ မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ တွန်းကန်မှု၊ ယိုစီးမှုဆိုတဲ့ ဖောက်ပြန်တက်တဲ့သဘော အစုသက်သက်ပဲ၊ (နာမ်) ဆိုတဲ့ (စေတသိက်) ဆိုတဲ့ (သင်္ခါရက္ခန္ဓာ) စေတသိက်ကသာ (ရုပ်) နဲ့ (စိတ်) နာမ် ကို စိုးမိုးချယ်လှယ်နေတဲ့ (သင်္ခါရ) တွေပဲ (မှန်ပါ့)

မကောင်းတဲ့ (စေတသိက်) တွေထဲမှာ မဂ်တရား၊ ဖိုလ်တရားတွေကို ပိတ်ပင်တားဆီးတတ်တဲ့ ငါးပါးကို (နီဝရဏငါးပါး) လို့ခေါ်

တယ်၊ (နိဝရဏငါးပါး) လို့ ခေါ်ရတဲ့ (သင်္ခါရက္ခန္ဓာ) စေတသိက်တွေ ဟာ (နိဗ္ဗာန်) ရဖို့ တားဆီးထားကြတယ် . . (မှန်ပါ့) စေတသိက် (၅၂)ပါး ထဲမှာ အကုသိုလ် (စေတသိက်) က (၁၄)ပါးတောင်ရှိတာ . . (မှန်ပါ့)

(လောဘ) လိုချင်တပ်မက်ခြင်း၊ (ဒေါသ) ကြမ်းတမ်းခြင်း၊ (မောဟ) မသိမှုဖြင့်တွေဝေခြင်း၊ (မာန) ထောင်လွှားခြင်း၊ (ဒိဋ္ဌိ) အမှားကိုအမှန်ထင်ခြင်း၊ (ဝိစိကိစ္ဆာ) မဆုံးဖြတ်နိုင်ခြင်း၊ (ထိန) ထိုင်းမှိုင်းခြင်း၊ (မိဒ္ဓ) ငိုက်မြည်းခြင်း၊ (ဥဒ္ဓစ္စ) စိတ်ပျံ့လွင့်ခြင်း၊ (အဟိရိက) ဒုစရိုက်ပြုရန်မရှက်ခြင်း၊ (အနောတ္တပ္ပ) ဒုစရိုက်ပြုရန်မကြောက်ခြင်း၊ (ဣဿာ) ငြူစူခြင်း၊ (မစ္ဆရိယ) မနာလိုဝန်တိုခြင်း၊ (ကုက္ကုစ္စ) ပူပန်ခြင်း၊ (၁၄)ပါးမဟုတ်လား. . (မှန်ပါ့ဘုရား)ဒီအကုသိုလ် စေတသိက်တွေဟာ (နိဗ္ဗာန်) မရအောင် တားဆီးနေတဲ့ (နိဝရဏစေတသိက်) တွေဖြစ်လို့ ဒီစေတသိက်တွေထဲက (ပဉ္စသုနိဝရဏေသု) တဲ့ (နိဝရဏငါးပါး) ကိုပဲ ရှုပါလို့ မြတ်စွာဘုရားက (ဓမ္မာနုပဿနာ) ဟောကြားတဲ့နေရာမှာ ရှေးဦးစွာ (နိဝရဏပိုင်း) ကို ဟောကြားခဲ့ပါတယ် (မှန်ပါ့)။

ဆရာတော် ဦးပုဉ်က နိဝရဏေသု=ပိတ်ပင်ဖုံးလွှမ်းတတ်သည့် (နိဝရဏ) မည်ကုန်သော ဓမ္မေသု (သင်္ခါရက္ခန္ဓာ) တရားတို့၌ အဖန်တလဲလဲ ရှုရသည်လို့ ဒီလိုပဲ (မဟာသတိပဋ္ဌာနသုတ်နိဿယ) မှာ ဖွင့်ဆိုထားတယ် . . (မှန်ပါ့)၊ (နိဝရဏ) တရားရယ်လို့ ပါဠိတော်မှာ

(ငါးပါး) ပြဆိုထားတယ်မဟုတ်လား . . (မှန်ပါ့)

ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ (ပ) ။ နတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ အတ္ထိမေ အဇ္ဈတ္တံဗျာပါဒေါတိ ပဇာနာတိ၊ (ပ)။ နိတ္ထိမေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ ( ပ ) အတ္ထိမေ အဇ္ဈတ္တံ ထိနမိဒ္ဓ ပဇာနာတိ၊ နတ္ထိမေ (ပ) ပဇာနာတိ၊ --(ပ)-- အတ္ထိမေ အဇ္ဈတ္တံ ဥဒ္ဓစ္စံ ကုက္ကုစ္စန္တိ ပဇာနာတိ၊ နတ္ထိမေ အဇ္ဈတ္တံ ဥဒ္ဓစ္စံ ကုက္ကုစ္စန္တိ ပဇာနာတိ -- (ပ) -- အတ္ထိ ဝိစိကိစ္ဆာ ပဇာနာတိ၊ နတ္ထိ ဝိစိကိစ္ဆာပဇာနာတိ။ ပ။

မြတ်စွာဘုရားက (ဓမ္မာနုပဿနာ) အနေနဲ့ ရှုစေချင်တဲ့ နီဝရဏကို (၅)ပါး ဟောပြထားတယ် . . (မှန်ပါ့)

(၁) **ကာမစ္ဆန္ဒနီဝရဏ** မိမိသန္တာန်၌ဖြစ်သော ကာမဂုဏ်များမှာ ကပ်ညှိ၊ တပ်မက်သော (ကိလေသာ) ဖုံးလွှမ်းမှု အတားအဆီး

(၂) **ဗျာပါဒနီဝရဏ** မိမိသန္တာန်၌ဖြစ်သော (ဒေါသ) ဖုံးလွှမ်းမှုအတားအဆီး

(၃) **ထိနမိဒ္ဓနိဝရဏ** — ထိုင်းမှိုင်း၊ ပျင်းရိခြင်း ဖုံးလွှမ်းမှု အတားအဆီး

(၄) **ဥဒ္ဓစ္စ ကုက္ကုစ္စနိဝရဏ** — ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းအတား အဆီး

(၅) **ဝိစိကိစ္ဆာနိဝရဏ** — ယုံမှားတွေးတောမှု အတား အဆီး ရယ်လို့ နိဝရဏ (၅)မျိုး ဟောထားပါတယ် (မှန်ပါ)

## (၁) ကာမစ္ဆန္ဒနိဝရဏရှုနည်း

လူတွေဟာ ကာမဂုဏ်ခံစားချင်ကြလို့ ချမ်းသာဖို့တွေချည်း လုပ်နေကြလေတော့. . . ဒီ (ကာမရာဂ) တဏှာ ရမ္မက်တွေဟာ ဆားငန်ရေသောက်သလို သောက်လေသောက်လေ ငတ်မပြေဆိုသလို (နန္ဒီရာဂ) တွေ (တဏှာရာဂ) တွေဟာ အမြဲတန်းဖြစ်နေကြတယ်၊ ဒါ တွေနဲ့ပဲ လုံးပန်းနေကြတယ် (မှန်ပါ)၊ (ကာမစ္ဆန္ဒ)လို့ခေါ်တဲ့ ငါးပါးအာရုံ . . ကာမဂုဏ်တွေစွဲကပ်ညှိတော့ ကာမတဏှာ၊ (နှစ်သက်တယ်၊ လိုချင် တယ်)၊ တပ်မက်တဲ့ (လောဘ) စိတ်တွေဟာ မိမိသန္တာန်မှာ ဖြစ်ပေါ်နေ ကြတယ်၊ ဒီလို (ကာမရာဂ)တွေ ဖြစ်ပေါ်နေတာဟာ မဂ်တား၊ ဖိုလ်တား စိတ် (ကာမစ္ဆန္ဒနိဝရဏ) တွေဖြစ်ပေါ်နေတာပေါ့၊ (မှန်ပါ့)။

ဒီ (ကာမစ္ဆန္ဒနိဝရဏ) စိတ်နေစိတ်ထားမျိုးနဲ့ဆိုရင် မဂ်တရား၊

ဖိုလ်တရား၊ နိဗ္ဗာန်တရားကို ဘယ်တော့မှ မရနိုင်တော့ဘူး၊ဘာကြောင့် လဲဆိုရင် ကာမဂုဏ်ခံစားချင်တဲ့ (ငါးပါးအာရုံ) ကပ်ငြိတဲ့ တဏှာ (လောဘ) စိတ်တွေ တပ်မက်တဲ့ကာမကိုအလိုရှိတဲ့ (နိဝရဏ) တွေက ဖုံးလွှမ်းနေလို့ပဲ . . (မှန်ပါ့)။

ဒါကြောင့်မြတ်စွာဘုရားက (ဓမ္မာနုပဿနာ) ကို အားထုတ် မယ်ဆိုရင် မိမိရဲ့ (အဇ္ဈတ္တ) အတွင်းသန္တာန်မှာရှိတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စတဲ့ ဒွါရ (၆)ပေါက်မှာ မြင်လို့ပဲဖြစ်စေ၊ ကြားလို့ပဲဖြစ်စေ၊ နံလို့ပဲဖြစ်စေ၊ စားမိလို့ပဲဖြစ်စေ၊ ထိတွေ့မိလို့ပဲ ဖြစ်စေ၊ ကြံတွေးမိလို့ပဲဖြစ်စေ၊ အဲဒီလိုစိတ် (၆)ပါး ဖြစ်နေတဲ့နေရာမှာ သာယာမှု၊ နှစ်သက်မှု၊ လိုချင်မှု၊ တပ်မက်မှုမျိုး ဖြစ်တဲ့ (ကာမဂုဏ်) ၌ တပ်ညှိသော (ကာမစ္ဆန္ဒ) ရှိလာရင် 'ရှိတယ်' **(ဖြစ်တယ်)** လို့ သိလိုက်ပါတဲ့၊ . . (မှန်ပါ့)။ ဒီလိုသိလိုက်လို့မရှိတော့လို့ ပျက်သွားရင် (ပျက်တယ်) လို့ပဲ သိလိုက်ပါတဲ့ . . (မှန်ပါ့ဘုရား)။

## (၂) ဗျာပါဒနိဝရဏရှုနည်း

မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို တားမြစ်ပိတ်ဖုံးတတ် တဲ့ ဒုတိယ(နိဝရဏ)တရားကတော့ (ဗျာပါဒနိဝရဏ) လို့ခေါ်တယ်. . (မှန်ပါ့)၊ (ဗျာပါဒ) ဆိုတာစိတ်ဆိုးမှု၊ စိတ်ပျက်မှု၊ ညှင်းဆဲသတ်ဖြတ်လိုမှု၊ ပျက်စီးစေလိုမှု၊ စိတ်ဆိုး၊ စိတ်သွမ်းတွေ အားလုံးဟာ (ဗျာပါဒ)တွေ ချည်းပဲ (မှန်ပါ့)၊ ဒီလို (ဗျာပါဒ) စိတ်ဆိုးစိတ်သွမ်းတွေ မိမိရဲ့အတွင်း

သန္တာန်မှာရှိလာရင်၊ ဖြစ်လာရင် 'ရှိတယ်' **'ဖြစ်တယ်'** လို့ သိလိုက်ပါ။ ဒီလိုသိလိုက်လို့မရှိတော့လို့ ပျက်သွားရင် **'ပျက်တယ်'** လို့ သိလိုက်ပါတဲ့၊ (မှန်ပါ့ဘုရား)။

(တဏှာ၊ ဉပါဒါန်၊ ကံ) ဖြစ်တာက (သမုဒယသစ္စာ)၊ ကာမ၊ ရာဂ၊ ဒေါသတွေဖြစ်နေတဲ့စိတ်က (ဒုက္ခသစ္စာ)၊ ကာမ၊ ရာဂ၊ ဒေါသ၊ မောဟတွေ ကင်းနေရင် ဒုက္ခမရှိတဲ့ (နိရောဓသစ္စာ)၊ ဒီလိုတရား အားလျော်စွာ သိနေတဲ့စိတ်က (မဂ္ဂသစ္စာ) လို့ခေါ်တယ် . . (မှန်ပါ့)၊ ကာမ၊ ရာဂ၊ ဒေါသ၊ မောဟတွေမရှိပဲ ငြိမ်းငြိမ်းကြီးနေ တော့တာပေ့ါ၊ ကိုယ့်သန္တာန်မှာ (ကာမရာဂ) တွေ ဘယ်လောက်ကျန်တယ်၊ မကျန်ဘူးဆိုတာ ကိုယ့်ဟာကိုယ်ကို သိတာပေါ့ (မှန်ပါ့)။

**(ကဗျာ)** နှစ်တွေကြွင်းကျန်လေ မှတ်လေ **(သကဒါဂါမ်)**

**(ကဗျာ)** နှစ်တွေအကုန်ခွေ့ မှတ်လေ **(အနာဂါမ်)** တဲ့

**က = ကာမစ္ဆန္ဒနီဝရဏ၊ ဗျာ = ဗျာပါဒ နီဝရဏ ပဲ** . . . (မှန်ပါ့)

## (၃) ထိနမိဒ္ဓနီဝရဏရှုနည်း

မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို တားဆီး ပိတ်ပင်တဲ့တတိယ (နီဝရဏ) ကတော့ (ထိနမိဒ္ဓနီဝရဏ)တဲ့ (မှန်ပါ့)၊ (ထိနမိဒ္ဓနီဝရဏ) ဆိုတာ (ထိန) = က စိတ်သဘောလေးမခန့်တဲ့ သဘော၊ စိတ်မခန့် ကျမ်းတယ်လို့ပြောကြတယ်၊ စိတ်နေလို့မကောင်း

တာ၊ ဘာအလုပ်မှမလုပ်ချင်အောင်၊ အားမထုတ်ချင်အောင် စိတ်ရော ကိုယ်ပါ ထုံထိုင်းနေတဲ့သဘော၊ (ထိန) က စိတ်မထက်သန်တဲ့သဘော ပါပဲ (မှန်ပါ့)။

(မိဒ္ဓ) ဆိုတာက ထိုင်းမှိုင်းနေတဲ့သဘော၊ လှဲ့လဝိရိယကင်းပြီး ပျင်းရိနေတဲ့သဘော၊ အိပ်ပျော်ခါနီး၊ တရားနာရင်း ပျင်းရိထိုင်းမှိုင်း နေတဲ့သဘောက ထင်ရှားတယ်၊ အိပ်ချင်တိုင်း (ထိနမိဒ္ဓ) မဟုတ်သေး ဘူး၊ (မိဒ္ဓ) က (စေတသိက်) မထက်သန်တဲ့ သဘောဆိုတော့ (ထိနမိဒ္ဓ) ကစိတ်၊ စေတသိက်တို့ ထက်ထက်သန်သန်မရှိတဲ့ သဘောဖြစ်တယ်. . (မှန်ပါ့)။

မိမိရဲ့အတွင်းသန္တာန်မှာ ထိုင်းမှိုင်းပျင်းရိခြင်း၊ ငိုက်မျဉ်းခြင်း ရှိလာရင် (ထိနမိဒ္ဓ) 'ရှိတယ်' 'ဖြစ်တယ်' လို့သိပေးပါ။ ဒီလိုသိလိုက် လို့မရှိတော့လို့ ပျက်သွားရင် (ပျက်တယ်) လို့သိလိုက်ပါ (မှန်ပါ့ဘုရား)။

## (၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏရှုနည်း

မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို တားမြစ်ပိတ်ပင်တဲ့ စတုတ္ထ (နီဝရဏ) ကတော့ (ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ) လို့ခေါ်တယ် . . (မှန်ပါ့)။

(ဥဒ္ဓစ္စ) ဆိုတာ ပျံ့လွင့်တဲ့စိတ်ဖြစ်နေတာကိုပြောတာ၊ စိတ် မတည်ငြိမ်ပဲ စိတ်ရောက်ယက်ခတ်နေတာ၊ အာရုံတစ်မျိုးမျိုးပေါ်မှာ

တည်တည်ငြိမ်ငြိမ်မရှိပဲနဲ့ ဟိုလွင့်၊ ဒီလွင့်၊ ဟိုရောက်၊ ဒီရောက်နဲ့ စိတ်ပျံ့လွင့်နေတာကို (ဥဒ္ဓစ္စ) လို့ခေါ်တယ်. . . (မှန်ပါ့)။

(ကုက္ကုစ္စ) သဘောကတော့ နောင်တရလို့ တဖန်ပူပန်ခြင်း သဘောပဲ၊ (အကုသိုလ်) လုပ်ပြီးကာမှ ငါလုပ်မိတာမှားလေခြင်းလို့ နောင်တရပြီး ပူပန်နေတာ၊ သူများ (ကုသိုလ်) ပြုတာ၊ ကောင်းတာ လုပ်တာ မြင်ရမှု၊ သိရမှု၊ ငါမလုပ်မိတာမှားလေခြင်းလို့ နောင်တရပြီး ပူပန်နေတဲ့ (ကုက္ကုစ္စ) သဘော ၂မျိုးကိုခေါ်တယ် . . . (မှန်ပါ့) ။

ဒါကြောင့် မိမိရဲ့သန္တာန်မှာ ဒီလို (ဥဒ္ဓစ္စ) စိတ်တွေပျံ့လွင့်နေရင် စိတ်ပျံ့လွင့်နေတယ် (ဖြစ်တယ်) လို့သိလိုက်ပါ၊ ဒီလိုသိလိုက်လို့ ပျံ့လွင့်စိတ် မရှိတော့ပဲပျက်သွားရင် (ပျက်တယ်) လို့သိလိုက်ပါ။ . . (မှန်ပါ့)။

မိမိရဲ့အတွင်းသန္တာန်မှာ (နောင်တ) တစ်ဖန်ရနေတဲ့ (ကုက္ကုစ္စ) ဖြစ်နေရင်၊ နောင်တရပူပန်နေတာဖြစ်နေရင် (ဖြစ်တယ်) လို့ သိလိုက်ပါ၊ ဒီလိုသိလိုက်လို့ နောင်တရတဲ့ ပူပန်စိတ်မရှိတော့ပဲ ပျက်သွားရင် (ပျက်တယ်) လို့သိလိုက်ပါ (မှန်ပါ့ဘုရား)

## (၅) ဝိစိကိစ္ဆာနိဝရဏရှုနည်း

မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို တားမြစ်ပိတ်ပင်နေတဲ့ ပဉ္စမ (နိဝရဏ)ကတော့ (ဝိစိကိစ္ဆာနိဝရဏ) လို့ခေါ်တယ်. . . (မှန်ပါ့)။

(ဝိစိကိစ္ဆာ)ဆိုတာသို့လော၊ သို့လောလို့တွေး တောရွံ့ရှာ့ သက်ာမကင်း၊ ယုံမှားသံသယဖြစ်ခြင်း လက္ခဏာဖြစ်တာကို ဆိုတယ်. . (မှန်ပ့ါ)

မိမိရဲ့အတွင်းသန္တာန်မှာ ဒီလိုတွေးတောတဲ့ ယုံမှားသံသယ ဖြစ်လာရင်(ဖြစ်တယ်) လို့သိလိုက်ပါ။ ဒီလိုသိလိုက်လို့မရှိတော့ပဲ (ပျက်သွား) ရင် (ပျက်တယ်) လို့သိလိုက်ပါ (မှန်ပ့ါဘုရား)

မြတ်စွာဘုရားက (မဟာသတိပဋ္ဌာနသုတ်) ဓမ္မာနုပဿနာ၊ (နိဝရဏ) ပိုင်းမှာ ဟောထားတာကတော့

သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟာရတိ။

ဝယဓမ္မာ နုပဿီဝါ ဓမ္မေသုဝိဟာရတိ၊

သမုဒယ ဝယဓမ္မာ နုပဿီဝါ ဓမ္မေသုဝိဟာရတိ။

လို့ ဒီလိုဟောပါတယ် (မှန်ပ့ါ)

မဂ်ဖိုလ် ကိုတားဆီးပိတ်ပင်တတ်တဲ့ ဓမ္မေသု (နိဝရဏ) တရားတို့မှာ သမုဒယဓမ္မာနုပဿီဝါ (ဖြစ်သည့်) သဘောကိုလည်းရှု ဝယဓမ္မာ နုပဿီဝါ = (ပျက်သည့်)သဘောကိုလည်း အဖန်တလဲလဲရှုပြီး နေပါလို့ ဟောပြထားပါတယ် . . . (မှန်ပါ)

(နိဝရဏ)ဆိုတာ (မသိ)လို့ တားမြစ်ပိတ်ပင်တာကို ခေါ်တယ်၊ (နိဝရဏ) ကနာမည်အခေါ်အဝေါ်၊ အဓိပ္ပါယ်က (နိဗ္ဗာန်) ကို ပိတ်ပင်တာ၊ တားဆီးနေတာ . . . (မှန်ပါ)။

မိမိသန္တာန်မှာ (တဏှာလောဘ) ဖြစ်လာရင်၊ (မိန်းမ) သို့မဟုတ် (ယောကျ်ား)နဲ့ ပေါင်းသင်းချင်တဲ့ ကာမဆန္ဒတွေ ဖြစ်လာရင် ဤဟာ (ကာမစ္ဆန္ဒနီဝရဏ) လို့ ဒီလိုသိလိုက်ပါ၊ ဒီလိုသိလိုက်လို့ ပျက်သွားရင် (ပျက်) တယ်လို့သိလိုက်ပါ၊ မိမိသန္တာန်မှာ စိတ်ဆိုး စိတ်သွမ်း (ဒေါသ)ဖြစ်မယ် ဆိုရင် ဤဟာ (ဗျာပါဒနီဝရဏ)လို့သိပေးပါ၊ သိလိုက်လို့ ပျက်သွားရင် (ပျက်) တယ်လို့သိလိုက်ပါ။ မိမိသန္တာန်မှာ မလုပ်ချင် မကိုင်ချင်နဲ့ စိတ် ရောကိုယ်ပါ ထုံထိုင်းနေမှုဖြစ်နေရင် ဤဟာ (ထိနမိဒ္ဓနီဝရဏ) လို့ သိလိုက်ပါ။ သိလိုက်လို့ပျက်သွားရင် (ပျက်) တယ်လို့သိလိုက်ပါ။

မိမိ သန္တာန်မှာ စိတ်တွေ ပျံ့လွင့်ပြီး ပူ[illegible]ာန်နေမယ်ဆိုရင် ဤဟာ (ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ) လို့ ဒီလိုသိလိုက်ပါ၊ သိလိုက်လို့ ပျက်သွားရင် (ပျက်) တယ် လို့ သိလိုက်ပါ။ မိမိသန္တာန်မှာ သက်ာမကင်း ယုံမှားခြင်း လက္ခဏာတွေဖြစ်နေမယ်ဆိုရင် ဤဟာ (ဝိစိကိစ္ဆာနီဝရဏ) လို့ သိလိုက်ပါ၊ သိလိုက်လို့ (ပျက်) သွားရင် (ပျက်) တယ်လို့ သိလိုက်ပါ၊ မသိရင် (မောဟ) ဝင်သွားမယ်၊ (မောဟ) မဝင်နိုင်အောင် (ဖြစ်) ရင် (ဖြစ်)တာသိ၊ မဖြစ်တော့လို့ ပျက်သွားရင် (ပျက်) တဲ့ (အနိစ္စ) ကို သိပေးပေါ့ . . . (မှန်ပါ့ဘုရား)

မိမိသန္တာန်မှာ (ဓမ္မသဘောတရား) တွေဖြစ်တဲ့ (နီဝရဏ) တွေ (ဖြစ်ပျက်) နေပုံကိုကြည့်ပြီး သိသိပေးနေပါ၊ သိပေးတဲ့နေရာမှာ

(သမ္မာသက်ပွ) ဖြစ်အောင် (နိဝရဏ)တွေသိအောင် ကြံပေးရတယ်၊ မှတ်မိနေအောင် ဝသီဘော်ပါရအောင် အစပထမမှာတော့ -

**"ဖြစ်သမျှကို စိတ်ထဲကဆို အပိုအလိုမထား"** ပဲ၊ ကျင့်ယူရတယ်၊ အကြံအစည်လုပ်ပေးနေရတယ်။

"ဖြစ်သမျှကိုစိတ်ထဲကဆို" ဆိုတာ ဒီနေရာမှာ (စိတ်) ဆိုတာ (ဉာဏ်) နဲ့ယှဉ်တဲ့ (စိတ်) ကိုပြောတာ၊ (ဉာဏသမ္ပယုတ်) ပေါ့။ ဖြစ်သမျှကိုစိတ်ထဲဆိုရင် ဟိုဟာ၊ ဒီဟာတွေမရောက်တော့ဘူး၊ အပို အလိုတွေမပါတော့ဘူး၊ အပိုအလိုတွေမရှိတော့ (ငြိမ်း) တော့တာပေါ့၊ အဲဒီလိုကျင့်ရင် (အဘိညာ)လည်းဖြစ်တယ်၊ (ပရိညာ) လည်း ဖြစ်တယ်။ ဒီ (နိဝရဏ) တွေဖြစ်လာရင် စိတ်ထဲမှာဖြစ်တာမို့ စိတ်ထဲကဆိုလိုက်ပြီး (ပျက်) တာကိုသိပေးရတယ်၊ (နိဝရဏ) ကို ရှုပုံက (ဝီရိယ) လေးနဲ့ (သတိ) လေးထားပြီး (နိဝရဏ) ကို (ဉာဏ်) နဲ့ပယ်ရတာမျိုးပဲ ဒကာကြီး . . . (မှန်ပါ့ဘုရား)

(နိဝရဏ) ရှုရင် (သင်္ခါရက္ခန္ဓာ) ကိုသာကြည့် (တဏှာ) လောဘဖြစ်တာ၊ (ဒေါသ) ဖြစ်တာ၊ စိတ်တိုတာတို့ဆိုတာ (သင်္ခါရ) ပဲ၊ (တဏှာ) ဆိုတာ (သင်္ခါရ) စေတသိက်၊ (သင်္ခါရ) ဖြစ်မှ (တဏှာ) ဖြစ်တာ၊ (သင်္ခါရ) မဖြစ်ရင် (တဏှာ) မဖြစ်ဘူး၊ ဒါကြောင့် (သင်္ခါရ) ကို ရှုခြင်းသည်လည်း (ဓမ္မာနုပဿနာ) ဖြစ်တော့တယ်၊ (မှန်ပါ့)။

ကာမစ္ဆန္ဒဖြစ်တဲ့ (ရာဂ)၊ (ဗျာပါဒ) ဖြစ်တဲ့ (ဒေါသ) ဆိုတဲ့ (ရာဂ၊ ဒေါသ) တို့ဟာ (သင်္ခါရ) ဖြစ်တော့ (ရာဂဒေါသ) ကုန်ရာသည် (အသင်္ခတ) (နိဗ္ဗာန်) ဖြစ်တော့တယ်။. . (မှန်ပါ့ဘုရား)၊ မိမိသန္တာန်မှာ ကြောင့်ကြတာ၊ တောင့်တတာကိုလည်း (နီဝရဏ) လို့ခေါ်တယ်၊ ကြောင့်ကျခြင်းကင်းနေတာ၊ တောင့်တခြင်းကင်းနေတော့ မိမိသန္တာန်မှာ (ရာဂ၊ ဒေါသ၊ မောဟ) တွေကင်းနေတော့ (အာသဝ) တွေကင်းနေတယ်လို့ခေါ်တယ်၊ နောင်ကိုဘယ်တော့မှ ဒီအာသဝတွေ (ရာဂ၊ ဒေါသ၊ မောဟ) တွေ မဖြစ်တော့ ဘူးလို့ သိနေရင်၊ (ငြိမ်း) နေပြီပေါ့၊ မဖြစ်တာ ကုန်ဆုံးသွားရင် (နိဗ္ဗာန်) ပဲပေါ့ ဒကာကြီး . . . (မှန်ပါ့ဘုရား)

(ရာဂ၊ ဒေါသ) ဖြစ်ရင် (ပညတ်) တွေပါလာရတယ်၊ (ရူပါရုံ ရုပ်) အပေါ်မှာ ကာမရာဂတွေ ဖြစ်ရင် (ကာမဆန္ဒနီဝရဏ) လို့ရှု ရတယ်၊ ကာမဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိ ကိစ္ဆာစတဲ့ (နီဝရဏ ၅ပါး) ကို ဤဟာ (သင်္ခါရ) လို့လည်း ရှုလို့ရတယ်၊ ဒါဟာ (သင်္ခါရ) တရားပဲပေါ့ . . . (မှန်ပါ့)

အခုဟောခဲ့တာတွေဟာ (ဓမ္မာနုပဿနာ)မှာ အစဦးဆုံး ဟောခဲ့တဲ့ မဂ်တရား၊ ဖိုလ်တရား (နိဗ္ဗာန်) တရားကို တားဆီးပိတ်ပင် နေတဲ့ (နီဝရဏတရား)တွေပါပဲ၊ မဂ်တား၊ ဖိုလ်တားတဲ့ (နီဝရဏ) တရားတွေကို ဉာဏ်နဲ့သိပြီး ပါယ်ပြစ်နေရတာပဲ၊ (မှန်ပါ့)၊ ရေကန်ထဲ ရောက်လို့ ရေကြည်သောက်မယ်ဆိုရင် ရေကန်ထဲက ဒိုက်တွေ၊

မှော်တွေ၊ သစ်ရွက် တွေကို ဖယ်ပစ်ပြီးမှ ရေကြည်သောက်ရသလိုပဲ၊ ရေကန်နဲ့တူတဲ့ စိတ် (ခန္ဓာ) ဝိညာဏက္ခန္ဓာမှာလည်း မဂ်တား၊ ဖိုလ်တားတဲ့ ဒီ (နီဝရဏ ၅မျိုး) နဲ့တူတဲ့ အမှိုက် သရိုက်တွေက ရှိနေလေတော့ (သန္တိသုခ) ဖြစ်တဲ့ (ရေကြည်) မင်္ဂရေစင်၊ (နိဗ္ဗာန်) ရေစင် (နိဗ္ဗာန်) ကို မျက်မှောက်ပြုလိုကြတယ်ဆိုရင် အမှိုက် သရိုက်တွေဖြစ်တဲ့ ဒိုက်တွေ၊ မှော်တွေ၊ သစ်ရွက် တွေနဲ့တူတဲ့ (နီဝရဏ) သဘောတွေ မရှိမှ (နိဗ္ဗာန်) ကိုရနိုင်တယ်၊ ဒီလို (နီဝရဏ) တွေ ဖယ်ရှား ရင်းနဲ့ ပျက်ပျက်သွားတဲ့ (ဥဒယဗ္ဗယ ဉာဏ်) မြင်ပြီး ကိုယ့်သန္တာန်မှာ (ရာဂ၊ ဒေါသ၊ မောဟ) တွေကင်းပြီးနေရင် (ရာဂ၊ ဒေါသ၊ မောဟ) ကင်းရာ (နိဗ္ဗာန်) ကြီးကို မျက်မှောက်ပြုနိုင်တော့တယ်၊ ဒကာကြီး . . . (မှန်ပါ့ဘုရား)

(ဓမ္မာနုပဿနာ)က အလွန်ကျယ်ဝန်းပါတယ်၊ ဓမ္မာနုပဿနာ က (၅)ပိုင်းရှိပါတယ်။ နီဝရဏပဗ္ဗအပိုင်းအနေနဲ့ (သဠါရက္ခန္ဓာ စေတသိက်) ကို ရှုရတယ်လို့လည်း ခေါ်နိုင်တယ်။ (ဓမ္မာနုပဿနာ)မှာ နီဝရဏပဗ္ဗအပြင် ခန္ဓပဗ္ဗ၊ အာယတနပဗ္ဗ၊ ဗောဇ္ဈင်္ဂပဗ္ဗ၊ သစ္စပဗ္ဗအပိုင်း တွေလည်း ရှိသေးတယ်၊ (မှန်ပါ့ဘုရား)

**နီဝရဏပိုင်းပြီး၏**

## ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ (ခန္ဓာအပိုင်း)

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး (ဓမ္မာနုပဿနာခန္ဓ ပဗ္ဗ) မှာ ဟောကြားထားခဲ့တဲ့ (ပါဠိ) ကတော့ -

ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပနဘိက္ခဝေဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။

ဘိက္ခဝေ=ရဟန်းတို့၊ ပုနစ = တဖန်၊ အပရံ = တပါးသော (နောက်တနည်း) ရှုပုံကိုပြရရင်၊ (ဥပါဒါန်) ၏ (အာရုံ)ဖြစ်သော ခန္ဓာ (အစု)တို့သည် (ခန္ဓာငါးပါး) ဖြစ်ကြကုန်၏။ (ခန္ဓာငါးပါး) တို့သည် (ဥပါဒါနက္ခန္ဓာ) မည်ကုန်၏။ ထိုခန္ဓာငါးပါး (ဥပါဒါနက္ခန္ဓာ) တရားတို့ကို ဘယ်လိုရှုမလဲ ဆိုရင်

(ဥပါဒါနက္ခန္ဓာ) ဆိုတဲ့ (ခန္ဓငါးပါး)ဟာဘယ်(အာရုံ) နဲ့ပဲဖြစ်ဖြစ် (တဏှာ၊ ဥပါဒါန်) ခေါ်တဲ့တပ်မက်မှု၊ စွဲလန်းမှုဓတွ အစဉ်သဖြင့် ကပ်ပါပြီး (လောဘ၊ ဒေါသ၊ မောဟ) တွေဖြစ်နေကြလို့ (ဒုက္ခခန္ဓာ) တွေဖြစ်နေကြလွန်းလို့ (ခန္ဓာငါးပါး) ကို (ဥပါဒါနက္ခန္ဓာဒုက္ခာ) လို့ခေါ်ရတယ်၊ ဒီလို (ဥပါဒါနက္ခန္ဓာဒုက္ခ) တွေမဖြစ်ကြရအောင် (ဓမ္မာနုဓမ္မပဋိပတ္တိယာ) ဖြစ်တဲ့ လောကုတ္တရာတရားအားလျော်စွာ၊ တရားနဲ့လျော်စွာ ရှုပါလို့ ဟောပါတယ် . . . (မှန်ပါ့ဘုရား)

ဓမ္မာနုပဿနာ (ခန္ဓာငါးပါး) ရှုနည်းကို မပြမီ (ခန္ဓာငါးပါး) ကို ရှင်းပြရရင် -

| ပညတ်အခေါ် | ပရမတ်အလို |
|---|---|
| (၁) **ရူပက္ခန္ဓာ** - ရုပ်အစု (ရုပ်) | ဖေါက်ပြန်မှုသဘောအစု (ရုပ်) |
| (၂) **ဝိညာနက္ခန္ဓာ** - ဝိညာဏ်အစု (ဝိညာဏ်) | သိမှုသဘောအစု (နာမ်) |
| (၃) **သင်္ခါရက္ခန္ဓာ** - သင်္ခါရအစု (သင်္ခါရ) | ပြုပြင်မှုသဘောအစု (နာမ်) |
| (၄) **ဝေဒနာက္ခန္ဓာ** - ဝေဒနာအစု (ဝေဒနာ) | အာရုံကိုခံစားတတ်သည့် သဘောအစု (နာမ်) |
| (၅) **သညာက္ခန္ဓာ** - သညာအစု (သညာ) | မှတ်သားတတ်သည့်သဘော အစု (နာမ်) |

(ခန္ဓာငါးပါး) ဆိုတာရုပ်ခန္ဓာ (၁)ပါးနဲ့ နာမ်ခန္ဓာ (၄)ပါးတို့ပဲ ဖြစ်တယ်၊ ခန္ဓာငါးပါးကို (ရုပ်၊ ဝိညာဏ်၊ သင်္ခါရ၊ ဝေဒနာ၊ သညာ) ရယ်လို့လည်း အတိုကောက်မှတ်ထားနိုင်တယ်၊ (မှန်ပါ့)

(ဓမ္မာနုပဿနာ) ဆိုတာ (သတိပဋ္ဌာန်) လည်းဖြစ်တယ်၊ (ဝိပဿနာ) လည်းဖြစ်တယ် (မှန်ပါ့)၊ (သတိပဋ္ဌာန်) ဖြစ်မှလည်း

(ဝိပဿနာ) ဖြစ်တယ် (မှန်ပါ့)၊ (ဓမ္မ)သဘောလက္ခဏာလေးတွေ သိတာကို (အဘိဉေယျ) လို့ခေါ်တယ်၊ (သိ) တာကို (အဘိညာ) လို့ ခေါ်တယ်၊ သိအပ်တဲ့တရားပဲ . . (မှန်ပါ့)၊ သိရင် (ဝိဇ္ဇာ) ဖြစ်တယ်၊ သိအပ် တဲ့တရားတွေကို မသိရင် (အဝိဇ္ဇာ) ဖြစ်တယ် (မှန်ပါ့)၊

ဣတိရူပံ (ဤဟာရုပ်)၊ ဣတိရူပဿသမုဒယော၊ (ဤဟာ ရုပ် ဖြစ်ကြောင်း)၊ ဣတိရူပဿအတ္ထင်္ဂမော၊ ဤဟာ (ရုပ်) ချုပ်ကြောင်း လို့ ဒီလိုရှုရတာကို (ဓမ္မနုပဿနာ) ရှုပွားတယ်လို့ခေါ်တယ်. . . (မှန်ပါ့)

(ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ဆိုတဲ့ (ခန္ဓာငါးပါး) ကို ခန္ဓာပိုင်းက (ဓမ္မ) တွေလို့ သိရတယ်၊ (ရုပ်) ကို ရှုတဲ့အခါမှာ (ဣတိရူပံ) ဤဟာ (ရုပ်) လို့ ရှုရတယ်၊ (ရုပ်) ကိုရှုတဲ့အခါ -

(သတိ) နဲ့ရှုရင်(သတိပဋ္ဌာန်) ဖြစ်တယ်၊

(အသိ) ဉာဏ် ပါအောင်ရှုရင် (ဝိပဿနာ) ဖြစ်တယ် (မှန်ပါ့)

ဤဟာ (ရုပ်) ဆိုရင် (ရုပ်) ကိုသိတာ (သတိပဋ္ဌာန်)

ဤဟာ (ဝေဒနာ) လို့ (ခံစားမှု) သိဟာ (သတိပဋ္ဌာန်)

ဤဟာ (သညာ) လို့ (မှတ်သားမှု) သိတာ (သတိပဋ္ဌာန်)

ဤဟာ (သင်္ခါရ) လို့ မိမိအတွင်းသန္တာန်မှာ ပြုပြင်နေတာကို သိရင် (သတိပဋ္ဌာန်)

ဤဟာ (ဝိညာဏ်) လို့ (သိ) ရုံလေးသက်သက်သိတာ (သတိပဋ္ဌာန်)

(သင်္ခါရ) ဆိုတဲ့ (ကံ၊ စိတ်၊ ဥတု၊ အဟာရ) က ပြုပြင်တာ၊ (တဏှာ၊ ဥပါဒါန်၊ ကံ) က ပြုပြင်တဲ့သဘောတွေ ထိုင်အုံးမှု၊ ထအုံးမှု၊ ဘယ်သွားအုံးမှု၊ စားအုံးမှု၊ သောက်အုံးမှုဆိုတဲ့ (Inside Action) ဖြစ်တဲ့ မိမိအတွင်းသန္တာန်မှာ နှိုးဆော်တာလေးတွေ၊ ပြုပြင်နေတာလေးတွေက (သင်္ခါရ) တရားတွေ ဖြစ်လို့ (သင်္ခါရ) တရားလေးတွေ ပေါ်လာရင်၊ ဤဟာ (သင်္ခါရ) လို့ ရှုတာ (သတိပဋ္ဌာန်)၊ တစ်စုံတစ်ခုကို သိလိုက်ရင် ဤဟာ (ဝိညာဏ်) လို့သိမှုလေးကိုရှုတာ (သတိပဋ္ဌာန်) ပဲ၊ ဒီလို (ခန္ဓာငါးပါး) ကိုသိအောင် ရှုတာကို (ဓမ္မာ နုပဿနာ) (ခန္ဓာပဗ္ဗ) ခန္ဓာပိုင်းလို့ခေါ်တယ်၊ ဒီလို ခန္ဓာတွေ ဖြစ်တိုင်း (သတိ) လေးနဲ့ (သိ) နေရင် သိလိုက်တာနဲ့ (ချုပ်) သွားတာပဲ (မှန်ပ့ါ)

သမုဒယဓမ္မာနုပဿီ ဆိုတာ (အဖြစ်) ကိုသိတာ၊

ဝယဓမ္မာနုပဿီ ဆိုတာသိလိုက်တာနဲ့ ချုပ်သွားတာကိုသိတာ၊ (အပျက်) ကိုသိတာ

သမုဒယ ဓမ္မာနုပဿီဝါ၊ ဝယ ဓမ္မာနုပဿီ ဆိုတဲ့ ဖြစ်တာရော၊ ပျက်တာပါ (သိ) တော့မှ (သတိပဋ္ဌာနဘာဝနာ) လို့ခေါ်တယ်. . . . အဲဒီလိုသိရင် (ဝိပဿနာ) ဖြစ်တယ် (မှန်ပ့ါ)

ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ (ခန္ဓာအစုသဘောရှုခြင်း) မှာ (ရုပ်၊

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ဆိုတဲ့ (ခန္ဓာအစု) တွေရှုတဲ့နေရာမှာ (ရုပ်) ရှုပုံကို အရင်ဆုံးပြမယ် (မှန်ပါ့)

## (ရုပ်) ရှုနည်း

(ဓမ္မာနုပဿနာ) ဆိုတဲ့ (ဝိပဿနာ) ရှုပုံက (ဓမ္မ) သဘာဝလေးတွေကို ရှုတာ၊ ရှုတဲ့နေရာမှာ (ဉာဏ်) နဲ့ (ပရမတ်) ကို ရှုရတာ၊ (ပရမတ်) ကိုရှုနိုင်ရင်၊ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) တွေကို လွန်သွားပြီ၊ ဤဟာ (ရုပ်) ပဲလို့အသိဖြစ်ရင် (ပရမတ်) ရုပ်မဟာဘုတ် (ရုပ်) ဒီလိုသိလိုက်ရတော့ (ပရမတ်) ကိုရှုပြီး ဖြစ်လေတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လွန်ပြီး (ဉာဏ်) စခန်းရောက်သွားတယ်၊ (ဥပမာ) မြင်မှုကိစ္စလေးတစ်ခုမှာ မိန်းမရုပ်တစ်ခုမြင်လိုက်ရင် ကိုယ့်အမြင်မှာ မိန်းမ၊ ယောက်ျားရယ်လို့ မြင်လိုက်သိလိုက်ရင် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ပါတယ်၊ အဲဒါ (သတိပဋ္ဌာန်) ပဲ၊

(ပညတ်) ပေါ်မှာရှုတာကို (ပညတ်) အမြင်နဲ့ရှုတာကို (သတိပဋ္ဌာန်) (မှန်ပါ့)၊ (ဓမ္မ) သဘောနဲ့ မြင်ရမှာက (ဣတ္ထိရုပ်) ဤဟာ (ရုပ်) တွေကရုပ် (ရုပ်) သည် ဤမျှလောက်ပဲ၊ (ရုပ်)ထက်မပိုဘူး၊ (ဣတ္ထိရူပဿအတ္တဂ်မော) ဤဟာရုပ်ချုပ်ကြောင်းလို့ ဒီလို (ဉာဏ်) နဲ့ရှုလိုက်ရင် (ပညတ်)မပါလို့ (ပရမတ်) ရောက်သွားတယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) လည်းမပါဘူး၊ (ပဋိစ္စသမုပ္ပါဒ်) လည်းတန်းမသွားတဲ့ (ဉာဏ်) အမြင်နဲ့ ရှုတာဖြစ်လို့ (ဝိပဿနာ) ဖြစ်သွားတယ်၊ ဒီ (အသိ) က

(ပရမတ်) အသိ ဖြစ်သွားလို့ ပထမတန်း (ဉာဏ်) ဖြစ်သွားတာပေါ့ ဒကာကြီး. . . (မှန်ပါ့ဘုရား)

တကယ်တော့ (ဝိပဿနာ) ဆိုတာ စာတွေမှာလာပါတယ်။

**"ပညတ္တိံ ဌပေတွာ အနိစ္စဒိကာရေန ဝိဝိဒံ ပဿတီတိ ဝိပဿနာ"** လို့ဆိုတယ်မဟုတ်လား. . . (မှန်ပါ့)၊ ဒါကြောင့် **(ဝိပဿနာ) ဆိုတာ (ပညတ်) မပါပဲရှုရတဲ့အမျိုးပဲ၊ (မှန်ပါ့)။ (ပညတ်) မပါအောင် ရှုရမှာ ဆိုတော့ (ဉာဏ်) အမြင်နဲ့ရှုရမှာဖြစ်တော့ (သမ္မာဒိဋ္ဌိ) အမြင်မှန်နဲ့ (ခန္ဓာငါးပါး) ကို ရှုရတယ်။. . (မှန်ပါ့)။**

(ရုပ်) ရှုရင် (ဣတိရုပံ) ဤဟာ (ရုပ်)ပဲလို့ ရှုရင် (သမ္မာသင်္ကပ္ပ) **ဖြစ်တာပေါ့**။ ပညာမဂ္ဂင်နဲ့ရှုတာ ဖြစ်သွားပြီ . . (မှန်ပါ့) ၊ (ရုပ်) လို့မသိပဲ၊ မရှုမိပဲ ယောကျ်ားပဲ၊ မိန်းမပဲ၊ ငါပဲ၊ သူပဲ၊ သတ္တဝါပဲအနေနဲ့ ရှုမိနေရင် (မိစ္ဆာသင်္ကပ္ပ)ဖြစ်နေတယ်. . (မှန်ပါ့)။ ကာမ၊ ရာဂ၊ နိဝရဏနဲ့ (ပညတ်) တွေပါနေတယ်၊ (မိန်းမ) မဟုတ် (ရုပ်) ပဲလို့ရှုတာက ပညာမဂ္ဂင် (သမ္မာသင်္ကပ္ပ) နဲ့ ရှုတာ၊ (မှန်ပါ့)။ ပညာ (ဉာဏ်) နဲ့ ရှုတာဖြစ်တော့ တကယ်ပဲ (ပညတ်) မပါပဲ (ရုပ်) (ပရမတ်) ကိုရှုရာ ရောက်သွားတော့ (ပထမ) တန်းတရား ဖြစ်တာပေါ့၊ ဒကာကြီး . . (မှန်ပါ့)

(နိဗ္ဗာန်) ဟာ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်ရင် (နိဗ္ဗာန်) ကို (ဉာဏ်)နဲ့ မြင်ရတာဖြစ်တော့ (ဓမ္မာနုပဿနာ)တရား (သဘော) ဟာ

(ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်စေတဲ့ (ပညတ်) တွေကိုတတိ၊ တတိနဲ့ သတ်ချနေတဲ့တရားဖြစ်တော့ (ပထမ တန်း) ဖြစ်တာပေါ့ . . (မှန်ပါ့)

(ဓမ္မာနုပဿနာ) ကမှ (ဝိပဿနာ) မှာ ပထမတန်းဖြစ်တာ။ မြတ်စွာဘုရား နှလုံးသွင်းတဲ့တရားက (ဓမ္မာနုပဿနာ) တရားပဲ (မှန်ပါ့)၊ (ဓမ္မာနုပဿနာ) ကို (ပညတ်) မပါအောင်ရှုရမှာဆိုတော့ (ဉာဏ်) လိုတာပေါ့၊ (သတိပဋ္ဌာန်) ထက်ကျော်သွားပြီ၊ အနိစ္စ၊ ဒုက္ခ ထက်လည်း ကျော်လွန်နေပြီ (မှန်ပါ့)

ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ခေါ်တဲ့ (သတ္တဝါ)၊ ဝတ္ထု ပစ္စည်းတွေက (နာမသဏ္ဌာန်)၊ (ပညတ်) တွေ၊ ယောက်ျား၊ မိန်းမမြင်ရင် ယောက်ျား၊ မိန်းမဆိုတဲ့ အခေါ် (ပညတ်) ကိုဖယ်ပြီး ထားခဲ့ပြီး၊ ဤဟာ (ရုပ်) လို့ ရှုရမယ်၊ ဘာပဲမြင်မြင် (ရုပ်) အဆင်းလို့ပဲသိရတယ်၊ (ပရမတ်) က (ရုပ်) ပဲဖြစ်တယ်။ (ပညာ) နဲ့မြင်တဲ့ အမှန်မြင် (သမ္မာဒိဋ္ဌိ) ကလည်း (ရုပ်)ပဲမြင်ရမယ်။ အသံကြားရင် ဘာသံ၊ ညာသံတွေမလိုက်နဲ့၊ အသံ (ရုပ်) ပဲသိရမယ်၊ စိတ်ထဲမှာ (ပညတ်) မပါရဘူး. . . (မှန်ပါ့ဘုရား)။ (ရုပ်)အပေါ်မှာ (ပညတ်) မဖြစ်စေပဲ၊ (ပရမတ်ရုပ်) ကို (ဉာဏ်) နဲ့ရှုတတ်ဖို့ အရေးကြီးတယ် (မှန်ပါ့)။ (ရုပ်)ကို ကွဲကွဲပြားပြား ရှုတတ်အောင် (ခန္ဓာငါးပါး) နဲ့ပတ်သက်နေတဲ့ **(ဥပါဒါနက္ခန္ဓာ)နဲ့၊ (မဟာဘုတ်ရုပ်)၊ (ဥပါဒါရုပ်) အကြောင်းလေးတွေ သိအောင် ပြောပြအုံးမယ် . . . (မှန်ပါ့)**

## ဥပါဒါနက္ခန္ဓာ

လူလို့ခေါ်နေကြတဲ့ လူဟာ တကယ်မရှိဘူး။ တကယ့်အရှိတရား၊ အမှန်တရားက (ရုပ်နာမ်) ခေါ်တဲ့ (ခန္ဓာငါးပါး) ပဲဖြစ်တယ်၊ ဒီရုပ်နာမ် (ခန္ဓာငါးပါး) ကို ချစ်ကြတယ်၊ ခင်ကြတယ်၊ စွဲလန်းကြတယ်၊ ဝမ်းထဲက (တဏှာ၊ ဥပါဒါန်) နဲ့ စွဲလန်းကြလို့ (ခန္ဓာငါးပါး) ကို (ဥပါဒါနက္ခန္ဓာ) လို့ မြတ်စွာ ဘုရားက နာမည်ပေးထားတော်မူပါတယ်။ ငါ့ခန္ဓာကိုယ် ဘေးမရှိပါစေနဲ့၊ ရန် မရှိပါစေနဲ့၊ ဖျားနာမှုကင်းပါစေ၊ လူချမ်းသာ နတ်ချမ်းသာ ဖြစ်ရ ပါလို၏နဲ့။ (ခန္ဓာငါးပါး) ကို အမျိုးမျိုးချစ်ခင်စွဲလန်းနေကြတယ်။ . . (မှန်ပါ့)

(ခန္ဓာငါးပါး) ဟာ စွဲလန်းမှုပါတဲ့ (ဥပါဒါန်)၏ (အာရုံ) များလည်း ဖြစ်နေကြတယ်၊ ဘယ် (စိတ်ခန္ဓာ) ပဲဖြစ်ဖြစ် (အစွဲအလန်း) ပေါ်မူတည်ပြီးဖြစ်နေကြတယ်၊ ဘယ် (အာရုံ)နဲ့ပဲဖြစ်ဖြစ် (ရုပ်) ကိုလည်း စွဲလန်းကြတယ်၊ (ဝေဒနာ)ကိုလည်း စွဲလန်းကြတယ်၊ (သညာ) ကိုလည်း စွဲလန်းကြတယ် (သင်္ခါရ) နဲ့ (ဝိညာဏ်)ဖြစ်ရင်လည်း စွဲလန်းမှုပါလို့ (ခန္ဓာငါးပါး) ဟာ (တဏှာ၊ ဥပါဒါန်) တွေကပ်ညှိနေတဲ့ အစွဲအလန်းတွေနဲ့ ဖြစ်နေကြလို့ (ခန္ဓာငါးပါး) ကို အစွဲအလန်းရှိတဲ့ (ခန္ဓာငါးပါး)ရယ်လို့ပါငွေလို (ဥပါဒါနက္ခန္ဓာ) လို့ မြတ်စွာဘုရားက နာမည်ပေးထားတော်မူပါတယ် . . . (မှန်ပါ့)။ ရှင်းပြအုံးမယ် . . .

(ခန္ဓာငါးပါး) ရတာဟာ ကိုယ်မှာရှိတဲ့ဒွါရ (၆) ပေါက် (အခံ

ဓါတ်) မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ ပြင်ပက (အတိုက်ဓါတ်) ဖြစ်တဲ့အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့စရာ၊ ကြံတွေးစရာတွေနဲ့ တွေ့တိုက်တော့ (အပွင့်ဓါတ်) ခေါ်တဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိတွေ့စိတ်၊ ကြံတွေးစိတ်ဆိုတဲ့စိတ် (၆)ပါး တွေဖြစ်ပေါ်တယ်၊ (စိတ်) တစ်လုံးဖြစ်တိုင်း (ခန္ဓာငါးပါး) တပေါင်းတည်းပါဝင်ပြီးမြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရ၊ ကြံတွေးရတယ်။ . (မှန်ပ့ါ)

(စိတ်) ကလေးတစ်လုံးဖြစ်ပေါ်တိုင်းမှာ (ခန္ဓာငါးပါး) လုံးပါဝင်နေပုံကို ရှင်းပြရရင် (မိမိသန္တာန်) မှာလာထင်တဲ့ (မြင်စိတ်) ခန္ဓာဆိုရင် မြင်ရတဲ့နေရာမှာ မြင်ရတဲ့ ရူပါရုံ (ရုပ်) (ရူပက္ခန္ဓာ) လည်းပါတယ်၊ မြင်လို့ကောင်းတာ မကောင်းတာကိုခံစားရတဲ့ (ဝေဒနာ) ဖြစ်တဲ့ (ဝေဒန က္ခန္ဓာ) လည်းပါတယ်၊ ဘာမြင်တာပဲဘယ်သူ၊ ဘယ်ဝါ၊ ဘာဖြစ်တယ်ဆိုတဲ့ (မှတ်သား) တတ်တဲ့ (သညာ) (သညာက္ခန္ဓာ) လည်းပါတယ်၊ မြင်မှုကိစ္စပြီးအောင် ကြောင့်ကျစိုတ်မှု၊ နှလုံးသွင်းမှုတွေကိုပြုလုပ်ပေးနေရတဲ့ (သင်္ခါရ) (သင်္ခါရက္ခန္ဓာ)လည်းပါတယ်၊ မြင်တဲ့အပေါ်မှာသိမှု (ဝိညာဏ်) (ဝိညာက္ခန္ဓာ) လည်းပါတော့ မြင်တဲ့ကိစ္စလေးတစ်ခုမှာ (ခန္ဓာငါးပါး)လုံး ပါဝင်ပေါင်းစုပြီး ဘယ်သူဘယ်ဝါ၊ ဘာညာရယ်လို့ မြင်ရ (သိ) ရတယ်၊ ဒီလိုပဲ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုစိတ်တွေဖြစ်ပေါ်ရာမှာလည်း (ခန္ဓာငါးပါး) လုံး စုပေါင်းပြီးပါလို့ (သိမှု) ပြည့်စုံတယ်၊ သိမှုပြည့်စုံတဲ့ (စိတ်) တစ်ခုဖြစ်ရတယ်၊

ဒီလို (ခန္ဓာငါးပါး) ခွဲခြားသိလိုက်တော့ ဝေါဝုဋ္ဌာန = ပိုင်းခြား သိတာကို (ဓမ္မာနုပဿနာ) ဖြစ်သွားတယ်လို့ခေါ်တယ်၊ (မှန်ပါ့)

ဒီ (ခန္ဓာငါးပါး) လုံးနဲ့ (မြင်) ရတဲ့ (စိတ်ခန္ဓာ) အပေါ် (ခန္ဓာငါးပါး) လုံးနဲ့ (ကြား)ရတဲ့ (စိတ်) အပေါ်မှာ၊ (ခန္ဓာငါးပါး) လုံးနဲ့ (နံ့) ရတဲ့စိတ်အပေါ်မှာ (ခန္ဓာငါးပါး) လုံးနဲ့ (စား) ရတဲ့ (စိတ်) အပေါ်မှာ (ခန္ဓာငါးပါး)လုံးနဲ့ (ထိတွေ့) မှုဖြစ်တဲ့ (စိတ်) အပေါ်မှာ၊ (ခန္ဓာငါးပါး) လုံးနဲ့ (ကြံတွေး) ရတဲ့ (စိတ်) ဖြစ်ရတဲ့အပေါ်မှာ (ရုပ်) ရော၊ (ဝေဒနာ) ရော၊ (သင်္ခါရ) ရော၊ (သညာ) ရော၊ (ဝိညာဏ်) တို့တွေမှာ နှစ်သက်မှု၊ တပ်မက်မှု (တဏှာ) ဖြစ်စေတယ်၊ (တဏှာ) ဝင်လာတယ်၊ (တဏှာ) ကြောင့် စွဲလန်းမှု (ဥပါဒါန်) တွေ ဖြစ်တယ်၊ စွဲလန်းမှုကြောင့်ပြုလုပ်မှု (ကံ) တွေဖြစ်လာတော့ (စိတ် ၆) မျိုးထဲက ဘယ်စိတ်ခန္ဓာကပဲဖြစ်ဖြစ် ဘယ် (စိတ်) ပဲလာလာ (တပ်မက်) မှု (စွဲလန်းမှု) နဲ့ ဖြစ်နေကြတော့ (ခန္ဓာငါးပါး) ကို အစွဲအလန်းတွေရှိနေတဲ့ (ခန္ဓာ)ပါဠိလို (ဥပါဒါနက္ခန္ဓာ) လို့ခေါ်တယ် . . (မှန်ပါ့)၊ ဒီလိုစွဲလန်းမှု (ဥပါဒါန်)တွေပါနေတာကြောင့် (ဥပါဒါန်) ကြောင့် (ဥပါဒ်)ရောက်ဆိုသလို (ဒုက္ခ) ရောက်နေကြတဲ့ (ခန္ဓာငါးပါး) ကို (ဥပါဒါနက္ခန္ဓာ ဒုက္ခာ) လို့မြတ်စွာဘုရား ဟောရပါတယ် (မှန်ပါ့)။

ထပ်ပြီးရှင်းပြရရင် . . (ဥပါဒါနက္ခန္ဓာ) ဆိုတာ စွဲလန်းမှုပါတဲ့ (သိစိတ်) ဖြစ်လာတဲ့ (ခန္ဓာငါးပါး)ကိုခေါ်တယ်၊ အာရုံ (၆) ပါးပေါ်မှာ

မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိတွေ့သိ၊ ကြံတွေးသိတွေဖြစ်တဲ့အခါ (ဝိညာဏ်သိ) လို့ခေါ်တယ်၊ ဒီလို (ဝိညာဏ်) သိလေးနဲ့ (သိရုံ) လေး (အသိ) ဟာ (ပရမတ်ရုပ်) ဖြစ်တဲ့မူလဘူတ (ရုပ်) အစစ်အမှန်ဖြစ်တဲ့ (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဓါတ်ကြီး လေးပါးနဲ့ ဖွဲ့စည်းထားတဲ့ (မဟာဘုတ်ရုပ်) အပေါ်မှာ သိရတာမျိုးပဲ၊ ဒါပေမဲ့ ဒီ အသိမျိုးကိုမသိကြပဲ ပုထုဇဉ်တို့သိကြတဲ့အသိက (တဏှာ၊ ဥပါဒါန်၊ ကံ) ရောက်တဲ့ (ဥပါဒါရုပ်) အပေါ်သိတာမျိုးဖြစ်နေကြလို့ (ဥပါဒါနက္ခန္ဓာ) လို့မြတ်စွာဘုရားက ခေါ်ဝေါ်သမုတ်ထားရတယ်၊ နံမည်ပေးထားရတယ်၊ (ဓမ္မာစကြာ) ထဲမှာ မြတ်စွာဘုရားက ခန္ဓာငါးပါးကို (ဥပါဒါနက္ခန္ဓာ) လို့ ဟောကြားပါတယ်လေ . . . (မှန်ပါ့)

(ခန္ဓာငါးပါး)ကို (သတ္တဝါ)လို့ယူရင် (ဒိဋ္ဌာသဝ)ဖြစ်သွားတယ်၊
(ခန္ဓာငါးပါး)ကို (ငါ)လို့ယူရင် (ဘဝါသဝ) ဖြစ်သွားတယ်၊

(ခန္ဓာငါးပါး) ကို (တပ်မက်) တယ်ဆိုရင် (ကာမာသဝ) ဖြစ်သွားတယ်။

(ခန္ဓာငါးပါး) ကို အထက်က (အာသဝသုံးပါး) နဲ့ယူခဲ့ရင် (အဝိဇ္ဇာ) သဝဖြစ်သွားတယ် (မှန်ပါ့)

မြင်ရင်မြင်တဲ့ (ခန္ဓာငါးပါး) ဟာ (ဥပါဒါန်) အာရုံတွေချည်းဖြစ်ကြလို့ (တဏှာ၊ ဥပါဒါန်၊ ကံ) တွေနဲ့ ဆက်သွားကြလို့ (ခန္ဓာငါးပါး)

ကို (ဥပါဒါန်ခန္ဓာငါးပါး) လို့ခေါ်ရတယ်၊ မြင်တာနဲ့ နှုတ်ဆက်အုံးမှ၊ ပြုံးပြအုံးမှ၊ ဘာလုပ်အုံးမှ၊ သွားအုံးမှ၊ ထိုင်အုံးမှ၊ ပြောဆိုအုံးမှ၊ ဝယ်အုံးမှဆိုတဲ့ မြင်မှုရဲ့ (စိတ်အစဉ်) မှာလုပ်ရမှာကို (စွဲမြဲ) နေတဲ့ (တဏှာ၊ ဥပါဒါန်) တွေ (Automatie) ပါနေကြလို့ (ပုထုဇဉ်) တွေရဲ့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှု၊ မှန်သမျှမှာ ဘယ်သူက ဖြင့်ဘယ်လို ဘာပစ္စည်းကဖြင့် ဘယ်လိုစသဖြင့် စိတ်အစဉ်အတန်းမှာ ငါ၊ ငါ့ဥစ္စာဆိုတဲ့ အစွဲအလန်းနဲ့ (ဥပါဒါန်ခန္ဓာ)ဖြစ်နေကြလို့ (ခန္ဓာငါးပါး) နဲ့ ဖြစ်ရတဲ့စိတ်ခန္ဓာကို (ဥပါဒါနက္ခန္ဓာ) လို့ခေါ်ရတယ်။ . . (မှန်ပါ့)

မြင်တော့လည်း မြင်ရုပ်က (ဥပါဒါနက္ခန္ဓာ) ဖြစ်ပြီး (ဥပါဒါရုပ်) ဖြစ်နေကြတယ်၊ ကြားတော့လည်းကြားရုပ်၊ ဥပါဒါနက္ခန္ဓာ (ဥပါဒါရုပ်) အသံရုပ်ပဲ၊ နံတော့လည်း၊ (ဥပါဒါရုပ်) နံလို့ကောင်းတာ၊ မကောင်းတာ ခံစားတတ်တဲ့ (ဝေဒနာဥပါဒါနက္ခန္ဓာ)၊ (ဥပါဒါရုပ်) စားတော့လည်း ကောင်းမကောင်းခံစား ရာက ကြိုက်၊ မကြိုက် (တဏှာ၊ ဥပါဒါန်) ပါတဲ့ စားရုပ်၊ ထိတွေ့တော့လည်း (ဥပါဒါရုပ်)၊ ကြံတွေးတော့လည်း (ဥပါဒါရုပ်) တွေဟာ (တဏှာ၊ ဥပါဒါန်) ဘက်ရောက်သွားတတ်ကြလို့ (ဥပါဒါရုပ်) ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာ ဥပဒါနက္ခန္ဓာ၊ သညာဥပါဒါ နက္ခန္ဓာ၊ နှလုံးသွင်းတာကသင်္ခါရဉပါနက္ခန္ဓာ၊ သိတာက ဝိညာနက္ခဥပါ နက္ခန္ဓာဖြစ်လို့ (ဥပါဒါန်ခန္ဓာငါးပါး) ရယ်လို့ (ခန္ဓာငါးပါး) ဟာ (ဥပါဒါ နက္ခန္ဓာဒုက္ခာ) လို့ မြတ်စွာဘုရားဟောရ ပါတယ်၊ (ခန္ဓာငါးပါး) ဟာ

(ဥပါဒါနက္ခန္ဓာ) ဖြစ်တဲ့အတွက် (ရုပ်) ကို (ဥပါဒါရုပ်) လို့ခေါ်ရတယ် (မှန်ပါ့)၊ ဒီလောက်ရှင်းပြရင် (ဥပါဒါနက္ခန္ဓာ) အကြောင်း ပြည့်စုံလုံလောက်ပြီဖြစ်လို့ သိရောပေါ့. . . (မှန်ပါ့သိပါပြီဘုရား)

## မဟာဘုတ်ရုပ်

ခန္ဓာကိုယ်ကောင်ကြီးရဲ့ တကယ့်အရှိတရား (ပရမတ်ရုပ်) အစစ်အမှန်က (မဟာဘုတ်ရုပ်) ပဲရှိတယ် (မဟာဘုတ်ရုပ်) ဆိုတာ ဓါတ်ကြီးလေးပါး အစုအဝေးပဲ၊ ခန္ဓာကိုယ်ကောင်ကြီးဟာ (မဟာဘုတ်ဓါတ်ကြီးလေးပါး) ဖြစ်တဲ့ ပထဝီ (မာမှု၊ ပျော့မှု) တေဇော (ပူမှု၊ အေးမှု) အာပေါ (ယိုစီးမှု၊ ဖွဲ့စည်းမှု) ဝါယော (တွန်းကန်မှု) ဆိုတဲ့ ဓါတ်ကြီးလေးပါးရှိတဲ့ (ရုပ်) အမှန် (မဟာဘုတ်ရုပ်) ပဲ၊ တကယ်ရှိတာပါ၊ (လူ) ဆိုတဲ့ခန္ဓာကိုယ်ကောင်ကြီးမှာ (ပထဝီ) ဖြစ်တဲ့ ဦးခေါင်းကမာတာ၊ ပါးကပျော့တာ၊ (တေဇော)က၊ တေဇောဓာတ်များတဲ့လက်ဖဝါးက (ပူတယ်)၊ တေဇောဓာတ်နည်းတဲ့ခြေဖဝါးက (အေးတယ်)၊ ဗိုက်ကိုစမ်းကြည့်ရင်၊ နှာခေါင်းစမ်းကြည့်ရင် (ဝါရော) ဖြစ်တဲ့ (တွန်းကန်) မှုတွေ့ရတယ်၊ (အာပေါ) ဖြစ်တဲ့သွေးတွေ၊ ပါးစပ်ထဲကြည့်ရင် တံတွေးတွေ (ယိုစီး)နေတာ (ဖွဲ့စည်း)နေတဲ့ (အာပေါ)ကို တွေ့ရမယ်၊ ခန္ဓာကိုယ်ကြီးရဲ့အတွင်းသန္တာန် တည်ဆောက်ထားတာ ဒီဓါတ်ကြီးလေးပါးပဲ ရှိတယ်၊ . . (မှန်ပါ့)။

(ဓမ္မ) သဘောမှာ ခန္ဓာကိုယ် (ရုပ်)ကြီးဟာ (မဟာဘုတ်ရုပ်)

က မှ (ရုပ်) အစစ်အမှန် (ပရမတ်ရုပ်) ဖြစ်တယ်၊ ဒီ (မဟာဘုတ်ရုပ်)က မှ အမှန်ရှိ၊ အဟုတ်ရှိ (ရုပ်) ပဲ တိရိစ္ဆာန်၊ သစ်ပင်စတဲ့ သက်ရှိသက်မဲ့ သန္တာန်တွေမှာလည်း (မဟာဘုတ်ရုပ်) ပဲရှိတယ်၊ (မဟာဘုတ်) ဆိုတာ မဟာ = ကြီးသော၊ ဘူတ=ထင်ရှားသော ဓါတ်ကြီးလေးပါး အစု အဝေးပဲရှိလို့ (မဟာဘုတ်ရုပ်) လို့ခေါ်ရတယ် (မှန်ပါ့)

**"သတ္တဝါမဟုတ် (မဟာဘုတ်) အဟုတ်အိမ်နှင့်တူသတည်း"** လို့ဘုန်းကြီး စပ်ထားပါတယ်၊ အိမ်နဲ့တူတယ်ဆိုတာက ခန္ဓာကိုယ်ရဲ့ အရိုးအကြီးအသေးတွေက တိုင်တွေ၊ ဒေါက်တွေ၊ အကြောကကြိုးတွေ၊ သံချောင်းတွေ၊ ပျဉ်ပြားတွေ၊ ဘိလပ်မြေဆိုတာက အသွေးအသားကို အာပေါ (ရေ) သဘော၊ တေဇော (လေ) သဘောနဲ့စည်းကပ်အောင် ဖွဲ့စည်းလိမ်းကြံထားပြီး တည်ဆောက်ထားတဲ့အိမ်လိုပဲ ယောက်ျား၊ မိန်းမ၊ လူ (သတ္တဝါ)လို့ ခေါ်နေကြရတာ။

အသွေးအသားတွေကလည်း ရေဓါတ်၊ မြေဓါတ်တွေပဲ၊ အရိုး၊ အသားတွေကို စုပေါင်းခေါ်ရင် မြေဓါတ်ပဲ၊ ဒါကြောင့် မြတ်စွာ ဘုရားက အဇ္ဈတ္တိကာစ (ပထဝီဓါတု)၊ အတွင်းရုပ်လည်း မြေကြီး၊ ဗဟိဒ္ဓိကာစ (ပထဝီဓါတု)၊ အပြင်ရုပ်လည်း မြေကြီးပဲလို့ မြတ်စွာဘုရား ဟောထား တော့ ကိုယ့်ကိုကိုယ်လည်း မြေကြီး (ရုပ်) ပဲလို့ယူရတယ်၊ မြေကြီးလို သိမ်းခံရမယ်၊ (ရုပ်) ရောက်အောင် သိရတယ် (စိတ်၊ စေတသိက်) ရောက်အောင် (နာမ်) ရောက်အောင် (ရုပ်နာမ်) ရောက် အောင်သိမှ

(နိဗ္ဗာန်) ရောက်တယ်. . . (မှန်ပ့ါ)

လူလို့ခေါ်တဲ့လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ သစ်ပင်ပဲဖြစ်ဖြစ်၊ သက်မဲ့ပစ္စည်းပဲဖြစ်ဖြစ်၊ မူလဘူတ တကယ်အဖြစ်အမှန်သဘောက (မဟာဘုတ်) ဓါတ်ကြီး (၄)ပါးရုပ် (မဟာဘုတ်ရုပ်) ပဲရှိတယ်၊ သေသွားလို့ပဲဖြစ်စေ၊ ပျက်စီးသွားလို့ပဲဖြစ်စေ၊ မြေကြီးထဲပဲ မြှုပ်မြှုပ်၊ မီးရှို့လို့ပြာဖြစ်သွားလို့ ပြာက မြေကြီးပေါ်မှာပဲ ပြန်ရောက်တော့ မြေကြီးပဲဖြစ်သွားမှာပဲ၊ ဒါကြောင့် ဓါတ်ကြီး (၄)ပါးပါတဲ့ (မဟာဘုတ်ရုပ်) မြေကြီးရုပ်လို့ပဲယူရတယ်၊ တိရိစ္ဆာန်၊ ပစ္စည်းစတဲ့ သက်ရှိ သက်မဲ့ (ရုပ်) တွေဟာ မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ တွန်းကန်မှုတွေရှိကြတဲ့ ဒီ (မဟာဘုတ်ရုပ်) ပဲအရင်းခံရှိကြတယ် (မှန်ပ့ါ)

မျက်နှာ၊ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေဟာ အခေါ်အဝေါ် (ပညတ်) တွေပဲ၊ (ရုပ်) အစစ်မဟုတ်ကြဘူး၊ နိမိတ်သဏ္ဌာန် (ပညတ်) တွေပဲဖြစ်ကြတယ်၊ (ရုပ်) ရဲ့မူလဘူတရုပ်အစစ်က (မဟာဘုတ်ရုပ်) ပဲရှိတယ် (မှန်ပ့ါ)၊ နောက်တခါမှတ်ထားရမည့် (ဥပါဒါရုပ်) ကိုလည်း ပြောအုံးမယ် (မှန်ပ့ါ)။

## ဥပါဒါရုပ်

မျက်စိနဲ့မြင်သမျှ အဆင်းရူပါရုံက (ရုပ်) ပဲ၊ ဒါပေမဲ့ (ဥပါဒါန်) လို့ခေါ်တဲ့စွဲလန်းစရာ (အာရုံရုပ်) ဖြစ်သွားလို့ (ဥပါဒါရုပ်) လို့ ခေါ်ရ

တယ်၊ (ဥပါဒါန်) တို့၏အာရုံဖြစ်လို့ (ဥပါဒါရုပ်) ဖြစ်တယ်ဆိုတာ မိမိ သန္တာန်မှာရှိတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ ပြင်ပအာရုံ အဆင်း (ရုပ်) တွေနဲ့ တွေ့တိုက်တဲ့အခါ အာရုံ (၆)ပါးဖြစ်တယ်၊ မြင်တဲ့ အဆင်း အာရုံ (ရုပ်) ဖြစ်တဲ့လူကိုမြင်ရင်၊ ဝတ္ထုပစ္စည်းကို မြင်ရင် (ဥပါဒါန်) ဆိုတဲ့အစွဲလေးက ဘယ်သူဘယ်ဝါ၊ ဘာပဲ၊ ဘာပစ္စည်းပဲ၊ ပြောအုံးမှ ခေါ်အုံးမှ၊ သွားအုံးမှ၊ ဘာလုပ်အုံးမှ ဆိုတဲ့ကိစ္စ၊ ဝိစ္စတွေက ဖြစ်လာလို့ ဒီလိုမြင်တဲ့အပေါ်မှာ အကြောင်းပြုပြီး စွဲမှတ်ထားတဲ့ ကိစ္စထွေလာများလာ တတ်ကြတာကို (ဥပါဒါန်) ဖြစ်လာတယ်လို့ ပြောတာ ဘယ်အပေါ်မှလဲ၊ မြင်တဲ့ (ရုပ်) အပေါ်မှာ (ဥပါဒါန်) တို့၏ (အာရုံ) ဖြစ်လို့ (ဥပါဒါရုပ်) လို့ ခေါ်ဝေါ်သုံးစွဲရခြင်းပဲ။

(ဥပါဒါန်) တို့၏ (အာရုံ) ကဘယ်သူ့အပေါ်မှာလဲ၊ မြင်ရတဲ့ အဆင်း (ရုပ်) အပေါ်မှာ စွဲကြလို့ (ဥပါဒါရုပ်) လို့ခေါ်တာ၊ (ဥပါဒါရုပ်) ဆိုတာ (မဟာဘုတ်ရုပ်) ကိုမှီပြီးမှဖြစ်တယ်၊ မူလဘူတက (မဟာဘုတ် ရုပ်) ပဲ၊ ရုပ် (၂၈)ပါးရှိတဲ့အနက် မဟာဘုတ် (ရုပ်) ၄ပါးကိုနှုတ်ရင် ကျန်တဲ့ (၂၄) ပါးကို (ဥပါဒါရုပ်) လို့ခေါ်ရတယ်၊ မဟာဘုတ် (၄)ပါး ကလွဲပြီး ကျန်တဲ့ (ရုပ်)တွေဟာ ခန္ဓာငါးပါးနဲ့ စွဲယူမှတ်သားစွဲလန်းတဲ့ (ရုပ်) တွေဖြစ်ကြလို့ (ဥပါဒါရုပ်) လို့ခေါ်ရတယ် . . . . (မှန်ပါ့)

နားနဲ့ကြားတဲ့အသံကလည်း (ရုပ်)ပဲ (ဥပါဒါရုပ်)၊ နှာခေါင်းနဲ့ နံတဲ့အနံ့ကလည်း (ရုပ်)ပဲ (ဥပါဒါရုပ်)၊ ပါးစပ်နဲ့စားရလို့ လျှာပေါ်မှာ

အရသာဖြစ်တာကလည်း (ရုပ်)ပဲ (ဥပါဒါရုပ်)၊ ကိုယ်နဲ့ထိတွေ့ရတဲ့ အတွေ့အထိကလည်း (ရုပ်)ပဲ (ဥပါဒါရုပ်) ပဲ၊ စိတ်ထဲမှာဖြစ်ပေါ်လာတဲ့ (ဓမ္မာရုံ) ကလည်း (ရုပ်)ပဲ (ဥပါဒါရုပ်) ပဲ၊ ဒါကြောင့် ဒွါရ (၆)ပါးဖြစ်တဲ့ မျက်စေ့နှင့်မြင်တာ၊ နားနဲ့ကြားတာ၊ နှာခေါင်းနဲ့နံတာ၊ ပါးစပ်နဲ့စားတာ၊ ကိုယ်နဲ့ထိတွေ့တာ၊ စိတ်နဲ့ကြံတွေးတာအားလုံးဟာ (တဏှာ၊ ဥပါဒါန်) ဘက်ကိုရောက်တတ်လို့ (ဥပါဒါရုပ်) ပဲ၊ တကယ်တော့ ဒီ (ဥပါဒါရုပ်) ဟာ ဓါတ်ကြီး (၄)ပါးနဲ့တကွဖြစ်တဲ့ (မဟာဘုတ်) ရုပ်ကိုမှီပြီးဖြစ်တဲ့ (ရုပ်) လို့ခေါ်တယ်၊

ပုထုဇဉ်တို့ရဲ့ အမြင်က (ဥပါဒါရုပ်) လည်းမသိကြဘူး၊ (မဟာဘုတ်) ရုပ်လို့လည်း မသိကြဘူး၊ လူရုပ်၊ မိန်းမရုပ်၊ ယောကျ်ားရုပ်၊ တိရိစ္ဆာန်ရုပ်၊ ပစ္စည်းရုပ်ဆိုတဲ့ (ပညတ်) နိမိတ်တွေကိုပဲ (ရုပ်) ထင်နေကြတာ၊ မဟုတ်လား . . (မှန်ပါ့) ၊ တကယ်တော့ ဒါတွေဟာ (ရုပ်) မဟုတ်ဘူး (ပညတ်နိမိတ်) ကြီးတွေပဲ၊ (နိမိတ်) ငယ်ကမျက်နှာ၊ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေပဲ၊ ဒီနိမိတ်ငယ် (ပညတ်) ကိုလည်း ပုထုဇဉ်တို့က (ရုပ်)ပဲအောင်းမေ့နေကြတယ်၊ ထင်နေကြတယ်၊ အရိယာဖြစ်တဲ့သူတွေက (ဥပါဒါရုပ်)နဲ့ (မဟာဘုတ်) ရုပ်ပဲသိကြတယ် (မှန်ပါ့)

(ဥပါဒါရုပ်)လို့ ဘာကြောင့်ခေါ်ရသလဲဆိုရင် မြင်လိုက်တာနဲ့ မြင်တဲ့ရုပ်အပေါ်မှာ (ငါ) မြင်တာ၊ မှန်ထဲကြည့်ရင် (ငါ)ပဲ အောင်းမေ့ကြတယ်၊ သူများကိုမြင်ရင်၊ ပစ္စည်းကိုမြင်ရင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ

ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရွှေ၊ ငွေ၊ ပစ္စည်းရယ်လို့ မြင်လို့၊ ဒီလိုမြင့်တဲ့အပေါ်မှာ (တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်စေတဲ့ (ရုပ်)ဖြစ်လို့ (ဥပါဒါရုပ်) လို့ခေါ်ရတာပဲ . . . (မှန်ပါ့)၊ ဥပါဒ=စွဲ၍၊ ပဝတ္တိ=ဖြစ်၏။ ဣတိတသ္မာ=ထို့ကြောင့် ဥပါဒါန် (ဥပါဒါရုပ်) မည်၏ လို့ဆိုတယ်၊ (မဟာဘုတ်) ကိုစွဲပြီး ဖြစ်ကြတာပဲ၊ . . (မှန်ပါ့)။

မြင်လိုက်လို့အဆင်း (ရုပ်) ကလေးကလှတယ် ချောတယ်ပဲ ဖြစ်ဖြစ်၊ မလှဘူးပဲဖြစ်ဖြစ်၊ ကြိုက်တာပဲဖြစ်ဖြစ်၊ မကြိုက်တာပဲဖြစ်ဖြစ် (တဏှာ) (ဥပါဒါန်) ရဲ့အာရုံတွေဖြစ်ကြလို့ (ဥပါဒါရုပ်) လို့ခေါ်ရတယ်။ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုတွေမှာလည်း ဒီအတိုင်းပဲ (ဥပါဒါန်)၏ (အာရုံ) ဖြစ်ကြလို့ ဒါကြောင့် (ဥပါဒါရုပ်) လို့ ခေါ်ရတယ် (မှန်ပါ့)

အမှန် (ရုပ်)ကိုမသိပဲ၊ အသိမှားရာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ဖြစ်တဲ့ စွဲလန်းမှုဖြစ်ရာကိုပဲ ရောက်သွားတတ်ကြလို့ သူပဲ၊ ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ၊ အိမ်ပဲ၊ တိုက်ပဲ၊ ကားပဲ၊ ရတနာပဲရယ်လို့ ဖြစ်ကြလို့ ဒီ (ရုပ်)တွေဟာ စွဲလန်းရာပဲမြင်ပြီး အမှန်မမြင်လို့ (ဥပါဒါရုပ်) လို့ ခေါ်ရပါတယ်။ (မှန်ပါ့)

အမှန်ကတော့ (ရုပ်)ကိုပဲသိရမယ်၊ . . (မှန်ပါ့)၊ ငါပဲ၊ သူပဲ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအနေနဲ့မမြင်ရဘူး၊ မထင်ရဘူး၊ မသိရဘူး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ (သတ္တဝါ) အသိနဲ့မြင်ရင် (ဥပါဒါန

က္ခန္ဓာ) ဖြစ်ပြီး (ဒုက္ခသစ္စာ) ရတာပဲ (မှန်ပါ့)၊ ဒါကြောင့်ဤဟာ (ရုပ်)၊ ဤဟာ (ရုပ်)ဖြစ်ကြောင်း၊ ဤဟာ (ရုပ်)ချုပ်ကြောင်းလို့ ဒီလိုသိရင် (ဥပါဒါနက္ခန္ဓာ) ဒုက္ခသစ္စာမရဘဲ (ပရမတ်ရုပ်) ကိုသိလို့ (နိရောဓသစ္စာ) နဲ့ (နိဗ္ဗာန်) မျက်မှောက်ပြုရပါတယ် (မှန်ပါ့ဘုရား)

ခန္ဓာကိုယ်ကြီးက (မဟာဘုတ်ရုပ်)၊ ဒီမဟာဘုတ်ရုပ်ကို (မဟာဘုတ်ရုပ်) လို့ မမြင်ပဲ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အမြင်နဲ့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာအနေနဲ့ တစ်ဦးနဲ့တစ်ဦး မြင်လိုက်တာနဲ့ ဖြစ်ပေါ်သွားတဲ့ရုပ်က (ဥပါဒါရုပ်)၊ ကြားလိုက်တာနဲ့ (ဥပါဒါရုပ်)၊ နံလိုက်တာနဲ့ (ဥပါဒါရုပ်) ဖြစ်သွားကြတယ်၊ မြင်တာကအဆင်း၊ အဆင်းလို့ မမြင်ဘူး၊ ကောင်းတယ်၊ မကောင်းဘူး၊ လိုချင်တယ်၊ တပ်မက်တယ် ဆိုတဲ့ (တဏှာ၊ ဥပါဒါန်) ဖြစ်ကြလို့ (ဥပါဒါရုပ်) တွေဖြစ်သွားကြတယ်၊

ကြားတာကအသံ၊ အသံ(ရုပ်)ကိုမသိပဲ ငါကြားတယ်၊ ဘာသံ၊ ဘာဖြစ်တယ်နဲ့ (ဥပါဒါရုပ်) ပဲဖြစ်သွားကြတော့တယ်၊ နံလိုက်တာနဲ့ အနံ့ (ရုပ်) လို့မသိကြဘူး၊ မွှေးတယ်၊ နံတယ်နဲ့ အနံ့ဘက်ကိုစွဲပြီး (ဥပါဒါရုပ်) (ဥပါဒါန်)ပဲ ဖြစ်သွားကြတယ်။ထိတွေ့ရာမှာလည်း ဖေါဋ္ဌဗ္ဗာ ာရုံ (ရုပ်) လို့မသိကြဘူး၊ မိန်းမအတွေ့ အထိဆိုရင်ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ တပ်မက်စွဲလန်းတဲ့ (ဥပါဒါရုပ်) (ဥပါဒါန်)ပဲ ဖြစ်ကြတယ်၊ ကြံတွေးရာမှာလည်း (ဓမ္မာရုံ) လို့မသိကြဘူး၊ ငါကြံတယ်၊ ဘာဖြစ်တယ်၊ ဘယ်လို၊ ဘယ်ဟာနဲ့ (ဥပါဒါရုပ်) ဥပါဒါနက္ခန္ဓာတွေ ရနေကြ

တယ်၊ (မှန်ပါ့)

ဒါကြောင့် . . .

**(ဥပါဒါရုပ်) အဆက်အသွယ်လုပ်တမဟုတ် (ဝိညာဏ်) ဖြစ်သတည်း**

**(ဝိညာဏ်) ဖြစ်ရာခန္ဓာလာ ဥပါဒါနက္ခန္ဓာခေါ်သတည်း**

**ဒုက္ခသစ္စာဖြစ်သတည်း၊ ပဋိစ္စသမုပ္ပါဒ်လို့လည်း ခေါ်သတည်း၊ ဒီလိုသိရင်**

**တရားကိုသိသော ပုဂ္ဂိုလ်လို့လည်း ခေါ်သတည်းလို့ ရှေးပညာရှိများစပ်ထားခဲ့ကြတယ်၊ (မှန်ပါ့)**

အာရုံ (၆)ပါးအပေါ်သိတဲ့ သိ(စိတ်) မှန်သမျှဟာ (မဟာဘုတ်ရုပ်) အပေါ်မှာ သိကြတာမျိုး မဟုတ်ကြဘူး။ နှစ်သက်မှု၊ မနှစ်သက်မှု၊ လိုချင်မှု၊ မလိုချင်မှု၊ ကြိုက်မှု၊ မကြိုက်မှုဖြစ်တဲ့ (တဏှာ)၊ စွဲလန်းတဲ့ (ဥပါဒါန်)၊ ကြိုက်ရင်လည်းစွဲလန်းတယ်၊ မကြိုက်လို့စိတ်ဆိုးလို့ (ဒေါသ)ဖြစ်ရင်လည်း စိတ်ဆိုးမပြေပဲ အာဃာတတွေနဲ့ ရန်ငြိုးတွေထားပြီး မလိုတဲ့၊ စွဲလန်းမှုတွေဖြစ်နေကြတယ်၊ ရန်ညှိုးမပြေဖြစ်ကြောရှည်အောင် မကြိုက်(တဏှာ)နဲ့ စွဲလန်းနေကြတာပဲ၊

ဒါကြောင့် ကြိုက်တာရော၊ မကြိုက်တာရော (တဏှာ) ဖြစ်စေတာပဲ၊ စွဲလန်းမှု (ဥပါဒါန်) ဖြစ်တာပဲ၊ အဲဒီ (တဏှာ၊ ဥပါဒါန်) ဖြစ်လာရင် ပြုလုပ်မှု (ကံ) ဖြစ်လာတယ်၊ (တဏှာ၊ ဥပါဒါန်) က (ကံ) ဘက်တန်း

သွားတာကို (ပဋိစ္စသမုပ္ပါဒ်) ခန္ဓာဖြစ်စဉ် ဒုက္ခဖြစ်စဉ်တွေဖြစ်လို့ သူ့ကို (ဥပါနဒါနက္ခန္ဓာ) ဒုက္ခာလို့ခေါ်ရတယ်။ (ပဋိစ္စသမုပ္ပါဒ်) လို့လည်း ခေါ်ရတယ်။ ဒီလိုသိရင်တရားသိသူပါပဲလို့ (ယောပဋိစ္စသမုပ္ပါဒ ပဿတိ သောဓမ္မံပဿတိ) လို့ မြတ်စွာဘုရားဟောကြားထားပါတယ်၊ (မှန်ပါ့)

(ဥပါဒါရုပ်) အဆက်အသွယ်လုပ်၊ တမဟုတ် (ဝိညာဏ်) ဖြစ်သတည်းဆိုတာ မျက်စေ့ဖွင့်လိုက်တော့ မြင်တော့မြင်သိစိတ် (ဝိညာဏ်) ဖြစ်တယ်။ မြင်တဲ့ (ဥပါဒါရုပ်) ကို အဆက်အသွယ်လုပ်မိလို့ (ဝိညာဏ်) သိမှုလေးရတာပဲ၊ (သိ) မှုမှာ မရပ်ပဲ၊ ဘယ်သူ၊ ဘယ်ဝါ၊ ဘာဖြစ်တယ်၊ ကောင်းမကောင်း၊ ဘာညာတွေဝင်လာရင် စိတ်(ခန္ဓာ)ရပြီ၊ (ခန္ဓာငါးပါး) ရပြီ၊ အဲဒီရလာတဲ့ စိတ်(ခန္ဓာ) က (ဥပါဒါန်) တို့၏ အာရုံဖြစ်လို့ (ဥပါဒါနက္ခန္ဓာဒုက္ခာ) ရတာ၊ ဒုက္ခရလာပြီလို့ဆိုတာ၊ ဒီသဘောက (ပဋိစ္စသမုပ္ပါဒ်) သဘောဖြစ်တာ၊ ဒီလိုသိတာကို တရားသိတာလို့ခေါ်ရတယ်. . . (မှန်ပါ့)

မြင်ရင်အဆင်းဟာ (ဥပါဒါရုပ်) ပဲ၊ အဆင်းအောက်မှာ မှီနေတာက (မဟာဘုတ်ရုပ်) ဣတိရူပံ ဤဟာ (ရုပ်) ၊ ဧတ္တကရူပံ ဤ (ရုပ်) သည် (မဟာဘုတ် ရုပ်)၊ (ဥပါဒါရုပ်) ထက်မလွန်ရဘူး၊ လွန်ရင် (ခန္ဓာငါးပါး) ရပြီး (တဏှာဥပါဒါန်) ဝင်ပြီး (ဒုက္ခသစ္စာ) ရပြီပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

ဤဟာ (ရုပ်) လို့သိရင် (သညာ) တို့ (ဝေဒနာ) တို့ဘက်

မကူးတော့ဘူး၊ (ခန္ဓာငါးပါး) တပေါင်းတည်းမဖြစ်တော့ တခြား (ခန္ဓာ) တွေမလာတော့ဘူး။ (ဥပါဒါနက္ခန္ဓာ ဒုက္ခာ) ဆိုတဲ့ (ခန္ဓာငါးပါး) ရမှု (ဒုက္ခ) မဖြစ်တော့ဘူး၊ . . (မှန်ပ့ါ) ဤဟာ (ရုပ်)လို့ (ဉာဏ်) နဲ့သိရင် ပဲ အဘိညေယျ၊ ပရိညေယျ ပိုင်းခြားသိလိုက်တော့တယ်၊

ဘယ်လို ပိုင်းခြားသိလိုက်သလဲဆိုရင် (ရုပ်)ထက်လွန်ပြီးသိရင် ဒီဟာမိန်းမ၊ လှတဲ့မိန်းမ၊ ငါလိုချင်တဲ့မိန်းမဆိုတဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်တော့တယ်၊ ဒီလိုမဖြစ်အောင် ပညာ (ဉာဏ်) နဲ့ပိုင်းခြားသိလိုက် တာက ပရိညာ၊ ပရိညေယျ၊ (တဏှာ၊ ဥပါဒါန်) ကိုပယ်ပြီးသိတာ (ပယ်မှုနဲ့သိတာ)၊ (ပဟာတပ္ပ)ပဲ၊ . . (မှန်ပ့ါ)။ (တဏှာ၊ ဥပါဒါန်) မဖြစ်အောင် ပါယ်ပြီး (ဉာဏ်)နဲ့သိရမှာကို (ပဟာတပ္ပ) လို့ခေါ်တယ်၊ (ပါယ်) မှုနဲ့အမှန်ကိုသိရတယ်၊ ပါယ်ရမှာကို (ဘာဝေတပ္ပ) လုပ်ပြီး (မပွား) ရဘူး . . (မှန်ပ့ါ)

ဒီလို (ဥပါဒါရုပ်) ကို (ရုပ်)မှန်းသိပါ။ ဣတိရူပံ ဤဟာ (ရုပ်)လို့ သိရင် (ဒုက္ခ) မဖြစ်ဘူး၊ (ပဋိစ္စသမုပ္ပါဒ်) တန်းမသွားဘူး၊ (အဝိဇ္ဇာ) မဖြစ်တော့ (သင်္ခါရ) မဖြစ် (သင်္ခါရ) မဖြစ်တော့ (ခန္ဓာငါးပါး) ရတဲ့ (ဝိညာဏ်) မဖြစ်၊ (ဝိညာဏ်) မဖြစ်တော့ (ဥပါဒါနက္ခန္ဓာဒုက္ခ) မဖြစ် ဒုက္ခမဖြစ်တော့ (နိရောဓမ္မ) အမှန်ရပြီး (ငြိမ်း) တာပေ့ါ၊ ဒီအငြိမ်းဓာတ် (ပရမတ်) တွေများလာတဲ့ အငြိမ်းဓာတ်တွေများလာပြီး အစဉ်ငြိမ်း နေရင် (နိရောဓသစ္စာ) ဖြစ်တဲ့ (နိဗ္ဗာန်) ကို မျက်မှောက်ပြုတာပဲပေ့ါ၊

(အသိညာဏ်) ဝင်လာရဲ့လား (မှန်ပါ့) ဝင်လာပါတယ်ဘုရား)

(နိဗ္ဗာန်) ဟာ အနိမိတ္တ ပစ္စုပဋ္ဌာန်၊ (နိဗ္ဗာန်) ဟာ နိမိတ်မရှိဘူး (ရုပ်) ကို ငါ၊ သူ၊ ယောက်ျား၊ မိန်းမလို့ ထင်နေတာဟာ နမိတ်ကြီး၊ မျက်နှာ၊ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေထင်တာက နိမိတ်ငယ်၊ ဒီ (နမိတ်ကြီး)၊ (နမိတ်ငယ်) တွေကို မြတ်စွာဘုရားက မစွဲလန်းနဲ့တဲ့၊ (ရုပ်) ကို (ရုပ်) လို့ပဲ ရှုပါတဲ့၊ ဤဟာ (ရုပ်) ကိုရှုမြင်ပါတဲ့၊ (ရုပ်) လို့မြင်ပဲ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါလို့မြင်ရင် (တဏှာ၊ ဥပါဒါန်၊ ကံ) တွေလာတော့ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်ကုန်တယ်လို့ မြတ်စွာဘုရားက (အိန္ဒြိယသံဝရသီလ) မှာဟောပါတယ်၊ (မှန်ပါ့)

မြင်တဲ့ (ရုပ်) တွေကို (ရုပ်) လို့ပဲမြင်ပါ၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမလို့ မမြင်ပါနဲ့၊ (သတ္တဝါ) တွေလို့မယူနဲ့ မမြင်ပါနဲ့၊ (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ အမြင်နဲ့မြင်ပါ။ ဒီအမြင်၊ ဒိ (အသိ) ရှိမှ (သတ္တဝါ) အမြင် (အဝိဇ္ဇာ) ကလွတ်တယ်၊ (သတ္တဝါ) လို့ခေါ်တဲ့ မိန်းမ၊ ယောက်ျား ပဲလို့မြင်ရင် အမှန်တရားမသိမှု (အဝိဇ္ဇာ) ဖြစ်ပြီပဲ၊ (အဝိဇ္ဇာ)ကြောင့် ပြုပြင်မှု (သင်္ခါရ) ဖြစ်ပြီ၊ (သင်္ခါရ) ကြောင့် (ဝိညာဏ်) နာမ်ရုပ် (ခန္ဓာ ငါးပါး) ရပြီ၊ ခန္ဓာငါးပါးရတဲ့ ဒွါရ (၆)ပါးကို အတွင်းအာယတန (၆)ပါး လို့ခေါ်တယ်၊ (သဠာယတန) လို့လည်းခေါ်တယ်၊ အပြင်ကအာရုံ (၆)ပါးကို အပြင်အာယတန (၆)ပါးလို့ခေါ်တယ်၊ အတွင်းအပြင် အာယတနကို (ဖဿ) ဆိုတဲ့ (သင်္ခါရ)ကတွေ့တိုက်ပေးတော့

(သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်) တွေတန်းပြီး (ဥပါဒါနက္ခန္ဓာ (ဒုက္ခသစ္စာကြီး) ရတော့တယ်၊ ဒီလို (အဝိဇ္ဇာ) အယူမယူမှ (ဥပါဒါန်) ကလွတ်ပြီး (ငြိမ်း) ရမှာပေါ့ဒကာကြီး . . . (မှန်ပါ့)

ကြားရာမှာလည်း အသံက (ရုပ်)၊ ဤဟာ (ရုပ်)လို့ ရှုမြင်ပါတဲ့ (ရုပ်) မရောက်ပဲ အသံရုပ်ကိုလွှန်ပြီးတော့ ဘာပြောတယ်၊ ဘာဆိုတယ်၊ ငါ့ကိုရွဲ့တာ၊ ငါ့ကိုစော်ကားတာလို့ အဓိပ္ပါယ်ကောက်ပြီး ငါကြိုက်တာ၊ ငါမကြိုက်တာလို့ (တဏှာ) တွေဖုံးလာရင် (လောဘ၊ ဒေါသ၊ မောဟ) တွေ ဖြစ်လာတော့တာပဲ (မှန်ပါ့)၊ ဒါကြောင့် (တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်တဲ့ (လောဘ၊ ဒေါသ) တွေဆီရောက်စေတဲ့ (ပဋိစ္စသမုပ္ပါဒ်) တန်းမသွားရအောင် (ဥပါဒါန်) မရောက်အောင် ကြားတဲ့အသံရုပ်ကိုလည်း ဤဟာ (ရုပ်)ပဲလို့ ရှုမြင် ပါ၊ သိပါတဲ့ (မှန်ပါ့)၊ ပရမတ် (ရုပ်) သိမြင်ရင် (ရုပ်)ကို ရှုတတ်ရင် (အနိမိတ္တ) နိမိတ်မပါတဲ့ အနိစ္စမရှိတဲ့ (နိဗ္ဗာန်) မြင်တော့မှာ (မှန်ပါ့)

ရူပါရုံ (ရုပ်) ကိုမြင်ရင် (ဥပါဒါရုပ်) ဖြစ်လို့ ဤဟာ (ရုပ်) ပဲလို့သိပါ၊ (မဟာဘုတ်) ၄ ပါးကို မှီနေတဲ့ (ရုပ်) လို့ သိရမယ်၊ အရင်းခံက (မဟာဘုတ်ရုပ်) ပဲ၊ မူလဘူတအရင်းခံ (မဟာဘုတ်ရုပ်) မပါပဲ၊ အဆင်းကမဖြစ်နိုင်ဘူး၊ အဆင်းက (ဥပါဒါရုပ်)၊ ဥပါဒါရုပ်က (မဟာဘုတ်ရုပ်) ကိုမှီနေတာ၊ အလင်းရောင်မရှိရင်၊ မီးမှိတ်ထားရင် (ရုပ်) ကိုမမြင်နိုင်ဘူး၊ အလင်းရှိမှမြင်ရတာ၊ မြင်တာကအဆင်း (ရုပ်)

ကိုမြင်တာ၊ အဖြူ၊ အနီ၊ အဝါ၊ (အဆင်းရုပ်) (ဥပါဒါရုပ်) ကို မမြင်ပဲ လူပဲ၊ သတ္တဝါပဲ၊ ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်ယောက်ျား၊ ဘယ်မိန်းမလို့သွား မြင်ရင် သဏ္ဌာန်နိမိတ်တွေဖြစ်တော့ (ပညတ်) အမြင်ဖြစ်ပြီး၊(အာသဝေါ) တရားတွေကလာတော့တာပေါ့၊ ဒါကြောင့် (ပရမတ်) (ရုပ်) မြင်အောင် (ဣတိရူပံ) ဤဟာရုပ်၊ (ရုပ်) ထက်ပိုပြီး မသိနဲ့ (ရုပ်) ထက်ပိုပြီး မမြင်ပါနဲ့လို့ မြတ်စွာဘုရားက မှာပါတယ်. . (မှန်ပါ့)

မျက်စေ့က (ရုပ်) ပဲ၊ မျက်စေ့နဲ့ မြင်မြင်သမျှ (ရုပ်) ပဲလို့ အောင်းမေ့ပါ၊ မြင်ပါ၊ သိပါတဲ့၊ ဘာကြောင့်လည်းဆိုတော့ မျက်စေ့က ဆန်းကြယ်လို့ (မှန်ပါ့)

**အဘိဓမ္မာသဘာဝရယ်က ဆန်းကျယ်ဘိလက္ခဏာ**
**မြင်လိုက်လို့ ကိုင်မိပါတယ်၊ မြင်တာကို မကိုင်မိ**
**ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါကိုကိုင်မိတယ်လို့**
**ဉာဏ်နုသူလူအများတို့ကို လှည့်စားကာ ဖမ်းတတ်တယ်**
**ဆန်းတဲ့မျက်စေ့လို့ ရှေးပညာရှိတွေက စပ်ထားခဲ့ကြတယ်။**

မြင်တာကအဆင်းကိုမြင်တာ၊ အဲဒီအဆင်း (ရုပ်) ကိုမြင် နေတာ၊ အဆင်း (ရုပ်) ကိုကိုင်လို့မရဘူး၊ မာတာ၊ ပျော့တာဖြစ်တဲ့ (ပထဝီ)။ အေးတာ၊ နွေးတာဖြစ်တဲ့ (တေဇော)။ ဖွဲ့စည်းတာ၊ ယိုစီးတာ ဖြစ်တဲ့ (အာပေါ)။ တွန်းကန်တဲ့ (ဝါယော)၊ ဓာတ်ကြီး (၄)ပါး မဟာ ဘုတ် (ရုပ်) ကိုပဲ အမှန်ကိုင်မိတာပဲ၊ ဒီလို (သိ) ရမယ်၊ ဒီလိုမသိတတ်တဲ့

ညဏ်နုတဲ့သူတွေက မိန်းမကိုကိုင်တယ်၊ ယောကျ်ားကိုကိုင်တယ် ဖြစ်အောင် ဆန်းတဲ့မျက်စေ့ (ရုပ်) ရဲ့လှည့်စားတာကိုခံရတာပေါ့ (မှန်ပါ့)

(ဥပါဒါရုပ်) ဆိုတာမျက်စေ့နဲ့ (ရူပါရုံရုပ်) တို့တိုက်မိတဲ့အခါ (ဥပါဒါရုပ်)၊ နားနဲ့အသံကြားမိရင် ( ဥပါဒါရုပ်)၊ နှာခေါင်းနဲ့ အနံ့နံမိရင် (ဥပါဒါရုပ်)၊ စားမိရင်၊ သောက်မိရင်၊ ထိတွေ့မိရင်၊ ကြံတွေးမိရင် (ဥပါဒါရုပ်) ပဲ ရှိသေးတယ်၊ (ဥပါဒါနက္ခန္ဓာ) ဒုက္ခမဖြစ်သေးဘူး၊ အဲဒီ မြင်တဲ့အပေါ်၊ ကြားတဲ့အပေါ်၊ နံတဲ့အပေါ်၊ စားတဲ့အပေါ်၊ ထိတွေ့တဲ့ အပေါ်၊ ကြံတွေးတဲ့အပေါ်မှာ တပ်မက်မှု (တဏှာ) အစွဲအလန်း (ဥပါဒါန်) ကြောင့် ကိစ္စ ဝိစ္စဆိုတဲ့ဘာလုပ်အုံးမှ၊ ဘာကိုင်အုံးမှ၊ ဘယ် သွားမှ၊ ဘာပြောမှဆိုတဲ့ စွဲထားတဲ့ (ဥပါဒါန်) စိတ်တွေဖြစ်လာမှ (တဏှာ၊ ဥပါဒါန်၊ ကံ) တွေပါလာရတဲ့အတွက် (ဥပါဒါနက္ခန္ဓာ) ဒုက္ခ ရယ်လို့ဖြစ်လာရတယ်၊ (မှန်ပါ့)။ ငါဆိုတဲ့ (ဒိဋ္ဌိ) ဖြစ်မှုကြိုက်၊ မကြိုက် (တဏှာ) ဖြစ်မှ အစွဲ (ဥပါဒါန်) ဝင်လာမှ (ဥပါဒါနက္ခန္ဓာ) ဒုက္ခဖြစ်လာ ရတယ်။ ဒါဆိုရင် (ဥပါဒါရုပ်) နဲ့ (ဥပါဒါနက္ခန္ဓာ) ကွဲရော ပေါ့ . . . (မှန်ပါ့)

(ဓမ္မာနုပဿနာ) တရားမှာ (ခန္ဓာပဗ္ဗ) ရယ်လို့ (ခန္ဓာ) ရှုတဲ့ အပိုင်းက (ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်) တို့ကို ရှုတာ၊ ကျန်တဲ့ (နာမ်) ခန္ဓာ(၄)ပါးကို မရှုမှီ (ရုပ်) ကို ရှုတဲ့နေရာမှာ ဒီသဘောနဲ့ရှုရ တယ်၊ (ရုပ်) ပရမတ်ကိုမြင်ရ၊ သိရတယ် (မှန်ပါ့)။ (ဓမ္မာနုပဿနာ)က

ပရမတ် (ရုပ်) ကိုရောက်ရတယ်၊ (ရုပ်) က (ဓမ္မ)ပဲ၊ . . (မှန်ပါ့)၊ ပရမတ် (ရုပ်)မရောက်ဘဲ (သံယောဇဉ်) ဖြစ်တယ်ဆိုရင် (ပညတ်) တွေဖြစ်ကုန်ပြီ၊ (ပညတ်) ဖြစ်ရင် (တဏှာ၊ ဥပါဒါန်၊ ကံ) ကလိုက်ပြီး သံသရာလည်ပြီပဲ (မှန်ပါ့)၊ (ရုပ်) ပရမတ်ကို ရှုမြင်တတ်ရင် အဲဒါ (ဉာဏ်) ပါတာပဲ၊ (ဝိပဿနာ) ပဲ၊ (ဉာဏ်) နဲ့ရှုတတ်မှလည်း (ဝိပဿနာ) ရှုတယ်လို့ ခေါ်တာ၊ မဟုတ်ရင် (သမထ)တွေ (သမာဓိ)တွေပဲရောက်မှာပဲ၊ (သမာဓိ) သက်သက်လုပ်ယူတာက (ပညတ်) တွေနဲ့ရှုတာမျိုးပဲ၊ (နိဗ္ဗာန်) က (ပညတ်) မပါပဲ (ဉာဏ်) နဲ့သွားရတာမျိုးပဲ၊ ပရမတ် (ရုပ်) မရောက်ပဲ (ပညတ်)တွေဖြစ်နေရင်၊ (ပညတ်) တွေပဲရောက်နေရင် အဲဒါ (စိတ်ခန္ဓာ) ဖြစ်ပြီး ဥပါဒါနက္ခန္ဓာ (ဒုက္ခသစ္စာ) ရပြီပဲ (မှန်ပါ့)

(ရုပ်) မရောက်ပဲ (သတ္တဝါ) ဆိုတဲ့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်တွေပဲလို့ ရောက်နေကြရင် အဲဒါ (စိတ်) တွေဖြစ်ပြီပဲ၊ (သတ္တဝါ) အသိတွေဖြစ်နေရင် (လောဘ၊ ဒေါသ၊ မောဟ) ကလာတော့မှာ၊ (ရုပ်) ရောက် အောင်မြင်တတ်ရင် (သိ)တက်ရင် အဲဒါ (ပရမတ်) ဖြစ်တာ၊ (ရုပ်) မရောက်ပဲ (သတ္တဝါ) လို့ခေါ်တဲ့ငါ၊ သူ၊ ယောက်ျား၊ မိန်းမ ပုဂ္ဂိုလ်တွေရောက်နေရင် အဲဒါ (ပညတ်)ပဲ၊ (ပညတ်) နဲ့ (ပရမတ်) ကိုခွဲပြီး သိရတယ်၊ (မှန်ပါ့)

(သတ္တဝါ) မဟုတ် မဟာဘုတ် (ရုပ်) ကိုလည်းသိနိုင်တယ်၊ ဒီအသိက (ပရမတ်) ပဲ၊ ဒါကို လေ့ကျင့်ယူရင် (ပညတ်) တွေ (တဏှာ၊

ဥပါဒါန်၊ ကံ) တွေ (သမုဒယ) တွေ၊ ဒုက္ခတွေချုပ်ပြီး (နိဗ္ဗာန်) ရောက်တယ် (မှန်ပါ့ဘုရား)

မိမိရှုနေတာက (ပညတ်) တွေဖြစ်နေရင် (ဓမ္မ) မဟုတ်တော့ဘူး (ဓမ္မာနုပဿနာ) မဖြစ်ဘူး၊ (ပညတ်) ကို ရှုနေတာဖြစ်နေရင် (ပညတ်) က (လောဘ၊ ဒေါသ၊ မောဟ) တွေကိုဆက်မှာ၊ (ရုပ်) ရောက်မှ (ပရမတ်) ဖြစ်တယ်၊ မျက်စေ့နဲ့မြင်ရတဲ့ အသားအရည်အဆင်းရူပါရုံက၊ ရူပါရုံ (ရုပ်) အဲဒါ (ဥပါဒါရုပ်) လို့လည်း ခေါ်တယ်၊ (မဟာဘုတ်) ကိုစွဲပြီး (ဥပါဒါရုပ်) ဆိုတာကဖြစ်လာရတာ၊ (ရူပါရုံရုပ်) ကို (ဥပါဒါရုပ်) လို့ခေါ်ရတာ ဘာကြောင့်လဲဆိုရင် (တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်လာမဲ့ (ရုပ်) ဖြစ်လို့ (ဥပါဒါရုပ်) လို့ခေါ်ရတယ် (မှန်ပါ့) ဥပါဒါ ရုပ်ကိုလည်း (ရုပ်) လို့ပဲသိမြင်ပါ (ရုပ်) ထက် မပိုပါစေနဲ့ (မှန်ပါ့)

(ဥပါဒါရုပ်) လို့ပဲသိနိုင်ရင် (ဥပါဒါနက္ခန္ဓာ) မဖြစ်တော့ဘူး၊ (ဓမ္မစကြာ) ထဲမှာ မြတ်စွာဘုရားဟောထားတာ (မဇ္ဈိမပဋိပဒါ) ခေါ်တဲ့ အလယ်အလတ်အကျင့်တရားမှာ အယုတ်တရား (၂)ပါး မကပ်ညီရင် စက္ခုကရဏီ (ပညာ)မျက်စေ့ရမယ်၊ ဉာဏကရဏီ သစ္စာ (၄)ပါးသိမယ်၊ ဒါကြောင့် မြင်တာမှာ အမှန်မြင်ရင် (ဥပသမာယ) ကိလေသာငြိမ်းခြင်း (အဘိညာယ) ထိုးထွင်းသိခြင်း၊ (သမ္ဗောဒါယ) သစ္စာ (၄) ပါးကို သိမြင်ခြင်း၊ နိဗ္ဗာနာယသံဝတ္တတိလို့ (နိဗ္ဗာန်) မြင်တဲ့အကြောင်း ဟောပြထားပါတယ် (မှန်ပါ့)

ဒါကြောင့် မြင်တာမှာ (ပညတ်) အမြင်ဖြစ်တဲ့ ငါ၊ သူ၊ **ယောကျ်ား၊ မိန်းမ၊** ပုဂ္ဂိုလ်အမြင်မရောက်ရဘူး၊ ဒီ (ပညတ်)အမြင်မျိုး ဖြစ်တဲ့ (သတ္တဝါ) လို့မြင်တဲ့အမြင်မျိုးမရောက်ရဘူး၊ (ပညတ်) မပါတဲ့ (ဥပါဒါန်)မပါတဲ့ (ဓမ္မ) သဘောအမြင်ဟာ ဤဟာ (ရုပ်) လို့ပဲမြင်ရမယ် . . (မှန်ပါ့)။

(စက္ခုံစပဇာနာတိ) သိအောင်သာလုပ်

ရူပေစ (ရုပ်) ကို ပဇာနာတိ၊ (သိ) အောင်သာလုပ်ပါ

(ရုပ်) ကို (သိတယ်၊ သိတယ်)နဲ့ ရုပ် (ပရမတ်) သိတာတွေကိုပွားရတယ်၊ (ဒိဋ္ဌေဒိဋ္ဌမတ္တံ)လို့ပဲ (ပညတ်)မပါအောင်ပွားမှ (ဓမ္မာနုပဿနာ) ဖြစ်တာ၊ (အဝိဇ္ဇာ) အမြင် (ပညတ်) အမြင်ဖြစ်သွားရင် (ဥပါဒါန်) ရောက်သွားပြီး (ဥပါဒါနက္ခန္ဓာ) ဒုက္ခဖြစ်တဲ့တရားပဲရမယ်၊ (နိဗ္ဗာန်) ရောက်တရား **မဖြစ်တော့ဘူး** (မှန်ပါ့)၊

ဒါကြောင့် (ရုပ်) ကိုသိတယ်၊ သိတယ်၊ သိတယ်နဲ့ပဲ ပရမတ် (ရုပ်) အသိကိုပွားရမယ်၊ သိတာက (ပညတ်) ဖြစ်နေရင် (ပညတ်) ဖြစ်မှန်းသိလိုက် (ပညတ်) မပါရင် (ပရမတ်) လို့သိလိုက် (ဥပါဒါရုပ်) ကို မြင်ရင်မြင်မှန်း သိလိုက်နဲ့ ဒီလိုပဲနေရင်းထိုင်ရင်း၊ သွားရင်းလာရင်း လည်း ဒီလိုပဲသိသွားရမယ်၊ သိတဲ့နေရာမှာ (ဥပါဒါရုပ်)(မဟာဘုတ်ရုပ်) တစ်ခုခုကိုပဲသိရမယ်၊ ဒါမှ (ဓမ္မာနုပဿနာ) ဖြစ်တယ်၊ **"(ဓမ္မ) သဘော ကစိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်" တွေပါတယ်၊** (မှန်ပါ့)။

ထိမိုက်နာကြင်မှုဖြစ်ရင် (ကာယရဲ့ပသာဒရုပ်) ကိုသွားထိတယ်၊ ပသာဒက (ဥပါဒါရုပ်) ကိုသွားထိပြီး (မဟာဘုတ်) ကို ရောက်တော့ နာတာဖြစ်သွားတာပေါ့၊ (မဟာဘုတ်) မရောက်ရင်မနာဘူး၊ နာတဲ့အခါ (မဟာဘုတ်ရုပ်) ကနာတယ်လို့မသိပဲ (ငါ) နာတယ်၊ ခြေထောက်ကနာ တယ်၊ လက်ကနာတယ်၊ ဗိုက်ကနာတယ်ဆိုရင် (ပညတ်) နာတာ ဖြစ်သွားတော့ (ဥပါဒါနက္ခန္ဓာ) ဒုက္ခသစ္စာဖြစ်သွားတယ်၊ (မှန်ပါ့)

(ရုပ်) ရောက်အောင်သိရင် အနိစ္စမှန်းသိတော့ (ဖြစ်ပျက်) သိတာပဲ၊ (ရုပ်) မှန်းသိတော့ (ဖြစ်ပျက်) တွေ့တာပါပဲ၊ (အနိစ္စ) တွေ ရောက်တာပဲ (သဉ္စိတ) ပရမတ်က (ဖြစ်ပျက်) သဘောဆောင်တယ်၊ (ရုပ်) ရောက်ရင် (ဉာဏ်) ဖြစ်လာတယ်၊ (ဉာဏ်) ကလည်း (မောဟ) မရှိမှဖြစ်ခွင့်ရတာ၊ ဒါကြောင့် (မောဟ) ဖြစ်စေတဲ့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ ပုဂ္ဂိုလ်ဆိုတဲ့ (သတ္တဝါ) အသိ၊ (အဝိဇ္ဇာ) အသိ၊ (မောဟ) အသိကို ရှောင်ရမယ်၊. . (မှန်ပါ့)။

(အဝိဇ္ဇာ) မောဟအသိမဖြစ်မှ (ပရမတ်) အသိဖြစ်မှ (ဉာဏ်) သိဖြစ်လာမယ် . . (မှန်ပါ့) ဒါကြောင့် (ဣတိရူပံ) ဤဟာ (ရုပ်) ဣတိရူပဿသမုဒယော=ဤဟာ (ရုပ်) ဖြစ်ကြောင်း၊ (ရုပ်) ဖြစ်ကြောင်း က (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်လို့ (ဥပါဒါရုပ်) ဖြစ်လာတာ ဤတိရူပဿအတ္ထင်္ဂမော = ဤဟာရုပ်ချုပ်ကြောင်းလို့ ဒီလိုရှုရမယ်၊

(ရုပ်)ချုပ်ကြောင်းက (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်မရှိတာ)၊ မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတွေ့တာ မှန်သမျှ ဤဟာ (ရုပ်) လို့ရှုပါ (မှန်ပါ)

မြတ်စွာဘုရားက (ရုပ်) ရောက်အောင် အလွန်ဟောပါတယ်။ (မှန်ပါ့)၊ ထိုင်ရင်၊ ထရင်၊ ရပ်ရင်၊ သွားရင်၊ စားသောက်ရင် အိပ်ရင် မိုးလင်းမှ မိုးချုပ်အထိ နေရာတကာ ဤဟာ (ရုပ်) ပဲ (ရုပ်) အသိပဲ လိုက်ပေးပါ။ (ငါ) ဆိုတဲ့အသိမဝင်ပါစေနဲ့၊ ဒါဆိုရင် (ပရမတ်) အသိပါပဲ၊ ဤဟာ (ရုပ်) လို့သိနေရင် (ပညတ်) အသိဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းရယ်လို့သိတဲ့ (သတ္တဝါ) အသိပျောက်တယ်၊ (သတ္တဝါ) အသိ မရှိတော့ရင် (တဏှာ၊ ဥပါဒါန်၊ ကံ) မဖြစ်တော့ဘူး၊ ကံမရှိတော့ဘူး၊ (ဉာဏ်)က ပထမတန်းဖြစ်သွားပြီ (မှန်ပါ့)၊ (အဝိဇ္ဇာ) သိမဖြစ်တော့ဘူး၊ (အဝိဇ္ဇာနိရောဓါ အာသဝနိရောဓောနိဗ္ဗာနံ)၊ ဆိုသလို (အာသဝေါ တရား)တွေလည်းပါးလာတော့တယ်၊ (အာသဝ) ဆိုတာ (လောဘ၊ ဒိဋ္ဌိ၊ မောဟ) အဝိဇ္ဇာကိုခေါ်တာ၊ (သတ္တဝါ) လို့မြင်ရင်သိရင် (အဝိဇ္ဇာသဝ) ဖြစ်တာပဲ၊ ဤဟာ (ရုပ်) လို့သိမှ (သမ္မာဒိဋ္ဌိ) ဖြစ်တာ၊ (အာသဝ) က အသဝေါတရား (၄)ပါးရှိတယ် (မှန်ပါ့)၊

(၁) ကာမာသဝ

(၂) ဘဝါသဝ

(၃) ဒိဋ္ဌာသဝ

(၄) အဝိဇ္ဇာသဝ ရယ်လို့အာသဝေါတရား(၄)ပါးရှိတယ်။

အပေါ်က(၃)ခုဖြစ်ရင်(အဝိဇ္ဇာသဝ) ဖြစ်တော့တာပဲ၊ (အဝိဇ္ဇာ)တစ်လုံးပယ်နိုင်ရင် (ဝိဇ္ဇာဥဒပါဒိ) ဖြစ်တယ်၊ (အဝိဇ္ဇာ) မရှိရင် (သမ္မာသင်္ကပ္ပ) ဖြစ်ပြီ၊ (သမ္မာဒိဋ္ဌိ) ဖြစ်ပြီ၊ မြတ်စွာဘုရားက (ရုပ်) ရောက်အောင် မြင်စေချင်တယ် (ရုပ်) ရောက်ရင် (အနတ္တလက္ခဏာသုတ်) မြင်လာတယ်၊ (ရုပ်) ကိုရှုတဲ့နေရာမှာ (ရုပ်) လို့သိကာမတ္တလေးပဲ သိပေးပါ (မှန်ပါ့)

မျက်စိနဲ့မြင်တာ (ရုပ်) ပရမတ်၊ နားကကြားတာလည်း (ရုပ်) ပရမတ် ပဲ၊ နှာခေါင်းကနံတာလည်း (ရုပ်) ပရမတ်၊ (ရုပ်) ရောက်မှ ကိလေသာပျောက်တယ်၊ (လောကီပရမတ်) မြင်မှ (လောကုတ္တရာ ပရမတ်) ဖြစ်တယ်၊ ကြားတဲ့အသံ (ရုပ်) ရုပ်ဖြစ်တာသိတဲ့ (ဉာဏ်) သိကလေးက (ပရမတ်)၊ (ပရမတ်) ဆိုတာ (ဉာဏ်) နဲ့သာသိရတယ်၊ မျက်စိနဲ့မြင်ရတာမျိုးမဟုတ်ဘူး၊ (ဉာဏသအတွေ၊ ဂေါစရောပရမတ္တ တော) တဲ့၊ (ပရမတ်) ဆိုတာသိရုံသိတာ၊ သိကာမတ္တပဲ၊ (မှန်ပါ့)

(ရုပ်) ကိုသိရတဲ့နေရာမှာ ရွှေကိုပန်းတိမ်သည်သိသလိုသိရတယ်၊ ရွှေကိုခလေးသိတော့ (အဝါ)၊ လူကြီးသိက (ရွှေ)၊ ပန်းတိမ်သည်သိက ရွှေပါဝင်မှု၊ ရွှေရည်အသိ သိသလိုသိရတယ်၊ မြတ်စွာဘုရားလက်ထက်က ဤဟာ (ရုပ်) လို့သိနေရင်းနဲ့ တခါထဲ (နိဗ္ဗာန်) မြင်တာပဲ၊ (တဏှာ၊ ဥပါဒါန်၊ ကံ) ဒုက္ခသစ္စာမရပဲ (နိရောဓမ္မ) ဘက်ရောက်ရောက်သွားရင်းနဲ့ (နိရောဓသစ္စာ) ဖြစ်ပြီး (နိဗ္ဗာန်) ရသွားတာပဲ၊

(မှန်ပ့ါ)။

(ရုပ်) ရောက်အောင်ရှုတာ (ကာယနုပဿနာ) မဟုတ်ဘူး၊ (ဓမ္မာနုပဿနာ) (ခန္ဓပဗ္ဗ)ခေါ်တယ်၊ ဣတိရူပံ=ဤဟာရုပ်၊ ဣတိရူပဿ သမုဒယော = ဤဟာရုပ်ဖြစ်ကြောင်းဆိုတာ မြတ်စွာဘုရားရှုတဲ့တရား၊ ရူပံဝုစ္စတိရောဂေါတဲ့ (ရုပ်) ရှိရင် (ရောဂါ)ရှိတယ်၊ (နိဗ္ဗာန်) မှာ (ရောဂါ) မရှိဘူး၊ ပညာဉာဏ်နဲ့ရှုရတယ်၊ နှလုံးသွင်းတဲ့အခါအဆင်းကို နှလုံး မသွင်းဘူး၊ ဤဟာ (ရုပ်) ပဲလို့ နှလုံးသွင်းရတယ်၊ ဣတိရူပံ၊ ဧတကံရူပံ ဤဟာရုပ်၊ ရုပ်ဟာဤမျှလောက်ပဲလို့ရှုပါ၊ (ရုပ်) ထက်မပိုစေနဲ့ . . (မှန်ပ့ါ)။

(ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ) ထင်ရင်သံသရာလည်ပြီ၊ ဒုက္ခသစ္စာရပြီ၊ ပွားနည်းက မျက်စေ့နဲ့မြင်တာ ဤဟာ (ရုပ်)လို့ပွား၊ နားနဲ့ကြားတာ ဤဟာ (ရုပ်) လို့ပွား၊ နံတာ၊ စားတာ၊ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာမှ အစဤဟာ (ရုပ်) လို့ပွား၊ ရူပဥ္စပဇာနာတိ (ရုပ်) လို့သိရင် (မောဟ) မဖြစ်ဘူး၊ (အဝိဇ္ဇာ) မဖြစ်ဘူး (အဝိဇ္ဇာနိရောဓါ အာသဝနိရောဓေါနိဗ္ဗာနံ) ဖြစ်ရော (မှန်ပ့ါ)

ဤဟာ (ရုပ်) လို့အမြဲဆိုဆိုပြီး (သမ္မာဒိဋ္ဌိ) အမြင်မှန်ရအောင် အမြဲနှိုးဆော်ပေးနေရတယ်၊ နှိုးဆော်တာဟာ (သမ္မာသင်္ကပ္ပ) ဖြစ်စေ တယ်၊ ပညာမဂ္ဂင်ရတယ်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မဂ္ဂင်ငါးပါးနဲ့ ကိုက်တဲ့သဘောပဲ (မှန်ပ့ါ)။

မြတ်စွာဘုရားက ဣတိရူပံ၊ ဧတ္တကရူပံ၊ ဣတိရူပဿသမုဒယော၊ ဣတိရူပဿအတ္တင်္ဂမော ဤဟာ (ရုပ်)၊ ရုပ်ထက်မပိုဘူး၊ ဤဟာ (ရုပ်) ဖြစ်ကြောင်း၊ ဤဟာ (ရုပ်) ချုပ်ကြောင်း သိမြင်ပါတဲ့၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမလို့မြင်ရင် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေဝင်လို့ (သံသရာ) လည်လည်ပြီးပဲမှတ်ပါ (မှန်ပ့ါ)။

မျက်စေ့ (ရုပ်) ဟာအဆင်း (ရုပ်) နဲ့တွေ့ထိတဲ့အခါ (ရုပ်) နဲ့ (ရုပ်) နဲ့ ပေါင်းရင် ရုပ် (၂)ခုဖြစ်လို့ (ရုပ်) ပဲဖြစ်ရမှာပေ့ါ။ (က)နဲ့(က) ပေါင်းရင်အဖြေက (က) ပဲပါရမှာပေ့ါ။ (ခ) မဖြစ်ပါဘူး၊ ဒီသဘောပဲ (ရုပ်)နဲ့ (ရုပ်)နဲ့ တွေ့ထိတာက (ရုပ်) ဖြစ်မှ (သမ္မာဒိဋ္ဌိ) အမှန်ဖြစ်ပါတယ်။ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ မဖြစ်ရပါဘူး၊ သင်္ချာမှာ ဒီလိုအသိမျိုးပဲရှိတယ်မဟုတ်လား၊ (မှန်ပ့ါ) ဒါမှအဖြေမှန်အမြင်မှန် (သမ္မာဒိဋ္ဌိ) မှန်သောအဖြေမှန်အမြင်ပဲ (အဖြူ)ကိုမြင်ရင် အဖြူပဲမှတ်ပါ၊ (ငွေရောင်) (မီးခိုးရောင်) မဖြစ်ပါစေနဲ့၊ (အဝါ) မြင်ရင်လည်း (အဝါ)ပဲဖြစ်ရမယ်၊ (ငုဝါ) (ပန်းပိတောက်ဝါ) လို့မြင်ရင် (သမ္မာဒိဋ္ဌိ) မဖြစ်တော့ဘူး၊ (ကိလေသာ)တွေဝင်လာပြီ။ (ကိလေသာ) အဝင်ခံရင် (ဒုက္ခသစ္စာ) ပဲရမှာပဲ (နိဗ္ဗာန်) တော့မရဘူး (မှန်ပ့ါ)။

အပြင်မှာရှိတာက (ရုပ်) ပဲရှိတာ၊ မိမိရဲ့စိတ်စေတသိက် (နာမ်) သဘောက (ဘာ) ဆို (ဘာ)၊ (ညာ) ဆို (ညာ) ဖြစ်နေတာ၊ (နာမ်)၊ က (ငါ) ထင်တာတို့ (သူ) ထင်တာတို့၊ ဒါမိန်းမ၊ ဒါယောကျ်ား၊ ဒါဟာ

ဘာပုဂ္ဂိုလ်ပဲလို့ဒီလို (သတ္တဝါ) တွေ ထင်နေတာ၊ ချောတယ်၊ လှတယ် ထင်နေကြတယ်။ ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက မြင်တာကို (သညာ) ဖုံးတယ်လို့ ပြောတာပေါ့၊ အမှန်အတိုင်း မြင်တာက (ရုပ်) မြင်တာ (ရုပ်) မြင်တာ (ရုပ်) ရယ်လို့ မသိတာက (နာမ်) မှာ (ပညတ်) တွေကလာလာကပ်နေကြတယ် . . (မှန်ပါ့)။

ဒါကြောင့် မျက်စိရုပ်နဲ့အဆင်း ရုပ်ပေါင်းရင် (ရုပ်) ပဲတွေ့ရင် (နိဗ္ဗာန်)ရောက်ပြီ၊ (ရုပ်) လို့ပဲသိတဲနေရာမှာ (မဟာဘုတ်ရုပ်၊ ဥပါဒါရုပ်) ရယ်လို့ခွဲစရာမလိုပါဘူး (မှန်ပါ့)၊ (ရုပ်) ပဲရောက်ရတယ်၊ (ရုပ်) ရောက်ရင် ဟန်ကျပြီလို့မှတ်ပါ . . (မှန်ပါ့)(ရုပ်) မှန်းသိရင် (ပညတ်) တွေမဝင်တော့ဘူး၊ (ဣတိရူပံ) ဤဟာ (ရုပ်) ဆိုတာ မြတ်စွာဘုရားရှုတဲ့ တရားပဲ၊ (မှန်ပါ့)။

(ရုပ်) ကို (ရုပ်) လို့ပဲသိရင် ဖြူစင်တဲ့ (ကုသိုလ်) ဖြစ်တယ် (ရုပ်) ကို (ရုပ်) လို့သိမှု (ညာတပရိညာ) ဖြစ်တယ်၊ (ရုပ်)နဲ့ ခွဲခြားသိတဲ့ အသိကိုရောက်တယ်၊ (မှန်ပါ့)။

မျက်စိနဲ့မြင်ရင် အဆင်း (ရုပ်) ပဲမြင်မှု အမှန်မြင် (သမ္မာဒိဋ္ဌိ) ဖြစ်တယ်၊ ဒီလိုအမှန်ပဲမြင်ရမယ်၊ မိန်းမ၊ ယောကျ်ားလို့မမြင်ရဘူး၊ (ရူပါယတန နံစက္ခုဝိညာဏဓာတုယာ) ဖြစ်လို့မိန်းမ၊ ယောကျ်ား၊ ဘာ၊ ညာလို့မသိရဘူး၊ အဆင်း (ရုပ်) ပဲသိရမယ်၊ ဒီလိုသိခြင်းဟာ (အဘိ

ဥေယျ၊ ပရိညာ) နဲ့မြင်ခြင်းဖြစ်တယ်၊ (ရုပ်) ပဲလို့ပိုင်းခြားရှုခြင်းဖြစ်တယ်၊ (မှန်ပါ့)၊ (ကလာပရုပ်) ဤဟာ (ရုပ်) (တွေ့ကရုပ်) (ရုပ်) ဟာ ဤမျှလောက်လို့သိမြင်ပါ (မှန်ပါ့)၊ ဤဟာ (ရုပ်) လို့ရှုခြင်းဟာ (ပညတ်) ကို ဖယ်ရှုတာ ပဲ၊ အဲဒါ (ဝိပဿနာ) ရှုတာ၊ (ဓမ္မာနုပဿနာ) ရှုတာပဲ (မှန်ပါ့)။

ဥပါဒါရုပ်၊ မဟာဘုတ်ရုပ် ဆိုတာ (အတိတ်)ရုပ်ဖြစ်တယ်၊ မျက်စိနဲ့ မြင်လို့ ချစ်ခင်ဖွယ်ဖြစ်တာက (ပိယရုပ်)၊ နားနဲ့ကြားလို့ သာယာဖွယ်ရာဖြစ်တာက (သာတရုပ်) အဲဒီ (ပိယရုပ်၊ သာတရုပ်) တွေဟာ အရိပ်ကျတဲ့ (ရုပ်) ပဲ၊ (ပညတ်) တွေဖြစ်ပြီး (တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်တဲ့ (ရုပ်) ပဲ၊ (ပရမတ်) ရုပ်က (အဆင်းရုပ်၊ ဥပါဒါရုပ်၊ မဟာဘုတ် ရုပ်) ပဲ အဲဒါ (ပဋိသမ္ဘိဒါ) အရ (ရုပ်) ကို ခွဲခြမ်းသိတာမျိုးပဲ (မှန်ပါ့)။

(ဥပါဒါနက္ခန္ဓာငါးပါး)က(ရုပ်နာမ်) ခေါ်တယ် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဆိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့က (ရုပ်)၊ ဖဿ၊ ဝေဒနာ၊ သညာ၊ ဝိညာဏ်တို့က (နာမ်) တွေဖြစ်တယ်၊ . . (မှန်ပါ့)။

(ရုပ်) ကအလွန်ကျယ်ပြန့်တယ်၊ ရူပဥ္စုပဇာနာတိ၊ ရုပ်ကိုသိလို့ ရှိရင် (ဝိဇ္ဇာ) ဉာဏ်ရတယ်၊ (စိတ်) မှာအစွဲအလန်းမဖြစ်တာ (ရုပ်) ဆိုတဲ့ (ပရမတ်)တရားကို သိလို့ပဲ၊ (အသံ)တွေက စိတ်ကြောင့်ဖြစ်တဲ့

(စိတ္တဇရုပ်)၊ သွားခြင်း၊ လာခြင်း၊ ထိုင်ခြင်း၊ ထခြင်းအရိယာပုတ်တွေက (ဝိညတ်) ရုပ်တွေပဲ၊ စိတ်ကြောင့်ဖြစ်သော (ရုပ်) တွေကို ဤဟာ (ရုပ်)၊ မျက်စေ့အကြည် (စက္ခုပသာဒ)၊ နားအကြည် (သောတပသာဒ) နှာခေါင်းအကြည် (ဃာနပသာဒ)၊ လျှာအကြည် (ဇိဝှပသာဒ)၊ ကိုယ်အကြည် (ကာယပသာဒ) တွေက (ပသာဒရုပ်) တွေဖြစ်လို့ ဤဟာ (ရုပ်) လို့ပဲ သိပေးပါ. . (မှန်ပါ့)၊

(စိတ် စေတသိက်) တို့ရဲ့ ကျက်စားရာ (အာရုံရုပ်) တွေကို (ဂေါစရရုပ်) လို့ခေါ်တယ်၊ ဒါပေမဲ့ ဒီ (ရုပ်) တွေကိုလည်း ဤဟာ(ရုပ်) လို့ပဲရှုကြရမယ်၊ ကျန်းမာတယ်ဆိုရင် (လဟုတာရုပ်)၊ နူးညံ့တာက (မုဒိတာရုပ်)၊ ရုပ်က (၂၈)ပါးရှိတာကို သိထားရင် သိတဲ့ (ရုပ်) အတိုင်း (ဣတိရူပံ) ဤဟာ (ရုပ်) လို့ရှုရတယ်၊ (ဧတ္တကရူပံ) ရုပ်ဆိုတာ ဤမျှလောက်၊ နက္ကတောဘိယျော = (ရုပ်) ထက်မပိုဘူး (ရုပ်) ကလွဲလို့ (သတ္တဝါ) မရှိဘူးလို့ ရှုရတယ်၊ (ရုပ်) သိရင် (ဝိဇ္ဇာဥဒပါဒိ) ရောက်တယ်၊ (မှန်ပါ့)။

ထွက်လေ ဝင်လေရှုရင်၊ လေက (ရုပ်) စိတ္တဇဝါယော (ရုပ်)၊ ိတ်ကြောင့်ဖြစ်တဲ့ (ရုပ်) ၊ ဝင်လေအေးတာ၊ ထွက်လေနွေးတာက တေဇောရုပ်၊ ပထဝီရုပ်က နှာခေါင်းမှာမာတဲ့သဘော၊ လေထိုးတာက ဝါယောရုပ်ပဲ၊ အာပေါရုပ်ကတော့ စေးကပ်နေတဲ့ (ရုပ်) ပဲ၊ ရုပ်ကိုဒီလိုလည်းသိရတယ်၊ ဘာရုပ်၊ ညာရုပ်ရယ်လို့ ဒီလောက်အသေးစိတ်စရာ

မလိုဘူး၊ ဤဟာ (ရုပ်) လို့သိရင်ပြီးတယ်၊ (မှန်ပ့ါ)

ဤဟာ (ရုပ်) လို့ရှုတာ (ဘာဝနာ)လည်းဖြစ်တယ်၊ (သတိပဋ္ဌာန်)လည်းဖြစ်တယ်၊ (ဝိပဿနာ)လည်းဖြစ်တယ်၊ (အဘိညာ) လည်းဟုတ်တယ်၊ ခွဲခြမ်းစိတ်ဖြာတဲ့ (ပဋိသမ္ဘိဒါ) ဆိုလည်းမှန်တာပဲ၊ နံမည်တွေအမျိုးမျိုးခေါ်လို့ရတယ်၊ ဤဟာ (ရုပ်) ဆိုရင် အဆင်း (ရုပ်) ကိုသိရတယ်၊ (မှန်ပ့ါ)။

ဖြစ်ခြင်း၊ ဖြစ်ပေါ်ခြင်းဆိုတာ (နိမိတ်)ကြောင့် (အာရုံ)ကြောင့်ဖြစ်ရတာကိုး (ပညတ်) နမိတ်ပေါ်ရင် (ဖြစ်တယ်)၊ (နိဗ္ဗာန်) ဟာ (အနိမိတ္တပစ္စုပဋ္ဌာန်) ဖြစ်တော့ နိမိတ်မရှိတာ (ပညတ်) မရှိတာကို ရှေ့ရှုရတယ်၊ ဒါကြောင့်ရှုတဲ့အခါ (ပညတ်) ကို ဖယ်ရှုရတယ်၊ ခွါရှုရတယ်၊ ဒါကြောင့် ဖြစ်ခြင်း၊ ဖြစ်ပေါ်ခြင်းဆိုတာ မိမိသန္တာန်မှာ (ပညတ်) ပေါ်ရင် (ဖြစ်) တာပဲ၊ (ပညတ်)နဲ့ ပေါ်ရတဲ့ (ဖြစ်ပျက်) မှန်သမျှဟာ (ဒုက္ခသစ္စာ) ချည်းပဲ၊ . . (မှန်ပ့ါ)၊ ဖြစ်ဇေလမှုက (သမုဒယသစ္စာ) ဖြစ်ကြောင်းလေးပဲ၊ (မှန်ပ့ါ)။

(ဥပမာ) တစ်ခုပြရရင်၊ ဆေးလိပ်သောက်ချင်တယ်ဆိုပါစို့၊ ဆေးလိပ်က (ပညတ်) ဖြစ်တော့ သောက်ချင်တော့ သောက်ချင်တယ်ဆိုတဲ့ စိတ် (အဖြစ်) က ပေါ်လာတာပေ့ါ (မှန်ပ့ါ)၊ ပေါ်လာတော့တစ်လိပ်သောက်ရာကကြိုက်တော့ (တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်ပြီး (ဒုက္ခသစ္စာ) ရတော့တာပေ့ါ၊ စင်စစ် (ပရမတ္ထသစ္စာ) အားဖြင့် ဆေးလိပ်

ဆိုတာမရှိဘူး (ရုပ်) ပဲ၊ ဤဟာ (ရုပ်) လို့သိရင် သောက်ချင်တာ မဖြစ် လာတော့ဘူး၊ (ရုပ်) သိရင် (သမ္မာဒိဋ္ဌိ) အမြင်မှန်မြင်တာပဲ၊ ဒုက္ခသစ္စာ မရဘူးပေါ့။ (မှန်ပါ့)။ ဆေးလိပ်သောက်ချင်တာက (ဖြစ်တာ) သိလိုက် တာက (ပျက်တာ) ဆေးလိပ် (ပညတ်) ရှိမှ သောက်ချင်စိတ်ဖြစ်တယ်၊ (ပညတ်) ရှိမှ (စိတ်) ဖြစ်တယ်၊ ဖြစ်တာက (ပညတ်)ပါမှဖြစ်တာ၊ (ပညတ်) မပါရင် (စိတ်) မဖြစ်ဘူး (မှန်ပါ့)။

ဆေးလိပ်အနံ့ကလည်း (ရုပ်) ဖြစ်တော့ ဤဟာ (ရုပ်)၊ ဤဟာ (ရုပ်)ဖြစ်ကြောင်း၊ ဆေးလိပ်မီးငြိမ်းလိုက်တော့ ဤဟာ(ရုပ်)ချုပ်ကြောင်း ဖြစ်တာပေါ့၊ (ပညတ်) သဘောဆောင်တာတွေက (ဖြစ်ခြင်း၊ ပျက်ခြင်း) ကိုပြတယ်၊ ဒီလိုဖြစ်လာတဲ့အခါမှာ မိမိရဲ့အမှန်မြင် (သမ္မာဒိဋ္ဌိ) နဲ့ ဤဟာ (ရုပ်) လို့ဆင်ခြင်မှုနဲ့ ပညာနဲ့ (သိ) လိုက်တော့ရင် ဆေးလိပ် ဆိုတာပျက်သွားတော့တာပေါ့၊ ဒီလိုသိမှ (ဖြစ်ပျက်) သဘောသိတာပေ့ . . (မှန်ပါ့)။

(ဖြစ်ပျက်) ဆိုတာ ကိုယ့်ဟာကိုယ် လုပ်ယူရတဲ့ဟာမျိုးမဟုတ် ဘူး (ဖြစ်ခြင်း၊ ပျက်ခြင်း) ဆိုတာ (ခန္ဓာငါးပါး) မှာဖြစ်ပေါ်လာသမျှကို မိမိရဲ့ (ပရမတ္ထဉာဏ်) အမြင်မှန် (သမ္မာဒိဋ္ဌိ) နဲ့တွဲမြင်ရတာကိုမှ (ဖြစ်ပျက်) လို့ခေါ်တယ်. . .၊ (မှန်ပါ့) ဆေးလိပ်ကထွက်လာတဲ့ အနံ့ ကလေးရရင် အနံ့အရသာလေးကိုကြိုက်တယ်၊ သောက်ချင်လိုက်တာ လို့စိတ်မှာမဖြစ်ပေါ်စေပဲ၊ မိမိရဲ့ဉာဏ်အမြင်မှန်နဲ့ အနံ့ကလည်း (ရုပ်

ဖြစ်တာ၊ ဤဟာ (ရုပ်) လို့အမှန်မြင်အသိနဲ့ သိလိုက်ပါ၊ ဖြစ်ပေါ်လာတဲ့ အနံ့ကြောင့် သောက်ချင်စိတ်ကြိုက်စိတ် (သမုဒယ) တွေဟာ (နိရောဓ) ငြိမ်းပြီး ပျက်သွားတာပေါ့၊ ဒါမှဖြစ်ခြင်း၊ ပျက်ခြင်းပဲ၊ (ဖြစ်ခြင်း၊ ပျက်ခြင်း)ကို ဒီလိုပဲသိသိပေးရတယ်၊ ဒါမျိုးအသိများလာရင် နေရာတိုင်းမှာ ဖြစ်ပျက် (သင်္ခါရ) တွေပဲရှိတော့တယ်၊ (သဗ္ဗေသင်္ခါရနိစ္စ) ဆိုတဲ့ ဘုရားဟောနဲ့ကိုက်ညီမှာပေါ့ . . (မှန်ပါ့)။

(၁) ဆေးလိပ်ကိုအနံ့ရလို့သောက်ချင်တာက (သမုဒယ သစ္စာ)

(၂) ဆေးလိပ်ကို (ရုပ်) မှန်းမသိပဲသောက်တာက (ဒုက္ခ သစ္စာ)

(၃) (ရုပ်) လို့ (သမ္မာဒိဋ္ဌိ) နဲ့ အမှန်မြင်တော့ မသောက်ချင်ပဲ ကံအလုပ်ငြိမ်းတာက (နိရောဓသစ္စာ)

(၄) (ရုပ်) လို့သိတဲ့အသိဉာဏ်က (မဂ္ဂသစ္စာ)။

သစ္စာ (၄)ပါးကို ဒီလိုနားလည်ရတယ်. . (မှန်ပါ့)

(ရူပဥ္စပဇာနာတိ အယံဝုစ္စတိဝိဇ္ဇာ) တဲ့၊ ရူပဥ္စ=ရုပ်ဟူ၍၊ အယံ=ဤသို့သိခြင်းကို ဝိဇ္ဇာ =ဝိဇ္ဇာဉာဏ်ဟူ၍ ဝုစ္စတိ=ဆိုအပ်၏တဲ့၊ . . (မှန်ပါ့)။

(ရုပ်) ကို ဒီလို (ပရမတ်) သဘောအမြင်မှန် (သမ္မာဒိဋ္ဌိ) နဲ့ မြင်သိသလို (ရုပ်)အပြင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေဖြစ်တဲ့

ကျန်တဲ့နာမ် (ခန္ဓာ)တွေမှာလည်း ဒီသဘောနဲ့ (ဖြစ်တာ၊ ပျက်တာ)ကို (ဉာဏ်)သမ္မာဒိဋ္ဌိနဲ့သိပေးရတယ်၊ သိလိုက်တော့ဖြစ်တာ (ရုပ်)ဓမ္မလေးပဲ၊ ပျက်တာလည်း (ဓမ္မ) လေးတွေက (ဖြစ်ပျက်)ပဲ၊ . . (မှန်ပဲ့)

(ဝေဒနာ) တွေတက်အောင် (ဖြစ်ပျက်) တမင်လုပ်ယူတဲ့ ခက်ခက်ခဲခဲကြီး လုပ်ပြီးအားထုတ် နေစရာမလိုဘူး၊ (ဉာဏ်) ကရှေ့သွား ရတယ်၊ ဘုရားဟောတဲ့ (မဂ္ဂင် ရှစ်ပါး) အတိုင်း (သမ္မာဒိဋ္ဌိ) ကအရင် လာရတယ်၊ (ဝိရိယ) နဲ့ (သတိ) ကိုအရင်းခံပြီး (ဉာဏ်) နဲ့ရှုတော့ (သမာဓိ)က နောက်ကလိုက်လာရတော့တယ် . . (မှန်ပဲ့)။

ဆေးလိပ်ကိုသောက်ချင်တယ်လို့သိတာက (ဖြစ်တာ) (ရုပ်) မှန်းသိတော့ သောက်ချင်စိတ်ပျောက်တာကိုက (ပျက်တာ) တကယ်ဖြစ် တာသိရင်၊ သိလိုက်တာနဲ့ တကယ်ပျက်သွားတယ်။ ခန္ဓာငါးပါးဟာ (တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်မရောက်ရင် သုနဂိုလ်သဘောက (ဖြစ်ခြင်း၊ ပျက်ခြင်း) (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သဘောပဲရှိတယ် (မှန်ပဲ့)။

ဆေးလိပ်သောက်မှုနဲ့ ပျော်နေကြတာ၊ စားမှုသောက်မှုနဲ့ ပျော်နေကြတာ၊ မိန်းမတွေရဲ့ထိတွေ့မှုနဲ့ ပျော်နေကြတာ၊ ငွေတွေသုံးပြီး ကာမဂုဏ်ခံစားပြီး ပျော်ပါးနေတဲ့သူတွေက (အဝိဇ္ဇာ) အမြင်ရှိကြလို့ (ဒုက္ခ) နဲ့အဆုံးသတ်ကြတာပဲ၊ (ရူပဥ္စုပဇာနာတိ အယံ ဝုစ္စတိဝိဇ္ဇာ) လို့ မြတ်စွာဘုရား ဟောတဲ့ဣတိရူပံ ဤဟာ (ရုပ်)လို့ ဒီလိုအမြင်မှန် (သမ္မာဒိဋ္ဌိ) ရကြ၊ မြင်ကြ၊ သိကြမယ်ဆိုရင် (အဖြစ်အပျက်) တွေ

မြင်လာမယ်၊ (ဖြစ်ပျက်) မြင်ပြီးရင်ငြီးငွေ့လာမယ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုစ္စိတုကမျတာဉာဏ်ရောက်မယ်၊ (မှန်ပ့ါ)၊ ခန္ဓာမှာဖြစ်တာပျက်တာတွေဟာ (သင်္ခါရ) ချည်းပဲလို့ (သင်္ခါရ)ကိုသိပြီး (သင်္ခါရ)ကိုသိတာတွေ များလာတော့ (သင်္ခါရ) ကို ဥပေက္ခာပြုတဲ့ (သင်္ခါရုပေက္ခာဉာဏ်) ရပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတော့တယ်၊ (မှန်ပ့ါ)။

မြင်တာမှန်သမျှ (ရုပ်) လို့မြင်မယ်၊ ထမင်းကိုလည်း (ရုပ်) အမြင်နဲ့ပဲစားရမယ်၊ စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာမှာ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကဖြစ်သမျှ ဤဟာ (ရုပ်) လို့ အမြင်ရှိရင်သမုဒယ (တဏှာ၊ ဥပါဒါန်၊ ကံ)တွေပျောက်လို့ ဒုက္ခတွေပျောက်လို့ ဒုက္ခချုပ်ငြိမ်းရာ (နိဗ္ဗာန်) တွေ့မယ်၊ (မှန်ပ့ါ)။ ဧကောဓမ္မောပဲ၊ တရားကတစ်ခုထဲပဲ၊ တစ်ခုတည်းသော ဤဟာ (ရုပ်) ကမ္မဋ္ဌာန်းကို ဉာဏ်နဲ့သိမြင်ရင် (နိဗ္ဗာန်) ရောက်တယ်၊ (မှန်ပ့ါ)။

(ပညတ်) ကိုမြင်ရင် သည်းမခံနိုင်ဖြစ်ကြရတယ်။ (ဥပမာ)ငွေနဲ့ ပါတ်သက်ရင်၊ ပစ္စည်းနဲ့ပါတ်သက်ရင်၊ မိန်းမနဲ့ပါတ်သက်ရင်၊ သားသမီးတွေနဲ့ပါတ်သက်ရင်သည်းမခံနိုင်ဖြစ်ကြတယ်၊ သည်းမခံနိုင်မှုမှာ ပါလာတာတွေက (ပညတ်) တွေ၊ ရွှေ၊ ငွေ၊ ပစ္စည်း၊ မိန်းမ၊ သားသမီးအမြင်က (ပညတ်) အမြင်ဖြစ်ကြလို့ သည်းမခံနိုင်ကြတာဆိုတာ မြဲမြဲမှတ်ထား (မှန်ပ့ါ)၊ (ပရမတ်) အမြင်၊ အသိရောက်သွားမှ သဗ္ဗေသင်္ခါရအနိစ္စာ ဖြစ်သွားတယ်၊ (သင်္ခါရ) ဆိုတာဖြစ်ခြင်း၊ (အနိစ္စ) ကပျက်ခြင်းပဲ၊ (မှန်ပ့ါ)၊

(ရုပ်နာမ်သင်္ခါရဝဋ်ယမမွေ)ကို သိတော့မှ (သိ)တာက (ဉာဏ်) ဖြစ်သွားတယ် . . (မှန်ပါ့)။

ဒီလို (သင်္ခါရ) ကိုသိတော့မှ သည်းခံနိုင်တဲ့ ဥပေက္ခာပြုလျစ်လျူရှုနိုင်တဲ့ (သင်္ခါရုပေက္ခာဉာဏ်) ရောက်တယ်၊ မြင်တယ်၊ ကြားတာ၊ နံတာ၊ စားတာ၊ သိတာတွေ၊ ကြံတာတွေဟာ (ရုပ်) လို့သိမှ သီးခံနိုင်တယ်၊ လျစ်လျူရှုနိုင်တယ်၊ ဥပေက္ခာပြုနိုင်တယ်၊ ဉာဏ်စဉ်အရဆိုရင် ဖြစ်ခြင်း၊ ပျက်ခြင်း (သင်္ခါရ) ကို ဥပေက္ခာပြုနိုင်တဲ့ ဒီဉာဏ်ရင့်သန်သွားမှ အနုလောမဉာဏ်ရောက် တယ်၊ ဒီဉာဏ်ရောက်မှ (မဂ်ဖိုလ်) နဲ့ လျှော်တော့တယ်၊ (မှန်ပါ့ဘုရား)။

(သင်္ခါရုပေက္ခာဉာဏ်) ကနေ (အနုလောမဉာဏ်) ရောက်သွားတာက (ဉာဏ်)လမ်း၊(ဂေါတြဘူ)က ပုထုဇဉ်အနွယ်ကို ဖြတ်တော့တယ်၊ လွှမ်းမိုးသွားတယ်၊ ပုထုဇဉ်အမြင် မရှိတော့တာ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်က ကိလေသာတွေကိုသတ်လိုက်တော့ (ဖိုလ်ဇော)က ကိလေသာငြိမ်းနေတဲ့ (နိဗ္ဗာန်) ကို ဝင်စားလို့ရတော့တယ် (မှန်ပါ့)။

ငါ့လက်ကိုဆွဲတယ်၊ ငါ့ခေါင်းကိုပုတ်တယ်၊ ငါ့ခြေထောက်ကိုနင်းတယ်၊ (ရုပ်) မှာလက်တို့ခြေတို့ ခေါင်းတို့မှမရှိပဲ၊ ဒါတွေက (ပညတ်) တွေပဲအဟုတ်ရှိတဲ့ (ရုပ်) က မဟာဘုတ်ဓာတ်ကြီး (၄)ပါး (ရုပ်) ပဲ ရှိတာ၊ ငါ့လက်ကိုဆွဲတယ်ဆိုတာ (ရုပ်)ကို အတ္တ (ငါ)ကောင်ထင်နေလို့ လက် တို့၊ ခေါင်းတို့ကို (အတ္တ) ငါလုပ်လို့ပဲ၊ ငါဆိုတာ (ပညတ်) က

ဖြစ်တာ၊ လက်တို့ခြေတို့ ခေါင်းတို့ကိုယ်တို့က(နိမိတ်) သေးပဲရှိသေးတယ်၊ နိမိတ်ကြီးထင်တာက (လူ) လို့ထင်တာ၊ ယောကျ်ား၊ မိန်းမ (သတ္တဝါ) လို့ထင်လာတာက နိမိတ်ကြီးထင်တာ (မှန်ပါ့) မြတ်စွာဘုရားက

အဇ္ဈတ္တိကာစ ပထဝီဓာတုလို့ဟောတယ်
ဗဟိဒ္ဓိကာစ ပထဝီဓာတုလို့ဟောတယ်

ပထဝီမြေဓာတ်အစရှိတဲ့ ဓါတ်ကြီး (၄)ပါး (ရုပ်)၊ ဤဟာ (ရုပ်) ပဲလို့မြင်ရပါတယ်၊ လက်တို့၊ ခြေတို့ကို (ငါ)လုပ်တော့ (ပညတ်) ကို ငါလုပ်တာဖြစ်တယ်၊ တကယ်တော့ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဖြစ်တဲ့ (ရုပ်နာမ်) သဘောဖြစ်လို့ (ရုပ်) ဖြစ်တာကို ဤဟာ (ရုပ်) ပဲလို့ သိရမယ် . . . (မှန်ပါ့ဘုရား)။

(ရုပ်) ပဲလို့ အသိလိုက်ပေးခဲ့သော် (သဗ္ဗေသင်္ခါရအနိစ္စ) အမြင်ဖြစ်တယ်၊ ဒီလိုမမြင်ပဲ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) တွေဝင်လာပြီး (တဏှာ၊ ရာဂ) တွေ ဝင်လာရင် ဓမ္မသဘောတွေဖြစ်တဲ့ (ပဋိစ္စသမုပ္ပါဒ်) ဆက်မယ်၊ သံသရာလည်မယ်၊ ဒါကြောင့် (ဣတ္ထိရူပံ) ဤဟာ (ရုပ်)၊ ဣတ္ထိရူပ သဿအတ္ထင်မော၊ ဤဟာရုပ်ချုပ်ကြောင်းလို့ ဒီလိုပဲသိပေးပါမှ (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်ကြမယ်၊ ဒီ (ရုပ်) ကမ္မဋ္ဌာန်းတစ်ခုခုကိုပဲ (ပညာ ဉာဏ်) နဲ့ရှုကြမှ (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်တယ် . . . (မှန်ပါ့ဘုရား)။

# ဝိညာဏ်ရှုနည်း

(ဝိညာဏ်) ရှုနည်းကလည်း (ရုပ်) ရှုသလို (ရှု)ရတဲ့သဘောပဲ၊ မြတ်စွာဘုရားရှုတာက (ရုပ်) ကို ရှုတယ်၊ (ဝိညာဏ်)နဲ့ (နာမ်ရုပ်) လည်းရှုတယ်၊ (ဝိညာဏ်)ကြောင့် (နာမ်ရုပ်) ဖြစ်တာရှုတယ်၊ (ဝိညာဏ်) ဆိုတာ အဝိဇ္ဇာပစ္စယာသင်္ခါရ၊ သင်္ခါရပစ္စယာဝိညာဏံ (ဝိညာဏ်)ဟာ အတွင်း (အာယတန) နဲ့အပြင် (အာယတန) ၂ခုထိတွေ့ရင် (ဝိညာဏ်) ဖြစ်တာပဲ၊ (ဥပမာ) မျက်စေ့ဖွင့်လိုက်တာနဲ့ အဆင်း (ရုပ်) ကိုမြင်လိုက်တာမြင်သိက (ဝိညာဏ်)ပဲ၊ မျက်စေ့နဲ့အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့ အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့ထိတွေ့စရာ၊ မနောနဲ့ကြံတွေးစရာတို့ ထိတွေ့တဲ့အခါ (သိရုံ) မျှလေးဟာ (ဝိညာဏ်) လို့ခေါ်တယ်၊ (ပညတ်) ပါလာလို့ (ခန္ဓာငါးပါး) လုံးပါဝင်လာတဲ့အခါ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ် ဖြစ်လာရင် (ဝိညာဏ်၊ နာမ်ရုပ်စိတ်)တွေ ဖြစ်သွားတာပေါ့၊ ဝိညာဏ်ကနေ (နာမ်ရုပ်) ပညတ်စိတ်တွေ ဖြစ်တော့တာပေါ့ . . (မှန်ပါ့ဘုရား)။

ဒီလိုမြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုလေးတွေ (သိရုံ)လေးမျှသိရင်၊ (ဝိညာဏက္ခန္ဓာ) သိတာပေါ့၊ ဤဟာ (ဝိညာဏ်)လို့ သိရမယ် (ဣတိဝိညာဏ်) သိတာနဲ့မရှိတော့ရင် - (ဣတိဝိညာဏ အတ္ထင်္ဂမော) ဝိညာဏ်ချုပ်ကြောင်းပေါ့၊ မရှိမှန်းသိတဲ့ (ဝိညာဏ်) ပျက်သွားတာလေးကိုလည်း သိရမယ် . . . (မှန်ပါ့) ဣတိဝိညာဏ

သမုဒယော၊ ဤဟာဝိညာဏ်ဖြစ် ကြောင်းလို့သိရမှာက (အဝိဇ္ဇာ၊ သင်္ခါရ) က (ဝိညာဏ်) ဖြစ်ကြောင်းပဲ (အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ) လို့ ဓမ္မသဘော (ပဋိစ္စသမုပ္ပါဒ်)မှာ ဟောထားတယ် (မှန်ပါ့)၊ ဒါကြောင့် (ဝိညာဏ်) ဖြစ်ကြောင်းက (အဝိဇ္ဇာ၊ သင်္ခါရ) ပဲ . . . (မှန်ပါ့)။ မျက်စေ့လေးဖွင့်ချင်တဲ့ (သမုဒယ) ကြောင့်၊ မျက်စိဖွင့်ကြည့်လိုက်တော့ (အဆင်း) (ရုပ်) ကိုမြင်တော့ (မြင်သိမှု) ဖြစ်ရတာကိုး၊ ဒါကြောင့် (အဝိဇ္ဇာ၊ သင်္ခါရ) က (ဝိညာဏ်) ဖြစ်ကြောင်းပဲ၊ . . . . (မှန်ပါ့)

(အဝိဇ္ဇာ၊ သင်္ခါရ) ဖြစ်ရင်၊ ဝိညာဏ် (သိမှု) ဖြစ်ပြီး၊ ဖြစ်တာက (ဥဒယ)၊ (ဝိညာဏ်) မှန်းသိလို့ပျက်သွားတာက (ဝယ)လို့ ဒီလိုသိတာက (ဉာဏ်) ပဲ (မှန်ပါ့)၊ (ဥဒယ၊ ဝယ) ဆိုတာနံမည်ပေးထားတာ၊ အသိ (ဝိညာဏ်) လေးဖြစ်လာတာက (ဥဒယ) ပျက်တာလေး သိလိုက်တာကို (ဝယ) လို့ နံမည် (၂)မျိုးပေးထားတာပဲ (မှန်ပါ့)။

(ဝိညာဏ်) က (ပညတ်) မပါသေးတဲ့ (သိရုံ) လေးသက်သက်ပဲလို့မှတ်ထားရမယ် ဒါမှ (ပရမတ်) ကိုသိတဲ့ (ဝိညာဏ်) ဖြစ်မယ် (မှန်ပါ့)၊ ဝိညာဏ်သိက (၆)မျိုးရှိတယ် (မှန်ပါ့)။

## ဝိညာဏ်သိ (၆)မျိုး

ကတမဥ္စဘိက္ခဝေ ဝိညာဏံ ဆယိမေဘိက္ခဝေ

ဝိညာဏကာယာ၊ စက္ခုဝိညာဏံ၊ သောတဝိညာဏံ
ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊ ကာယဝိညာဏံ
မနောဝိညာဏံ၊ ဣဒံဝုစ္စတိဘိက္ခဝေ ဝိညာဏံ
ခန္ဓာသံယုတ်ပါဠိတော်မှာလာတယ်၊ (မှန်ပါ့ဘုရား)။

မြင်တာက (စက္ခုဝိညာဏ်) (မြင်စိတ်)၊ (ပညတ်) မပါရင်၊ (ပရမတ်) (ဝိညာဏ်) ဖြစ်တယ်၊ ကြားတာက (သောတဝိညာဏ်) (ကြားစိတ်) (ပညတ်) မပါရင် (ပရမတ်) (ဝိညာဏ်) ဖြစ်တယ်၊ နံတာက (ဃာနဝိညာဏ်) (နံစိတ်) (ပညတ်) မပါရင် (ပရမတ်) (ဝိညာဏ်) ဖြစ်တယ်၊ စားတာက (ဇိဝှါဝိညာဏ်) (စားစိတ်) (ပညတ်) မပါရင် (ပရမတ်) (ဝိညာဏ်) ဖြစ်တယ်၊ ထိတွေ့တာက (ကာယဝိညာဏ်) (ထိတွေ့စိတ်) (ပညတ်) မပါရင် (ပရမတ်) (ဝိညာဏ်) ဖြစ်တယ်၊ ကြံတွေးတာက (မနောဝိညာဏ်) (ကြံတွေးစိတ်) (ပညတ်) မပါရင် (ပရမတ်) (ဝိညာဏ်) ဖြစ်တယ် (မှန်ပါ့)။

(ပညတ်) ပါရင် (အဝိဇ္ဇာ) ကြောင့်ဖြစ်တဲ့အမှားသိ၊
(ပညတ်) ပါရင် (သညာ) ကြောင့်ဖြစ်တဲ့အမှတ်သိ၊
(ပညတ်) ပါရင် (ဒိဋ္ဌိ) ကြောင့်ဖြစ်တဲ့အယူမှားသိ၊

စိတ်ကူးသိတာက (အဝိဇ္ဇာ) ကြောင့်ဖြစ်တဲ့ မနောဝိညာဏ် (ဝိညာဏ်) သိ၊ (ပညတ်) ပါတယ်၊ ဘယ်သူဘယ်ဝါလို့သိတာက (သညာ) ကြောင့်ဖြစ်တဲ့ (ဝိညာဏ်) သိ၊ (ပညတ်)ပါတယ်၊ ချောတာ၊

လှတာ (တဏှာ) ကြောင့်ဖြစ်တဲ့ (ဝိညာဏ်) သိ (ပညတ်) ပါတယ်၊ ကောင်းမကောင်း၊ ကြိုက်တာ၊ မကြိုက်တာသိတာက (ဝေဒနာ) ကြောင့်ဖြစ်တဲ့ (ဝိညာဏ်) သိ၊ (ပညတ်)ပါတယ်၊ ငါ့သား၊ ငါ့မယား၊ ငါ့နွား၊ ငါ့ကားဆိုတဲ့စိတ်ထဲမှာ စွဲနေမှုနဲ့သိတာက (ဥပါဒါန်)ကြောင့်ဖြစ်တဲ့ (ဝိညာဏ်) သိ၊ (မှန်ပါ့)။

(ဝိညာဏ်) မှန်းသိရင် ဤဟာ (ဝိညာဏ်)၊ ဤဟာ (ဝိညာဏ်) ဖြစ်ကြောင်းလို့ ဒီလို (သိ) ပေးရတယ်၊ (ပညာ) သိဆိုတာက ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ ဒီလို (ဉာဏ်ပညာ) နဲ့သိရတာ၊ ဒါမှ 'ယထာပညာယပဿတိ' ဖြစ်တာ၊ (ဉာဏ်) နဲ့ရှုတယ်လို့ခေါ်တယ်၊ ဒီနေရာမှာ (ပညာ) က (သမ္မာသင်္ကပ္ပ) ပဲ (မှန်ပါ့) လယ်တီဆရာတော်ဘုရားကြီးက (ဝိညာဏ်) ကိုစပ်ထားတာရှိပါတယ်၊ (မှန်ပါ့)။

ဝိညာဏ် (၆) ဖြာ၊ သူရှိန်ဝါကြောင့်
ငါငါသူသူ၊ လူပဲနတ်ပဲ
အထင်လွဲ၍၊ ငရဲအပါယ်
အသွယ်သွယ်လျှင်၊ ဝဋ်နွယ်ရှည်ငင်
ဓမ္မသာတည်း၊ ၆ပါးဝိညာဏ်စွမ်းအင်တည်းတဲ့၊

နောက်ပြီး စပ်ထားတာရှိသေးတယ်။

၆ပါးဝိညာဏ်၊ သိထင်မြင်ဖြင့်
သုံးအင်ကာမ၊ ပြုသမျှကား
သမုဒယနှင့်ဒုက္ခသစ္စာဖြစ်လေရာ၏တဲ့။

(အဝိဇ္ဇာ) ကြောင့်၊ (သင်္ခါရ) ကြောင့် (ဝိညာဏ်)ဖြစ်ရတယ်၊ (ဝိညာဏ်) ကလည်း (ဓမ္မ)လေးပဲ၊ (မှန်ပါ့)၊ ဓမ္မဆိုတာ=သင်္ခတံဝိညာဏံ၊ (ဝိညာဏ်) သည် သင်္ခတ (သင်္ခါရ) တရားပဲ၊ (သင်္ခတ) တရား ဆိုရင် (ဝိညာဏ်) ဖြစ်တာပဲ (မှန်ပါ့)၊ (ဝိညာဏ်) မဟုတ်တာက = အသင်္ခတံ. . . . (နိဗ္ဗာန်) ပဲ . . (မှန်ပါ့)။

(သင်္ခတ) တရားမှာ = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေပါ တယ်၊ ကံ၊ စိတ်၊ ဥတု၊ အဟာရတွေလည်း ပါတယ်။

ဘယ်လိုကြောင့်လဲ = ပဋိစ္စသမုပ္ပါဒ်အကြောင်း၊ ပဋ္ဌာန်းအကြောင်း တရားတွေပါပြီ၊ အကြောင်းမှန်သမျှ (သင်္ခတ) တရားတွေမို့ပဲ၊ (မှန်ပါ့)။

ဒါကြောင့်ဝိညာဏံ (ဝိညာဏ်) သည်အကြောင်း (သင်္ခတ) တရားဖြစ်တယ်လို့ ဆိုရတယ်၊ မြတ်စွာဘုရားက (ဝိညာဏ်) ကို အရင်ပွားစာယ် (ဝိညာဏ်) အကြောင်းတွေ အကုန်သိသိပြီးမှ (ပဋ္ဌာန်း) ဒေသနာတော်ကြီးကို ဆင်ချင်တာပဲ . . . (မှန်ပါ့)။

(ဝိညာဏ်) ဆိုတာ (စိတ်) မဟုတ်သေးဘူး၊ (ပညတ်) ပါလာမှ (စိတ်)ဆိုတာဖြစ်လာတာ (မှန်ပါ့) မြတ်စွာဘုရားက ဤဟာ (ဝိညာဏ်) လို့သိတာက (အဝိဇ္ဇာ) ကြောင့် (သင်္ခါရ) ဖြစ်ခြင်း၊ (သင်္ခါရ)ကြောင့် ဖြစ်တဲ့ (ဝိညာဏ်) လိုပဲသိတာ၊ (ဝိညာဏ်) ဆိုတာ (သိရုံ) ပဲရှိတဲ့ (အသိ)လေးပဲ၊ (မှန်ပါ့)၊ (ဝိညာဏ်) ဆိုတာ အတွင်းအပြင် အာယတန

(၂)ခုတို့တွေ့ထိရင် (ဝိညာဏ်) ဖြစ်တာပဲ၊ (ဝိညာဏ်) က (ပညတ်) မပါ သော (သိရုံ) သက်သက်ပဲ . . . (မှန်ပ့ါ)။

တစ်စုံတစ်ခုကိုသိလိုက်ရုံနဲ့ ဤဟာ (ဝိညာဏ်)လို့သတိထား ထားပြီး သိရတာပါပဲ၊ (သညာ)သိမပါစေပဲ၊ (သိရုံ)လေးသက်သက်ကိုပဲ လေ့ကျင့်ပြီး ဤဟာ (ဝိညာဏ်) လို့သိသိပေးရတယ်၊ (ခန္ဓာငါးပါး) မပါရင်၊ (ခန္ဓာ) မရဘူး၊ ခန္ဓာမရတော့ (ဒုက္ခ) မဖြစ်တော့ဘူး. . . (မှန်ပ့ါ)။

ဤဟာ(ဝိညာဏ်)လို့ (သတိနဲ့ပညာဉာဏ်)နဲ့ရှုရတယ်၊ (သတိ) တို့ (ပညာ) တို့ပါမှ (ဝိညာဏ်) မှန်းသိရတာ၊ (သတိ) က=သတိထားတာ၊ (ပညာ) ကသမ္မာ = အမှန်၊ ဒိဋ္ဌိက=အမြင်၊ (သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြစ် အောင် (ဉာဏ်) ကူပြီးသိရတယ်၊ နှလုံးသွင်းရတယ်၊ ဤဟာ (ဝိညာဏ်) လို့မရှုဖြစ်ရင် (ငါ) ဖြစ်နေမယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဣတိ ဝိညာဏ်=ဤဟာ (ဝိညာဏ်) လို့ရှုပါလို့ ဟောခဲ့ပါတယ်. . . (မှန်ပ့ါ)။

ဤဟာ (ဝိညာဏ်) လို့ (သတိ) နဲ့ (ပညာဉာဏ်) နဲ့ ပြိုင်တူ ရှုတတ်ရင် မိမိအဇ္ဈတ္တသန္တာန်မှာ (ဝိညာဏ်) ပေါ်ရင် ပေါ်မှန်းသိတယ်၊ ဒီလို (ဝိညာဏ်) မှန်းသိရင်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဆိုတဲ့ (ပညတ်) တွေမပေါ်တော့ဘူး (မှန်ပ့ါ)၊ မှတ်သားမိလိုက်တဲ့အဆင့် ရောက်သွား ရင်လည်း ဤဟာ (သညာ) လို့သိလိုက်ပါ (မှန်ပ့ါ)၊ ခံစားလိုက်ရတာပါ သိရင် ဤဟာ (ဝေဒနာ) လို့သိပေးပါ၊ ရှေ့ပိုင်းကပြခဲ့အတိုင်း (ရုပ်)

လို့သိရင်လည်း ဤဟာ (ရုပ်) လို့ပဲသိလိုက်ပါ၊ ဒါတွေဟာ (ခန္ဓာပဗ္ဗ) **ခန္ဓာရှုနည်း**ပဲ၊ (ခန္ဓာ) မှာဖြစ်ပျက်နေတဲ့ (ဓမ္မ) လေးတွေရဲ့ (သိပျက်) ကိုသိနေရမယ်၊ (မှန်ပါ့)၊ ဒါကြောင့် မြတ်စွာဘုရားရဲ့ ဧကောဓမ္မော ဆိုတာ ဤဟာ (ဝိညာဏ်) လို့ရှုနေရင် ကျန်တာအကုန်ပါသွားတယ် . . . (မှန်ပါ့)။ ခန္ဓငါးပါးမှာ -

**ဝိညာဏ်က** = သိလိုက်တဲ့လက္ခဏာဓမ္မလေးပဲ၊

**သညာက** = မှတ်သားမိတဲ့လက္ခဏာဓမ္မလေးပဲ၊

**ဝေဒနာက** = ခံစားလိုက်ရတဲ့လက္ခဏာဓမ္မလေးပဲ၊

**သင်္ခါရက** = နှိုးဆော်တယ်၊ စေ့ဆော်လိုက်တဲ့အတွင်း သန္တာန်ရဲ့ပြုလုပ်မှု၊ ဖန်တီးမှု (Action) ဓမ္မလေးပဲ၊

**ရုပ်က** = ဥပါဒါရုပ်၊ မဟာဘုတ်ရုပ် (ဓမ္မ) လေးပဲ။

ဤဟာ (ဝိညာဏ်) လို့ရှုပေးရင် (အဝိဇ္ဇာ) ကနေ (ဝိဇ္ဇာ) ဖြစ်တယ်၊ ဤဟာ (ဝိညာဏ်) လို့သတိထားပြီး (သိ) နေရတယ်၊ (ဉာဏ်) ကူပေးရတယ် (မှန်ပါ့)၊ (အာရုံ) ကို လက်ခံတာလည်း (ဝိညာဏ်) ပဲ၊ (သမ္ပဋိစ္ဆိုင်း) ခေါ်တယ်၊ (အာရုံ)ကိုဆင်ခြင်တာလည်း (ဝိညာဏ်)ပဲ၊ ဆုံးဖြတ်တာက (ဝုဋ္ဌော) ဝိညာဏ်လို့မြတ်စွာဘုရားက နံမည်တွေ ပေးထားတယ်၊ မြတ်စွာဘုရားမပွင့်ရင်၊ မပေါ်ရင် ဒီလိုခွဲခြမ်းမသိနိုင်ဘူး၊ မြတ်စွာဘုရားဟောမှ သိရတာပဲ (မှန်ပါ့ဘုရား)။

(ဝိညာဏ်) ကအိပ်နေတဲ့အခါ ဖြစ်ပေါ်နေတဲ့ (ဘဝင်စိတ်) ကလည်း (ဝိညာဏ်)ပဲ၊ နိုးလာတော့ (အသိစိတ်)တွေဖြစ်လာတဲ့အခါ သိစိတ် (ဝီထိစိတ်) ကလည်း (ဝိညာဏ်) ပဲ၊ ကုသိုလ်၊ အကုသိုလ်ကင်းတဲ့ (ဇော) ကလည်း (ဝိညာဏ်) ပဲ၊ မြတ်စွာဘုရားက (ဓမ္မ)သဘောလေးတွေကို နံမည်တွေမှည့်ပေးထားတာ (မှန်ပါ့)၊ (ဝိညာဏ်)က (အာရုံ) ကို (သိ)တတ်တဲ့သဘောလေးပဲ၊ (ဝိညာဏ်)ကပုဗင်္ဂမာအစဦးဆုံး သိတတ်တဲ့ သဘောလေးပဲ၊ (ဝိညာဏ်) က ဝိဇာနန (သိခြင်း) သဘော လက္ခဏာရှိတယ်၊ (မှန်ပါ့ဘုရား)။

ဤဟာ (ဝိညာဏ်) လို့သတိထားပြီး စောင့်ကြည့်နေရင် (ဝိညာဏ်) ကိုဖမ်းမိနိုင်ပြီး သိသိလာတယ်၊ ဤဟာ (ဝိညာဏ်)လို့ ဆိုဆိုနေမှ (ဝိညာဏ်) ကိုသိလာတယ်၊ ဆိုဆိုနေတယ်ဆိုတာ (သမ္မာသင်္ကပ္ပ) သဘောနဲ့သိအောင် (ဝိတက်) တင်ပေးတာပဲ၊ မြတ်စွာဘုရားက ဣဒံဝိညာဏံ= သိတတ်တဲ့သဘောက (ဝိညာဏ်) ပဲ၊ ဧတ္တကံဝိညာဏံ = (ဝိညာဏ်)ဟာဤမျှလောက်ပဲတဲ့၊ နတ္ထတောဘိယျော = (ဝိညာဏ်) ထက် ဘာမှမပိုဘူးလို့ ရှုရတယ်၊ ဒီလိုသိအောင်ပွားရတာက (ဓမ္မာနုပဿနာ) ပဲ၊ (မှန်ပါ့)။

ဣတိဝိညာဏံ = ဤဟာ (ဝိညာဏ်)၊ ဣတိဝိညာဏသမုဒယော=ဤဟာဝိညာဏ်ဖြစ်ကြောင်း ဒီလို သိသိပေးရတယ်၊ (ဝိညာဏ်) ဖြစ်ကြောင်းက (အဝိဇ္ဇာ၊ သင်္ခါရ) ဟောခဲ့ပြီးပြီ၊ ဒါကြောင့် (ဝိညာဏ်)

ထက်မပိုအောင် (ဝိညာဏ်) သိထက်လွန်မသွားအောင် (ဉပမာ) အဖြူမြင်ရင် အဖြူလို့သိပါ၊ မီးခိုးရောင်၊ ထုံးကျောက်ရောင်မလုပ်ပါနဲ့၊ အဝါမြင်ရင်လည်း အဝါပဲသိပါ၊ ငုဝါ၊ ပန်းတောက်ဝါတွေ ဘာတွေညာတွေမလုပ်နဲ့၊ ယောကျ်ား၊ မိန်းမကိုလည်း ဤဟာ (ရုပ်) ပဲရှုပါ၊ ငါသိသားပဲ၊ ဒါကမဖြူ မနီတွေမလုပ်ပါနဲ့တဲ့၊ ဒီလိုသိတာ (သိရုံ) ပဲသိတဲ့ (ဝိညာဏ်) ကို ရှုတာပါပဲ၊ (ပညတ်) တွေပါလာရင် (ခန္ဓာငါးပါး) ဝိညာဏပစ္စယာနာမရူပံ (နာမ်ရုပ်) ရမယ်၊ (ဖဿ) ဖြစ်မယ်၊ (ဝေဒနာ) ဖြစ်မယ်၊ (သညာ) ဖြစ်မယ်၊ (တဏှာ၊ ဉပါဒါန်၊ ကံ) တွေဆက်သွားပြီး ဓမ္မသဘောဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) စက်ကြီးလယ်ပြီး (ဒုက္ခသစ္စာ) ရမှာစိုးလို့ မြတ်စွာဘုရားက ဣတိဝိညာဏံ = ဤဟာ (ဝိညာဏ်)လို့သိ၊ (ဝိညာဏ်) ထက်ပိုမသွား စေနဲ့လို့ ဒီလို (ဓမ္မာနုပဿနာ) တရားကိုပေးတာပဲ (မှန်ပါ့)။

(အဝိဇ္ဇာ) ဖြစ်ရင် (သင်္ခါရ) ဖြစ်တယ်၊ (သင်္ခါရ) ဖြစ်တော့ (ဝိညာဏ်) ဖြစ်တယ်၊ (ဝိညာဏ်) မှာပဲရပ်ရင် (ပဋိစ္စသမုပ္ပါဒ်) မဆက်ပဲ (ဝိညာဏနိရောဓါ၊ အဝိဇ္ဇာနိရောဓော) တွေဖြစ်တော့တာပေါ့၊ ပဋိစ္စသမုပ္ပါဒ်သံသရာပြတ် (ပဋိလုံ) ဖြစ်သွားတယ်၊ (ပဋိစ္စသမုပ္ပါဒ်)ပြတ်ကြောင်းဖြစ်တယ်၊ (ဝိညာဏ်) မှာပဲပြတ်ရင် (အဝိဇ္ဇာ) မဖြစ်တော့ပဲ (ဝိဇ္ဇာဉဒပါဒိ) ဖြစ်တော့ တာပေါ့၊ (အဝိဇ္ဇာနိရောဓါ၊ အာသဝနိရောဓော နိဗ္ဗာနံ) ပဲ၊ (အဝိဇ္ဇာ) ချုပ်ရင် (အာသဝ) လည်းချုပ်တဲ့ (နိဗ္ဗာန်) ရတာပဲပေါ့၊ (မှန်ပါ့ဘုရား)။

ဣတိဝိညာဏံ = ဤဟာဝိညာဏ်၊ ဣဒံဝိညာဏံ=သိတတ်တဲ့ သဘောဟာ (ဝိညာဏ်) ပဲ ဧတကံဝိညာဏံ= (ဝိညာဏ်) ဆိုတာဤမျှ လောက်၊ နက္ကတောဘိဏျော= (ဝိညာဏ်) ထက်မပိုပါစေနဲ့တဲ့၊ ဒီလိုသိသိ ပေးပါ၊ (ဝိညာဏ်) ထဲမှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ အသိတွေ (ပညတ်) သိတွေမပါပါစေနဲ့တဲ့၊ (သိရုံ) ပဲသိတဲ့သဘော လေးကိုပဲ နှလုံးသွင်းပါ၊ သိသိပေးပါ၊ ဒါမှအမြင်မှန် (သမ္မာဒိဋ္ဌိ) ဖြစ်တာပဲ (မှန်ပ့ါ)၊ သိပေးတဲ့နေရာမှာ သိလိုက်တာနဲ့ ပျက်သွားတာ နဲ့ဟာ (ဖြစ်ပျက်) အနိစ္စပဲ၊ ဤဟာ (ဝိညာဏ်) လို့အသိလိုက်ပေးရင် (ဥဒယဝယဉာဏ်) ဆိုတဲ့ (ဖြစ်ပျက်) အနိစ္စကိုလည်းသိပါတယ်၊ (နိရောဓ) ချုပ်တာကိုလည်းသိပါတယ် (မှန်ပ့ါ)။

(အဝိဇ္ဇာ) ဖြစ်ရင် (ဝိညာဏ်) ဖြစ်တယ်၊ (အဝိဇ္ဇာ)ချုပ်ရင် (ဝိညာဏ်) ချုပ်တဲ့ (နိရောဓ) ကိုဆိုက်တယ်၊ မြတ်စွာဘုရားက (ဧကောဓမ္မော) လို့ ဟောတာ (ဝိညာဏ်) သိရင် ခံစားမှု (ဝေဒနာ) လည်းသိလာတယ်၊ မှတ်သားမှု (သညာ)လည်းသိလာတယ်၊ (ရုပ်) ကိုလည်း (သိ)လာတယ်၊ (ဓမ္မ) တစ်ခုသိရင် ခန္ဓာ (ဓမ္မ)တွေပါသိလာ တယ်၊ ဒီလိုဖြစ်လာတယ်၊ (မှန်ပ့ါ)။

ဒီလို (ဓမ္မ)လေးတွေသိနေရင် (သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြစ်နေ တာပဲ၊ ဓမ္မာနုဓမ္မပဋိပတ္တိရာ လောကုတ္တရာတရားအားလျော်စွာ ကျင့်နေတာပဲလို့မှတ်ပါ (မှန်ပ့ါ)။

(သမ္မာဒိဋ္ဌိ) ဖြစ်တော့ (သစ္စာ၄ပါး) လည်း သိလာတာပေါ့၊ သစ္စာ၄ပါးသိပုံက

| | | |
|---|---|---|
| ဝိညာဏ်ဖြစ်လာပုံလေးတွေက | = | (ဒုက္ခသစ္စာ) |
| ဝိညာဏ်လေးတွေဖြစ်ကြောင်းက | = | (အဝိဇ္ဇာ၊ သင်္ခါရ) ဆိုတော့(သမုဒယသစ္စာ) |
| ဝိညာဏ်လေးတွေချုပ်ကြောင်းက | = | (နိရောဓသစ္စာ) |
| ဝိညာဏ်လေးတွေသိတာက | = | (မဂ္ဂသစ္စာ) လို့ ဒီလိုသစ္စာ(၄)ပါးကိုသိလာတယ်၊ (မှန်ပါ့) |

(ဝိညာဏ်) က အနိစ္စသဘာဝ (သင်္ခတ) ပဲ၊ ဒါကြောင့် (ဝိညာဏ်) က (သင်္ခတ)တရားဖြစ်တော့ (အကြောင်း) ဖြစ်နေပြီ၊ (ဝိညာဏ်)ချုပ်ကြောင်းက (နိရောဓသစ္စာ) ရောက်သွားပြီ။ ဒါကြောင့် ကိုယ့်သန္တာန်မှာ (သိတာ) လေးတွေဖြစ်ဖြစ်နေတာဟာ (ပညတ်) နဲ့ မရောခင် အမိပ္ပါယ်မကောက်ခင်၊ ဘာပဲ၊ ညာပဲလို့မသိခင် (သိရုံ)လေး ဖြစ်တဲ့ (ဝိညာဏ်) ထက်မပိုအောင် (ဝိညာဏ်) မှာပဲဖြတ်နိုင်အောင် ဣတိဝိညာဏံ၊ ဤဟာ (ဝိညာဏ်) လို့ဆိုပြီး နှလုံးသွင်းပြီး သိသိနေမှ (ဝိညာဏ်) မှန်းသိလာတယ်၊ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်နဲ့ပြောရင် (ခန္ဓာငါးပါး) ရတာဟာ (အဝိဇ္ဇာ၊

သင်္ခါရ) ကစပြီး (ဝိညာဏ်) ဖြစ်၊ (ဝိညာဏ်) ကနေ ဖဿ၊ ဝေဒနာ၊ သညာ (ခန္ဓာငါးပါး) (နာမ်ရုပ်) ရလို့ ဒုက္ခအမှန် (ဒုက္ခသစ္စာ)တွေရတာပဲ (ဒုက္ခသစ္စာ) ကနေ ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) ဖြစ်တာက (တဏှာ၊ ဥပါဒါန်၊ ကံ) (သမုဒယ) တွေလုပ်တော့ (ဝိညာဏ်၊ နာမ်ရုပ်) (ဒုက္ခခန္ဓာငါးပါး) ပြန်ရ (သမုဒယ) ပြန်ဖြစ်၊ ဒီလိုပဲနေ့စဉ် (ကံသုံးပါး) ဖြစ်တိုင်းမှာ (ဒုက္ခသစ္စာ) နဲ့ (သမုဒယသစ္စာ) တွေပဲ (သံသရာ) လည်နေတာ၊ ကုသိုလ်မပါရင် (အပါယ်) ကျကြတာပဲ၊ ကုသိုလ်ပါရင် နတ်ပြန်ဖြစ်ကြ၊ ကုသိုလ်အရှိန်ကုန်တော့ လူ့ဘဝ၊ တိရိစ္ဆာန်ဘဝပြန်ရောက်နဲ့ ဥဒါဘုံရဲ့သံသရာဝဲသြကြီးထဲမှာ မြုပ်ချီ၊ ပေါ်ချီနဲ့ချာချာလယ်နေကြတယ် . . . (မှန်ပါ့)။

ဒါကြောင့် မြတ်စွာဘုရားက (ဒုက္ခခန္ဓာ) ပြန်မရအောင် (ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ) ကို ရှုခိုင်းတဲ့နေရာမှာ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ဒီအတိုင်း ရှုခိုင်းပါတယ်နော် (မှန်ပါ့)၊ (ဝိညာဏ်) ဟာ (အဝိဇ္ဇာ) ကြောင့်၊ (သင်္ခါရ) ကြောင့် (ဝိညာဏ်)စဖြစ်တဲ့ (ဓမ္မ)လေးပဲ၊ ရှုတဲ့နေရာမှာ ဒီဓမ္မ (ဝိညာဏ်) ထက်ပိုမသွားအောင် ရှုပါ၊ ပုခက်ထဲက ကလေးငယ်လေးရဲ့ (အသိ) လေးနဲ့ရှုပါ၊ လူကြီးသိဆိုရင် (ပညတ်) တွေပါလာလို့ (ခန္ဓာငါးပါး) ဒုက္ခရတဲ့အပြင်၊ အပိုဆု (တဏှာ၊ ဥပါဒါန်၊ ကံ) သမုဒယတွေပါရပြီး နောက်တခါ (ခန္ဓာငါးပါး) ပြန်ရ (ဒုက္ခ) ပြန်ဖြစ်၊ ဒုက္ခပြီး သမုဒယဖြစ်၊ သမုဒယဖြစ်ပြီးရင် ဒုက္ခပြန်ရနဲ့ (ဒုက္ခနဲ့

သမုဒယ) အယုတ်သစ္စာ (၂)ပါး သာရပြီး (သံသရာ) လည်ကြမှာ၊ ဒါကြောင့် ဤဟာ (ဝိညာဏ်) ဆိုတဲ့ သိမှု(ဉာဏ်) သိနဲ့ (မဂ္ဂသစ္စာ) ဖြစ်အောင်လုပ်၊ ဒါမှနိရောဓ (နိဗ္ဗာန်) ဆိုက်ကြမှာ . . (မှန်ပါ့ဘုရား)။

(ဝိညာဏ်) လို့မသိပဲ (ပညတ်) ပါသောစိတ် (ခန္ဓာငါးပါး) သိဖြစ်လာရင်၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိစိတ်တွေနဲ့ အပဟေတုကပဋိသန္ဓေ(အဟိတ်ဝိညာဏ်စိတ်)ဖြစ်တော့(လောဘ၊ ဒေါသ၊ မောဟ) တွေဖြစ်လာတယ်၊ ဒီ (လောဘ၊ ဒေါသ၊ မောဟ) တွေနဲ့ဖြစ်နေတဲ့ (အဟိတ်ဝိညာဏ်စိတ်) ဟာ မျိုးဗီဇဖြစ်နေတယ်။ ဒီမျိုး၊ ဒီဗီဇ ဒီသတ္တိစိတ်တွေ ရှိနေတာကြောင့် သေခါနီး (ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်) တွေဟာ (မရဏာသန္နဇော) အနေနဲ့ပြကြပြီပဲ၊ အဲ (လောဘ) နဲ့သေရင် (ပြိတ္တာ)၊ (ဒေါသ) နဲ့သေရင် (ငရဲ)၊ (မောဟ) နဲ့သေရင် (တိရစ္ဆာန်) ပဋိသန္ဓေဖြစ်ကြတော့မယ်၊ ဘယ်ဟာမှမကောင်းဘူး၊ ဒါကြောင့်မြတ်စွာဘုရားက အပါယ် (၄)ပါးမှ လွတ်ကြစေဖို့ (၃၁)ဘုံမှ လွတ်ကျွတ်ကြစေဖို့ (နိဗ္ဗာန်) ကြီးကို မျက်မှောက်ပြုနိုင်ကြဖို့ (ဓမ္မာနုပဿနာ) ကို ဟောကြားခဲ့တာပဲဒကာကြီး (မှန်ပါ့ဘုရား)။

(ဝိညာဏ်) ကအကျယ်ကြီးပဲ (ဝိညာဏ်) ကနေ (စိတ်) တွေဖြစ်တယ်၊ (စိတ်)တွေကဆန်းပြားသလောက် (လောဘတွေ၊ ဒေါသတွေ၊ မောဟ) တွေများများဖြစ်ပြီး အပါယ်ကျကြတော့တာပဲပေါ့။ (မှန်ပါ့)၊ ဒါကြောင့်ဘာမဆို သိရုံလေးထက်မပိုတဲ့ (အသိ) ကလေးနဲ့ ဤဟာ

(ဝိညာဏ်) လောက်ပဲသိ၊ (ဝိညာဏ်) ဓမ္မသဘာဝလေးအတိုင်းပဲ (သိ) နေရင် (အဟိတ်ဝိညာဏ်) မဖြစ်တော့ဘူး (လောဘ၊ ဒေါသ၊ မောဟ) တွေလည်း ဖြစ်ခွင့်မရတော့ဘူး၊ အကုသိုလ်စိတ် (၁၄)ပါးလုံးလည်း မဖြစ်ဘူး၊ မီး (၁၁) မီးလည်းငြိမ်းတယ် (မှန်ပါ့)၊ (ဝိညာဏ်) ကို(ဝိညာဏ်) မှန်းမသိရင်

(၁) ကာမစ္ဆန္ဒ နီဝရဏ

(၂) ဗျာပါဒ နီဝရဏ

(၃) ထိနမိဒ္ဓ နီဝရဏ

(၄) ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ

(၅) ဝိစိကိစ္ဆာ နီဝရဏတွေ စတဲ့ (မဂ်တားဖိုလ်တား)တဲ့ (နီဝရဏ) ငါးပါးတွေဖြစ်ပြီပေါ့ (ဝိညာဏ်)မှန်းသိရင် မဂ်တားဖိုလ်တား (နီဝရဏ)တွေလည်း ဖြစ်ခွင့်မရတော့ဘူးပေါ့၊ . . (မှန်ပါ့) (ဝိညာဏ်) ကို (ဝိညာဏ်) အတိုင်းသိရင် - (နီဝရဏ)တရားတွေမပေါ်တော့ဘူး၊ (ကာမ၊ ရာဂ၊ ဒေါသ၊ မောဟ) တရားတွေနည်းပါး၊ နည်းပါးသွားပြီးတော့ (နိဗ္ဗာန်) မြင်တာပဲ (မှန်ပါ့)။

(ဝိညာဏ်) ကို (ဝိညာဏ်)အတိုင်း မသိရင် သေခါနီး (အဟိတ်ဝိညာဏ်)နဲ့မကောင်းတဲ့ (ပဋိသန္ဓေဝိညာဏ်) ရပြီပေါ့ (မှန်ပါ့)၊ မသေမီ ဘဝတလျှောက်လုံးမှာဆိုရင် မိနစ်တိုင်း၊ စက္ကန့်တိုင်းမှာ အဟိတ်ပဝတ္တိ (ဝိညာဏ်) တွေကဖြစ်နေတာပဲ၊ အခုဖြစ်နေကြတာက ဘာဝနာ

မပါရင် (အဟိတ်ပဝတ္တိဝိညာဏ်) ကအဖြစ်များနေတာပဲမှတ်ပါ။ (မှန်ပါ့)

(ဝိညာဏ်) က (သင်္ခတ) ဖြစ်တော့ (သင်္ခတ) တရားသည် (နိစ္စဝါနသင်္ခတ) ဆိုတော့ အမြဲတန်းဖြစ်နေတာပေါ့၊ ဒီ (သင်္ခတ) တရားတွေဟာ အမြဲတန်းအသစ်အသစ်ဖြစ်နေကြတာပေါ့ (သင်္ခတ) တရားတွေဟာ မီးတောက်မီးလျှံလို တရှိန်းရှိန်းတောက်လောင်နေတာပေါ့၊ ဒီလိုဖြစ်နေတာ (ပဝတ္တိနိမိတ်)၊ ယခု (ပစ္စုပ္ပန်) မှာဖြစ်နေတဲ့ (နိမိတ်အာရုံ) တွေပဲ၊ ဒီပဝတ္တိနိမိတ်၊ ပဝတ္တိအာရုံတွေဟာ ပိုးဖလံမျိုးမီးကိုတိုးသလို (အဟိတ်ဝိညာဏ်) ဖြစ်တဲ့ (ခန္ဓာငါးပါး) ရမှု (ဒုက္ခသစ္စာ)၊(တဏှာ ဥပါဒါန်ကံ) ဘက်ရောက်တဲ့ (သမုဒယသစ္စာ) တွေနဲ့ပဲ (ပဝတ္တိ) အခါဖြစ်တဲ့ (ပစ္စုပ္ပန်) မှာလည်း (ဒုက္ခနဲ့သမုဒယ) သံသရာလည်တော့တာပေါ့၊ (မှန်ပါ့)၊

သေလည်း ဒီဇာတိ၊ ဒီမျိုးပဲရတော့တယ်၊ သရက်ပင်က သရက်သီးသံသရာလည်သလိုပဲ၊ အပင်ကအသီး၊ အသီးကမျိုး၊ မျိုးကနေအပင်ပြန်ဖြစ်ပြီး၊ သံသရာလည်သလိုပဲ (မှန်ပါ့)၊ (ဝိညာဏ်) မှာပဲချုပ်သွားရင် (နိရောဓဓမ္မ) ခဏနိဗ္ဗာန်ကနေ အစဉ် နိရောဓ (နိဗ္ဗာန်) ဘက်ကူးတာပေါ့ (နိဗ္ဗာန်)ကြတော့ (နိရောဓသစ္စာ)ဆိုတော့ ဒီလိုမဖြစ်တော့ပဲ အမြဲငြိမ်းပြီပေါ့ . . (မှန်ပါ့ဘုရား)

ဤဟာ (ဝိညာဏ်) လို့သတိထားပြီး ဆိုဆိုပြီးပွားပေးမှ (ဉာဏ်) ပေါ်တယ် (ဓမ္မ)လေးမှန်းသိတယ်၊ ဒါက (ကမ္မဋ္ဌာန်းဘာဝနာ)

ပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်တယ်၊ ရှေးတုံးကဆိုရင် ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ဒီလိုပဲ (ကမ္မဋ္ဌာန်းဘာဝနာ) ပွားရင်းနဲ့ (နိဗ္ဗာန်) စံဝင်သွားကြတာပဲ၊ (မှန်ပါ့)။

ဤဟာ (ဝိညာဏ်) လို့ရှုတဲ့အခါမှာ၊ (ဝိညာဏ်) ကြောင့်၊ စိတ်၊ စေတသိက်တွေက ဖြစ်လေတော့ (ဥပမာ) နှလုံးသွင်းမှားရင် (စေတသိက်)ကြောင့်ဖြစ်တဲ့ (အဟိတ် ဝိညာဏ်) ပဲ၊ (ရာဂ၊ ဒေါသ) တွေဖြစ်သွားတာပဲ (မှန်ပါ့)၊ လောဘ ဖြစ်တာ၊ ဒေါသဖြစ်တာတွေက အကုသိုလ် (စေတသိက်) ကြောင့် ဖြစ်ရတာပဲ (ဝိညာဏ်)ကနေ (စိတ်) တွေဖြစ်လာရင် စိတ်ဆိုးစိတ်သွမ်း တွေပေါ်လာရင်၊ ပူပန်စိတ်ဖြစ်လာရင် ဒီစိတ်ကို ဤဟာ (ဝိညာဏ်) လို့ရှုလိုက်ရင် ဒီ (အကုသိုလ်) စိတ်တွေက သေတော့တယ်၊ ဖြစ်နေတဲ့ (အကုသိုလ်စိတ်)တွေ ဖြစ်ကြောမရှည်တော့ဘူး၊ ဤဟာ (ဝိညာဏ်) လို့ လည်းသိရော၊ ဖြစ်နေတဲ့အကုသိုလ်စိတ်တွေ (ပျက်)သွားတော့တာပဲ၊ (မှန်ပါ့)။

အသံကြားရင်လည်း အသံက=ရုပ်၊ နားကလည်း = ရုပ်၊ ကြားတာက (ဝိညာဏ်) ဒါကြောင့်ကြားတာကို အသံ(ရုပ်)ပဲရှုရှု၊ ကြားသိဖြစ်လို့ ဤဟာ(ဝိညာဏ်) လို့ပဲ ရှုရှု ကောမဟော့ပဲ (မှန်ပါ့)၊ ကြားလိုက်တဲ့ (ဝိညာဏ်) လေးက အတိတ်စက္ကန့်မှာပဲချုပ်တယ်၊ ပစ္စုပ္ပန်စက္ကန့်ကို မပါဘူး၊ (အနိစ္စ) ဖြစ်သွား တယ်၊ ဒါကြောင့် (ဝိညာဏ်) လို့ရှုတဲ့နေရာမှာ သိလိုက်တာနဲ့ (ပျက်) တာပဲ၊ ဖြစ်ပြီးပျက်တာပဲ၊ (အနိစ္စ) ပဲ အသိများ

လာလို့ (ဉာဏ်) ကောင်းလာရင် (ဖြစ်ပျက်) မြင်တော့တာပဲ၊ (ဖြစ်ပျက်) တာရှည် မြင်လာရင် သူ့ (အသိ) ထဲမှာငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ (သတ္တဝါ) တွေမထင်တော့ဘူး၊ (သမ္မာဒိဋ္ဌိ) ဖြစ်ပြီး (အဖြစ် အပျက်) တွေများများတွေ့လာရင် ဘင်္ဂဉာဏ်အပျက် ချည်းမြင်တဲ့ (ဘယဉာဏ်)ရပြီး ဉာဏ်စဉ်တွေ တက်သွားတာဟာ (မဂ်ဉာဏ်) (ဖိုလ်ဉာဏ်) အထိ တက်သွားတာပေါ့ (မှန်ပါ့)။

(ထိ) တာကိုသိတာက ကာယ (ဝိညာဏ်)၊ (သိ)တာကမနော (ဝိညာဏ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (ရုပ်) လို့ဆိုဆိုပေးရတယ်၊ (အသိ) လိုက်ပေးရတယ်၊ (သိ) ဖန်များတော့ မဆိုရတော့ပါဘူး၊ ဤဟာ (ဝိညာဏ်) လို့ ရှုပေးဖန်များရင် (ဒိဋ္ဌိ) ပြုတ်တဲ့ (ဒိဋ္ဌာသဝ) ကွာပြီး (သောတာပန်) အမြန်ဆုံးတည်တယ် . . (မှန်ပါ့)။ အိပ်နေတဲ့အခါ အသက်ရှူနေတာဟာ ရှူးရှဲ၊ ရှူးရှဲနဲ့ဖြစ်တာကလည်း (ဝိညာဏ်) ပဲ၊ အသက်ရှူတဲ့ (စိတ္တဇဝါ ယော) က (ဝိညာဏ်) ပဲ၊ (ဝိညာဏ်) မဖြစ်ရင် အသက်မရှူဘူး၊ ဒီလို အသက်ရှူတာ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါက အသက်ရှူတာလို့မမှတ်နဲ့၊ ဒါ (ဝိညာဏ်) ကြောင့်ရှူတာ (ဝိညာဏ်)ပဲ၊ အသက်ရှူရင် ထုတ်ရင် ဤဟာ (ဝိညာဏ်) ပဲလို့သိနိုင် တယ် . . . (မှန်ပါ့)။

စက္ခုနံမျက်စိဖြင့် (ရူပံ) = ရူပါရုံအဆင်းကိုမြင်သည်ရှိသော်
စက္ခုမျက်စိ+အဆင်း = ရူပါယတနံ (ရုပ်) ရတယ်၊

မြင်တာကမြင်သိ = ဝိညာဏ် (နာမ်)

ဘာ၊ ညာအသိ = သညာ၊ သင်္ခါရ၊ ဝေဒနာ

ဖဿ၊ ဝေဒနာက = စေတသိက် (နာမ်)

မြင်ရင် → ဝိညာဏ် → နာမ်ရုပ် (ခန္ဓာငါးပါး) ရတယ်။

ပါဠိလိုက

စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ → စက္ခုဝိညာဏံ (မြင်စိတ်)

မျက်စိဖြင့် ရူပါရုံ (ရုပ်) ကိုပဲဒိတ္ဌာ = မြင်သည်ရှိသော်(အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ) တဲ့ (ပဋိစ္စသမုပ္ပါဒ်) လည်တယ်၊ (နာမ်ရုပ်) အထိရောက်သွားတယ်၊ (ဖဿ) (သင်္ခါရ) တို့ (သညာ)တို့ (ဝေဒနာ) စတဲ့ (စေတသိက်) တွေ ပါလာလို့ (နာမ်ရုပ်) ခန္ဓာငါးပါး (ဒုက္ခသစ္စာ) ရတော့တယ်၊ ဒီတော့ (ခန္ဓာငါးပါး) အထိမရောက်အောင် (ဝိညာဏ်) မှာပဲဖြတ်တတ်အောင် ဤဟာ (ဝိညာဏ်) လို့ပဲရှုပါ . . (မှန်ပါ့)။

နားဖြင့် အသံကိုကြားသည်ရှိသော် နာမ်ရုပ် (ခန္ဓာငါးပါး) ဒုက္ခရတယ်၊ နှာခေါင်းဖြင့်အနံ့ကို နံသည်ရှိသော် (ခန္ဓာငါးပါး) ဒုက္ခရမယ်၊ ထိတွေ့မှုဖြင့်၊ ကြံတွေးမှုဖြင့် စတဲ့ဒွါရ (၆) ပေါက်နဲ့အာရုံ (၆)ပါးတို့ (အဝိဇ္ဇာသင်္ခါရ) ကြောင့် တွေ့တိုက်မှုဖြစ်လာရင်၊ ဝိညာဏ်၊ နာမ်ရုပ် (ခန္ဓာငါးပါး) ရတာက (ဒုက္ခသစ္စာ) တွေ့ရတာပဲ၊ (ခန္ဓာငါးပါး) ရတော့-(ဒုက္ခသစ္စာ) ဖြစ်တယ်၊ ဒီတော (ခန္ဓာငါးပါး) ဒုက္ခသစ္စာ မရအောင်

ဒိဋ္ဌေဒိဋ္ဌမတ္တံ၊ သောတေသောတ္တမတ္တံလိုပဲ၊ မြင်ကာမတ္တရှုပါ၊ ကြားကာမတ္တရှုပါ။ မြင်ကာမတ္တ ကြားကာမတ္တက (ဝိညာဏ်) ပဲ၊ နာမ်ရုပ်ဘက် (ခန္ဓာငါးပါး) ရမှုမကူးခင် (သိရုံ) လေးပဲသိတာမျိုး (ဝိညာဏ်) သိရအောင် လေ့ကျင့်ယူပါ (မှန်ပါ့)၊ ဒီလိုလေ့ကျင့်ယူတော့ အမြင်မှန် (သမ္မာဒိဋ္ဌိ) ရပြီး (ခန္ဓာ) မဖြစ်ရာ၊ ဒုက္ခမဖြစ်ရာ၊ မပျက်ရာ၊ ဒုက္ခချုပ်ငြိမ်းရာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုရတာပဲ၊ (မှန်ပါ့ဘုရား)။

## စိတ်

သိရုံပဲသိတဲ့အဆင့်က(ဝိညာဏ်) ပဲ၊(အဝိဇ္ဇာ) ကြောင့် (သင်္ခါရ) ကြောင့်ဖြစ်ရတာ (ဝိညာဏ်)ပဲ၊ (ဝိညာဏ်) က (သိ) ရုံလေးပဲရှိတယ်၊ အဆင်း၊ အသံ၊ အနံ့စတဲ့ (အာရုံ) ကို စသိတာ (ဝိညာဏ်) ပဲ၊ မြင်တဲ့အပေါ် ကြားတဲ့နံ့တဲ့အပေါ်မှာ (ပညတ်) ပါလာရင် (စိတ်) နာမ်ဖြစ်သွားပြီ၊ မြင့်တဲ့အာရုံ၊ ကြားတဲ့အာရုံ၊ နံ့တဲ့အာရုံပေါ်မှာ ဘာပဲ၊ ဘယ်သူ၊ ဘယ်ဝါပဲ ဆိုတဲ့အမှတ် (သညာ) ပါလာရင်၊ ခံစားမှု (ဝေဒနာ)ပါလာရင်၊ ဖဿ (သင်္ခါရ) ကစုပေးတော့ (စိတ်ခန္ဓာ)ဖြစ်လာတယ်၊ ဒီတော့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ် (ခန္ဓာ) တွေ ဖြစ်လာရတယ်၊ အဲ့ဒီ (စိတ်)က (ခန္ဓာငါးပါး)လုံး ပါဝင်ပြီးဖြစ်ကြလို့ (စိတ်) နာမ်၊ (စေတသိက်) နာမ်နဲ့ (ရုပ်)တို့ပါလာ တော့ (ရုပ်နာမ်) ဖြစ်လာတယ်၊ (ဝိညာဏပစ္စယာ နာမရူပံ) ပဲကိုး . . (မှန်ပါ့)၊ (ဝိညာဏ်) ကြောင့် (နာမ်ရုပ်) ဖြစ်တယ် ဆိုတာဒါပေါ့ (မှန်ပါ့)၊ ဒါက (ပဋိစ္စသမုပ္ပါဒ်) နည်းပဲ၊ (မှန်ပါ့)။

လွှယ်လွှယ်လေးမှတ်ထားဘို့က (ဝိညာဏ်) သိကလေးက (ရုပ်) လို့မမြင်ပဲ (ပညတ်)လို့မြင်ရင် မြင်တဲ့ (ပညတ်)၊ ကြားတဲ့ (ပညတ်)၊ နံတဲ့ (ပညတ်) စားတဲ့ (ပညတ်)ကို သိမ်းပိုက်မိရင် (စိတ်) ဖြစ်ရတယ်၊ (စိတ်) ဆိုတာ (ပညတ်) ပါလာမှ (စိတ်)ဖြစ်ရတာ (ပညတ်) ကြောင့် (စိတ်) ဖြစ်ရတာ၊ (ပညတ်) မပါရင် (စိတ်)မဖြစ်ဘူး၊ (ပညတ်) မပါတဲ့ အဲ့ဒီ (စိတ်) မဖြစ်ရင်ဘာဖြစ်မလဲ၊ (သိ)ရုံပဲသိတယ်၊ (ပညတ်) မပါသော (သိရုံ) ပဲသိတဲ့ (ဝိညာဏ်) ဖြစ်တယ်၊ (ဝိညာဏ်) ဟာ (ပညတ်) ပါလာရင် (စိတ်) ဖြစ်တာပဲ၊ ဘာစိတ်၊ ညာစိတ်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိတွေ့စိက်၊ ကြံတွေးစိတ်လို့ခေါ်ရတာပဲ၊ အာရုံကြောင့်လည်း (စိတ်) ဖြစ်ရတယ်၊ (ဓမ္မာရုံ) ပေါ့။ အာရုံက (အကြောင်း) စိတ်က (အကျိုး) **"အာရုံ (ပညတ်)၊ မနော (ဝိညာဏ်) ဆုံရင် (ဖဿ) ဖြစ်သတည်း၊ မဆုံရင် (နိဗ္ဗာန်) ရောက်သတည်း"** လို့ ဘုန်းကြီးစပ်ထားသေးတယ် (မှန်ပ့ါ)။

(စိတ်)ဆိုတာ (ပညတ်) မကပ်ရဘူး **"(ပညတ်) မကပ် ထိုနာမ်ဓါတ်နိဗ္ဗာန်ရောက်ပြီမှတ်တဲ့"** (မှန်ပ့ါ)၊ **"ဓမ္မပဒ"** မှာလာတယ်၊ မြတ်စွာဘုရားလက်ထက်က မျက်မမြင်စက္ခုပါဠမထေရ်ကြီးတစ်ပါးနေတဲ့ ကျောင်းမှာ ဆောင်းတွင်းဆိုတော့ ကျောင်းထဲကိုပိုးဖလံတွေ၊ ပရစ်ကောင်တွေက ကြမ်းပေါ်ရောက်လာတော့ မျက်မမြင်ရဟန်းကြီးက စင်္ကြံန်လျှောက်တော့ ပိုးဖလံလေးတွေကို နင်းမိတာပေါ့၊ ဒါကိုအခြား

ရဟန်းတွေက မြတ်စွာဘုရားကို သွားလျှောက်တယ်၊ ဒီလိုပဲ စက္ခုပါဠ မထေရ်ကြီးက ပိုးကောင်တွေ နင်းသတ်နေပါတယ်ဆိုတော့ မျက်မမြင် မထေရ်ကြီးရဲ့ (မနောစိတ်) မှာ ပိုးကောင်ဆိုတဲ့ (ပညတ်) မကပ်တော့ ပြစ်မှားတဲ့စိတ်မရှိလို့ (အကုသိုလ်) မဖြစ်တာကို ရဟန်းတွေသိလာကြ တယ်၊ ဒါကြောင့် (ပြစ်မှား)တဲ့စိတ်လည်းမရှိရဘူး၊ နာမ်မှာလည်း (ပညတ်) မကပ်ရဘူး၊ ကပ်ရင် (ရာဂ၊ ဒေါသ) တွေဖြစ်တယ်၊ (ပညတ်) မကပ်ရင် (ရာဂ၊ ဒေါသ) ကမဖြစ်ဘူး၊ (ရာဂဒေါသ) ဖြစ်တာ (ပြစ်မှား) တဲ့စိတ်နဲ့ (ပညတ်) ကပ်လို့မှတ်ပါ၊ (မှန်ပ့ါ)။

ဒါကြောင့် (စိတ်) ဆိုတာ (ပညတ်) ပါမှ (စိတ်) ဖြစ်တယ်၊ (စိတ်)ဆိုတာ (ပညတ်) နဲ့မှဖြစ်ရတာမျိုးပဲ၊ (စိတ်) ဖြစ်တာ မဖြစ်တာ သိရင် (ပရမတ်) အစစ်ပဲ၊ **“ဖြစ် ၊ မဖြစ်ပရမတ်အစစ်လို့”** မှတ်၊ **(စိတ်) မဖြစ်တာက ၊(နိဗ္ဗာန်)ပဲ၊ (စိတ်)ဆိုတဲ့ (ခန္ဓာ) မဖြစ်ရာမပျက်ရာက (နိဗ္ဗာန်)ပဲ. . . . (မှန်ပ့ါ)၊ (စိတ်) ဆိုတာ (ဝိညာဏ်) ကို (သင်္ခါရ)က စုပေးလို့ (စိတ်) ဖြစ်ရတာ၊ (စိတ်) က (သင်္ခါရ) တရားဆိုတော့ (စိတ်) မဖြစ်ရင် (သင်္ခါရ) မဖြစ်တဲ့အသင်္ခတ (နိဗ္ဗာန်) ပဲပေ့ါ (မှန်ပ့ါ)။**

(စိတ်) ဖြစ်တာကို သိတဲ့ပရမတ်က (သင်္ခတ) ပရမတ်၊ (စိတ်) မဖြစ်တဲ့ (ပရမတ်) က (အသင်္ခတ) ပရမတ်ပဲ၊ (ပရမတ်) က ၂မျိုးကွဲ တယ်၊ (မှန်ပ့ါ)၊ စိတ်ဖြစ်တာကိုသိရတာက (သတိ) ရှိမှသိရတာ၊ မိမိသန္တာန်မှာ (သတိ) ဖြစ်နေရင် (ပညတ်) စိတ်မဖြစ်တော့ဘူး (မှန်ပ့ါ)၊

(စိတ်) မဖြစ်တော့ အနိစ္စပျက်သွားတာပေါ့၊ ဥဒယဝယ (ဖြစ်ပျက်) ဆိုတဲ့ စာကမှန်းနေသေးတယ်၊ (ဉာဏ်) ကမြန်တယ် (မှန်ပ့်)။

မြတ်စွာဘုရားက **"အတ္ထိစိတ္တန္တိဝါပဏ္ဏာသာပစ္စုပ္ပဋ္ဌိတံဟောတိ"** တဲ့ (စိတ်)စင်စစ်ဖြစ်နေရင် (ပညတ်) တွေ (ရာဂ၊ ဒေါသ၊ မောဟ) မပါတဲ့ စိတ်သာရှိတော့တယ်တဲ့၊ **(စိတ်)က (ပညတ်) ပါသော (စိတ်) နဲ့ (ပညတ်) မပါသော (စိတ်) ရယ်လို့ ၂မျိုးရှိတယ်၊ (စိတ်)နဲ့ (အာရုံ) ကိုလည်း ခွဲခြားသိရသေးတယ်၊ စိတ်ကနဂိုလ်က (ဝိညာဏ်) ဖြစ်လို့ (ပညတ်)ကမပါဘူး၊ (အာရုံ) နဲ့ရောမှ (စိတ်)ကဖြစ်ရတာ၊ (အာရုံ) တွေ ကလည်း ထွေပြားတယ်၊ ဆန်းကြယ်ကြတော့၊ မိမိသန္တာန်မှာ (အာရုံ) ယူတဲ့ဒွါရကလည်း ဒွါရ (၆) ပါး၊ (၆)ပေါက် တောင်ရှိတော့ စိတ်တွေက များပြီပေါ့၊ စိတ်တွေက ထွေပြားပြီပေါ့ . . (မှန်ပ့်)။**

(ပညတ်)မပါသော (စိတ်) က (ရာဂ၊ ဒေါသ၊ မောဟ)ကလွတ်နေတော့ သူ့ကို (ဝိမုတ္တိစိတ်) လို့လည်း ခေါ်ဆိုနိုင်တယ်၊ အဲဒီ (စိတ်)က သန္တာန်တစ်ခုခုကို အာရုံပြုလိုက်တာနဲ့ (စိတ်)သဘာဝပျက်သွားတယ်၊ စိတ်သဘာဝမဟုတ်တော့ဘူး (မှန်ပ့်)၊ (ဥပမာ) ရာဂဖြစ်စေတဲ့မိန်းမ၊ ယောကျ်ားဘက်ကို ရောက်သွားရင် (စိတ်) သဘောပျက်ပြီး (ရာဂ) ဘက်ရောက်သွားတယ်၊ ဒါကြောင့် (စိတ်) ကို (စိတ်)အတိုင်း ထားတတ်ဖို့ (ဉာဏ်)က အတော်လိုတယ် (မှန်ပ့်)၊ (သတိ)ရှိသော်လည်း (ဉာဏ်) ကဖြစ်ခဲတယ်၊ (ဉာဏ်) နဲ့ (သတိ) ဟာအဲဒီလိုကွာတယ်၊ (မှန်ပ့်ဘုရား)။

ဒါကြောင့် (သတိ)နဲ့(ဉာဏ်)ကို ခွဲဘို့ကတော့ သတိ=က(သတိ) ပဲ၊ (ဖြစ်ပျက်) ဆိုတာ **“ဉာဏ်”** ပါမှ (ဖြစ်ပျက်) မြင်ရတာမျိုးပဲ၊ (ဖြစ်ပျက်) က (ဉာဏ်) ပါတယ်၊ (သတိစေဝပညာစေဝ)တဲ့ (သတိ) ထားတဲ့ (သတိ)က (သဒ္ဒါ၊ သတိ၊ ဟိရိဩတ္တပ္ပကုသိုလ်)၊ (ဉာဏ်) က (သမ္ပယုတ်) (ဉာဏ်) ဆိုတာဆင်ချင်တယ် (သတိ) နဲ့အောင်းမေ့နေတယ်၊ နှလုံးသွင်း၊ (မှန်ပါ့)။

(စိတ်)က အတ္တိစိတ္တန္တိဝါပဏ္ဏာသ (ပ) ဟောတိ၊ စိတ်ကဘာနဲ့ ရှိသလဲဆိုရင် (အာရုံ)နဲ့ရှိတယ်၊ (ပညတ်)နဲ့ရှိတယ်၊ စိတ်က (ဉာဏ်) ဖြစ်ရုံ၊ (သတိ) ဖြစ်ရုံပဲရှိတယ်၊ စိတ်က (တဏှာ၊ မာန၊ ဒိဋ္ဌိ) မမှီ၍လည်း စိတ်က (သတိ) လေးနဲ့ပဲနေတယ်၊ (အာရုံ) ဆန်းကျယ်တာ၊ ဝတ္ထု ဆန်းကျယ်တာ (ဘူမ၊ ပုဂ္ဂလ) ဆန်းကျယ်တာတွေပါလာရင် (စိတ်) ကဆန်းကျယ်တယ်၊ အာရုံနဲ့ဝတ္ထုနဲ့ဘုံတွေနဲ့ ဆန်းကျယ်လာတဲ့အခါ၊ ဆန်းကျယ်တဲ့ (စိတ်)ဖြစ်လာတယ်၊ (စိတ်) ဆိုတာဆန်းကျယ်တာကို လည်း ခေါ်တယ် (မှန်ပါ့)။

(ဝိညာဏ်) နဲ့ (စိတ်) နဲ့ကွဲအောင်ပြောရရင် (စိတ်)ဆိုတာ ဆန်းကျယ်တာကိုခေါ်တယ်၊ (သိ)တာကိုခေါ်တာမဟုတ်ဘူး၊ (သိ) တာ က (ဝိညာဏ်) ဆန်းကျယ်စွာဖြစ်တော့ (စိတ်)ဖြစ်တယ်၊ ဘာဆန်းကျယ် သလဲဆိုရင် (အာရုံ) ကလည်း (ရူပါရုံ) အမျိုးမျိုးမှာ ဆန်းကျယ်တယ်၊ စက္ခုဝတ္ထုကလည်း ဆန်း ျယ်တယ် (မနော) ကျတော့ ပိုပြီးဆန်းကျယ်

တယ်၊ (မှန်ပ့ါ)။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနဆိုတဲ့မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ဒွါရ (၆)ပါးက ထိတွေ့ကြရတဲ့ (အာရုံ) တွေကဆန်းကျယ်စွာဖြစ်လာတာကို (စိတ်)လို့ခေါ်တယ်၊ (ဝိညာဏ်) ကသိတာ = (မနော) ရောက်တော့ (အာရုံ)က (ပညတ်) အာရုံတွေ၊ စိတ်၊ စေတသိက်၊ အာရုံတွေ (သုခုမ) ရုပ်အာရုံတွေ၊ (နိဗ္ဗာန်) အာရုံ တွေစတဲ့ (အာရုံ) တွေဆန်းကျယ်လို့ သူ့ကို (မနောဝိညာဏ်) မနောစိတ် လို့ခေါ်ရတာပဲ၊ (မှန်ပ့ါ)။

မနောအာရုံထဲမှာ (ရာဂ) တွေဖြစ်လာရင် (သရာဂစိတ္တံ) ရာဂနဲ့တကွဖြစ်သော (စိတ်)၊ ဒေါသဖြစ်လာရင် (သဒေါသစိတ္တံ) ဒေါသနှင့်တကွဖြစ်သော (စိတ်)၊ မောဟဖြစ်လာရင် (သမောဟစိတ္တံ) မောဟစိတ်၊ မောဟစိတ်မဖြစ်ရင် (အမောဟစိတ်) ဒေါသစိတ်မဖြစ်ရင် (အဒေါသစိတ်) လို့ ဒီလိုပဲခေါ်ရတာပဲ၊ ဒါတွေကလွတ်သွားရင် (ဝိမုတ္တိစိတ်) လောကီစိတ်က (သဉတ္တရစိတ်) (လောကုတ္တရာစိတ်) က (အနုတ္တရစိတ်) လို့ခေါ်တယ်၊ စိတ်ဆိုတာ (သတိပဋ္ဌာန်) ကြမှ (သရာဂ စိတ်၊ သဒေါသစိတ်၊ သမောဟ) စိတ်ရယ်လို့သိရတယ်၊ ဒီလိုအာရုံနဲ့ ဝတ္ထု၊ ဘုံတွေဆန်းပြားလို့ဖြစ်လာတာကို (စိတ်) လို့ခေါ်ရတာ၊ စင်စစ် ကတော့ (ဝိညာဏ်) ပဲ. . . (မှန်ပ့ါ)။

ရူပါရုံက (ဥပါဒါရုပ်)၊ ရူပါရုံကိုမြင်တော့ (စက္ခုဝိညာဏ်)

ဖြစ်ပြီး (မြင်စိတ်) ဖြစ်တယ်၊ ကြားတော့ (ကြားစိတ်)၊ နံတော့ (နံစိတ်) စတဲ့စိတ် (၆)မျိုးဖြစ်ရတယ်၊ "ရုပ် ၂ခုနဲ့ ဖဿနဲ့ပေါင်းမှ (ဝိညာဏ်စိတ်) ဟဒယရုပ်နဲ့ အာရုံရုပ်နဲ့ပေါင်းတော့မှ တွေးတောကြံစည်တဲ့ (မနော ဝိညာဏ်စိတ်) ဖြစ်ရတာပဲ၊ သင်္ဂြိုလ်ပိုင်းနဲ့ကျမှ (စိတ်)ဖြစ်တာအသေး စိတ်ပါတယ် (မှန်ပါ့)။

စိတ်၊စေတသိက်၊ ရုပ်၊ ပညတ်၊ **နိဗ္ဗာန်ကို** (ဓမ္မာရုံ)လို့ခေါ်တယ်၊ **စိတ်ကိုအာရုံပြုလို့ရတယ်၊** (စိတ်) ဆိုတာဟာ အလွန်နူးညံ့သိမ်မွေ့တယ်၊ **အလွန်မြင်နိုင်ခဲတယ်၊** (စိတ်)ဖြစ်တဲ့အခါ (ငါ့စိတ်) ရယ်လို့သာသိကြတာ၊ တကယ့် (စိတ်) သဘာဝကို သိကြတာမဟုတ်ဘူး၊ စိတ်မလုံကြဘူး၊ တရားထိုင်နေရင်ကောင်မှ မင်းနောက်မှာမြွေကြီး၊ မင်းကျောမှာ တောက်တဲ့ကြီးကပ်နေတယ်ဆိုရင် စိတ်မလုံကြဘူး၊ ထိတ်လန့်ကြတယ်၊ စိတ်လုံမှ (သမာဓိ) ဖြစ်တယ်၊ စိတ်လုံရင် (နိဗ္ဗာန်) ရောက်တယ်၊ နိဗ္ဗာန်ရောက်ကြတဲ့ (ရဟန္တာ) တွေဟာ စိတ်လုံကြတယ်၊ ကြောက်ခြင်း၊ လန့်ခြင်းမရှိကြဘူး (မှန်ပါ့)။

(စိတ်) သိမ်မွေ့တယ်ဆိုရင် (ပရမတ်) ရောက်သွားပြီ၊ (စိတ်) ခမွေ့နေတာက ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိတော့ ဘူး၊ (နိဗ္ဗာန်) ကလည်း အဲဒီသိမ်မွေ့စိတ်နဲ့သွားမှရတာ (ပရမတ်) အာရုံပဲ (မှန်ပါ့)။

(စိတ်) မှာ (ပညတ်)ပါမှ (ရာဂဒေါသ) ဖြစ်ရတာ (ပညတ်)

မပါရင်မဖြစ်ဘူး၊ စိတ်ဆိုတာ (ပညတ်) ဖြစ်တဲ့ (နာမည်)တို့ (သဏ္ဌာန်) တို့နဲ့ ဖြစ်ရတာ၊ (စိတ်) ဖြစ်ရင် (နာမ၊ သဏ္ဌာန်) က ပါရစမြဲပဲ၊ **စီးကရက်၊** ဆေးပေ့ါလိပ်ကလေး တစ်လိပ်မြင်ရင် စီးကရက်၊ ဆေးပေ့ါလိပ်ကလေး က (နာမည်) (သဏ္ဌာန်) က တမိုက်လောက်၊ တညို့လောက်၊ ပန်းဆို ရင်လည်းစပါယ်ပန်းက (နာမည်)၊(သဏ္ဌာန်)က အဖြူပွင့်လေး၊ ပိတောက် ပန်းဆိုရင်လည်း (နာမည်) က ပိတောက်ပန်း၊ (သဏ္ဌာန်) က အဝါပွင့်၊ အဲဒီလို (နာမသဏ္ဌာန်) နဲ့သိနေကြတော့ (စိတ်) ဖြစ်တယ်၊ ဒါကြောင့် "စိတ်ဆိုရင် (သိပျက်) ရှုရတယ်"၊ ဝင်လေထွက်လေ စိတ်ရှုလည်း (သိပျက်) ရှုရတယ်၊ (စိတ်) ဖြစ်ရင်ဖြစ်တာသိ၊ မဖြစ်ရင်မဖြစ်တာ သိရတယ်၊ **"စိတ္တသင်္ခါရပဋိသံဝေဒီ"** တဲ့၊ (စိတ်) ရဲ့ (သင်္ခါရ) ဖြစ်တာ လည်းသိ၊ မဖြစ်ရင်လည်းမဖြစ်တာသိရမယ်၊ (စိတ်)လည်း (ဓမ္မ)ပဲ၊ (စေတသိက်) လည်း (ဓမ္မ) ပဲ၊ (ရုပ်) လည်း (ဓမ္မ)ပဲ၊ (ပညတ်)လည်း (ဓမ္မ)ပဲ၊ (ပရမတ်) လည်း (ဓမ္မ) ပဲ၊ (နိဗ္ဗာန်) လည်း (ဓမ္မ) ပဲ၊ (မှန်ပ့ါ)။

စိတ်မှာ (ပညတ်)ပါရင် (ရာဂဒေါသ) ဖြစ်တယ်၊ (ပညတ်) မပါရင် (ရာဂ၊ ဒေါသ) မဖြစ်တော့ဘူး၊ ငြိမ်းတာပေ့ါ၊ အစဉ်ငြိမ်းတော့ (နိဗ္ဗာန်) ရတာပေ့ါ၊ (နာမည်) တွေ၊ (သဏ္ဌာန်) တွေပါရင် **"စိတ်ကို (ပညတ်) ပါသောစိတ်လို့သိရမယ်၊ (ပညတ်) မပါလာရင် (ပညတ်) မပါသောစိတ်"** လို့ ဒီလိုသိသိပေးရတယ် (မှန်ပ့ါ)။

ဒကာကြီး (စိတ်)တွေမှာ သောမနဿစိတ်၊ ဒေါမနဿစိတ်

တွေမလာဘူးလား၊ (လာပါတယ်ဘုရား)၊ တခါတလေစိတ်တွေ ယောက်ယက်ခတ်တယ်မဟုတ်လား (မှန်ပါ့ဘုရား) အဲဒီလိုစိတ်တွေလာရင် (ဥပါဒါန်) ကြောင့်ဖြစ်ရတယ်၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)လို့ သိလိုက်ရင် (စိတ်) တွေဘယ်ဖြစ်တော့မလဲ၊ (ဝိညာဏ်) လို့ပဲတန်းသိပါ (ဝိညာဏ်) ကလည်း ဘာ့ကြောင့်ဖြစ်သလဲဆိုရင် (ဥပါဒါရုပ်) အဆက်အသွယ်လုပ်လို့ တမဟုတ် (ဝိညာဉ်) ဖြစ်ရတယ် (သိ) တယ်ဆိုတဲ့သဘော (ဝိညာဏ်) ဖြစ်လာတယ်၊ ဒါကြောင့် ဘုန်းကြီးစပ်ထားတာလေးက -

- **(ဥပါဒါရုပ်) အဆက်အသွယ်လုပ်တမဟုတ် (ဝိညာဏ်) ဖြစ်သတည်း၊**
- **(ဝိညာဏ်) ဖြစ်ရာ (ခန္ဓာ)လာအဟုတ်အိမ်နှင့်တူသတည်း၊**
- **အိမ်နှင့်တူရာ ညော့်သည်လာ ကိစ္စထွေပြာများသတည်း၊**
- **ကိစ္စထွေပြာများသည့်အခါ ဤတွင် (ဒုက္ခ) ဖြစ်သတည်း လို့ ဘုန်းကြီးစပ်ထားပါတယ် (မှန်ပါ့)**

(ဝိညာဏ်) ရှိရာ (ခန္ဓာ) လာဆိုတာ (အဝိဇ္ဇာသင်္ခါရ) ကြောင့် (ဝိညာဏ်) ဖြစ်တယ် (ဝိညာဏ်) ဖြစ်တော့ (ဝိညာဏပစ္စယာနာမရူပ်) တဲ့ ဝိညာဏ်ကြောင့် (ခန္ဓာငါးပါး) ပါတဲ့ (စိတ်ခန္ဓာ) ဖြစ်တာပဲ၊ အဲဒီတော့ (စိတ်) ဖြစ်ရင် (ခန္ဓာငါးပါး) ဖြစ်တော့ (အိမ်)နဲ့တူပြီပေါ့၊ အိမ်နှင့်တူရာညော့်သည်လာဆိုတာ (အိမ်) နဲ့တူတဲ့ (စိတ်) ဖြစ်ရင် (စိတ်)

ရှိတုန်း (ညွှဲ့သည်) လာတာပဲ၊ ညွှဲ့သည်လာဆိုတာက စဉ်းစားမိမှ၊ တွေးမိမှ ညွှဲ့သည်ကလာတာ၊ ပေါ်တာ၊ ကိုယ်ကသွားမယားကို စဉ်းစားမိမှ၊ တွေးမိမှသားမယားဆိုတဲ့ ညွှဲ့သည်ပေါ်တာ၊ စဉ်းစားမှ တွေးမှ ဘယ်သူဘယ်ဝါ၊ ဘာညာဆိုတဲ့ ညွှဲ့သည်တွေ စိတ်ထဲရောက်လာတာ၊ သူတို့က ကိုယ့်စိတ်ထဲမှာအမြဲတန်းရှိနေတာ မဟုတ်ဘူး၊ သူတို့ကိုစဉ်းစားမိမှ သူတို့ဟာ ညွှဲ့သည်သဘောမျိုး ကိုယ့်စိတ်ထဲ ရောက်လာတာ၊ ကိုယ့်စိတ်မှာ ဒါမျိုးညွှဲ့သည်တွေ အမြဲတန်းရှိနေရင် ကိစ္စတွေဖြစ်များပြီပေါ့၊ ဒုက္ခရောက်ပြီပေါ့ (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဖြစ်နေပြီပေါ့၊ (နိဗ္ဗာန်) ဆိုတာ (ရာဂ၊ ဒေါသ၊ မောဟ) မရှိမှ (နိဗ္ဗာန်) ရတာမျိုးပဲ (မှန်ပါ့ဘုရား)။

အိမ်ထဲမှာ မှန်တစ်ချပ်ကို ဒီဘက်လှည့်ထောင်၊ ဟိုဘက်လှည့်ထောင်နဲ့ အမျိုးမျိုးလှည့်ထောင်နေရင် စားပွဲ၊ ကုလားထိုင်၊ ဘီဒို၊ ခါတ်ပုံ၊ ပန်းချီကားစတဲ့အိမ်ထဲမှာရှိတဲ့ ပစ္စည်းအရုပ်မျိုးစုံ မှန်ထဲမှာ ပေါ်လာသလိုပဲ၊ (ဥပါဒါရုပ်) နဲ့ အဆက်အသွယ်လုပ်တော့ တမဟုတ်(ဝိညာဏ်) တွေဖြစ်လာတာ၊ (နာမ်ရုပ်) တွေဖြစ်လာတာ၊ ကိုယ့်မှာ (စိတ်)အမျိုးမျိုး ပေါ်နေတာကို (ငါ့)စိတ်လို့ မလုပ်လိုက်နဲ့၊ ဒါက (ဓမ္မ) သဘောလေးတွေ ပေါ်လာတာ၊ ကိုယ့်မှန်က (ဥပါဒါရုပ်) တွေဘက်ကို ထောင်လို့ပေါ်လာတာပဲ၊ (ဓမ္မ) သဘောမျှပဲ၊ သဘာဝဓမ္မတရားလေးတွေပဲ၊ ဒီသဘာဝ လက္ခဏာသဘောလေးတွေ ပေါ်လာတာကို (ရုပ်) လို့မှတ်မှတ်၊ (ဝိညာဏ်) ပဲမှတ်မှတ်၊ စိတ်ပဲမှတ်မှတ် (သင်္ခါရ) ပဲမှတ်မှတ်၊ ဖြစ်ကာ

မတ္တ၊ ဖြစ်ခါမျှလေးကိုပဲ (သိ) ပေးနေရင် (ခန္ဓာငါးပါး) ဒုက္ခလည်းမရ၊ (အဝိဇ္ဇာ) လည်းမဖြစ်၊ (တဏှာ) လည်းမဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) တွေပါးလာပြီး ကုန်ဆုံးတဲ့ (နိဗ္ဗာန်)၊ (သခ်ီါရ) တွေ ကုန်ပျောက်တဲ့ (နိဗ္ဗာန်) ရပြီပေါ့ (မှန်ပါ့)။

(ဓမ္မာနုပဿနာ) ရှုပွားတဲ့အနေနဲ့ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ ဒီလိုသိသိပြီး ရှုပွားနေရင် (နိရောဓ) ဓမ္မဖြစ်နေတာပေါ့။ (အာရုံ)တွေ (ရုပ်) တွေနဲ့ အဆက်အသွယ်မလုပ်မိတော့ (ဝိညာဏ်) (နာမ်ရုပ်) မဖြစ်ပဲ (နိရောဓ) ဖြစ်နေတာပေါ့၊ (ကိလေသာ) မဖြစ်ပဲ၊ ကိလေသာမ်းတွေ ကိုယ့်သန္တာန်မဖြစ်တော့ပဲ၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေ မဖြစ်ရာ (နိဗ္ဗာန်) ရောက်တာပေါ့၊ ဒါဟာ (ပဌမတန်း) တရားပဲ ဒကာကြီး (မှန်ပါ့ဘုရား)။

ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)လို့ရှုတာဟာ (ဉာဏ်)အလုပ် ဖြစ်လို့ (ကိလေသာ)ကို (ဉာဏ်) နဲ့သတ်တဲ့ (နိရောဓ) က အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဘင်္ဂ၊ ဘယတွေ ကျော်ပြီး (အနုလောမဉာဏ်) ကို တန်းရောက် သွားတယ်၊ (အနုလောမဉာဏ်) ဆိုတာ (သခ်ီါရ) ကို (ဥပေက္ခာ) ပြုတဲ့ (သခ်ီါရုပက္ခါဉာဏ်) အရင့်စားကိုပြောတာ (မှန်ပါ့)။

(နိဗ္ဗာန်) ကူးသွားပုံက ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ သိနေရင်၊ ဖြစ်လာမဲ့ (ဒုက္ခခန္ဓာ) တွေဖြစ်ခွင့်မရတော့ဘူး၊ (ဒုက္ခခန္ဓာ) ငြိမ်း (နိဗ္ဗာန်) ကိုရတယ်၊ (သခ်ီါရ) တွေဖြစ်ခွင့်မရှိတဲ့ မဖြစ်ရာမပျက်ရာ

**(သင်္ခါရုပက္ခာဉာဏ်) အရင့်ကိုတန်းရောက်တော့တယ်၊ အဲဒီကနေ (သင်္ခါရ) မရှိတဲ့ (နိဗ္ဗာန်) ရတာပဲ (မှန်ပါ့ဘုရား)။**

**(ခန္ဓာ) တွေဖြစ်ခွင့်မရတော့ ကိုယ့်သန္တာန်မှာ ငြိမ်းငြိမ်းဖြစ်နေတော့တာပေါ့၊ (တဏှာ၊ ဥပါဒါန်၊ ကံ)ကလွတ်လို့(ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်တော့ (နိဗ္ဗာန်) ရတာပဲ (မှန်ပါ့)၊ မိမိသန္တာန်မှာ ဒီဉာဏ်အစဉ်ရအောင် ကိန်းအောင်းနေရအောင် (ဉာဏ်) နဲ့လေ့ကျင့်နေရတယ်၊ ဘာမှမခက်ဘူး၊ (သတိ) ကလေးလိုတယ်၊ (ဉာဏ်) က (ရုပ်) အသိပဲ (ဝိညာဏ်) အသိပဲ ဖြစ်အောင် (သမ္မာဆက်ပွ) ဖြစ်အောင် ကြဲပေးရတယ်၊ ဤဟာ (ရုပ်) ဤဟာ (ဝိညာဏ်) ထက်ပိုပြီး (ပဋိစ္စသမုပ္ပါဒ်) တန်းမသွားအောင် (ခန္ဓာ ငါးပါး) မရအောင် (ဒုက္ခခန္ဓာ) မရအောင် (တဏှာ၊ ဥပါဒါန်၊ ကံ) ဘက် မရောက်အောင် (သတိ)' ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ ထိန်းပြီး (ဉာဏ်သိ) သိပေးနေရတယ် (မှန်ပါ့)။**

မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ တွေ့ထိမှု၊ ကြံတွေးသမျှ၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ဒီလိုသိရတယ်၊ ဒီလောက်လေး (သိရုံ) လေးပဲသိရတယ်၊ (အသိ)လွန်မသွားအောင် (သတိ) လေးနဲ့ (ဉာဏ်)ကလေးနဲ့ ထိန်းထိန်းပြီးသိသိပေးရတယ်၊ ဒီလိုအသိမျိုးနဲ့ သိသိပေးရင် ကိလေသာကြားဝင်ခွင့်မရတော့ဘူး၊ ဒီဉာဏ်ရတော့ ငြိမ်းငြိမ်းသွားတဲ့ ငြိမ်းချမ်းမှုကိုရနေပြီ၊ ဒါ (သံဒိဋ္ဌိကော) ပဲ၊ ကိုယ့်သန္တာန်ငြိမ်းအေးမှုရနေတာ ကိုယ်တိုင်သိနေတော့ (အကာလိကော) = အချိန်မရွေး

အကျိုးပေးတော့မယ်၊ (နိရောဓ ဓမ္မ) ဖြစ်တဲ့ ခဏ (နိဗ္ဗာန်) ရနေရာက အစဉ် (နိဗ္ဗာန်) ရဘို့ အချိန်မရွေးအကျိုးပေးရောက် လာတော့မှာဖြစ်လို့ အမြဲငြိမ်းတဲ့ (နိဗ္ဗာန်) ရတာပေါ့ . . . (မှန်ပါ့)

(ဖြစ်ပျက်) ဆိုတာ (စိတ်)နဲ့ ပညတ်နဲ့ ပေါင်းရင် (ဖြစ်ပျက်) ရတယ်၊ မပေါင်းရင် (ဖြစ်ပျက်) မရဘူး၊ (စိတ်)ကိုဉာဏ်က ဦးစီးနိုင်မှလည်း (ဖြစ်ပျက်) ကိုမြင်နိုင်သိနိုင်စွမ်းရှိတယ်၊ (ဉာဏ်) က မဦးစီးနိုင်ရင် (ဖြစ်ပျက်) မမြင်ဘူးပေါ့၊ (စိတ်) နဲ့ (ဉာဏ်) နဲ့လည်း မတူဘူးဆိုတာသိထားရမယ် (မှန်ပါ့)၊ (ဉာဏ်) ဆိုတာ စိတ်မှာ (ရာဂ)မရှိအောင် (ပညတ်) မရှိအောင် ထားနိုင်တာ (ဉာဏ်) ပဲ (မှန်ပါ့)။

## သညာရှုနည်း

ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါသိတာ၊ မှတ်ထားလို့သိတာ၊ မဖြူ မနီ၊ မောင်ညိုလို့သိတာကလည်း မှတ်ထားလို့သိတာ (သညာ)၊ (နံမည်သဏ္ဌာန်) တွေမှတ်ထားပြီး သိရတာမျိုးက (သညာ) ပဲ၊ သညာမှာ (အဝိဇ္ဇာ) ကြောင့်ဖြစ်တဲ့ (သညာ) က အသိမှားတာ၊ (တဏှာ) ကြောင့်ဖြစ်တဲ့ (သညာ) က ချောတယ်၊ လှတယ်၊ ကြိုက်တယ်၊ လိုချင်တယ်၊ နှစ်သက်တယ်ပေါ့၊ (ဥပါဒါန်) ကြောင့်ဖြစ်တဲ့ (တဏှာ)က ငါ့မိန်းမ၊ ငါ့သား၊ ငါ့ဥစ္စာ၊ ငါ့အိမ်၊ ငါ့ကား စတာတွေသိတာဟာ (သညာ) သိပေါ့ (မှန်ပါ့)။

(သညာ) ဆိုတာမှတ်သားထားတာ၊ မှတ်မိနေတာအမှတ် (သညာ) ရှိနေတာပဲ၊ ဒါကြောင့်ဒီအမှတ် (သညာ) နဲ့သိတာလေးဖြစ်ရင်

ဣတိသညာ = ဤဟာ (သညာ) လို့သိရတယ်။

ဣတိအညာယသမုဒယော + ဤဟာသညာဖြစ်ကြောင်း၊

သညာဖြစ်ကြောင်းက (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) တွေပါပဲ၊

မိန်းမလို့သိတာက (သညာ)၊ သညာဖြစ်ရင် ဤဟာ (သညာ) ပဲရှုပါ၊ ကိုယ်မှတ်သားမိတာကို သိလိုက်ရင် (သညာ)ပဲ၊ (သညာ) ဖြစ်တာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ကြောင့်ဖြစ်ရတာ (သညာ) ဆိုတာက

(အဝိဇ္ဇာ) ဖြစ်ရင် (သညာ) ဖြစ်တယ်၊

(တဏှာ) ဖြစ်ရင် (သညာ) ဖြစ်တယ်၊

(ဥပါဒါန်) ဖြစ်ရင် (သညာ) ဖြစ်တယ်၊

မြတ်စွာဘုရားက (သညာ) မဖြစ်အောင် ဤဟာ (ရုပ်)ဤဟာ (ဝိညာဏ်) လို့ရှုခိုင်းပါတယ် (မှန်ပါ့)။

## သင်္ခါရရှုနည်း

(သင်္ခါရ) ဆိုတာ စေတသိက် (၅၂)ပါးရှိတဲ့အထဲမှာ (ဝေဒနာ) နဲ့ (သညာ)ကို နှုတ်လိုက်ရင် (စေတနာ) အစရှိတဲ့ စေတသိက် (၅၀) ဟာ (သင်္ခါရက္ခန္ဓာ) စေတသိက် (သင်္ခါရ) တွေချည်းပါပဲ၊ (အဝိဇ္ဇာ)

ကြောင့် ကံ၊ စိတ်၊ ဥတု၊ အဟာရကြောင့် ပြုပြင်သမျှ၊ ဖန်တီးနေသမျှ (သင်္ခါရ) ပေါ့၊ (ရုပ်နာမ်)ကိုလည်း (သင်္ခါရ) ခေါ်တယ်၊ (သင်္ခါရ) က စေတသိက် (၅၀)မျိုးနဲ့ (ဝိညာဏ်) နဲ့ (ရုပ်) ကို အဆိုးရော အကောင်း ရော ပြုနေတာကိုး၊ ဒါကြောင့် ပြုပြင်သမျှ၊ ပြုလုပ်သမျှဟာ (သင်္ခါရ) ချည်းပဲ၊ ဘာပြုလုပ်သလဲ ကိုယ်နဲ့ပြုတဲ့အမှုကို ပါဠိလို (ကာယသင်္ခါရ) ခေါ်တယ်၊ နှုတ်နဲ့ပြုတဲ့အမှုကို (ဝစီသင်္ခါရ)ခေါ်တယ်၊ စိတ်နဲ့ပြုတဲ့အမှု ကို (မနောသင်္ခါရ)ခေါ်တယ်၊ ပြုသမျှကိစ္စတွေကို (သင်္ခါရ) လို့ခေါ် တယ် (သင်္ခါရ) က ပြုပြင်တယ်၊ ဖန်တီး တယ်. . . (မှန်ပါ့)။

ဒါကြောင့် (ကာယကံ၊ ဝစီကံ၊ မနောကံ) တို့ကို (ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ) လို့ခေါ်တယ်၊ (ကုသိုလ်) ပြုတော့ (ပုညာဘိ သင်္ခါရ) လို့ခေါ်တယ်၊ (အကုသိုလ်) ပြုတော့ (အပုညာဘိသင်္ခါရ) လို့ ခေါ်တယ်၊ (ပစ္စုပ္ပန်) ဘဝမှာလည်းကောင်းအောင်၊ မကောင်းအောင် (သင်္ခါရ)ကပဲ လုပ်တယ်၊ သေပြီးဘဝဆက်အောင်လည်း ဒီ (သင်္ခါရ) ကပဲသံသရာဝဋ်ဆင်းရဲတွင်းနက်အောင် သူကပဲလုပ်တာပဲ၊ ဒါကြောင့် (သင်္ခါရ) ကုန်ပျောက် (နိဗ္ဗာန်) ရောက်လို့ ဒီလိုလည်း ပြောစမတ်ရှိကြ တယ် (မှန်ပါ့)။

(သင်္ခါရ) ကို အရင်းအမြစ် စစ်ကြည့်လိုက်ရင် (သင်္ခါရ)ဆိုတာ မိမိတို့ရဲ့ အတွင်းသန္တာန်ရဲ့ (Action) တွေလို့ပြောလို့ရတယ်၊ (Inside Action) လို့ပြောလို့ရတယ်၊ အတွင်းကနေ (စိတ်) ကို၊ ဖန်တီးနေတဲ့

(စေတသိက်) ပါပဲ၊ ရှေးတုန်းက ဒီ (သင်္ခါရ)တစ်လုံးတည်းကြည့်ရင်းနဲ့ (ရဟန္တာ) ဖြစ်တာတွေအများကြီးရှိတယ် (မှန်ပါ့)၊ တကယ်တော့ (ဓမ္မ) တွေဟာ (သင်္ခါရ)တွေပေါ့၊ (စိတ်) ရှုရင် (စိတ္တာနုပဿနာ)၊ (သင်္ခါရ) ရှုရင် (ဓမ္မာနုပဿနာ) ပေါ့. . . (မှန်ပါ့)။

မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားကို သားကြီး၊ သားကြီးလို့ခေါ်နေတဲ့ နကုလပီတာနဲ့ နကုလမာတာဆိုတဲ့ အဖိုးကြီး၊ အဖွားကြီးဇနီးမောင်နှံ (၂)ယောက်ရှိတယ်၊ မြတ်စွာဘုရားကလည်း ဘဝပေါင်းများစွာမှာ မိဘတော်စပ်ခဲ့မှန်းသိတယ်၊ ဒီအဘိုးကြီးနဲ့ အဖွားကြီးကလည်း ဘဝပေါင်းများစွာမှာဘုရားအလောင်းရဲ့မိဘပဲ ဖြစ်ခဲ့တော့ဒီအဘိုးကြီး အဖွားကြီးဟာ သူတော်ကောင်းတွေချည်း ဖြစ်ခဲ့တော့ ဒီဘဝမှာ (ဇာတိဿရဉာဏ်) ရတယ်၊ သူတို့ဟာ မြတ်စွာဘုရားရဲ့မိဘတော်ခဲ့တာတွေ ပြန်မြင်တော့ (မြတ်စွာဘုရားကို သားကြီး လို့ခေါ်ကြတာပေါ့(မှန်ပါ့)။

မြတ်စွာဘုရားရှင်က တော်စပ်ခဲ့ဘူးတဲ့ မိဘတွေကို ချီးမြှောက် ချင်လို့ ဒီအဖိုးကြီး အဖွားကြီးအိမ်ကို ကြွရောက်လာတဲ့အခါမှာ အမေတို့ အဖေတို့မှာ သားကြီးကိုမျှော်နေကြပါတယ်၊ သားကြီးဒီမှာထိုင်ပါ၊ ဒီမှာ ဆွမ်းဘုန်းပေးပါနဲ့၊ မြတ်စွာ ဘုရားကို သားသားနဲ့ ခေါ်ဝေါ်နေကြတဲ့ ဒီအဖိုးကြီး အဖွားကြီးကို မြတ်စွာဘုရား တရားဟောပြီးတော့ ပြန်ကြွ သွားလို့ နောက်များမကြာမီ အဖိုးကြီး အဖွားကြီးတို့ဟာ မဂ်ဖိုလ်နိဗ္ဗာန်

ရသွားကြတယ် (မှန်ပါ့)။

မြတ်စွာဘုရား၊ ဘုရားအလောင်းဖြစ်စဉ်ဘဝများစွာက မိဘတွေဖြစ်ခဲ့ကြတဲ့ အဖိုးကြီး အဖွားကြီးတို့ဟာ မြတ်စွာဘုရားကို သားသားလို့ခေါ်နေကြပေမဲ့ သူတို့ဟာ သူတို့ခေါ်တဲ့ (ဝဇီသင်္ခါရ) တွေ (ကာယာသင်္ခါရ)တွေ၊ (စိတ္တသင်္ခါရ) တွေမှာ (သင်္ခါရ) ဖြစ်တိုင်း ဖြစ်တဲ့ (သင်္ခါရ) လေးတွေကို ရှုရှုနေကြရင်း (နိဗ္ဗာန်) ရသွားကြတာပါပဲ၊ (မှန်ပါ့ဘုရား)၊ မြတ်စွာဘုရားလက်ထက်က (သင်္ခါရ) ကို ရှုတာနဲ့ (နိဗ္ဗာန်) ရောက်ကြတာတွေ အများကြီးရှိပါတယ် (မှန်ပါ့)

(အဝိဇ္ဇာ) ကြောင့် (သင်္ခါရ)က ဖြစ်ရတာကိုး၊ ဒါကြောင့် ဖြစ်ဖြစ်သမျှကို ဤဟာ (သင်္ခါရ) လို့သိနေရင်းနဲ့ (အဝိဇ္ဇာ) ချုပ်ပြီး (ရာဂ၊ ဒေါသ၊ မောဟ) တွေချုပ်တဲ့ (နိဗ္ဗာန်) ကြီးကို ရကြတာပါပဲ၊ (သင်္ခါရ) ကိုသိသိနေရင် (အဝိဇ္ဇာ) ဖြစ်ခွင့်မရတော့ဘူးပေါ့၊ (အဝိဇ္ဇာနိရောဓါ၊ အာသဝနိရောဓါနိဗ္ဗာနံ) ဆိုတဲ့အတိုင်း (အာသဝေါ) တရားတွေဟာ (အဝိဇ္ဇာ) နဲ့အတူ (ရာဂ၊ ဒေါသ၊ မောဟ)တွေချုပ်ပြီး (နိဗ္ဗာန်) ရောက်ကြတာပါပဲ (မှန်ပါ့)။

မြင်ရင်၊ ကြားရင်၊ နံရင်၊ စားရင်၊ ထိတွေ့ရင်၊ ကြံတွေးရင် (ဆန္ဒ) ဆိုတာ ဖြစ်ပေါ်လာတယ်၊ ဒီ (ဆန္ဒ)က (သင်္ခါရ) ပေါ့၊ (ဆန္ဒ)က (သင်္ခါရစေတသိက်) ပဲ (စေတနာ) လည်း (သင်္ခါရ) ဖြစ်တာပဲ၊ ခန္ဓာ **အတွင်း** ဆန္ဒတွေဖြစ်တဲ့ (သင်္ခါရ) က ထိုင်အုံးမှ သွားအုံးမှ လာအုံးမှ

စတဲ့ မိမိအဇ္ဈတ္တအတွင်းသန္တာန်က လှုံ့ဆော်မှု (Action) တွေပဲ၊ (သင်္ခါရ) ဖြစ်ရင် ဖြစ်မှန်းသိလိုက်ရုံပဲ၊ သေချာသတိထားကြည့်ရင် ဒီအတွင်း (Action) (သင်္ခါရ) တွေကိုသိတယ် (မှန်ပ့ါ)။

ဒီ (သင်္ခါရ) ကနေ (တဏှာ၊ ဉပါဒါန်၊ ကံ) တွေမဖြစ်အောင် အတွင်းကနှိုးဆော်နေတဲ့ (သင်္ခါရ) ကပြုသမျှတွေကို သိသိပေးနေရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်ခွင့် မရတော့ပဲ၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေကုန်ရာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်တော့တာပဲ၊ (ရဟန္တာ) ဖြစ်တော့တာပဲ (မှန်ပ့ါ)။

(သင်္ခါရ) မဖြစ်ရင် (ဉပါဒါနက္ခန္ဓာ ဒုက္ခာ) မဖြစ်လို့အေးငြိမ်းတဲ့ (နိဗ္ဗာန်) ကြီးကို (သစ္စိကိရိယာယ) မျက်မှောက်ပြုရတာပဲ၊ ဒါကြောင့် မြတ်စွာဘုရားက (၄၅) ဝါပတ်လုံးလည်း ဟောတယ်၊ ပရိနိဗ္ဗာန်ပြုခါနီး ဆဲဆဲမှာတောင် . . . .

မြတ်စွာဘုရားက "ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တရာမိဝေါ၊ ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေနသမ္ပာဒေထ" လို့ဟောတော်မူခဲ့တယ်၊ ရဟန်းတို့ (သင်္ခါရ) ကို မမေ့ကြနဲ့ (သင်္ခါရ) ဖြစ်ရင်ဖြစ်မှန်းသိ၊ ပျက်ရင်လည်း ပျက်မှန်းသိပါလို့ ဟောခဲ့ပါတယ်၊ (သင်္ခါရ) ဖြစ်လို့ (သင်္ခါရ) ပျက်တာကို မမေ့ကြနဲ့လို့ ဟောခဲ့ပါတယ် (မှန်ပ့ါ)။

မြတ်စွာဘုရားက (သဗ္ဗေသင်္ခါရ အနိစ္စယထာပညာယ

ပဿတိ)လို့လည်းဟောခဲ့တယ်၊ ကာယ၊ ဝဇီ၊ မနောချီပြီး ကံသုံးပါးနဲ့ ပြုလုပ်သမျှဟာ သဗ္ဗေ (သင်္ခါရ) တွေဖြစ်လို့ဒီ (သင်္ခါရ) လေးတွေ (အနိစ္စ) ဖြစ်ပုံ ပျက်သွားပုံလေးတွေကို (ဉာဏ်ပညာ) လေးထည့်ပြီး ကြည့်ပါ၊ ရှုပါလို့သင်ပေးတာပေါ့ (မှန်ပါ့)၊ ဒီလို (သင်္ခါရ) လေးတွေကို ရှုနေရင်း (အနိစ္စ)လေးတွေ၊ (ဒုက္ခ) လေးတွေ မြင်နေရလို့ ငြီးငွေ့လာလို့ရှိရင် . . . .

(အထနိဗ္ဗိန္ဒတိ ဒုက္ခေသောမဂ္ဂေါ ဝိသုဒ္ဓိယာ) လို့ဒီလိုငြီးငွေ့ ဖန်များရင် ငြီးငွေ့မှုမရှိတဲ့စင်ကြယ်တဲ့ မဂ်ကြီးကို မျက်မှောက်ပြုကြ ရလိမ့်မယ်လို့လည်း ဟောခဲ့ပါတယ် (မှန်ပါ့)။

မြင်မယ်၊ ကြားမယ်၊ နံမယ်၊ စားမယ်၊ ထိတွေ့မယ်၊ ကြံတွေး မယ်ဆိုရင် စွဲမြဲသွားစေတဲ့ (ဥပါဒါန်) ပါပြီ၊ ဒီ (ဥပါဒါန်) ကလည်း (သင်္ခါရ) ပဲ၊ ဒါကြောင့်ငါသွားမယ်၊ ဘာလုပ်မယ်ဆိုရင် (တဏှာဥပါဒါန်) ရပြီ၊ ဒီလိုနှိုးဆော်မှုဖြစ်လာတဲ့အတွင်းက (Action) လေးကို ဤဟာ (သင်္ခါရ) လို့ ဒီလိုပဲ သတိပြုပြီး (ဉာဏ်) ကလေးနဲ့ (အသိ) ကလေးနဲ့ သိသိသွားရင် (သင်္ခါရ) ကိုကြည့်တတ်လာလို့ရှိရင် (တရား) ရသွားနိုင် တယ်၊ ဒီ (သင်္ခါရ) ကို ရှုတတ်လို့ရှိရင် (သင်္ခါရ) ကသူလုပ်ချင်သလို မဖြစ်တော့ပဲ၊ ဉာဏ်က (သင်္ခါရ) ကိုချုပ်ကိုင်ထားနိုင်တော့ (သင်္ခါရ) ချုပ်ငြိမ်းရာ (သင်္ခါရ) မဖြစ်ရာ၊ မပျက်ရာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုလို့ ရတော့တယ် (မှန်ပါ့)။

(အတ္တ) ငါဆိုတာမဖြစ်ရဘူး၊ (ငါ့) ကိုယ်လည်း မဖြစ်စေနဲ့၊ ငါ၊ သူ၊ မဖြစ်စေနဲ့၊ ကိုယ့်သန္တာန်မှာ (ငါ) ကိုခွါကြည့်ရမယ်၊ သူလို့လည်း မကြည့်မိစေနဲ့ (ဓမ္မ) သဘောတရားလေးတွေပဲလို့ သိ၊ သဘော လက္ခဏာလေးတွေကို သိပေးပါ (မှန်ပါ့)။

ချောင်းဆိုးတာ၊ နှာချေတာ (သင်္ခါရ) ပေါ့၊ မြင်တဲ့သဘော၊ ကြားတဲ့သဘောဖြစ်တာ (သင်္ခါရ)၊ တုန့်ပြန်မှုသဘောပေါ်တာ (သင်္ခါရ)၊ အကြောင်းအကျိုး သူ့ဟာသူဖြစ်တဲ့သဘော၊ ဒီအချိန်မှာ (ငါ)မပါသလိုပဲ ကျန်တဲ့နေရာမှာလည်း (ငါ) ဆိုတာမပါရဘူး (ပညတ်) ဝင်ရင် ငါ၊ သူ၊ ပါသွားလိမ့်မယ်၊ အဲဒါသတိထားရမယ် (မှန်ပါ့)။

စိတ်ဆိုးတယ်ဆိုတာလည်း (သင်္ခါရ) ပေါ့၊ ဘယ်သူ့ကို စိတ်ဆိုးတာလဲ၊ (ပညတ်)ပါလို့၊ ဒီအကောင်၊ ဟိုအကောင်၊ ဟိုကောင်မ၊ ငါ၊ ကို သူကစတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါစတဲ့ (ပညတ်) တွေပါနေလို့ စိတ်ဆိုးတာပေါ့ (မှန်ပါ့)။

ဒါကြောင့် (ပညတ်) မပါအောင် ဤဟာ (သင်္ခါရ) လို့ရှုပါ၊ (သင်္ခါရ) ဆိုတာ (စေတသိက်) တွေ၊ ၅၂မျိုးထဲက (ဝေဒနာ၊ သညာ) ကလွဲလို့ ကျန်တဲ့စေတသိက် (၅၀)မျိုးကိုခေါ်တာ၊ အမျိုး (၅၀) တောင် ရှိလို့ ဒါကြောင့် (သဗ္ဗေသင်္ခါရ) လို့ဆိုတာပေါ့၊ စိတ်ဆိုးတာက အလို မကျလို့ဆိုးတာ၊ အလိုမကျတာက (သင်္ခါရ) ပေါ့၊ (အလို) (ပညတ်) ကိုပယ်လိုက်ရင် (စိတ်) ဆိုတာပျောက်သွားတာပေါ့၊ (ဝိသင်္ခါရ

ကတံစိတ္တံ) (သင်္ခါရ) ကင်းသောစိတ်ဖြစ်တာပေါ့၊ ဤဟာ (သင်္ခါရ)လို့ နာနာရှုလိုက်ရင် အလိုလိုပယ်သွားတာပေါ့၊ (မှန်ပါ့)။

စိတ်ဆိုးလာရင် ဤဟာ (သင်္ခါရ) လို့ နာနာကြီးရှုရတယ်၊ (တဏှာ) ဖြစ်လည်း (သင်္ခါရ) လို့ရှုပါ၊ (ကာမရာဂ) ဖြစ်တယ်ဆိုတာ မိန်းကလေးကို သားမယားပြုချင်တာတွေ စိတ်မှာပေါ်လာတာ၊(တဏှာ) ဖြစ်တာ၊ ကာမဂုဏ်ခံစားချင်စိတ် (ကာမရာဂ) ဖြစ်တာ (သင်္ခါရ)ပဲ၊ ကျန်တဲ့ (နီဝရဏ)တွေဖြစ်တာလည်း၊ (သင်္ခါရ)ပဲ၊ ဤဟာ (သင်္ခါရ) လို့ ရှုလိုက် သိပေးလိုက်၊ ဆင်ခြင်ပေးလိုက်ရင် ခန္ဓာသဘော (ရုပ်နာမ်) သဘောသဘာဝ (ဓမ္မ) တွေကို (အနုပဿနာ) ရှုတာ ဖြစ်လို့ (ဓမ္မ နုပဿနာ) ပွားတာဖြစ်တာပေါ့ (မှန်ပါ့)

ဤဟာ (သင်္ခါရ) လို့ရှုလိုက်တာနဲ့ ဖြစ်လာတဲ့သဘာဝ လက္ခဏာ (ဓမ္မ)လေးတွေပျက်တယ်၊ ဒီလို သင်္ခါရကုန်အောင် ရှုရင်းနဲ့ (ဒိဋ္ဌိ) တောင်မကတော့ဘူး၊ (တဏှာ) ကုန်တဲ့ (နိဗ္ဗာန်) ရောက်တာပေါ့ (မှန်ပါ့)

ဤဟာ (သင်္ခါရ) ဆိုတာမြတ်စွာဘုရား (သတိပဋ္ဌာန်) ဟာရား ဟောခင်ကတည်းက (သတိပဋ္ဌာန်) မပေါ်ခင်ထဲက ဘုရားဖြစ်ခါနီး ဘုရားရှုတဲ့တရားပဲ (မှန်ပါ့)၊ ဘယ်စာထဲမှာ ပါသလဲလို့ မေးချင်ရင် အဲ့ဒါပါရာစီကံ (ဝိနည်း) ထဲမှာကြည့်ပါတွေ့လိမ့်မယ်၊ (ပထမတန်း) တရားတွေပဲ၊ ဘုရားရှုတဲ့တရားတွေပဲ (မှန်ပါ့)။

(သင်္ခါရ) ကိုရှုရင်းနဲ့ ဉာဏ်စဉ်နဲ့ပြောရရင် သင်္ခါရရှုပေက္ခာ၊ အနုလောမဉာဏ်တွေရောက်ပြီး၊ (နိဗ္ဗာန်) ရောက်တယ် ဒကာကြီး (မှန်ပါ့ဘုရား)။ အနိစ္စာဥပေက္ခာ၊ ဝေဒနာဥပေက္ခာ၊ (ဆ) ဆလိမ် ဥပေက္ခာ၊ သင်္ခါရဥပေက္ခာတို့မှ (နိဗ္ဗာန်)ရောက်တယ် (မှန်ပါ့ဘုရား)။

(ဆ) ဆလိမ်ဆိုတာ (ဆဠမ) ၆ ပေါ့၊ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်စတဲ့ (သင်္ခါရ)ကဖြစ်တဲ့ ဆဠစိတ် (၆)ပါးကို ဥပေက္ခာ၊ လျစ်လျူရှုတာပြုတာ၊ (သင်္ခါရ) ဆိုတဲ့ ဖြစ်ပျက်တွေကို ဥပေက္ခာပြုတာ ပြောတာ. . . (မှန်ပါ့)၊

မြတ်စွာဘုရာ၊ ဘုရားဖြစ်ခါနီး (သင်္ခါရ) ရှုတော့ ၊ (သင်္ခါရ) ကင်း (တဏှာ) ကင်းတော့ (အာသဝေါ) ကုန်တဲ့ (အာသဝက္ခယဉာဏ်) ရတာပေါ့ (မှန်ပါ့)၊ ဒါကြောင့် (သင်္ခါရ) ကိုသဘောကျရင် မိမိစရိုက်နဲ့ ကိုက်ရင် ဒီ (သင်္ခါရ) ကိုရှုပါ။ (ကောခမ္မော) ပဲ၊ (ခန္ဓာငါးပါး) မှာတစ်ခု ရှုရင် အားလုံးပါတယ်၊ (သင်္ခါရ) လည်း (ရုပ်နာမ်)၊ ရုပ်နာမ်လည်း (သင်္ခါရ) ပဲ၊ ဒါကြောင့်မြတ်စွာဘုရားက (ပရိနိဗ္ဗာန်) ပြုခါနီးမှာတောင်မှ (သင်္ခါရ) ကိုရှုဖို့ နောက်ဆုံးဟောခဲ့ပါသေးတယ် (မှန်ပါ့)။ ပြန်ပြီးပြော ရရင် . . .

ဟန္ဒဒါနိ ဘိက္ခဝေ၊ အမန္တယာမိဝေါ
ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေနသမ္ပာဒေထ
ဒီလိုနောက်ဆုံးဟောခဲ့တာက ဘိက္ခဝေ = သံသရာဘေးကို

မျှော်တွေးရှုနေကြကုန်သောအို. . . ချစ်သားရဟန်းတို့၊ ဟန္ဒဒါနိ= ချစ်သားရဟန်းတို့ကို နောက်ဆုံးမှာကြားလိုတာကတော့၊ အာမန္တယာမိ= အကျဉ်းချုပ်အားဖြင့် သံသရာဘေးဖြစ်အောင် ပြုပြင်နှိပ်စက်နေကြတဲ့ (ရုပ်နာမ်) နှစ်ဝ (သင်္ခါရ) တရားတို့သည် ဝယဓမ္မာ = ပြိုပျက်နေသော သဘောရှိကြကုန်တယ် (သင်္ခါရ) ဖြစ်ပြီး (သင်္ခါရ) ပျက်တဲ့သဘောရှိတဲ့ (ရုပ်နာမ်) သင်္ခါရကို အပ္ပမာဒေန = မမေ့မလျော့သော (သတိ) နဲ့ သမ္ပာဒေထ (သိ)ပြီးနေကြ၊ ပြည့်စုံရစ်ကြလို့ ဒီလိုဟောခဲ့ပါတယ် (မှန်ပါ့)။

## ဝေဒနာရှုနည်း

(ဝေဒနာ)ဆိုတာ (ခံစားတယ်) လို့အဓိပ္ပါယ်ရတယ်၊ ခံစားတဲ့ (ဝေဒနာ) မှာ ချမ်းသာတဲ့ခံစားမှုက (သုခဝေဒနာ)၊ ဆင်းရဲတဲ့ခံစားမှုက (ဒုက္ခဝေဒနာ)၊ ဆင်းရဲချမ်းသာမရှိ အလယ်အလတ်ခံစားတာက (ဥပေက္ခာဝေဒနာ) ရယ်လို့ (ဝေဒနာ) က သုံးမျိုးသုံးစားရှိတယ် (မှန်ပါ့)။

ခံစားတဲ့ (ဝေဒနာ) ကကောင်းတယ်၊ မကောင်းဘူး၊ ကြိုက်တယ်၊ မကြိုက်ဘူးလို့လည်း ပုံဖော်ပေးတယ်၊ ကောင်းတယ်၊ကြိုက်တယ်၊ နှစ် သက်တယ်ဆိုရင် တပ်မက်တဲ့ (တဏှာ) ဖြစ်တာပဲ၊ မကောင်းဘူး၊ မနှစ်သက်ဘူး၊ မကြိုက်ဘူးဆိုရင်လည်း ဒေါသ၊ အာဃာတတွေ ကပ်ငြိတဲ့ (တဏှာ)ဖြစ်တာပဲ၊ ကြိုက်တော့လောဘ (တဏှာ)၊ မကြိုက် တော့ ဒေါသကပ်ငြိတဲ့ (တဏှာ) ပဲ၊ ခံစားတာကို ကြိုက်ကြိုက်၊

မကြိုက်ကြိုက် (တဏှာ) ဖြစ်သွားတာပဲ (မှန်ပါ့)။

ခံစားရတဲ့ (ဝေဒနာ) ကို (ဝေဒနာ) ခံစားတယ်လို့ပဲသိပါ၊ ကောင်းတယ်၊ မကောင်းဘူးလို့ အဓိပ္ပါယ်ကောက်ရင်(အဝိဇ္ဇာ) ဖြစ်တာပဲ၊ ဒီတော့ (ဝေဒနာ)ကို ခံစားတယ်လို့ပဲသိပါ၊ ဤဟာ (ဝေဒနာ) ခံစားတယ်လို့ပဲသိပါ၊ ကောင်းတယ်၊ မကောင်းဘူးလုပ်ရင် ကြိုက်တယ်၊ မကြိုက်ဘူးဖြစ်ပြီး (တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်ရောက်ပြီး ဒုက္ခ ဖြစ်ကြောင်း (သမုဒယသစ္စာ) တွေထပ်ဖြစ်တော့တာပဲ (မှန်ပါ့)။

(ရုပ်) ရှိရင် (ရောဂါ) ရှိလို့ ခံစားမှု (ဝေဒနာ) ဆိုတာရှိလာ တယ်၊ ခံစားတာလေးပဲလို့ ဤဟာ (ဝေဒနာ) လို့ဒီလိုသိပေးရတယ်၊ (ဝေဒနာ) ဖြစ်ရင် (ဝေဒနာ) မှန်းသိရတယ်၊ မသိရင် (အဝိဇ္ဇာ)ဖြစ်တယ်၊ မကြိုက်တဲ့ (ဝေဒနာ) ခံစားမိရင် ဝေဒနာပစ္စယာ ဒေါသော (ဒေါသ) ဖြစ်လာတယ်၊ ကြိုက်တဲ့ဝေဒနာကို ခံစားမိရင် ဝေဒနာပစ္စယာတဏှာက (လောဘမူစိတ်) ဖြစ်လာတယ်၊ မကြိုက်ရင် ဝေဒနာပစ္စယာဒေါသောက (ဒေါသမူစိတ်) ဖြစ်လာတယ်၊ ကုသိုလ်ကျတော့ ဝေဒနာပစ္စယာ (ပဿရော) သဒ္ဒါဖြစ်လာတယ်၊ အကုသိုလ်ကျတော့ အပရိသင်္ခါရ (မောဟမူစိတ်) မဆင်ချင်ရာ ရောက်သွားတယ်၊ မဆင်ခြင်တာက မိန်းမ လို့မြင်ပြီး မဆင်ခြင်ရင် ချော့တယ်၊ လှတယ်၊ လိုချင်တဲ့အတိုင်း ထားရင် (ဝေဒနာပစ္စယာတဏှာ) ရောက်တယ် (မှန်ပါ့)။

(ဝေဒနာ) ပေါ်လာရင် ဤဟာ (ဝေဒနာ) လို့ပဲသိပါ၊ ဤဟာ

(ဝေဒနာ)၊ ဤဟာ (ဝေဒနာ) ဖြစ်ကြောင်းလို့ သိပေးပါ၊ (ဝေဒနာ) ဖြစ်ကြောင်းက (အဝိဇ္ဇာ၊ သင်္ခါရ) ကြောင့်ပဲ (မှန်ပါ့)၊ မိမိသန္တာန်မှာ (ဝေဒနာ) က ထင်ရှားဖြစ်ရင် ဤဟာ (ဝေဒနာ) လို့ ရှုပါ၊ မရှုရင် (အဝိဇ္ဇာ)ဝင်ပြီး (တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်လို့ (လောဘမူ) စိတ်၊ (ဒေါသမူ) စိတ်တွေဘက်ရောက်ပြီး (အကုသိုလ်) ဝင်လာနိုင်တယ် . . . (မှန်ပါ့)။

## ဓမ္မာနုပဿနာ (အာယတနပိုင်း)

မြတ်စွာဘုရားက ဓမ္မာနုပဿနာ (အာယတန) ပိုင်းကို ပါဠိလိုဟောတဲ့နေရာမှာ -

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ
ဆသု အဇ္ဈတ္တိကာ ဗာဟိရေသု အာယတနေသု။ ကထဉ္စ
ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ
ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသူ။
လို့အစချီပြီး ဟောထားပါတယ် (မှန်ပါ့)

ရဟန်းတို့ နောက်တနည်းအားဖြင့် မိမိတို့၏အတွင်းသန္တာန်၌ ဖြစ်သော အာယတန (၆)ပါး၊ အပြင် သန္တာန်၌ဖြစ်ကြသော အာယတန (၆)ပါးစသော (ဓမ္မ) သဘောတရားတို့ကို အဖန်တလဲလဲရှုရမယ်လို့ ဟောပါတယ်။ . . (မှန်ပါ့)

ဒီတော့ အတွင်းအာယတန (၆)ပါးနဲ့ အပြင်အာယတန (၆)ပါးရယ်လို့ ရှုအပ်တဲ့ အာယာတန (၁၂)ပါးကိုပြောရရင် . .

| **အတွင်းအာယတန (အခံဓါတ်)** | **အပြင်အာယတန (အတိုက်ဓါတ်)** | = **ဖြစ်ရာ** |
|---|---|---|
| ၁။ မျက်စေ့ (စက္ခာယတန) | =(အဆင်း) ရူပါရုံ (ရုပ်)ရူပါယတန | = မြင်သိရာ |
| ၂။ နား (သောတယတန) | =(အသံ)သဒ္ဒါရုံ သဒ္ဒါယတန | = ကြားသိရာ |
| ၃။ နှာခေါင်း(ဃာနာယတန) | = (အနံ့)(ဂန္ဓာရုံ) ဂန္ဓာယတန | = နံ့သိရာ |
| ၄။ လျှာ (ဇိဝှာယတန) | = (အရသာ) ရသာရုံ ရသာယတန | = အရသာသိရာ |
| ၅။ ကိုယ် (ကာယာယတန) | = (အထိအတွေ့) ဖေါဋ္ဌဗ္ဗာရုံ ဖေါဋ္ဌဗ္ဗာယတန | = ထိတွေ့သိရာ |
| ၆။ မနော (မနာယတန) | = (ကြံတွေးစရာ) ဓမ္မာယတန | = ကြံတွေးသိရာ |

ဒီအတွင်းအပြင် အာယတနတွေကို သိအောင်ရှုပါတဲ့၊ သိပေးပါတဲ့ (မှန်ပ့ါ)။

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စပဇာနာတိ၊ ရူပေစပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံတဉ္စ ပဇာနာတိ၊ ပ။သောတဉ္စ ပဇာနာတိ၊ သဒ္ဒေစပဇာနာတိ၊ပ၊ ယဉ္စစသံယော၊

ဇနံ ဥပ္ပဇ္ဇတိ၊တဥ္စပဇာနာတိ၊ပ။ဃာနဥ္စ ဂန္ဓေစ ပဇာနာတိ။ပ။ ဇိဝှဥ္စ ရသေစပဇာနာတိ။ပ။ကာယဥ္စဖောဋ္ဌဗ္ဗေစပဇာနာတိ။ပ။ ပနဥ္စ ဓမ္မေစ ပဇာနာတိ။ ပ။

အာယတနတွေဖြစ်တဲ့ မျက်စေ့နဲ့အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့ထိတွေ့စရာ၊ မနောနဲ့ကြံတွေးစရာစတဲ့အတွင်း အာယတနဓါတ် (၆)ပါးနဲ့အပြင် အာယတနဓါတ် (၆)ပါးတို့ တွေ့တိုက်တဲ့အခါ သံယောဇဉ် (၁၀)ပါးတို့ဖြစ်ကြပါတယ် (မှန်ပါ့)။

## သံယောဇဉ် (၁၀)ပါးကတော့

(၁) ကာမရာဂသံယောဇဉ် (ကာမရာဂကို ကပ်ငြိ သော)

(၂) ပဋိဃသံယောဇဉ် (ဒေါသကပ်ငြိသော)

(၃) မာနသံယောဇဉ် (ထောင်လွှားမှု ကပ်ငြိသော)

(၄) ဒိဋ္ဌိသံယောဇဉ် (အယူမှား၊ အမြင်မှားမှု ကပ်ငြိ သော)

(၅) ဝိစိကိစ္ဆာသံယောဇဉ် (ယုံမှားသံသရ ကပ်ငြိလာ တတ်သော)

(၆) ဘဝရာဂသံယောဇဉ် (ပြည့်စုံချမ်းသာသော ဘဝရ မည့်အထင်ကပ်ငြိမည့်သဘော)

(၇) သီလဗ္ဗတပရာမာသသံယောဇဉ် (နောင်ကိုလည်း ဤသို့ ကျင့်ရမည်ဟု ကပ်ငြိသောသဘော)

(၈) ဣဿာသံယောဇဉ် (သူတစ်ပါးကို မနာလိုမှုကပ်ငြိသော)

(၉) မစ္ဆရိယသံယောဇဉ် (သူတစ်ပါးအား ဝန်တိုမှုကပ်ငြိသော)

(၁၀)အဝိဇ္ဇာသံယောဇဉ် (သိရမှာကိုမသိ၊ မသိရမှာကို သိတတ်မှုကပ်ငြိသော)

မိမိသန္တာန် (အခံဓါတ်) အာယတန (၆)ပါးနဲ့ ပြင်ပက (အတိုက်ဓါတ်) အာယတန (၆)ပါးကို တွေ့တိုက်တဲ့အခါ ဒီလိုကပ်ငြိမှု (၁၀)ပါးလို့ခေါ်တဲ့ သံယောဇဉ် (၁၀)ပါးတို့ ဖြစ်ပေါ်တတ်ပါတယ် (မှန်ပ့ါ)။

ဒီလို (သံယောဇဉ်) တွေဖြစ်လာရင်၊ ဒါမျိုးတွေမိမိသန္တာန်မှာ ကပ်ငြိလာရင်ဖြစ်ရင် (ဖြစ်တယ်)လို့ (သိ)ပါ၊ သိလိုက်လို့ ဒီ (သံယောဇဉ်) တွေမဖြစ်တော့ဘူးဆိုရင်လည်း (မဖြစ်တော့ဘူး) (ပျက်) တယ်လို့ သိပါ။ သံယောဇဉ် (ဖြစ်) ကြောင်းကိုလည်း သိပါ၊ (ပျက်) ကြောင်းကိုလည်း သိပါ၊ ဒီလိုကိုယ့်သန္တာန်မှာ သံယောဇဉ်တွေ (ဖြစ်တာ၊ ပျက်တာ) သိသိနေရင် တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန် ခဏအားဖြင့် အမြဲတန်းအားဖြင့် မဖြစ်တော့တာကိုလည်း သိပေးပါတဲ့ (မှန်ပ့ါဘုရား)။

(အာယာတန) ကို ပြောရရင်၊ (အာယာတန) ဆိုတာ (နံမည်) အခေါ်အဝေါ်အနေနဲ့ (အာယာတန) လို့ခေါ်ရတာ၊ တကယ်တော့ (အာယတန) ဆိုတာ "ဖြစ်ရာ" ၁၂ပါးကို ပြောတာ၊ (ဖြစ်ရာ) ကို (အာယတန)လို့ခေါ်တယ်၊ (စိတ်၊ စေတသိက်) တွေကို ချဲ့ထွင်တတ်တဲ့ အတွက်ကြောင့်လည်း (အာယတန) လို့ခေါ်တယ်၊ ဒီ ၁၂ပါးက (စိတ်၊ စေတသိက်)ကို ချဲ့ထွင်တတ်တဲ့ (ဖြစ်ရာ) နေရာတွေကို၊ ခန္ဓာမှာဖြစ်မှန်း သိတဲ့နေရာ (ဖြစ်ရာ) ကို (အာယတန) လို့ခေါ်ရတယ် (မှန်ပါ့ဘုရား)။

မြင်ရာက (စက္ခု) မျက်စိ၊ (စိတ်) ကျတော့ (မှန်) နဲ့တူတယ်၊ မှန်လှည့်တဲ့ဘက်ကအရုပ်တွေပေါ်သလိုပဲ၊ (စိတ်) ကျတော့မှန်ထောင် တည့်ရာဖြစ်တာ (မှန်ပါ့)၊ ကြားရာက (သောတ) နှာခေါင်းက (နံ့) တာကိုဖြစ်စေတယ်၊ ဒါကြောင့် (ဖြစ်ရာ) ကို (အာယတန) ပြောရတာပဲ၊ ဖြစ်ရာက (အာယတန) လို့ခေါ်တယ်၊ (အစု) ကို (ခန္ဓာ) လို့ခေါ်တယ်၊ တစ်ခုခုတွေးရင် စိတ်ထဲမှာ (ခန္ဓာအစုငါးခု) ပေါ်တာကို (ခန္ဓာငါးပါး) ပေါ်တယ်ခေါ်တယ် (မှန်ပါ့)။

(ခန္ဓာငါးပါး) အဝင်ခံရတယ်ဆိုတာ (အဝိဇ္ဇာ) ဖြစ်နေလို့ (စိတ်ခန္ဓာ) တွေ ပေါ်နေရတာ၊ (ခန္ဓာ) ကို အဝင်မခံဘူးဆိုရင် (ခန္ဓာ) လည်းမရ (အဝိဇ္ဇာ)လည်းမဖြစ်တော့ဘဲ၊ ဒုက္ခငြိမ်းတော့ (နိဗ္ဗာန်) ရတာ ပဲပေါ့ (မှန်ပါ့)၊ အဲဒီ (အာယတန) ဆိုတာ (ခန္ဓာ)ကိုဖြစ်ပေါ်စေပြီး မိမိသန္တာန်မှာ (ဒုက္ခ) တွေဖြစ်စေတာပဲ၊ ဒါကြောင့် (အာယတန) က

**(သံသရာ) ကို ချဲ့တတ်တဲ့တရားလို့ ခေါ်ရတာပဲ (ခန္ဓာ) တွေဖြစ်ရာက သံသရာမဆုံးနိုင်အောင် (ဥပါဒါနက္ခန္ဓာဒုက္ခ) ဖြစ်တဲ့ (ဥပါဒါနက္ခန္ဓာ) တွေရနေလို့ပဲ (မှန်ပါ့)။**

(အာယတန)နဲ့ဖြစ်ရာကိုပြရရင် မျက်စိက (မြင်ရာ)ဖြစ်တယ်၊ နားက (ကြားရာ) ဖြစ်တယ်၊ နားခေါင်းက (နံ့) ရာဖြစ်တယ်၊ လျှာက (အရသာ) ဖြစ်တယ်၊ ကိုယ်က (အထိအတွေ့) တွေဖြစ်တယ်၊ စိတ်က (ကြံတွေးရာ) ဖြစ်တယ်၊ မြင်စိတ်ဖြစ်ရင် (ခန္ဓာငါးပါး) ရတယ်၊ ကြားစိတ်ဖြစ်လည်း (ခန္ဓာငါးပါး) ရတယ်၊ နံ့စိတ်ဖြစ်လည်း (ခန္ဓာငါးပါး) ရတယ်၊ စားစိတ်ဖြစ်လည်း (ခ်န္ဓာငါးပါး) ရတယ်၊ ကြံတွေးစိတ် ဖြစ်လည်း (ခန္ဓာငါးပါး)ရတယ်၊ ဒီတော့ဘယ်စိတ်ဖြစ်ဖြစ် ဘယ်ခန္ဓာပဲရရ (ဥပါဒါနက္ခန္ဓာ) တွေ ဖြစ်တော့၊ ဒီ (ဥပါဒါနက္ခန္ဓာ) တွေက ဒုက္ခလို့ (ဓမ္မစကြာ) ထဲမှာ မြတ်စွာဘုရား ဟောထားတယ် မဟုတ်လား။ (ဟောထားပါတယ်ဘုရား)

ဒါကြောင့် သံသရာချဲ့တတ်တဲ့ (ဖြစ်ရာအာယာတန) မှာ (ဖြစ်ရာ) ရှိတဲ့နေရာမှာ (ချုပ်ရာ) ရှိတယ်၊ (မှန်ပါ့)၊ (တဏှာ) ဘယ်ကဖြစ်သလဲဆိုရင် (ခန္ဓာငါးပါး) ဖြစ်ရာကနေဖြစ်လာတာ၊ (ခန္ဓာငါးပါး) က ဘယ်ကနေစဖြစ်သလဲဆိုရင် သံသရာချဲ့တတ်တဲ့ (အာယာတန) လို့ ခေါ်တဲ့အတွင်းကဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အတွင်း အာယာတန (၆)ပါးက ဖြစ်တယ်၊ အပြင်က ဆိုရင်အဆင်း၊

အသံ၊ အနံ့၊ အရသာထိတွေ့စရာ၊ ကြံတွေးစရာစတဲ့ အပြင်အာယတန (၆)ပါးတို့က စဖြစ်တယ်၊ (မှန်ပါ့)။

တဏှာက = ငြိကပ်တာ

ရာဂက = တပ်မက်တာ

ကိလေသာ = ညစ်နွမ်းတာ၊ . . (မှန်ပါ့)။

စိတ်မှာ ကိလေသာတွေဖြစ်နေရင် စိတ်ညစ်နွမ်းနေပြီပေါ့၊ စိတ်တွေလေးနေပြီပေါ့၊ ကိလေသာသတ်ထားတဲ့ (ဈာန်) ရတဲ့ရသေ့တွေ (ဈာန်) အဘိညာဏ်တန်ခိုးနဲ့ ဈာန်ပျံနိုင်တဲ့ ရဟန္တာတွေလို ဘယ်ပေါ့ပါးပါ့မလဲ (မှန်ပါ့) တဏှာဖြစ်ရင် (တဏှာ၊ မာန၊ ဒိဋ္ဌိ) တို့ (ရာဂ၊ ဒေါသ၊ မောဟ) ဆိုတဲ့ အပါယ်ကျ စေတဲ့တရားတွေ အကုန်ဖြစ်စေတော့တာပေါ့ (မှန်ပါ့) ဒါကြောင့် (တဏှာ၊ မာန၊ ဒိဋ္ဌိ) တို့ (ရာဂ၊ ဒေါသ၊ မောဟ) တို့မဝင် အောင် (အာယတန) ကိုလည်း မြတ်စွာဘုရားက ရှုခိုင်းပါတယ် . . (မှန်ပါ့)။

(အာယာတန) ကို ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပြောရရင်

"စက္ခုံစပဋိစ္စ ရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" (မြင်စိတ်)

(တဏှာ) ဖြစ်ရတာ (ခန္ဓာငါးပါး) ရလို့၊ (ခန္ဓာငါးပါး) ဖြစ်ရတာ (အာယတန) ရှိနေလို့ (အာယာတန) ဆိုတာ စက္ခုဆိုတဲ့ (မျက်စိ) အတွင်းအာယတနနဲ့ (အဆင်းရုပ်) ဆိုတဲ့အပြင် အာယာတနဓါတ် ၂ခုတို့ (စုဝေးခြင်း)ကြောင့် (မြင်စိတ်) ရတာ (ခန္ဓာ) ရတာ၊ (ဓမ္မ)

ရတာပဲလို့ ဒီလိုသိမှ (ဓမ္မ) သဘောဖြစ်တာ၊ ဒီသဘောလေးပဲ (သိ) တယ်၊ ဒီသဘောလေးပဲ (ပျက်) သွားတာပဲရှိတယ်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီလို (သတ္တဝါ) မဟုတ်ဘူး၊ (အာယာတန ၂ခု) တို့ (စုဝေးရာ) ကြောင့် (ခန္ဓာ)ရတာ၊ (ဓမ္မ) နဲ့ပြောရရင် (ဓမ္မ)လေးတွေရလာတာလို့ဒီလို (ပဋိစ္စသမုပ္ပါဒ်) နည်းနဲ့လည်းသိရတယ်၊ ဒါမှ အမြင်မှန် (သမ္မာဒိဋ္ဌိ) ဖြစ်တယ် (မှန်ပါ့)။

(မျက်စိ) အာယတနနဲ့ ရူပါရုံ (အဆင်း) အာယာတနနှစ်ခုက မျက်စိနဲ့အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့ထိတွေ့စရာ၊ စိတ်နဲ့ ကြံတွေးစရာအာယာတန ၂ခုတို့၏ စုဝေးမိခြင်းကြောင့် ဖြစ်ရတဲ့ (ခန္ဓာ) ပဲ၊ (အာယတန) ၂ခုကအကြောင်း၊ (ခန္ဓာ) ကအကျိုးပဲ၊ ဘယ်ကလာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် (သတ္တဝါ) ဆိုတာရှိမှာလဲ၊ (သတ္တဝါ) ဆိုတာမရှိဘူး၊ ဆိုတဲ့အမှန်မြင် (သမ္မာဒိဋ္ဌိ) ရမှ (သတ္တဝါ) အမြင်တွေ ပျောက်တယ် (မှန်ပါ့)။

(သတ္တဝါ) ပျောက်ရင် (အတ္တ)လည်းပျောက်တယ်၊ (ဒုက္ခ) လည်းပျောက်တယ်၊ ဒီလိုသိတဲ့အလေ့အကျင့်ဟာ (သံသရာ) ပြတ်တဲ့ ကျင့်စဉ်ပဲလို့သိရမယ်၊ (မှန်ပါ့)။

"(သတ္တဝါ) ကုန်၊ (အတ္တ) မြုံသည်သာလျှင် (အရိယာ)" ပဲ ဖြစ်တယ်၊ ဒီလိုသိရင်းနဲ့ အရိယာဖြစ်တယ်၊ ဘုရားလက်ထက်တော် အခါကအရှင်မဟာ ကစ္စည်းဆိုတဲ့ ရဟန္တာကြီးတစ်ပါးဆိုရင် လူတွေ၊

နတ်တွေက အလွန်ကြည်ညိုပြီး၊ အလွန်ချစ်ခင်ကြတယ်၊ ဘာကြောင့်လည်းဆိုရင် အရှင်မဟာ ကစ္စည်းရဟန္တာကြီးက (အိန္ဒြေ)ကို အလွန်စောင့်စည်းတာကိုး၊ စောင့်စည်းဆို ဒီ (အာယတန) တရားအသိနဲ့သိပြီးနေတဲ့ (ရဟန္တာကြီး) ဖြစ်လေတော့ (ကာမ၊ ရာဂ) တွေငြိမ်းခဲ့တဲ့အပြင်၊ အိန္ဒြေတွေလည်းဖြစ်တာပေါ့၊ မြင်မြင်သမျှ (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့အမြင်နဲ့သိနေတဲ့ အိန္ဒြေဟာ အလွန်ကောင်းပေါ့ (မှန်ပ့ါ)။

မြတ်စွာဘုရားရဲ့ (ဓမ္မစကြာ)မှာလည်း (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့အမြင်ရှိရမှာ ပါတယ်၊ (ဓမ္မစက္ခုံဥဒပါဒိ) နဲ့ (သတ္တဝါ) မဟုတ်ဘူးဆိုတာသိရတယ်၊ (မှန်ပ့ါ)။

ဝိဇ္ဇာဥဒပါဒိ = က (အဝိဇ္ဇာ) မရှိတော့ဘူး

ညာဏံဥဒပါဒိ = က (ဉာဏ်) နဲ့သိတာ၊

(ဉာဏ်)က ဘယ်လို သိသလဲဆိုတော့ (အဝိဇ္ဇာ)ဆိုတာ အသိအမှားအမြင်မှားတဲ့ (သတ္တဝါ) အသိကလာတာကိုး၊ (သတ္တဝါ) ဆိုတာမြတ်စွာဘုရားက ကာမ (၁၁) ဘုံသားများ ဖြစ်ကြတဲ့နတ်ပြည် (၆)ထပ်က နတ်တွေ၊ လူ့ဘုံ (၁)ဘုံက လူတွေ၊ တိရိစ္ဆာန်တွေ၊ အပါယ် (၄) ဘုံကအပါယ်ဘုံသားတွေကို လူပဲ၊ နတ်ပဲ၊ တိရိစ္ဆာန်ပဲ၊ ပြိတ္တာပဲ၊ ငရဲသားပဲလို့ ဒီလို (ပညတ်)တွေနဲ့ အရှည်ကြီးမခေါ်ဘူး၊ ဒီ (ကာမရာဂ)ရှိတဲ့ကာမ (၁၁)ဘုံသားတွေကို ခေါ်ဝေါ်ပြောဆိုလို့ရအောင် သူတို့အားလုံးကို ခြုံပြီးမြတ်စွာဘုရားက နံမည်ပေးထားတဲ့ နာမည်က (သတ္တဝါ) လို့ခေါ်ဆိုထားတယ် (မှန်ပ့ါ)။ သမုတ်ထားတဲ့ အခေါ်က (သတ္တဝါ)

ဒါပေမဲ့ တကယ်မရှိဘူး . . . (မှန်ပါ့)။

လူ၊ နတ်၊ ပြဟ္မာ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်အခေါ်အဝေါ်တွေကို (သတ္တဝါ) လို့ခေါ်တယ်၊ (သတ္တဝါ) ကအဟုတ်ရှိ၊ တကယ်ရှိတာမဟုတ်ဘူး၊ အခေါ်အဝေါ်ပဲရှိတာ၊ ဒါကြောင့် **"(သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ အသိဟာအရေးအကြီးဆုံးပဲ၊"** . . (မှန်ပါ့) (အဝိဇ္ဇာ) က ဘယ်ကလာသလဲဆိုရင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ (သတ္တဝါ)လို့သိတဲ့ အသိကလာတာ၊ (သတ္တဝါ) အသိဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) တွေကဖြစ်ရတာ၊ ဒါကြောင့် မြတ်စွာဘုရားက (သတ္တဝါ) လို့ယူတဲ့ (သညာ) ကို ပါယ်ပြီး (အာယတန) (ဖြစ်ရာ၊ အစုအဝေး) လို့ ဒီလိုသိပါတဲ့၊ ဒီလိုသိမှ (ရာဂ၊ ဒေါသ၊ မောဟ) တွေကုန်ပါတယ်လို့ ဟောပါ တယ် (မှန်ပါ့)။

**(အာယတန)ကိုမြင်တဲ့အမြင်က(ဖြစ်ရာ၊ အစုအဝေး) လိုမြင်တဲ့အမြင်ကျမှ (ဓမ္မ) တွေကဖြစ်လာတဲ့ သဘောတရားအမြင်ဖြစ်လို့ (ဓမ္မာနုပဿနာ) ဖြစ်တယ်၊ (ဝိညာဏ်) သိမှုဆိုတာ နဂိုလ်ကရှိတာမဟုတ်ဘူး၊ ဒီအာယတန (၂)ခု စုဝေးမှု၊ တွေ့တိုက်မှု (ဝိညာဏ်) ဆိုတာဖြစ်ရတာကိုသိထားရမယ်၊ ဒီ (၂)ခု ပူးမှု တွေ့တိုက်မှု ဝိညာဏ် (သိ) မှုဆိုတာဖြစ်ရတာ နဂိုလ်ကရှိတာမဟုတ်ဘူး၊ ဒီလို (ဖြစ်) ပြီးတော့လည်း (ပျက်) သွားကြတာပဲ (မှန်ပါ့)။**

ဒီလို ဖြစ်တာက သိမ်မွေ့လို့ ရုတ်တရက်မမြင်နိုင်ဘူး၊စိတ်မစင်

ကြည့်ရင်လည်းမမြင်ဘူး၊ (သတိ) မပါ (ဉာဏ်) မပါရင်လည်း မသိနိုင်ဘူး၊ ဖြစ်တာ၊ ပျက်တာကိုဝီရိယ၊ သတိနဲ့ပညာဆိုတဲ့ (ဉာဏ်) ကလေးနဲ့ အသာကလေးကြည့်ပြီးသိအောင် လေ့ကျင့်ယူမယ်ဆိုရင် (ဖြစ်ပျက်)ကို သိတာပါပဲ၊ ဒီလို (ဓမ္မ) သဘာဝ (ဓမ္မ) သဘောတရားလေးတွေရဲ့ (ဖြစ်မှု၊ ပျက်မှု) ကို မြင်နေရင် သက္ကာယဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ တွေကနေ လွတ်တယ် (မှန်ပါ့)။

(အာယတန) လေးတွေ ဖြစ်ပုံကိုပြရရင် (ဥပမာ) ဆွမ်းခံသွားရအုံးမယ်လို့ သိရင် သိတာက (မနောစိတ်) ကသိလို့ (မနာယတန) လို့ခေါ်တယ်၊ ဆွမ်းခံဖို့ (အာရုံ)က (ဓမ္မာယတန) ဖြစ်တယ်၊ စိတ်ထဲက ဖြစ်တဲ့ (မနော) နဲ့ (ဓမ္မ) တို့ ၂ခု တွေ့တိုက်လို့ ဆွမ်းခံရအုံးမယ်လို့ သိရတာ၊ ဆွမ်းက (ပညတ်)၊ ဆွမ်းခံရအုံးမယ်ဆိုတာ (ပညတ်အာရုံ) (ဓမ္မာရုံ) ပေါ့၊ (ဓမ္မာယတန) နဲ့ (မနယတန) ဆိုတဲ့ (အာယတန၂) ခု ကိုခွဲခြားသိရမယ်၊ ဒီမနက်ဆွမ်းချက်ဖို့ ဈေးသွားရအုံးမယ်ဆိုတာ ကလည်း ပညတ်အာရုံ (ဓမ္မာယတန) နဲ့ စိတ်ဖြစ်တဲ့ (မနာယတန) ၂ခုစုဝေးတာပဲ၊ ဆေးလိပ်သောက်ချင်တာကလည်း ဆေးလိပ် (ပညတ်) အာရုံ (ဓမ္မာရုံ) နဲ့၊ စိတ်ထဲကဖြစ်တဲ့ မနောစိတ် (မနာယတန) တို့ဖြစ်တဲ့ (အာယတန)၂ခုပဲ၊ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတွေ့တယ်ဆိုတာလည်း အတွင်းအပြင် အာယတန (၂)ခု စုဝေးပေါင်းစုမိမှ သိရတယ်၊ ဒီလို အာယတန(၂)ခု စုဝေးတွေ့လိုက်ပါလားလို့ သိသိပေးမှ (အဝိဇ္ဇာ)က လွတ်တယ် (ဝိဇ္ဇာဥဒပါဒိ) ဖြစ်တယ်။ (မှန်ပါ့)။

ဒီလို (အာယတန) ၂ခုပဲလို့ ရှုနေတော့ နေရာတကာပါနေတဲ့ (ပညတ်) သိ (အဝိဇ္ဇာ)သိတွေ ပျောက်တော့တာပေါ့။ . . (မှန်ပါ့)၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမအမြင်စွဲတွေ ပျောက်တော့တာပဲ . . (မှန်ပါ့)၊ ဒီလို ခန္ဓာ (အာယတန) တွေမှ မသိရင် (ပညတ်) သိနဲ့ပဲသိတော့ (အဝိဇ္ဇာ) ဖြစ်နေတော့ **"ဓမ္မစက္ခုဥဒပါဒိ"** မဖြစ်တော့ဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင် (အဝိဇ္ဇာ)နဲ့ မြင်တော့တာပေါ့။ ဒီလိုမြင်တော့ ချစ်မယ်၊ ခင်မယ်၊ ဒေါသဖြစ်မယ် (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဖြစ်ပြီပေါ့ (ဥပါဒါနက္ခန္ဓာဒုက္ခ) ဖြစ်ပြီပေါ့၊ ဒါကြောင့်ဒီလို (အာယတန) အမြင်ရမှ (ဓမ္မစက္ခုဥဒပါဒိ) ဖြစ်တာပဲ . . (မှန်ပါ့)။

(ပညတ်) သိက သူ့ကိုမြင်တယ်၊ ငါလိုက်မယ်၊ မိန်းမကို မြင်တယ်၊ ယောကျ်ားကို မြင်တယ်ကအစ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့သိတယ်၊ ဒီလိုမြင်တယ်၊ ဒီလို (ပညတ်) အသိ (ပညတ်) အမြင်ပဲရှိတော့ မဂ်တား၊ ဖိုလ်တားဖြစ်တဲ့ တားဆီးတဲ့ (နီဝရဏ) တွေဖြစ်တော့တာပေါ့၊ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ တွေက ပေါ်လာပြီ၊ (နိဗ္ဗာန်) မရောက်အောင် တားတော့တာပေါ့၊ (ပဋိစ္စသမုပ္ပါဒ်) ဆက်တော့တာပေါ့၊ (ပညတ်) ကိုခွါပြီး ဓမ္မသဘောလေး တွေရှုမှ **"ဓမ္မာနုဓမ္မစာရီ"** ဆိုတဲ့ တရားအားလျော်စွာ ကျင့်တာဖြစ်လို့ (နိဗ္ဗာန်) ရောက်တာပေါ့ . . (မှန်ပါ့)။

**ဒီလို (ပညတ်) တွေမဝင်နိုင်တဲ့ (အာယတန) ၂ခုတို့၏**

**စုဝေးရာသဘောကို ပိုင်းခြားပြီး မြင်မြင်သွားရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေမဖြစ်တော့တဲ့ (သင်္ခါရ) နိမိတ်ကလွတ်ပြီး (ပဝတ္တိနိမိတ်) အမြင်မှာ အာကာသကောင်းကင်ကြီးကိုပဲ ဟာလာဟင်းလင်းကြီးဖြစ်ပြီး နေရတဲ့ သဘော၊ ရင်ထဲမှာ အေးချမ်းပြီးနေရတဲ့သဘောတွေဖြစ်လာတယ်၊ စင်စစ်တော့ (နိရောဓသစ္စာပဲ)၊ (မှန်ပ့ါ)။**

အတွင်းအာယာတန (၆)ပါးနဲ့အပြင် အာယာတန (၆)ပါးတို့ တွေ့တိုက်စုဝေးတဲ့အခါမှ သံယောဇဉ် (၁၀)ပါးဖြစ်တယ် (မှန်ပ့ါ)။

နွားဖြူနဲ့ နွားနက်တွဲထားတယ်ဆိုပါစို့၊ နွားဖြူက သံယောဇဉ် လား၊ နွားနက်က သံယောဇဉ်လား ဘယ်ဟာသံယောဇဉ်လဲလို့ မေးရင် ဘယ်လိုဖြေမလဲ၊ နွားဖြူလည်းမဟုတ်ဘူး၊ နွားနက်လည်းမဟုတ်ဘူး၊ နွားနှစ်ကောင်လုံးလည်းမဟုတ်ဘူး၊ နွားနှစ်ကောင်ကို ချီထားတဲ့ ကြိုးကမှ သံယောဇဉ်ပေ့ါ (ဥပမာ)

ရူပါရုံ (ရုပ်) အဆင်းက = နွားဖြူ
မျက်စိရုပ်က = နွားနက် ဆိုပါစို့

(ရူပါရုံ) နဲ့ (မျက်စိ) ကို သတ်သတ်စီမထားပဲ မျက်စိကို (ငါ့) မျက်စိလို့ ငါမြင်တယ်လို့ သဘောထားရင် ကြိုးချီတဲ့ (သံယောဇဉ်) ကြိုးဖြစ်သွား တယ်၊ နားနဲ့အသံမှာလည်း ငါကြားတယ်၊ နှာခေါင်းနဲ့အနံ့ မှာလည်း ငါနံတယ်လို့ သံယောဇဉ်ကြိုးချည်တတ်ကြတယ်၊ လျှာနဲ့

အရသာ၊ ကိုယ်နဲ့အတွေ့အထိ၊ စိတ်နဲ့ ကြံတွေးစရာတွေမှာလည်း ထို့အတူပဲ (ငါ) ပါရင် (ငါ) ဒိဋ္ဌိဝင်လာရင် (လောဘ၊ ဒေါသ) လည်းဖြစ်တယ်၊ (တဏှာ၊ မာန၊ ဒိဋ္ဌိ) လည်းဖြစ်တယ်၊ ဒါကြောင့် (အယတန) ၂ခုတို့ရဲ့ စုဝေးရာလို့ (ဉာဏ်) နဲ့သိရင် ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် (သတ္တဝါ) (ပညတ်) အမြင်မရှိတော့ (နိဗ္ဗာန်) ရောက်တာပဲ၊ (မှန်ပါ့)။

(သံယောဇဉ်) ဖြစ်ရင်ဖြစ်တယ်လို့သိရင် (သတိပဋ္ဌာန်) ပေါ့ (ပညတ်) မပါအောင် အာယတန ၂ခု တို့ရဲ့စုဝေးရာအမြင်ပဲလို့ (ဉာဏ်) နဲ့မြင်ရင်၊ သိရင် (ဝိပဿနာ) ဖြစ်တယ်၊ (ပညတ်)ကွာပြီး (ရာဂ၊ ဒေါသ၊ မောဟ) တို့က လွတ်ရင် (နိဗ္ဗာန်) ရောက်တာပေါ့ (မှန်ပါ့)။

## ဓမ္မာနုပဿနာ (ဗောဇ္ဈင်ပိုင်း)

(ဗောဇ္ဈင်) ဆိုတာ ဗောဓိရာအင်္ဂါ=ဗောဇ္ဈင်ဂေါတဲ့၊ ဗောဓိရာ = ဗောဓိပက္ခိယ = မဂ်ဉာဏ်၏အဖို့အစု၊ အင်္ဂါ=အကြောင်းတည်း၊ ထို့ကြောင့် (ဗောဇ္ဈင်) ဆိုတာ (မဂ်ဉာဏ်)၏ အကြောင်းဖြစ်တယ်လို့ ဆိုရတယ်၊ (မဂ်ဉာဏ်) ရဲ့အကြောင်းဆိုတာ (ဉာဏ်) နဲ့ရှုရတဲ့သဘော ပေါ့ . . (မှန်ပါ့)။ မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ (ဓမ္မ) သဘောတရား လေးတွေကို ဖြစ်လာတဲ့အတိုင်းသိအောင် (ဉာဏ်) နဲ့ရှုရတာကို ခေါ်တယ်၊ ပါဠိတော်မှာကတော့ အရှည်ကြီးပဲ၊ အကျဉ်းချုပ်အဖြစ် ကောက်နုတ်ပြောရရင် . . .

ပုန စပရံ ဘိက္ခဝေ သတ္တသုဗောဇ္ဈ ငေ်သု --(ပ)--။
သတိသမ္ဗောဇ္ဈ ငေ်ါတိပဇာနာတိ၊
နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈ ငေ်ါတိပဇာနာတိ၊ ပ။
ဓမ္မဝိစယံ၊ သမ္ဗော ဇ္ဈံငေ်ါတိ ပဇာနာတိ။
နိတ္တိမေ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈံ ငေ်ါတိပဇာနာတိ၊ ပ။
ဝိရိယသမ္ဗောဇ္ဈင်္ဂ၊ ပီတိသမ္ဗောဇ္ဈင်္ဂ၊ ပဿဒ္ဓိသမ္ဗေဇ္ဈင်္ဂ
သမာဓိသမ္ဗေဇ္ဈင်္ဂ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂီ၊ ပ။ အတ္တိမေ
ပဇာနာတိ။ ပ။ နတ္တိမေအဇ္ဈတ္တံ ပဇာနာတိ။ (ပ)။

(ပါဠိ) တော်ရဲ့အနက်ကတော့ ရဟန်းတို့၊ နောက်တနည်းကတော့ (ဗောဇ္ဈင် ၇ပါး) ရှုနည်းပဲဖြစ်တယ်၊ မိမိသန္တာန်မှာ (သတိသမ္ဗောဇ္ဈင်) ရှိရင်ရှိတယ်သိ၊ (သတိ) မရှိရင်မရှိဘူးသိ၊ မိမိသန္တာန်မှာ (ဓမ္မာဝိဇယသမ္ဗောဇ္ဈင်) လို့ခေါ်တဲ့ (အနိစ္စ) အစရှိတဲ့ (ဓမ္မ) သဘောတရားလေးတွေကို စူးစမ်းနေတတ်တဲ့ (ဉာဏ်) ပညာနဲ့နေရင်နေမှန်းသိ၊ မနေရင်မနေမှန်းသိပါ၊ (မှန်ပါ့)။

မိမိသန္တာန်မှာ (ဝီရိယ) သမ္ဗောဇ္ဈင်ဖြစ်တဲ့ မိမိအဇ္ဈတ္တ အတွင်းသန္တာန်ကိုကြည့်တတ်တဲ့ (ဝီရိယ) ရှိရင်ရှိမှန်းသိပါ၊ (ဝီရိယ) မရှိရင်မရှိမှန်းသိပါ၊ မိမိသန္တာန်မှာ တရားတိုးတက်လာလို့ (ပီတိသမ္ဗောဇ္ဈင်) လို့ခေါ်တဲ့ ဓမ္မတရားသဘောလေးတွေ ရှုရင်းနဲ့ နှစ်သက်ကြည်နူးခြင်းလက္ခဏာဖြစ်လာတဲ့ (ပီတိ) သဘောတွေ ဖြစ်ရင် ဖြစ်မှန်းသိပါ၊ ဒီထက်

တိုးတက်လာရင် မိမိသန္တာန်မှာ (ပဿဒ္ဓိသမ္ဗောဇ္ဈင်) လို့ဆိုတဲ့ စိတ်ငြိမ်းချမ်းခြင်း လက္ခဏာရှိတဲ့ (ပဿဒ္ဓိ) ရှိရင်ရှိမှန်းသိပါ (မှန်ပါ့)။

မိမိသန္တာန်မှာ (ဓမ္မ) သဘောလက္ခဏာတွေရဲ့ (အနိစ္စ) ကို ကြည့်နေရင်းနဲ့ တိုးတက်လာပြီး (သမာဓိသမ္ဗောဇ္ဈင်) လို့ခေါ်တဲ့တရားသဘောလေးတွေရဲ့ အာရုံမှာတည်ကြည်နေတဲ့ လက္ခဏာ (သမာဓိ) ရှိရင်ရှိမှန်းသိပါ၊ မိမိသန္တာန်မှာ တရားအတိုးတက်ဆုံး ဖြစ်လာလို့ ဥပေက္ခာသမ္ဗောဇ္ဈင်လို့ ခေါ်ဆိုရတဲ့ (သင်္ခါရ) တွေကို လစ်လျူရှုခြင်းလက္ခဏာဖြစ်တဲ့ (သင်္ခါရ) ကို (ဥပေက္ခာ) ပြုရင်ပြုမှန်းသိပါ၊ မပြုသေးရင်လည်းမပြုမှန်းသိပါတဲ့၊ (မှန်ပါ့)။

ဗောဇ္ဈင် (၇)ပါးလုံး ပြည့်စုံမှုဟာ (မဂ်) အဆင့်ရပြီး (အရဟတ္တဖိုလ်) ရောက်မှပြည့်စုံတယ်၊ နောက်ထပ်ပွားစရာမလိုတော့ဘူး၊ ဒါကြောင့် (သမ္ဗောဇ္ဈင်) ဘာဝနာပွားများမှုဟာ (အရဟတ္တမဂ်) မဂ်ဉာဏ်အကြောင်းပါရှိတယ်၊ ဒါကြောင့် ဗောဓိရာ = မဂ်ဉာဏ်၏ အဖိုးအစု အင်္ဂါ = အကြောင်းဖြစ်လို့ (ဗောဇ္ဈင်) လို့ခေါ်ရတယ်၊ (မှန်ပါ့)။

## ဓမ္မာနုပဿနာ (သစ္စာ) ပိုင်း

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ
ဝိဟရတိ စတူသု အရိယသစ္စေသု . . . (ပ) . . .

ဣဓဘိက္ခဝေ ဘိက္ခုဣဒံ ဒုက္ခန္တိယထာဘူတံ
ပဇာနာတိ၊ အယံဒုက္ခသမုဒယောတိ၊ ယထာဘူတံ၊
ပဇာနာတိ၊ အယံဒုက္ခနိရောဓောတိ ယထာဘူတံ၊
ပဇာနာတိ၊ အယံဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ
ယထာဘူတံပဇာနာတိ။

ဘိက္ခုဝေ၊ ရဟန်းတို့ နောက်တနည်းအားဖြင့် ဤသာသနာမှာ ရဟန်းတို့ဟာ (အရိယာသစ္စာ) ဖြစ်တဲ့ သစ္စာ (၄)ပါးကို သိအပ်တယ်လို့ ဟောပါတယ် . . (မှန်ပါ့)။

၁။ ဒုက္ခသစ္စာ = ဆင်းရဲပင်ပန်းတာသိရမယ်၊

၂။ သမုဒယသစ္စာ = ပင်ပန်းဆင်းရဲခြင်း ဖြစ်ကြောင်း သိရမယ်၊

၃။ နိရောဓသစ္စာ = ပင်ပန်းဆင်းရခြင်း ချုပ်ကြောင်း သိရမယ်၊

၄။ မဂ္ဂသစ္စာ = ဆင်းရဲခြင်းချုပ်ငြိမ်းကြောင်း အကျင့်ကိုလည်း သိရမယ်စတဲ့ သစ္စာ (၄)ပါးအကြောင်းသိဖို့ မြတ်စွာဘုရားဟောတော်မူပါတယ် (မှန်ပါ့)။

## ဒုက္ခသစ္စာ

(ဒုက္ခသစ္စာ) မှာ (ဇာတိပိ) ပဋိသန္ဓေနေခြင်းသည်လည်း

ဒုက္ခဆင်းရဲတယ် (ဇရာပိ) အိုမင်းရင့်ရော်ခြင်းသည်လည်း ဒုက္ခဆင်းရဲတယ်၊ (မရဏံပိ) စုတေသေလွန်ခြင်းသည်လည်း ဒုက္ခဆင်းရဲတယ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ပါယာသာပိ စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်၏လွန်စွာပင်ပန်းခြင်းတို့သည်လည်း ဒုက္ခဆင်းရဲကုန်တယ်၊

အပ္ပိယေဟိ = မချစ်မနှစ်သက်အပ်ကုန်သော အာရုံ၊ သင်္ခါရ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ဒုက္ခ ဒေါမနဿတို့နှင့် သမ္ပယောဂေါ = အတူတကွတွေ့ကြုံပေါင်းဆုံ၊ ပေါင်းသင်းရခြင်း (ဒုက္ခ) ကလည်း ဆင်းရဲတယ်၊ ပိယေဟိ = ချစ်ခင်အပ်ကုန်သော အာရုံ ပီတိ၊ ပဿဒ္ဓိ၊ သုခတို့နှင့် ဝိပ္ပယောဂေါ = ကွေကွင်းကွဲကွာရခြင်းသည်လည်း ဒုက္ခာဆင်းရဲတယ်၊ သံခိတ္တေန = အကျဉ်းအားဖြင့်၊ ပဉ္စ = ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ = ဥပါဒါန်တို့၏အာရုံဖြစ်ကုန်သော (ခန္ဓာ)တို့သည် ဒုက္ခဆင်းရဲကုန်၏၊ ဘိက္ခဝေ = ရဟန်းတို့၊ က္ကဒံ = ဤဆိုအပ်ပြီးသော ဒုက္ခံ = ဒုက္ခဖြစ်သော အရိယသစ္စံ = အရိယသစ္စာ၊ အရိယာတို့၏ အမှန်အသိဟူ၍ ဝုစ္စတိ = ဆိုအပ်၏လို့ ကျမ်းတွေမှာလာပါတယ် (မှန်ပါ့ဘုရား)

မချစ်မနှစ်သက်အပ်သောဆိုတာရယ်၊ ချစ်ခင်အပ်သောဆိုတာရယ်က (လူ၊ သတ္တဝါ) ကို ပြောတာမဟုတ်ဘူး၊ ဘုရားဟောမှာ (လူ) မပါဘူး၊ မချစ်မနှစ်သက်တာက (ဇာတိ၊ ဇရာ၊ မရဏ၊ ဒုက္ခ)၊ ချစ်ခင်နှစ်သက်တာက (ဇာတိ၊ ဇရာ၊ မရဏ၊ ဒုက္ခ) ရဲ့ ဆန့်ကျင်ဘက်

(သုခ) နိဗ္ဗာန်ချမ်းသာကို ယူလို့ ရတယ် (မှန်ပါ့)။

## သမုဒယသစ္စာ

(သမုဒယသစ္စာ)ကို မြတ်စွာဘုရား ဘယ်လိုဟောခဲ့သလဲဆိုရင် ဘိက္ခဝေ =ရဟန်းတို့ ဒုက္ခသမုဒယ = ဒုက္ခ၏အကြောင်း (ဒုက္ခဖြစ်ကြောင်း) သည် ယာယံတဏှာ = (တဏှာ) ဆိုသောနှစ်သက်ခြင်း၊ တပ်မက်ခြင်း (လောဘ) သည် ဒုက္ခဖြစ်ကြောင်း ဖြစ်တယ် (မှန်ပါ့)၊ လောဘ (တဏှာ) ဟာ ပေါနောဗ္ဘဝိကာ = ဘဝအသစ်ကို အဖန်တလဲလဲဖြစ်စေတတ်တယ်၊ နန္ဒိရာဂသဟဂတာ = ပြင်းထန်တဲ့ စွဲလန်းမှု၊ နှစ်သက်မှု၊ တပ်မက်မှုကို ဖြစ်စေတယ်၊ တတြတတြ = ထိုထိုအာရုံမှာ၊ အဘိနန္ဒိနီ = ထပ်ခါတလဲလဲ နှစ်သက်တတ်တယ် (မှန်ပါ့)၊ ဒီ (တဏှာ) ဟာဘာလဲဆိုရင်

(၁) ကာမတဏှာ (ရူပါရုံနှင့် ဝတ္ထုကာမကိုတပ်မက်ခြင်း)

(၂) ဘဝတဏှာ (ဘုံဘဝကိုတပ်မက်ခြင်း)

(၃) ဝိဘဝတဏှာ (လက်ရှိဘဝကိုတပ်မက်ခြင်း) ဆိုတဲ့ တဏှာသုံးမျိုးဟာ ဒုက္ခသမုဒယ = ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ (သမုဒယသစ္စာ) ဖြစ်လို့ အရိယာသစ္စံ၊ အရိယာတို့သိအပ်တဲ့ တရားပဲလို့ မြတ်စွာဘုရားဟောခဲ့ပါတယ် (မှန်ပါ့)။

(တဏှာ) ဟာ ဘယ် (အာရုံ)မှာစဖြစ်သလဲ၊ (တဏှာ) ဟာ

ဘယ် (အာရုံ) မှာ အဖန်တလဲလဲ ဖြစ်နေသလဲဆိုရင် လောကမှာ (ပိယရူပံ) = ချစ်ခင်မှုဖြစ်စေတဲ့အာရုံ (သာတရူပံ) = သာယာမှုဖြစ်စေတဲ့ အာရုံဆိုတာရှိတယ်၊ ဒီအာရုံတို့မှာ (တဏှာ) ဟာစဖြစ်တယ်. . (မှန်ပါ့)၊ (တဏှာ) ဟာ ချစ်ခင်တဲ့သာယာတဲ့ (အာရုံ) တွေမှာပဲ အဖန်တလဲလဲ ဖြစ်တယ်၊ ဒီ (တဏှာ) တွေဖြစ်စေတဲ့ (အာရုံ)တွေက ရူပါရုံ = အဆင်း (ရုပ်)၊ သဒ္ဒါရုံ = အသံ (ရုပ်)၊ ဂန္ဓာရုံ = အနံ့ (ရုပ်)၊ ရသာရုံ = အရသာ (ရုပ်)၊ ဖောဋ္ဌဗ္ဗာရုံ = အထိအတွေ့ (ရုပ်)၊ ဓမ္မာရုံ = စိတ်အာရုံ (ပညတ်) တွေမှာ (ပိယရူပံ) ချစ်တတ်တဲ့၊ (သာတရူပံ) သာယာတတ်တဲ့ (အာရုံ) တွေ ဖြစ်စေတတ်တယ်၊ ဒီလိုဖြစ်စေတဲ့ (အာရုံ) တွေမှာ (တဏှာ) ဟာစပြီး ဖြစ်တာပဲ . . (မှန်ပါ့)။

အာရုံ (၆)ပါးနဲ့ ဒွါရ (၆)ပါးနဲ့တွေ့တိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ (ဝိညာဏ်)စိတ်အာရုံဖြစ်တဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်တွေဖြစ်တိုင်းမှာလည်း ဒီ(တဏှာ) တွေ ဖြစ်နေတာပဲ (မှန်ပါ့)။

ကာယပသာဒ = ကာယအကြည်၊ သောတပသာဒ = နားအကြည်၊ စက္ခုပသာဒစတဲ့ မျက်စိအကြည် နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စိတ်တို့ရဲ့ပသာဒ အကြည်ဓါတ် (၆)ပါးကို မှီပြီးဖြစ်တဲ့ (ဖဿ) (သမ္မာရက္ခန္ဓာ)ကလည်း (တဏှာ)ရဲ့ အာရုံတွေကို ဖြစ်စေတာပဲ၊ အာရုံ (၆)ပါးကို မှီပြီးဖြစ်လာတဲ့ (ဖဿ) (သင်္ခါရက္ခန္ဓာ)၊ ဒီ (ဖဿ) ကြောင့်

ဖြစ်လာတဲ့ (ဝေဒနာ) ခံစားမှုလေးတွေဟာလည်း ချစ်ခင်တာတို့၊ နှစ်သက်တာတို့၊ သာယာတာတို့ ဖြစ်စေတဲ့ (တဏှာ)ကို ဖြစ်စေပြန်တယ် (မှန်ပါ့)

(သညာ)ဆိုသော မှတ်သားမိမှုလေးကလည်း (တဏှာ)ကို ဖြစ်စေပြန်တယ်၊ (စေတနာ) ဆိုသော (သင်္ခါရ)ကလည်း (တဏှာ)ကို ဖြစ်စေပြန်တယ်၊ အားလုံးခြုံလိုက်ရင် (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)ဆိုတဲ့ (ခန္ဓာငါးပါး)ကသာ (တဏှာ)ကို ဖြစ်စေတယ်၊ (မှန်ပါ့)၊ အဲဒီ (တဏှာ)ဟာ "ဒုက္ခဖြစ်ကြောင်း" ဖြစ်စေတဲ့ (သမုဒယသစ္စာ)ပဲလို့ မြတ်စွာဘုရားဟောပါတယ် (မှန်ပါ့ဘုရား)။

## နိရောဓသစ္စာ

ပြင်ပမှာရှိတဲ့အာရုံ (၆)ပါးနဲ့ ခန္ဓာကိုယ်မှာရှိတဲ့ (အာယတန) ခေါ်တဲ့ ဒွါရ (၆)ပါးတို့ တွေ့တိုက် စုဝေးမှုကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်စတဲ့စိတ် (၆)ပါး ပေါ်တယ် (မှန်ပါ့)၊ ဒီပေါ်တဲ့ (စိတ်) မှာ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ဆိုတဲ့ (ခန္ဓာငါးပါး) လုံးပါတယ်၊ (အာရုံ) ကြောင့် ဖြစ်ရတဲ့ (စိတ်) တစ်ခုဖြစ်တိုင်း (ပညတ်) ပါသောစိတ်မှာ (ခန္ဓာငါးပါး) လုံးပါတယ်၊ အဲဒီ (ခန္ဓာငါးပါး)ဟာ (ပိယ၊ သာတ) ဆိုတဲ့ ချစ်ခင်မှု၊ နှစ်သက်မှု၊ သာယာမှု၊ တွေနဲ့ ဆက်သွားတော့ တပ်မက်မှု (တဏှာ) ဖြစ်လာတယ်၊ ဒီ (တဏှာ) ချုပ်ရာ၊ မကပ်ညိရာ၊ မတွယ်တာရာ၊ စွန့်လွှတ်ရာ၊

ပယ်အပ်ရာတို့သည် (နိရောဓသစ္စာ)ဖြစ်တယ် . . (မှန်ပါ့)။

(နိရောဓသစ္စာ) ဆိုတာ (ခန္ဓာ) ချုပ်ရာ၊ (သင်္ခါရ) ချုပ်ရာ၊ (ဒုက္ခ) ချုပ်ရာ၊ (တဏှာ) ချုပ်ရာ (နိဗ္ဗာန်)ကို ပြောတာ . . (မှန်ပါ့)၊ ရောဓ = (တဏှာ) ကြောင့်ဖြစ်တဲ့ (ဥပါဒါနခန္ဓာငါးပါး) ဖြစ်သော ဝဋ္ဋဒုက္ခကို အဖန်ဖန် ကျင်လည်ရခြင်းမှ နိ = ချုပ်ခြင်းဖြစ်သောကြောင့်၊ (ဒုက္ခ) ကျင်လည်မှုမှချုပ်ခြင်း၊ ဥပါဒါနက္ခန္ဓာငါးပါးမှ ကျင်လည်ရသောကြောင့် ဥပါဒါန်ခန္ဓာငါးပါးရမှု ဒုက္ခမှချုပ်ငြိမ်းရာ၊ သစ္စာ=အမှန်ဖြစ်သောကြောင့် နိရောဓသစ္စာကို (နိဗ္ဗာန်)လို့ခေါ်တယ် (မှန်ပါ့ဘုရား)။

(ဥပါဒါနက္ခန္ဓာ) လို့ခေါ်တဲ့ (ခန္ဓာငါးပါး) ဒုက္ခများမပြတ်မစဲ တသဲသဲဖြစ်ပွားရတဲ့ ထိုဝဋ္ဋဒုက္ခမှ အမှန်ချုပ်ငြိမ်းသွားခြင်းကို (နိရောဓသစ္စာ) (နိဗ္ဗာန်) လို့ခေါ်တယ် (မှန်ပါ့)။

## မဂ္ဂသစ္စာ

မြတ်စွာဘုရားက ဘိက္ခဝေ = ရဟန်းတို့၊ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါအရိယသစ္စံလို့ဟောတယ်၊ ဒုက္ခနိရောဓဂေ (ဒုက္ခ)ချုပ်ရာ၊ ဂါမိနိ ပဋိပဒါက (ဒုက္ခချုပ်ရာရောက်ရာ အကျင့်မှန်) တရား၊ ဒုက္ခချုပ်ရာ (နိဗ္ဗာန်) ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာတရား၊ ဒီအမှန်တရားကို ကိုယ်ပိုင်ရမှသာ ဒုက္ခချုပ်မှာ၊ ကိုယ်ပိုင်မရရင် ဒုက္ခကမချုပ်နိုင်ဘူး၊ ဒုက္ခချုပ်ရာ (နိဗ္ဗာန်) မရနိုင်ဘူးပေါ့ (မှန်ပါ့)။

ဒုက္ခချုပ်ရာ၊ ရောက်ရာအကျင့်မှန်တရားက ဘယ်လိုလည်း ဆိုရင် မြတ်စွာဘုရားက

အရိယော = ကိလေသာတို့နှင့် ဝေးသောအရိယာဖြစ်စေသော

အဋ္ဌင်္ဂိကော = အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော

အယမေဝအရိယောါအဋ္ဌင်္ဂိကောါမဂ္ဂေါ = အင်္ဂါရှစ်ပါးနဲ့ပြည့်စုံသော အရိယာ်မဂ်ပါပေတည်းလို့ ဟောပါတယ် (မှန်ပါ့ဘုရား)။

အဲဒီ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့မဂ်၊ ကိလေသာတို့နဲ့ဝေးစေတဲ့ (အရိယာမဂ်) ဆိုတာဘာလဲဆိုရင် -

(၁) သမ္မာဒိဋ္ဌိ = (သစ္စာ) တရားလို့ခေါ်တဲ့ (အမှန်) တရားကိုသိမြင်ခြင်း၊

(၂) သမ္မာသင်္ကပ္ပေါ = မှန်စွာကြံစည်တတ်ခြင်း၊

(၃) သမ္မာဝါစာ = မှန်စွာပြောဆိုခြင်း၊

(၄) သမ္မာကမ္မန္တော = မှန်သောအလုပ်ကိုပြုလုပ်ခြင်း၊

(၅) သမ္မာအာဇီဝေါ = မှန်စွာအသက်မွေးတတ်ခြင်း၊

(၆) သမ္မာဝါယာမော = မှန်စွာအားထုတ်တတ်ခြင်း၊

(၇) သမ္မာသတိ = အမှန်အတိုင်းသတိရှိခြင်း၊

(၈) သမ္မာသမာဓိ = အမှန်အတိုင်းတည်ကြည်မှုရှိခြင်း။

## သမ္မာဒိဋ္ဌိ

(သမ္မာဒိဋ္ဌိ) ဆိုတာအမှန်တရားကိုသိတာ၊ မြတ်စွာဘုရားက ဘိက္ခဝေ = ရဟန်းတို့ (သမ္မာဒိဋ္ဌိ)အမှန်တရားကိုသိတာ မြင်တယ်ဆိုတာ ဟာ ဒုက္ခေ ယံခေါဉာဏံ = (ဒုက္ခသစ္စာ) ၌ သိတတ်သော (ဉာဏ်)၊ဒုက္ခ ဖြစ်ကြောင်း (သမုဒယသစ္စာ)၌ သိတတ်သောဉာဏ်၊ ဒုက္ခချုပ်ကြောင်း (နိရောဓသစ္စာ) ၌ သိတတ်သောဉာဏ်၊ ဒုက္ခချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်စေတတ်သော (မဂ္ဂသစ္စာ) ၌ သိတတ်သော (ဉာဏ်) ကို သမ္မာဒိဋ္ဌိလို့ ဝုစ္စတိ = ဆိုအပ်၏လို့ဟောပါတယ် (မှန်ပ့ါ)။

## သမ္မာသင်္ကပ္ပေါ

(သမ္မာသင်္ကပ္ပ) ဆိုတာ နေက္ခမ္မသင်္ကပေါ = ကာမမှ ထွက် မြောက်သော ဝိတက်၊ အဗျာပါဒသင်္ကပ္ပေါ = ဒေါသမှကင်းသော ဝိတက်၊ အဝိဟိံသာသင်္ကပ္ပေါ = ညှင်းဆဲခြင်း၏ဆန်ကျင့်ဘက်ဖြစ်သော ဝိတက် ဆိုတဲ့ စိတ်အကြံအစည်ဟာ မိစ္ဆာအယူမှားစွာမဟုတ်ပဲ၊ သမ္မာ မှန်ကန်သော (ပညာ) ဉာဏ်နှင့်ပြည့်စုံသော အကြံကလေးတွေ၊ သိတတ်တဲ့ အကြံကလေးတွေနဲ့ (သမ္မာ) အမှန်မြင်အောင် ကြံတတ် စည်တတ်တဲ့ ဝိတက်မျိုးကို (သမ္မာသင်္ကပ္ပေါ) လို့ခေါ်ဆိုရတယ် (မှန်ပ့ါ)။

## သမ္မာဝါစာ

(သမ္မာဝါစာ) ဆိုတာအမှန်အတိုင်း ပြောဆိုတတ်တာကို ခေါ်

တယ်၊ မုသာဝါဒ = မဟုတ်မမှန်သောစကား၊ မုသားမပြောဘူး၊ ပိသုနဝါစာ= ချောပစ်၊ ကုန်းတိုက်သောစကားမပြောဘူး၊ ဖရုသဝါစာ= ကြမ်းတမ်းဆဲရေးသောစကားကို မဆိုဘူး၊ သမ္ဖပ္ပလာပါ = အကျိုးမရှိသောအသိန်အဖျင်းစကားတွေ မပြောဘူးဆိုရင် (သမ္မာဝါစာ) လို့ခေါ်တယ် (မှန်ပါ့)။

## သမ္မာကမ္မန္တော

(သမ္မာကမ္မန္တော) ဆိုတာ မှန်သောကောင်းသော အလုပ်ကိုသာပြုလုပ်ခြင်းခေါ်တယ်၊ မိမိရော သူတစ်ပါးရော ထိခိုက်မဲ့အလုပ်ကို မလုပ်ဘူး၊ သူ့အသက်သတ်ခြင်း၊ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်းတို့ကို မပြုလုပ်ပဲ မှန်တဲ့ကောင်းတဲ့အလုပ်အကျင့်စာရိတ္တ ကောင်းတဲ့အလုပ်ကိုသာ လုပ်ကိုင်ခြင်းကို (သမ္မာကမ္မန္တော) လို့ခေါ်တယ် . . . (မှန်ပါ့)။

## သမ္မာအာဇီဝေါ

(သမ္မာအာဇီဝေါ) ဆိုတာ မှန်သောအသက်မွေးဝမ်းကျောင်းမှုပြုတာကို ခေါ်တယ်၊ မှားသောအသက်မွေးဝမ်းကျောင်းမှု ဖြစ်တဲ့ အရက်သေစာရောင်းဝယ် အသက်မွေးခြင်း၊ တိရစ္ဆာန်များသတ်ဖြတ်ရောင်းဝယ်၍ အသက်မွေးခြင်း၊ လူသေစေတဲ့လက်နက်များ ရောင်းဝယ်အသက်မွေးခြင်း၊ လိမ်လည်လှည့်ဖျား သွေးဆောင် ဖျားယောင်း

အသက်မွေးခြင်းတို့ကို မပြုလုပ်ပဲ၊ မှန်ကန်တဲ့အသက်မွေးကျောင်းခြင်းကိုခေါ်တယ် . . . (မှန်ပါ့)။

## သမ္မာဝါယာမော

(သမ္မာဝါယာမော) ဆိုတာ (အကုသိုလ်) တရားတို့ကို မဖြစ်အောင် လုံ့လဝီရိယပြုတယ်၊ စိတ်ကိုစောင့်ထိန်းတယ်၊ မဖြစ်သေးတဲ့ (ကုသိုလ်) တရားတွေကို ဖြစ်အောင်လုံ့လပြုတယ်၊ စိတ်ကို ချီးမြှောက်တယ်၊ ဖြစ်ပြီးကုန်သော ကုသိုလ်တရားတွေမှာလည်း လုံ့လဝီရိယနဲ့ပြုတယ်၊ စိတ်ကိုချီးမြှောက်ပြီး (ဝီရိယ) ကောင်းထားတာကို (သမ္မာဝါယမော) လို့ခေါ်တယ်။

## သမ္မာသတိ

(သမ္မာသတိ)ဆိုတာ မိမိရဲ့အဇ္ဈတ္တသန္တာန်မှာရှိတဲ့ ရူပကာယကာယနုပဿီ (ကာယ) ကိုသော်လည်းကောင်း၊ ဝေဒနာနုပဿီ (ဝေဒနာ)ကိုသော်လည်းကောင်း၊ စိတ္တေ(စိတ်) ကိုသော်လည်းကောင်း၊ ဓမ္မာနုပဿီ (ဓမ္မ) သဘောလေးများကိုသော်လည်းကောင်း အဖန်တလဲလဲ (သတိပဋ္ဌာန်) တရားကိုပွားခြင်း၊ (သတိ) ပြု၍ရတတ်သော၊ သိတတ်သော (သမ္မာဇာနော) ပညာ အဆင်အခြင်နဲ့ ပြည့်စုံတဲ့ (သတိ) လေးကို (သမ္မာသတိ) လို့ခေါ်တယ်. . (မှန်ပါ့)၊ **(သမ္မာသတိ) ဆိုတာက (ပညတ်) ကိုဖယ်ပြီး (ရုပ်နာမ်) ကို သတိပြုရတာကိုခေါ်တယ် (မှန်ပါ့)။**

## သမ္မာသမာဓိ

(သမ္မာသမာဓိ) ဆိုတာ သတောဝ=သတိနဲ့ပြည့်စုံခြင်း၊ သမ္ပဇာနောဝ = ပညာအဆင်အခြင်နဲ့ ပြည့်စုံပြီး သုခဋ္ဌ=သုခဝေဒနာလေးနဲ့ ခံစားပြီး (ပညာ)နဲ့ ယှဉ်တဲ့ (သတိ)တွေပြည့်ဝပြီး (သမ္မာဒိဋ္ဌိ) အမြင်စင်ကြယ်ပြီး (ဓမ္မလေး) တွေရဲ့ (ဖြစ်မှုပျက်မှု) လေးတွေကို မြင်နေရင်လည်း (သမ္မာသမာဓိ) ဖြစ်တယ်လို့လည်း ခေါ်နိုင်ပါတယ် (မှန်ပ့ါ)။

## သစ္စာ (၄)ပါး

သစ္စာ (၄)ပါးဆိုတာ (အတိတ်) ကို ရောက်သွားတဲ့စိတ်မှာ ရှိတယ် (မှန်ပ့ါ)။ **"အတိတ်စိတ်သာ နှိပ်ကွပ်ပါ သစ္စာ (၄)ဖြာ သိစမြဲ"** လို့ အဆိုရှိတယ် (မှန်ပ့ါ)၊ ငါကောလိပ်ကျောင်းတုန်းက၊ ငါစစ်တပ်ထဲတုန်းက ငါ့မှာဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုရင် အဲ့ဒါ (သမုဒယသစ္စာ) ဖြစ်နေတာ၊ ပြောနေတုန်းခံစားနေရတာက (ဒုက္ခသစ္စာ) ဒီလိုအတိတ်ကို တွေးလိုက်၊ ပြောလိုက်နဲ့ဒါတွေဟာ (သမုဒယသစ္စာ) နဲ့ (ဒုက္ခသစ္စာ) ပါလားလို့ ဒီလိုသိရင်သိတာက (မဂ္ဂသစ္စာ)၊ အတိတ်ချုပ်သွားတာက (နိရောဓသစ္စာ) ပဲ (မှန်ပ့ါ)။

(စူဠသုဘဒ္ဒါ) က ငါဟာဆဒ္ဒန်ဆင်မင်းရဲ့ ဒုတိယမယားဖြစ်ခဲ့ရတာကိုး၊ ဒါကြောင့် ခါချဉ်ကောင်တွေရှိတဲ့ ပန်းကိုမှ ငါ့ကိုပေးတာ၊ ဒါကြောင့် ငါမကျေဘူးလို့ ဒီလိုအောင်းမေ့တာ (သမုဒယသစ္စာ) ပဲ၊

ဆင်စွယ်ရတော့ (ဒုက္ခသစ္စာ) ပဲ ပေါ့ (မှန်ပါ့)။

ဒါကြောင့် ဘယ်တော့မှမတွေးနဲ့၊ တွေးမိရင်တွေးတဲ့စိတ်ကို နှိပ်ကွပ်လိုက်ပါ၊ တွေးစိတ်မှာ (အတိတ်) ဆိုတာအမြဲပါတယ်၊ အဲဒါ (သမုဒယနဲ့ဒုက္ခ) တွေပဲ၊ အယုတ်သစ္စာ (၂)ပါးကို လုပ်ယူနေတဲ့ ဖြစ်ရပ်တွေဖြစ်နေတယ်။ ဒါကြောင့် မိမိသန္တာန်မှာ အတွေးစိတ်မပေါ်စေနဲ့ (မှန်ပါ့ဘုရား)။

| | | |
|---|---|---|
| အတိတ်စိတ်က အတိတ်ကိုပြန်တွယ်တော့ | = | သမုဒယသစ္စာ |
| အတိတ်ကဖြစ်ရပ်ကို ပြန်ခံစားနေရတာက | = | ဒုက္ခသစ္စာ |
| အတိတ်စိတ်ကို နှိပ်ကွပ်ရမှန်းသိတာက | = | မဂ္ဂသစ္စာ |
| အတိတ်စိတ်ချုပ်သွားတာက | = | နိရောဓသစ္စာပေါ့ (မှန်ပါ့) |

အတိတ်စိတ်က (ဇာတိ) ပဲ၊ (ဇာတိ) ဖြစ်နေပြီဖြစ်တော့ ဇာတိပိဒုက္ခာ၊ အတိတ်ကဘာဖြစ်တာကို တွေးမိရင်ဖြစ်ခဲ့တဲ့ (ဇာတိ) တွေးမိလို့အဲဒီတုန်းက ခံစားရတဲ့အာရုံတွေက (ဒုက္ခသစ္စာ) ပေါ့ (မှန်ပါ့)၊ (ဇာတိ) ဆိုတာ၊ (စိတ်တစ်ခု) စဖြစ်တာလည်း (ဇာတိ) ပဲ၊ မြတ်စွာဘုရားက (ဇာတိပိဒုက္ခာ) လို့ ဟောတယ်မဟုတ်လား (မှန်ပါ့)။

အမေ့ဝမ်းထဲမှာ (စိတ်) သွားဖြစ်တာကလည်း (ဇာတိ) ပဲ၊ အတိတ်ကိုတွေးမိတဲ့ (စိတ်)ကလည်း (ခန္ဓာငါးပါး)ရတဲ့ (ဇာတိ) ပဲ၊ ဒီ

အတိတ်စိတ် (ဇာတိ) ပေါ်ပြီး ဇရာ၊ မရဏာပျက်တာပေါ့။ (ဇာတိ ပိဒုက္ခောမရဏာပိဒုက္ခာ) ပေါ့၊ (ဥပါဒ်-ဌီ-ဘင်)လည်းခေါ်တယ်၊ နေ့စဉ် အတိတ်စိတ်တွေနဲ့ပဲ (ဇာတိ၊ ဇရာ၊ မရဏာ) သမုဒယသစ္စာ (ဖြစ်လိုက်) ဒုက္ခသစ္စာရလိုက် (ပျက်လိုက်)နဲ့၊ သမုဒယသစ္စာရလိုက်၊ ဒုက္ခသစ္စာ ရလိုက်နဲ့ (အယုတ်သစ္စာ ၂ပါး) နဲ့ပဲ သံသရာလည်နေကြတယ်၊ (မဂ္ဂ) နဲ့ (နိရောဓ) ကမပါကြဘူး၊ သေတော့လည်း (သမုဒယ) စိတ်ဖြစ်တဲ့ ဘယ်ဘဝရောက်လိုပါ၏နဲ့ပဲ (ဇာတိ) တဖန်ထပ်ရကြအုံးမယ်၊ မွေးလာ တော့လည်း (ဒုက္ခနဲ့သမုဒယ) တွေပဲလည်ကြတာပဲ၊ ဒီလိုနဲ့ ကာမ (၁၁)ဘုံသားတွေဟာ (ဒုက္ခ)နဲ့ (သမုဒယ) ကလွဲလို့ အမြတ် သစ္စာ (၂)ပါးကို မသိကြဘူး (မှန်ပ့ါ)။

အတိတ်စိတ်နဲ့ နေလိုက်လို့ရှိရင် သေခါနီးကျတော့ ဘယ်တုံး ကဘာလျှုဒါန်းခဲ့တာဆိုတာကို အမှတ်ရတဲ့အတိတ်စိတ် (သမုဒယ) ကြောင့်ကောင်းမှုကံဖြစ်ပြီး နတ်ပြည်သုဂတိမှာဖြစ်တဲ့ (စိတ်) ကလည်း (ဇာတိ) ပဲ၊ လူ့ပြည်ကကုသိုလ်ကောင်းမှုကံလေးရှိသဘောက် နတ်ပြည် မှာဖြစ်တာပဲ၊ ကောင်းမှုကံကုန်ရင် နတ်သက်ကြွေပြီး မကောင်းမှုကံ အကျိုးပေးလာရင် လူ့ပြည်ကျော်ပြီး တိရစ္ဆာန်တောင်ဖြစ်ကြတယ်၊ ဒါကြောင့် ဒီလိုအတိတ်စိတ်ကို နှိပ်ကွပ်တတ်လို့ရှိရင် သံသရာပြတ် (ပဋိစ္စသမုပ္ပါဒ်) ပြတ်ပြီး (မဂ္ဂ) နဲ့ (နိရောဓ) ဖြစ်ပြီး (နိဗ္ဗာန်)ရောက် ကြောင်းဖြစ်တာပေါ့ ဒကာကြီး (မှန်ပ့ါဘုရား)။

လူလူချင်း ပေါင်းသင်းဆက်ဆံနေကြရတဲ့ လောကကြီးမှ ကိုယ်နဲ့သဟဇာတမဖြစ်တဲ့ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်တွေ အဆင်မပြေခဲ့ရင် အိမ်ရောက်တော့ ပြန်မတွေးနဲ့၊ ဖြစ်ကြောမရှည်နဲ ပြန်တွေးမိရင် ဒီကောင်တွေက မကောင်းဘူး၊ ဒီကောင်က ငါ့ဂ စော်ကားတယ်၊ ဒီကောင်မက ငါ့ကိုမနာလိုတာ၊ သူက ငါ့ကိုချိုးလိုင တာ၊ စီးပိုးလိုက်တာစတဲ့ သူတို့ကိုပြန်စွဲလန်းတဲ့ (တဏှာ၊ ဥပါဒါန်)ဝေ ဖြစ်ပြီး ဒီ (ဥပါဒါန်ရုပ်)တွေကို အဆက်အသွယ်လုပ်ပြီး (ဒုက္ခသစ္စ တွေမယူနဲ့ဒကာကြီး (မှန်ပါ့)။

အတိတ်စိတ်နဲ့ ကိုယ့်အလိုမကျတာဖြစ်လာရင် (ဒေါမနဿ မဖြစ်နဲ့၊ ဖြစ်ကြောမရှည်နဲ့၊ သင္ခါရ အနိစ္စလို့ရှုလိုက်၊ မြတ်စွ ဘုရားက ကိုယ့် (အာရုံ) မှာဖြစ်ပေါ်လာတဲ့ (ဥပါဒါရုပ်) ကိုသင္ခါရေ အနိစ္စလို့ရှုစေချင်တယ်၊ (လူ) မဟုတ်ဘူး (ဒုက္ခ) တွေလို့သိလိုက (ခန္ဓာငါးပါး)ရတဲ့ (ဒုက္ခသစ္စာ)လို့သိလိုက်၊ ဒါကြောင့် ခန္ဓာငါးပါ (ရုပ်နာမ်) ခန္ဓာမရအောင် (ဒုက္ခသစ္စာ) ဒုက္ခလို့ သိလိုက်ရင် (ယထ ပညာယပဿတိ) (ပညာ) နဲ့ရှုတာဖြစ်တာပေါ့၊ . . (မှန်ပါ့)

ဒီလိုအတိတ်စိတ်ဝင်လာရင် ဒါတွေဟာလူမဟုတ်ဘူး၊ (အာရုံ တွေပဲ၊ ဒီ (အာရုံ)တွေဟာ (ဒုက္ခ)တွေပဲလို့ရလာတဲ့ ခန္ဓာငါးပါး (အာ ဒုက္ခ) တွေကို တွေ့ဖန်များလာရင် ဒီ (အာရုံ) တွေ ဒီ (စိတ်) တွေဟ (ခန္ဓာ)ရတဲ့ (ဒုက္ခ)တွေပဲဆိုတာ ကြည့်တတ်လို့ရှိရင် ဒီ (ဒုက္ခ) တွေအမြ

**များလာလို့ရှိရင် (ဒုက္ခသစ္စာ) တွေ့ရယ်လို့ ပိုင်းခြားသိလာတယ်၊ (မှန်ပါ့)၊ ဒီလို (ဒုက္ခသစ္စာ) ဒုက္ခတွေ တွေ့ဖန်များလာရင် (အထနိဗ္ဗိန္ဒိတိဒုက္ခေ သောမဂ္ဂေါ ဝိသုဒ္ဓိယာ) ဆိုတဲ့ ဒုက္ခတွေကို ငြီးငွေ့ပြီး၊ ခန္ဓာမဖြစ်ရာ၊ ဒုက္ခချုပ်ငြိမ်း ရာ သောမဂ္ဂေါဝိသုဒ္ဓိယာဆိုတဲ့ စင်ကြယ်တဲ့ မဂ်ကြီးနဲ့ (နိဗ္ဗာန်) မြင်တော့ တာပေါ့ဒကာကြီး (မှန်ပါ့ဘုရား)။**

တရားစာမှာပြတာတွေဟာ ကိုယ့်ခန္ဓာမှာ ဖြစ်တာနဲ့ညဏ်နဲ့ ကိုက်မှ (ပထမတန်း) စားဖြစ်တာပေါ့၊ နိဗ္ဗိန္ဒတိကငြီးငွေ့လာတော့လည်း (သင်္ခါရ) က မကင်းသေးဘူး၊ (နိဗ္ဗာန်) ကျတော့မှ (သင်္ခါရ) ကင်းတယ်၊ (မှန်ပါ့)။

ဒါကြောင့် (အတိတ်)ဆိုတာ (ပညတ်) ပဲ၊ (သညာ)ဆိုတာလည်း (ပညတ်)တွေပေါ့၊ (နိမိတ်)တွေပေါ့၊ ဒီ (ပညတ်) အာရုံတွေဟာ (ဒုက္ခ)တွေဖြစ်တဲ့အတွက် **"အတိတ်စိတ်သာ နှိပ်ကွပ်ပါ၊ သစ္စာ ၄ဖြာ သိစမြဲ"** ဆိုတာလေးဟာ တိုတိုလေးနဲ့ (ညဏ်) တွေသွားတယ်နော်၊ နှိပ်ကွပ်ရင်းနဲ့ (သမုဒယသစ္စာ) နဲ့ (ဒုက္ခသစ္စာ) ကိုသိတဲ့အပြင် (နိရောဓ) နဲ့ (မဂ္ဂသစ္စာ) ကို ပါသိလာတယ်ဒကာကြီး (မှန်ပါ့ဘုရား)။

(တဏှာ) ဘာကြောင့်ဖြစ်သလဲဆိုရင် မိမိမှာ (ပညတ်) တွေ လာကပ်လို့ (တဏှာ) ဖြစ်တာ၊ (ပညတ်) တွေလာမကပ်ရင် (တဏှာ) မဖြစ်ဘူး၊ (ပညတ်) တို့ (တဏှာ) တို့ကရော ဘာကြောင့်ဖြစ်သလဲဆိုရင် (အဝိဇ္ဇာ) ကြောင့်ဖြစ်ရတာ (ပုရိမာတဏှာ) က သမုဒယသစ္စာပဲ၊

**(သမုဒယသစ္စာ) ကို ပါယ်ရမယ်ဆိုတော့ မိမိသန္တာန်မှာ (သမုဒယသစ္စာ) ဖြစ်တဲ့ (အဝိဇ္ဇာတဏှာ) ကိုပါယ်ချင်ရင် (ပညတ်) ကိုဖြတ်ပါ (မှန်ပ့ါ)၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာတွေဟာ (ပညတ်) တွေဖြစ်လို့၊ ဒီ (ပညတ်) တွေကို ဖြတ်ချင်ရင် ဒီလို ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့မသိနဲ့၊ မယူနဲ့ . . (မှန်ပ့ါ)။ (ပညတ်) တွေပါယ်ရင် သမုဒယ (တဏှာ) ပါယ်ပြီး ဖြစ်ပါတယ် . . (မှန်ပ့ါ)။**

သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာဖြစ်စေတဲ့ အတွေး (ဇာတိ)၊ ခန္ဓာငါးပါး (ခန္ဓာ) ရတဲ့ (ဇာတိ) (ဒုက္ခ)ချုပ်ချင်ရင် ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) အသိမကပ်ရဘူး၊ ဒါမှ (သမ္မာဒိဋ္ဌိ) ဖြစ်တာ၊ ဒီလိုမကပ်အောင် (ဉာဏ်) က ဦးစီးရတယ်၊ (သမ္မာဒိဋ္ဌိ) ရောက်ရင် (ပညတ်) တွေပျောက်ပြီး သစ္စာ (၄)ပါးပဲ သိတော့တယ်၊ (မှန်ပ့ါ)။

(သမ္မာဒိဋ္ဌိ) အမှန်မြင်ရဖို့ (ဉာဏ်) ကဦးစီးရတယ်၊ (သမ္မာဒိဋ္ဌိ) ဖြစ်ရင် စက္ခုကရဏီ၊ ညာဏကရဏီ (ဉာဏ်) ရောက်သွားတယ်၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါတော့ဘူး၊ အားထုတ်တဲ့ (ဘာဝနာ) ပွားများနေတဲ့အခါမှာ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မပါအောင်ကြည့်ရတယ်၊ ဒီအသိ ဒီအနေမျိုးများများရအောင် ပွားရတာကိုကမှ ဘာဝနာ (ဘာဝေတဗ္ဗ) လို့ခေါ်တယ် (မှန်ပ့ါ)။

ဒီလို (ပညတ်) မပါအောင် ပွားနေမှ (သမ္မာဒိဋ္ဌိ) အမှန်မြင်

ရောက်တာ (သမ္မာဒိဋ္ဌိ) ဖြစ်သွားတယ်ဆိုရင် (နတ္တဝါ နဉဒယဘယံ) ဆိုတာ (ဖြစ်ခြင်း၊ ပျက်ခြင်း) ကိုမြင်တာ၊ (သမ္မာဒိဋ္ဌိ) ရောက်လွန်းလာရင် (အနိစ္စ) တွေထင်လာမယ်၊ (ဖြစ်ခြင်း၊ ပျက်ခြင်း) တွေမြင်လာမယ် (မှန်ပါ့)။

(သမာဒိဋ္ဌိ) ရဖို့ စိတ်ကို အတိတ်စိတ်တွေနှိပ်ကွပ်ဖို့ အတိတ်အာရုံမရောက်ဖို့ (ပညတ်) တွေမကပ်ရအောင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင် မဖြစ်အောင်စောင့်စည်းပြီး အမှန်မြင်အောင် (သမ္မာဒိဋ္ဌိ) ဖြစ်အောင် မှန်သောအမြင် အကြံအစည်တွေဖြစ်အောင် ကြံပေးနေရတာက (ဉာဏ်)ကူတာက (သမ္မာသင်္ကပ္ပ) လို့ ခေါ်တယ် (မှန်ပါ့)။

"သမ္မာသင်္ကပ္ပဂေါစရော" တဲ့ (သမ္မာသင်္ကပ္ပ) အာရုံဖြစ်ရတယ်၊ (သမ္မာသင်္ကပ္ပ) ဆိုတာ (မိစ္ဆာသင်္ကပ္ပ) မဖြစ်တာ (မှန်ပါ့)၊ (မိစ္ဆာသင်္ကပ္ပ) ဆိုတာ မိမိမှာ (သမ္မာဒိဋ္ဌိ) ဖြစ်အောင်၊ ရောက်အောင် စိတ်မငြိမ်တာ၊ အမှားမြင်နေတာ စိတ်ယုတ်မာတွေဖြစ်ပြီး (နီဝရဏ) တွေဖြစ်တဲ့ (ကာမ၊ ရာဂ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ) တွေ ဖုံးနေတာ (မှန်ပါ့)။

(သမ္မာသင်္ကပ္ပ) ဆိုတာ နိက္ခမဝိပါတ်၊ အဗျာပါဒဝိပါတ်၊ ရှုလို့ကောင်းတယ် (သမ္မာသင်္ကပ္ပ) နဲ့သွားမှ (သမ္မာဒိဋ္ဌိ) ဖြစ်တာ၊ (သမ္မာသင်္ကပ္ပ) က (မျက်မှန်)၊ သမ္မာဒိဋ္ဌိက (မျက်လုံး) လို့လည်း သုံးကြတယ် (မှန်ပါ့)၊ (သမ္မာဒိဋ္ဌိ) သဘောက (နတ္တိဝါနံဉဒယဘယံ) ဖြစ်ခြင်း၊

ချုက်ခြင်းကို သိတယ်၊ (ဖြစ်ပျက်) မြင်ပြီဆိုရင် (ကာမ၊ ရာဂ) တွေ ပါးသွားပြီ၊ သူ့တရားသဘောအစဉ်က (ကာမရာဂ) တွေပါးရာကနေ မရှိတော့တဲ့အပြင် ထိန၊ မိဒ္ဓကိုလွှမ်းမိုးတဲ့သူဆိုရင် (ရဟန္တာ) ဖြစ်ရောပဲ (မှန်ပါ့)။

(ထိန၊ မိဒ္ဓ) သဘော ကိုယ့်မှာမရှိတော့ဘူးဆိုရင် (သဗ္ဗဒုက္ခ တိယော) တဲ့၊ အလုံးစုံသောဒုက္ခတိ (ဒုက္ခ) တွေကို စွန့်တော့တယ်၊ ဘယ်သူမဆို မိမိသန္တာန်မှာ (ထိန၊ မိဒ္ဓ) မရှိတော့ဘူးဆိုရင် (ရဟန္တာ) ဖြစ်သွားတာပဲ (မှန်ပါ့)၊ ကိုယ့်ကိုယ်ကို ပြန်စဉ်းစား၊ ကိုယ့်မှာ ထိန၊ မိဒ္ဓငိုက်မြည်းတဲ့စိတ်တွေ ရှိနေသေးသလား၊ ဒီထိန၊ မိဒ္ဓတွေ နှိပ်စက် နေသလား ဒီလိုရှိနေသေးရင် မဟန်သေးဘူး၊ (ထိနမိဒ္ဓဖေဟိဘိက္ခု သဗ္ဗ ဒုက္ခတိရော) တဲ့ အလုံးစုံသောဒုက္ခတရားတွေကိုလည်း စွန့်တယ်၊ (ထိန၊ မိဒ္ဓ) အနှိပ်စက်မခံရတော့ဘူးဆိုရင် (နိဗ္ဗာန်) ပဲ. . . (မှန်ပါ့)။

မိမိအားထုတ်တဲ့နေရာမှာ (မိစ္ဆာသက်ပ္ပ) ဖြစ်တဲ့ (ကာမရာဂ၊ ဗျာပါဒ၊ ဉဒ္ဒိစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ) ဆိုတဲ့ (နီဝရဏငါးပါး) က လွတ်အောင် အားထုတ်ရမယ်၊ ဘယ်လိုအားထုတ်ရမလဲဆိုတာ ရှေ့ပိုင်းက (နီဝရဏ) ပိုင်းမှာ ဟောပြပြီးသားဟုတ်လား . . (မှန်ပါ့)၊ ဒီလိုအားထုတ်တဲ့နေရာမှာ ပထမဦးစွာ ကိုယ့်စိတ်ကိုကိုယ်စောင့်စည်း တဲ့ (သမ္မာသက်ပ္ပ) လိုတယ်၊ ဒုတိယ (သမ္မာဒိဋ္ဌိ) ဖြစ်အောင် ဒီလို အစဉ်အတိုင်း (ပညာမဂ္ဂင်) နဲ့အရင်လုပ်ရတယ်၊ ဒါမှသစ္စာ (၄)ပါး

သိပြီး ပထမဦးစွာ (ဒိဋ္ဌိ) ဆိုတဲ့ (ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) အသိပြုတ်ရင် (ဒိဋ္ဌိ) ပြုတ်တဲ့ (သောတာပန်) ရတယ်၊ ဒုတိယ မဂ်က (ရာဂ၊ ဒေါသ၊ မောဟ) တွေပါးလာတယ်၊ တတိယမဂ်ကလည်း (ရာဂ၊ ဒေါသ၊ မောဟ) တွေ ပါးသထက် ပါးလာတယ်၊ စတုတ္ထမဂ်ကြတော့ (ရာဂ၊ ဒေါသ၊ မောဟ) ဆိုတာကိုလည်း အကြွင်းမဲ့ပါယ်သတ်ပြီး (ထိနိမိဒ္ဓဇေဟိဘိက္ခုသဗ္ဗဒုက္ခတိယောဇဟော) အလုံးစုံသော ဒုက္ခတွေကို စွန့်ပြီး (ထိနိမိဒ္ဓ) မရှိတဲ့ ရဟန္တာကြီးဖြစ်တော့တယ်ဒကာကြီး . . (မှန်ပါ့ဘုရား)။

သစ္စာ (၄)ပါးသိပုံသိနည်းပြောရမယ်ဆိုရင် (ဒုက္ခသစ္စာ) ကို (ပိုင်းခြား) သိရတယ်၊ သမုဒယသစ္စာကို (ပါယ်) ရတယ်၊ မဂ္ဂသစ္စာကို (ပွား) ရတယ် ဆိုတာစာသိဘဲ (သိ) နေကြတယ်၊ ဒီလိုပဲ (သစ္စာ ၄ပါး) ဆိုတာက ဘာက (ဒုက္ခသစ္စာ) ဖြစ်တာ သူ့ကိုပိုင်းခြားသိရတယ်၊ ဘာက (သမုဒယသစ္စာ) ဖြစ်တာ သူ့ကို (ပါယ်) ရတယ်၊ ဘာကို (မဂ္ဂသစ္စာ) ခေါ်တယ်၊ သူက (ပွား)ရတယ်၊ ဘာက (နိရောဓသစ္စာ) ခေါ်တယ်၊ သူက ဒုက္ခချုပ်ငြိမ်းသွားတာကို ခေါ်တယ်ဆိုတာ ရှေ့ပိုင်းက ဟောခဲ့တဲ့တရားတွေကို ပြန်ပြန်ကြည့် (သစ္စာ ၄ပါး) သိလာမယ် (မှန်ပါ့)။

ဒီသစ္စာ ၄ပါးက (နိဗ္ဗာန်) ရောက်ကြောင်းအတွက် သစ္စာ အမှန်တရား ၄ပါးဖြစ်လေတော့ အမှန်ဖြစ်တဲ့ (သစ္စာဉာဏ်) လည်း သိလာမယ်၊ ဘာလုပ်ရမယ်ဆိုတဲ့ သူ (ကိစ္စ) ပိုင်းခြားသိရမယ့် ဒုက္ခ

ကိစ္စ၊ ပါယ်ရမယ့် သမုဒယကိစ္စ၊ ပွားရမယ့် မဂ်ကိစ္စစတဲ့ (ကိစ္စဉာဏ်) တွေလည်း သိလာမယ် (မှန်ပါ့)။

ဒါကြောင့်မြတ်စွာဘုရားက ဓမ္မစကြာတရားဟောတဲ့အခါ - တံခါပနိဒံ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိမေ ဘိက္ခဝေ ပုဗ္ဗေအနနုသု တေသုဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိလို့ ဒီလိုဟောထားပါတယ် (မှန်ပါ့)

(သစ္စာ၄ပါး) ကို အလွယ်တကူသိချင်ရင် ထပ်ပြောမယ်၊ မြတ်စွာဘုရားက (သတ္တလောက) မှာ **"(ဒုက္ခ) ဖြစ်တာနဲ့၊ (ဒုက္ခ) ငြိမ်းတာ"** (၂)ခု ရှိတယ်တဲ့ (မှန်ပါ့)။

(၁) ဒုက္ခဖြစ်တာက = (ဒုက္ခသစ္စာ) = (ခန္ဓာ၄ါပါး) ခန္ဓာရလို့ ဒုက္ခရတဲ့ (ဒုက္ခ)

(၂) ဒုက္ခငြိမ်းတာက = (နိရောဓသစ္စာ) = (ခန္ဓာ) မရလို့ငြိမ်း တဲ့ (သုခ)

(၃) ဒုက္ခဖြစ်ကြောင်းက = (သမုဒယသစ္စာ) = (အဝိဇ္ဇာ၊ တဏှာ) ပညတ်တွေ

(၄) ဒုက္ခချုပ်ကြောင်းလုပ်နိုင်တာက (မဂ္ဂသစ္စာ) = (ပညာ မဂ္ဂင်နဲ့ သမ္မာဓိမဂ္ဂင်)

ဒုက္ခဖြစ်ကြောင်း (တဏှာ) သတ်ဖို့က (ပညတ်) ကိုပယ်ပြီး (ပရမတ်) ကို ရှုရတယ် (မှန်ပါ့)၊ (အဝိဇ္ဇာ) မဖြစ်လို့ရှိရင် (သစ္စာ ၄ပါး) မှာ (နိရောဓသစ္စာ) ဖြစ်တယ်၊ (အဝိဇ္ဇာ) ဆိုတာ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအောင်းမေ့လိုက်ရင် ထင်လိုက်ရင် (အဝိဇ္ဇာ) ဖြစ်တယ်၊ မိန်းမ၊ ယောကျ်ား၊ ရုပါရုံအောင်းမေ့ရင် (ရာဂ)ဖြစ်တယ်၊ မိမိသန္တာန် (ရာဂ) စိတ်ဖြစ်လာရင်လည်း (အဝိဇ္ဇာ) ပဲ၊ (နာမ၊ သန္တာန်) ပညတ်တွေ အောင်းမေ့ရင်လည်း ဒါတွေမြင်နေရင်လည်း ကိုယ့်စိတ်မှာ (နာမ၊ သန္တာန်)တွေ ဖြစ်နေရင်လည်း (အဝိဇ္ဇာ) ပဲ (မှန်ပါ့)၊ (အဝိဇ္ဇာ) အဝင်မခံရင် (ဝိဇ္ဇာဉဒပါဒိ) ပဲပေါ့ (မှန်ပါ့)။

(ပညတ်)ဆိုတာ (အဝိဇ္ဇာ) ကြောင်ဖြစ်တာ၊ (မှန်ပါ့) **“(နာမ၊ သန္တာန်) အရင်းခံ၊ (ဒုက္ခသစ္စာ) မှန်လေ၏”** တဲ့၊ မိမိစိတ်ထဲမှာ (နာမ သမန္တာန်) ဖြစ်တဲ့ (ပညတ်)တွေ မပေါ်ရင် (နိရောဓသစ္စာ) ငြိမ်းအေး အမှန် ခဏ (နိဗ္ဗာန်) ပေါ့၊ (မှန်ပါ့)၊ (နိဗ္ဗာန်) ဆိုတာမဖြစ်တာ၊ မပျက်တာ ကိုခေါ်တယ်၊ ပစ္စုပ္ပန်မှာ ပဝတ္တိဝိညာဏ်တဲမှာ ဇာတိ၊ ဇရာ၊ မရဏ မရပဲ (ငြိမ်း) သွားတာ၊ လည်နေတဲ့ သံသရာဝဋ် မဖြစ်တာကို (ပုဗ္ဗာဘာဂမဂ်) ခေါ်တယ်၊ ခဏနိဗ္ဗာန်လို့ခေါ်လို့ရတယ်၊ ယခုဘဝ သံသရာဆိုတဲ့ မသေမှီ သံသရာလည်မှုငြိမ်းပြီး (အရဟတ္တမဂ်) ရရင် သေပြီးသော်မှ သံသရာ လည်ရတဲ့သံသရာစက်ကလွတ်ပြီး (ပရိနိဗ္ဗာန်) ရပြီပေါ့ (မှန်ပါ့)။

(သမ္မာဒိဋ္ဌိ) ကိုထပ်ပြီး သိနိုင်တာက

ဒုက္ခဥ္စပဇာနာတိ၊ ဒုက္ခသမုဒယဥ္စပဇာနာတိ၊ ဒုက္ခနိရောဓဥ္စပဇာနာတိ၊

ဒုက္ခနိရောဓ ဂါမိနိပဋိပဒါဥ္စပဇာနာတိ အယံဘိက္ခဝေသမ္မာဒိဋ္ဌိ လို့

မဟာသတိပဋ္ဌာနသုတ်မှာလာတယ်၊ ဒါကြောင့် (သမ္မာဒိဋ္ဌိ) ဆိုတာ (သစ္စာ ၄ပါး) သိတာကို ပြောတာ (မှန်ပါ့)၊ ပါဠိတွေပါတဲ့ စာအုပ်ကြီးတွေ ဖတ်တတ်တိုင်းလည်း သိနိုင်တာမဟုတ်ဘူး (မှန်ပါ့)။

ဒါဂလ္ (ဥာဏ်) စခန်းပဲ၊ (ဥာဏ်) ရှိတဲ့ ပုဂ္ဂိုလ်တို့မှ သိကြရတာ၊ (ဥာဏ်) မှိတဲ့ ပုဂ္ဂိုလ်မျိုးကိုမှ ပြောပြမှသိနိုင်တာမျိုးပဲ ဒကာကြီး (မှန်ပါ့)၊ အခုလူပြိန်းနားလည်အောင် ဟောပြရတာ၊ ဟောပြပြီး၊ သိပြီးရင် ကျင့်ကြံအားထုတ်မှလည်း (နိဗ္ဗာန်) ရနိုင်တာ၊ ဒီလိုသိပြီး ကျင့်ကြံအားထုတ်တတ်မှ တတိယတန်းစားဉာဏ်ရှိတဲ့ (နေယျ) ပုဂ္ဂိုလ်လို့ ပြောလို့ရတယ်၊ ယခုခေတ်မှာ နေယျပုဂ္ဂိုလ်ပဲအမြင့်ဆုံးရှိတော့တယ်၊ ဒီလောက်ဟောပြတာမှ မသိနိုင်ရင် (ပဒပရမပုဂ္ဂိုလ်) အန္ဓပုထုဇဉ် အကန်းပဲ ဖြစ်တော့မယ်၊ ကိုယ့်ကိုယ်ကို ဘုရားသာသနာအတွင်း လူလာဖြစ်တာ ဒီဘဝမှာ (နေယျပုဂ္ဂိုလ်) လောက်တော့ဖြစ်အောင် ဒီတရားတွေကို သိအောင် နားလည်အောင် ကြိုးစားကြရမယ် (မှန်ပါ့)။

ခုနက ပြောခဲ့တဲ့ ခဏနိဗ္ဗာန်၊ ပုဗ္ဗဘာဂမဂ် (ရှေ့ပြေးမဂ်) တွေ

ဆိုတာ၊ ဒီရှေ့ပြေးမင်္ဂလာတွေများလာရင် မဂ်ကြီးကို ဘယ်လိုကူးပြောင်းသလဲဆိုရင် ရှေ့နောက်တွေမရှိတော့ဘူး၊ နေ့ညဆိုတာမရှိတော့ဘူး၊ (နိဝရဏ) နဲ့ နှိပ်စက်တာတွေလည်းမရှိတော့ဘူး၊ စိတ်လည်းမရှိတော့ဘူး၊ (နိရောဓသစ္စာ) တွေ့ပဲဖြစ်တော့တာပဲ၊ ဖြစ်လိုက်ငြိမ်းလိုက်နဲ့ (သင်္ခတ) နယ်ထဲမှာပဲရှိသေးတယ် (အသင်္ခတ) ကျတော့ (နိရောဓ) အစစ်ဖြစ်တော့တယ်၊ အဲဒီ (နိရောဓ) အစစ်ကြီးရသွားတော့ မဖြစ်မပျက်ရာ ဒုက္ခချုပ်ငြိမ်းရာ (နိဗ္ဗာန်) ရောက်တော့တာပဲ (မှန်ပါ့)။

(သမ္မသင်္ကပ္ပ) ကို ထပ်ပြောအုံးမယ်၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ နာမသဏ္ဌာန် (ပညတ်) တွေ စိတ်ကူးလိုက်ရင် မနောကံဖြစ်တယ်၊ အမှန်မြင်အောင် ဆင်ခြင်လိုက်ရင်၊ ဆင်ခြင်တဲ့ ဉာဏ်ကို ပညာမဂ္ဂင် (သမ္မာသင်္ကပ္ပ) လို့ခေါ်နိုင်တယ်၊ (သမ္မာသင်္ကပ္ပ) ဆင်ခြင်တဲ့ ဉာဏ်ရှိနေရင် (ပညတ်) တွေ စိတ်မကူးတော့ဘူး။

"သမ္မာသင်္ကပ္ပ ဂေါစရော" တဲ့ (သမ္မာသင်္ကပ္ပရဲ့အာရုံ)လို့ ခေါ်တယ်၊ သမ္မာသင်္ကပ္ပ ဆိုတာ -

အဗျာပါဒသင်္ကပ္ပ = (ကြောင့်ကြ၊ တောင့်တတာတွေမရှိဘူး)

နိက္ခမ သင်္ကပ္ပ = (ပညတ်တွေမတွေ့တော့ဘူး)

အဝိဟိံသာသင်္ကပ္ပ = (ရန်သူရယ်လို့မတွေးဘူး၊ ရန်သူမရှိဘူး)

(သမ္မာသင်္ကပ္ပ) က (အဝိဇ္ဇာ) မရှိမှုဖြစ်တာ၊ ဒါက (ဉာဏ်)ပဲ၊ ပညာမဂ္ဂင်ပဲ (မှန်ပါ့)

(အဝိဇ္ဇာ) ရှိရင် (သင်္ခါရ) ရှိတယ်၊ (အဝိဇ္ဇာ) မရှိရင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာမရှိတော့ဘူး၊ ကိုယ့်အမြင်မှာ ပျောက်သွားပြီ (မှန်ပါ့)။

(သစ္စာလေးပါး) ဟောတဲ့ (ဓမ္မစကြာ) နဲ့ (အနတ္တလက္ခဏာသုတ်) က (သောတာပန်) နဲ့ (ရဟန္တာ) ဖြစ်ကြောင်းတရား၊ (ဉာဏ်) ဖြစ်သွားစေတဲ့တရား "အညာသိကောဏ္ဍညော" လို့ခေါ်တယ်၊ ဖြစ်အောင်လုပ်ကြပါ (မှန်ပါ့)။

(သစ္စာလေးပါး) ကို သိကြရင် ဘယ်ဟာက (ဒုက္ခ) ဘယ်ဟာက (သမုဒယ) ဘယ်ဟာက (နိရောဓသစ္စာ)၊ ဘယ်ဟာက (မဂ္ဂ) ဆိုတာ သိပြီးရင်၊ ဤဟာ (ဒုက္ခသစ္စာ) ဤဟာ (သမုဒယသစ္စာ)၊ ဤဟာ (နိရောဓသစ္စာ)၊ ဤဟာ (မဂ္ဂသစ္စာ) လို့လည်း ရှုလို့ရတယ် (မှန်ပါ့)။

❀ ❀ ❀ ❀ ❀ ❀ ❀ ❀

# ဓမ္မာနုပဿနာ ဒုတိယပိုင်း

## တရားအားလျော်စွာကျင့်ပါ

'ဓမ္မာနုအနုဓမ္မစာရီ' တရားကိုလျော်စွာ ကျင့်လို့ရှိရင် (လောဘ၊ ဒေါသ၊ မောဟ) တွေပယ်တယ်၊ ဒါပေမဲ့အများအားဖြင့် တရားကျင့်နေကြတဲ့သူတွေမှာ (ငါတွေ၊ သူတွေ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိ (ပညတ်) တွေက ဖုံးပြီးကျင့်နေကြတော့ တရားကို လျော်စွာကျင့်ရာ မရောက်တော့ဘူး၊ ဘေးချော်ပြီး လမ်းလွဲကျင့်တွေ ဖြစ်နေကြတယ် . . . . (မှန်ပါ့)။

**ရှိတာက (ဓမ္မ) တရားပဲရှိတာ၊ ရှိတဲ့ (ဓမ္မ) တရားလေးတွေကို တရားအားလျော်စွာ သိရမယ်၊ သိရမဲ့ (ဓမ္မ)တရားလေးတွေက (ရုပ်) လည်း ဓမ္မပဲ (စိတ်)လည်းဓမ္မပဲ၊ စေတသိက်လည်း (ဓမ္မ)ပဲ၊ (ပညတ်) လည်း (ဓမ္မ) ပဲ၊ ပရမတ်လည်း (ဓမ္မ) ပဲ၊ (နိဗ္ဗာန်) လည်း (ဓမ္မ) တရား သဘောလေးတွေပဲ၊ ဒီ (ဓမ္မ)လေးတွေအပေါ်မှာ ပေါ်လာတဲ့ (ဓမ္မ) တရားအားလျော်စွာ ရှုရမယ်၊ သိရမယ်၊ ဒီလိုရှုရမဲ့ သိရမဲ့ကိစ္စကို (ဓမ္မ) နဲ့မဆိုင်တဲ့ (ငါ့) အပေါ်၊ (သူ) အပေါ် အမြင်မပျောက်တဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) တွေဖုံးပြီး (ပညတ်) အလိုအတိုင်း ရှုသိနေကြတော့**

**တလွဲစီဖြစ်နေကြတာပေါ့ . . . (မှန်ပါ့)။**

(ပညတ်) အပေါ်ရှုရင် (ပညတ်) ပါရင် (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်) ပဋိစ္စသမုပ္ပါဒ်တန်းသွားတာ၊ ဒါကြောင့် (ပညတ်) ကို ဖယ်ပြီးရှုရတယ်၊ (ပညတ်) ကိုချန်ခဲ့ပြီး ရှုရတယ်၊ (စိတ်) သန္တာန်မှာ (ရာဂ၊ ဒေါသ၊ မောဟ) မပေါ်အောင် (ပညတ်)ကို ဖယ်ရှုရတယ်၊ (ရာဂ၊ဒေါသ) မပေါ်အောင်ရှုလို့ (ရာဂ၊ ဒေါသ) ကင်းနေရင် (ဒုက္ခ) မရှိတဲ့ (နိရောဓ) ဓမ္မပဲဖြစ်တော့တာပေါ့၊ (နိရောဓဓမ္မ) တွေနဲ့ နေလာရင် (နိဗ္ဗာန်) က (နိရောဓသစ္စာ) ရောက်တာပေါ့၊ ဒီလိုတရားအားလျော်စွာ နေတဲ့စိတ်က (မဂ္ဂ) ဖြစ်တယ်၊ (ရာဂ၊ ဒေါသ) စိတ်တွေကင်းနေတော့ ကိုယ့်သန္တာန်မှာ ငြိမ်းငြိမ်းကြီးဖြစ်ပြီး (ဿယံ၊ ဝိရာဂံ၊ အမတံ ပနီတံ) တဲ့၊ ကိုယ့်သန္တာန်မှာ (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဘယ်လောက်ထိ ကုန်တယ်၊ ဘာတွေကုန်လို့ ဘာတွေရှိတယ်ဆိုတာ ကိုယ့်ဟာကိုယ် သိရတာပေါ့၊ (ဓမ္မ) ကဆောင်သွားတယ် . . (မှန်ပါ့)။

ကိုယ်လုပ်ရမှာက (စိတ်) ကို ရှုရင် စိတ်ဖြစ်ရင် (ပညတ်) ပါတယ်၊ ကိုယ့်စိတ်မှာ (ပညတ်)ဖြစ်တာသိ၊ (ပညတ်) စိတ်မဖြစ်တာ သိဖို့ပဲ၊ စိတ်သန္တာန်မှာ (ရာဂ၊ ဒေါသ၊ မောဟ) မပေါ်အောင် ကြည့် ပေးရတယ်၊ (ပညတ်) မပေါ်ရင် (ရာဂ၊ ဒေါသ၊ မောဟ) ကမဖြစ်ဘူး။ ဒါမှ (ဓမ္မာနု၊ အနုဓမ္မာစာရီ) တရားအားလျော်စွာ ကျင့်ရာရောက်တယ် (မှန်ပါ့)။

တရားမသိရင် (ဓမ္မစကြာ) နဲ့ညှိရတယ် (မှန်ပ့ါ)၊ ဓမ္မစကြာမှာ **'ဓမ္မစက္ခုံဥဒပါဒိ'** တဲ့။

- ပုဂ္ဂိုလ်မပါ (ဓမ္မ)သာ (ဓမ္မစက္ခု) ဖြစ်သတည်း၊

- ပုဂ္ဂိုလ်ပါလျှင် သူငါဝင်၊ ဤတွင် (ဒိဋ္ဌိ) ဖြစ်သတည်း၊

- (ဒိဋ္ဌိ) ဖြစ်လျှင် ချစ်မုန်းဝင် ဤတွင် (လောဘ)၊ (ဒေါသ) ဖြစ်သတည်းလို့ ဘုန်းကြီးစပ်ထားတယ် ဒကာကြီး (မှန်ပ့ါ)။ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် (ပညတ်) ကို ဖယ်ကြည့်တတ်မှ (ဒိဋ္ဌိ) စင်တာ၊ (ပညတ်) ကို ဖယ်ကြည့်တတ်ရင် (ပရမတ်) ကိုမြင်လာတယ်၊ စိတ်မှာ (ပညတ်) မကပ်စေရဘူး၊ အဲ့ဒီလိုရှုရတယ်၊ သိပေးရတယ် (မှန်ပ့ါ)။

(ဓမ္မစကြာ) ဆိုတာ (ဓမ္မ) သဘောတရားကို ခေါ်တာ၊ အကြောင်းအကျိုးကိုလည်း (ဓမ္မ) လို့ခေါ်တယ်၊ (ပါဠိ) ကိုလည်း (ဓမ္မ) ခေါ်တယ်၊ (သစ္စာ) ကိုလည်း (ဓမ္မ) လို့ခေါ်တယ်၊ (ဓမ္မစကြာ) မှာ မြတ်စွာဘုရားက (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) ကိုရှင်းပြထားပါတယ် (မှန်ပ့ါ)။

ကိုယ့်သန္တာန်မှာ (ဒုက္ခ)ဖြစ်တာကို (ဒုက္ခ) ဖြစ်တဲ့အကြောင်း **အမှန်ပြောတာ**၊ တကယ့် (ဒုက္ခ) ဖြစ်နေတာကို ဖြစ်နေတဲ့အမှန်သဘော ပြောတာက **(သစ္စာ)**၊ အဲ့ဒီ (ဒုက္ခ) မဖြစ်အောင်ဘာလုပ်ရမလဲ၊ လုပ်ရမဲ့ (ကိစ္စ) က ကိုယ်သန္တာန်မှာ (ရာဂ၊ ဒေါသ၊ မောဟ) တွေ (ပညတ်)

တွေ မဖြစ်အောင်လုပ်ပါ ပြောတာ၊ လုပ်ရမဲ့ (ကိစ္စ) ရှိလို့ လုပ်ရမဲ့ကိစ္စက (ကိစ္စဉာဏ်)၊ အဲဒီ (ရာဂ၊ ဒေါသ၊ မောဟ) တွေကို ပယ်လိုက်တော့ လွတ်သွားတော့ (ကတဉာဏ်) လို့ ဒီလိုသစ္စာ ၄ပါးနဲ့ (နိဗ္ဗာန်) ရောက်အောင်မြတ်စွာဘုရားက ဟောပါတယ် (မှန်ပ့ါ)။

(ပညတ်) သဘောတရားတွေ ဖြစ်တဲ့ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရွှေ၊ ငွေ၊ ပစ္စည်းစတဲ့ (ပညတ်) တွေကို မြင်ရင်(ပညတ်) ကိုဖယ်ပြီး (မြင်တာ) ကို (မြင်တယ်)လို့ပဲ ရှုရတယ်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ဘာပဲ၊ ဘယ်သူပဲ၊ ဘာဖြစ်တာပဲဆိုတဲ့ (ပညတ်) နဲ့ မရှုရဘူး၊ (ပညတ်) မှန်းမသိပဲရှုရင် (ဒုက္ခသစ္စာ) နဲ့ (သံသရာ) လည်တယ် (မှန်ပ့ါ)၊ (ပညတ်) ကိုဖယ်ပြီး၊ (ပညတ်) ကိုချန်ပြီး ရှုရတယ်၊ မြတ်စွာဘုရားက (ပရမတ်) တရားကိုပဲ ဟောတယ် (မှန်ပ့ါ)၊ သဘောတရားကိုမြင်တာ (စက္ခုဝိညာဏ်) ရဲ့ လက္ခဏာ (ဓမ္မ) လေးပဲ၊ ဒါကြောင့် မြင်တာကို မြင်တယ်လို့ရှု၊ ကြားတာကိုကြားတယ်လို့ ရှု၊ နံတာကို နံတယ်လို့ရှု၊ စားတဲ့အခါစားတယ်လို့ရှု၊ ထိတွေ့ရင် (ထိ) တယ်လို့ပဲရှု၊ ကြံတွေးရင် ကြံတွေးတယ်လို့ပဲ ရှုပါ၊ သိပါတဲ့ (မှန်ပ့ါ)။

ကြိုက်တယ်၊ မကြိုက်ဘူး၊ ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ (တဏှာ) ဘက်လည်း ရောက်မသွားစေနဲ့ (မှန်ပ့ါ)၊ မကြိုက်လို့ စိတ်ဆိုးရင် (ဒေါသ) ရဲ့လက္ခဏာဖြစ်လို့ စိတ်ဆိုးတဲ့လက္ခဏာလေးကို (သိ) ရတယ်၊ ပြုံးမိရင်လည်း ပြုံးမိတဲ့လက္ခဏာလေးတွေကို (သိ) ရတယ်၊

(ဓမ္မာနံ) တရားသဘောတို့၏ လက္ခဏံ (လက္ခဏာ) ကို (ဉာဏံ) သိခြင်းသည် အဘိညာဏ် (အဘိညာဉ်) မည်၏။ (ဓမ္မ) သဘောတရား တွေက (အဘိဉေယျ) တရားလို့လည်းခေါ်တယ်၊ အထူးသိတာက (အဘိညာဏ်) ခေါ်တယ်၊ ကုသိုလ်၊ အကုသိုလ်ခွဲတတ်တာကို (ပရိညာ) ခေါ်တယ်၊ ဒီလိုခွဲတတ်၊ ခွဲတတ်တာကို (တိရဏပရိညာ) ခေါ်တယ်၊ ပါယ်တာက (ပဟာတဗ္ဗ) (ပဟာနပရိညာ) ခေါ်တယ်၊ ပယ်တာတွေကို မျက်မှောက်ပြုတာက (သစ္ဆိကရဏ) လို့ခေါ်တယ်၊ (မှန်ပါ့)။

(ဓမ္မာနုပဿနာ) က (ဓမ္မ) တရားသဘောတို့ရဲ့ (လက္ခဏာ) ကို ပဲသိရတယ်၊ (ရာဂ) ဖြစ်ရင် (ရာဂ) ဖြစ်တယ်သိ၊ ကပ်ငြိရင် ကပ်ငြိ တယ်သိ၊ လေဝင်ရင်ဝင်တာသိ၊ ထွက်ရင်ထွက်တာသိ၊ လိုချင်ရင် လိုချင်တယ်သိ၊ အလိုမကျရင် အလိုမကျမှန်းသိ၊ (ရုပ်နာမ်) ဓမ္မလေး တွေဖြစ်တာ (သင်္ခါရ) ဖြစ်တဲ့ (စေတသိက်) ၅၂လုံးက အတွင်းသန္တာန် မှာ (ဓမ္မ)လေးတွေပေါ်အောင် (သင်္ခါရစေတသိက်) က လှုံ့ဆော်နေ သ၍ လိုက်သိနေရပါတယ်၊ (သိ) နေရတယ်ဆိုတာ (ဉာဏ်) နဲ့ကြည့်ရ တာမျိုးပဲ (ပညတ်) ကို ဖယ်ပြီးရှုတာ (ဉာဏ်) ပါတာပဲ (မှန်ပါ့)။

(ဓမ္မာနံ) သဘောတရားတို့၏ ဉာဏံ (ဉာဏ်) နဲ့ကြည့်တာ ကို (ပရမတ္ထအနုဓမ္မစာရီ) ခေါ်တယ်၊ တရားသဘောတို့ကို အသိ ကပ်ပြီး၊ တရားအားလျော်စွာ (ဉာဏ်) နဲ့သိနေတာပဲ (မှန်ပါ့)၊ ဒီလို (ဓမ္မာနုအနုဓမ္မစာရီ) တရားနဲ့လျော်စွာ အသိလိုက်ပြီးသိနေတဲ့အခါ

(လောဘ၊ ဒေါသ၊ မောဟ) တွေကို ပယ်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေကို လည်း အတူတူပဲပယ်ပြီး ဖြစ်တယ် (မှန်ပ့ါ)။

**“ဓမ္မေစပဇာနာတိ”** (ဓမ္မာရုံ) ကိုလည်းသိရတယ်၊ (ဓမ္မာရုံ)က (အာရုံ)နဲ့ သဘောလက္ခဏာအမှန်ဖြစ်နေတာက (ဓမ္မာရုံ)၊ ဒါကို မသိတာ (မောဟ)ခေါ်တယ်၊ ဒါကြောင့် ကိုယ် (အာရုံ)မှာ (ဓမ္မ)သဘော တရား လေးတွေဖြစ်နေတဲ့ (ဓမ္မာရုံ) ဖြစ်နေတာကို ဖြစ်နေမှန်းသိပါ၊ အသိများလာရင် (မောဟ) တွေများများကွာတော့တယ်၊ (အမောဟ) မောဟမရှိတဲ့စိတ်ဖြစ်မှ (မဂ်) စိတ်များများဖြစ်တယ် (ရှေ့ပြေးမဂ်) ခေါ်တယ်၊ (သဗ္ဗဘိက္ခဝေအဘိညာယံ) တဲ့တရားသဘောရဲ့လက္ခဏာ တွေ သိအောင်လုပ်ပါ၊ ခန္ဓာကိုယ်က (ဓမ္မ) သဘောလေးတွေရဲ့ လက္ခဏာကို သပ္ပဇဉ် (ဉာဏ်) နဲ့သိပါ (မှန်ပ့ါ)။

(ဓမ္မာနုပဿနာ) ဆိုတာဖြစ်လာတဲ့ (အာရုံ) လေးတွေမှာ (ပညတ်) မဖြစ်အောင်ရှုရတာ (မှန်ပ့ါ)၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝေဒနာ)၊ ဤဟာ (သညာ)၊ ဤဟာ (သင်္ခါရ)၊ ဤဟာ (ဝိညာဏ်) လို့ဒီလို သိရတယ်၊ အဲ့ဒါ (ဓမ္မာနုပဿနာ) ခန္ဓာပိုင်းလို့ခေါ်တယ်၊ (နိဝရဏ) တို့ (အာယတန) တို့ (သံယောဇဉ်) တို့ (သစ္စာ ၄ပါး) တို့ကို ရှုတာလည်း (ဓမ္မာနုပဿနာ) ပဲ၊ ဒါမှ (သစ္စာ) နဲ့ကိုက်တယ်၊ မဟုတ်ရင် (သစ္စာ) မဆိုက်ဘူး၊ (သစ္စာ) ဆိုက်အောင်လုပ်ရတယ်၊ ဒီလိုသစ္စာဆိုက်မှ (ယထာဘူတ) ကျတာ၊ ယထာဘူတဉာဏ်ဖြစ်မှ ဒီအပြင်ဉာဏ်တွေ

ဖြစ်မှာ (ဉာဏ်) ကမှ (ယထာဘူတ) မကျပဲနဲ့ ဘယ်လိုလုပ် (ဉာဏ်) တက်မလဲ (မှန်ပ့ါ)။

**"စိတ်ကကြံတာ (သတ္တဝါ) (ဓမ္မာရုံ) နဲ့လွဲနေပြီ"** လို့ ဘုန်းကြီး စပ်ထားတယ်၊ (စိတ်)က ကြံတာ (သတ္တဝါ) ဆိုတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမတွေ (ပညတ်) တွေပဲ ကြံတတ်တာ၊ ဒီလို (ပညတ်)ကိုပဲ ကြံတော့ (ဓမ္မာရုံ) နဲ့လွဲနေတာပေ့ါ၊ ဒါကြောင့် (ပညတ်) ကို ပယ်ခွါပြီး (ဓမ္မာရုံ) နဲ့မလွဲအောင် (စိတ်) ကိုလည်း (မနော)မှန်း သိရတယ်၊ (င့ါ) စိတ်လို့ မအောင်းမေ့ရဘူး (မှန်ပ့ါ)။

(ပညတ်) က (ဒိဋ္ဌိ) ဖြစ်နေလို့ (ပညတ်) ခွါမှ (ဒိဋ္ဌိ) ကလည်း လွတ်တယ်၊ (ရာဂ၊ ဒေါသ) ကလည်းလွတ်တယ်၊ ဒါကြောင့် ဘုန်းကြီး စပ်ထားတာက **"ရာဂ၊ ဒေါသဖြစ်လေရာ (ပညတ်) တွေလည်းပါရထာလို့"** စပ်ထားတယ်၊ (ပညတ်) မပါတော့မှ (ဓမ္မ) ဆိုတဲ့သဘောလက္ခဏာလေးကို ကြည့်တတ်တယ် (မှန်ပ့ါ)။

**(ပညတ်) နဲ့ (ပရမတ်) နဲ့ကွဲချင်ရင် (ပညတ်) မပါမှ (ပရမတ်) ဖြစ်တယ်၊ (ပရမတ်) က (ပညတ်) မပါတာပဲ . .** (မှန်ပ့ါ)၊ (ပရမတ်) ရောက်မှ (အဘိဓမ္မာ) ရောက်တယ်၊ (အဘိဓမ္မာ) ရောက်မှ (ဝိပဿနာ) ရောက် တယ်၊ (မှန်ပ့ါ)၊ (ခန္ဓာ) သဘောတွေကလည်း (ပရမတ်) ပဲ၊ (ခန္ဓာ) ကလွတ်တော့မှ (နိဗ္ဗာန်) ပဲ (မှန်ပ့ါ)။

မြတ်စွာဘုရားတောင်မှ ဘုရားမဖြစ်ခင်၊ တောမထွက်ခင်၊ ဘုရားအလောင်းဘဝက သူအို၊ သူနာ၊ သူသေလို့ပဲမြင်ခဲ့တယ်၊ ဘုရားဖြစ်လာတဲ့အခါကျတော့မှ (ဇာတိ၊ ဇရာ၊ မရဏ၊ ဝိညာဏာတိဖလသန္ဓေဝိညာဏ်၊ နာမ်ရုပ်) ကိုပဲမြင်တော့တယ် (မှန်ပါ့)။

ဇာတိ၊ ဇရာ၊ မရဏဆိုတာ (ဥပါဒ်၊ ဌီ၊ ဘင်) ဖြစ်တည်ပျက်။ ဒါကြောင့် **(ဖြစ်ပျက်) ရောက်လျှင် (ရုပ်နာမ်) ဝင်သူ့တွင်လူမရှိ (ပရမတ်) ရောက်တော့တယ် . . .** (မှန်ပါ့)။

လေ့ကျင့်တာကို (စရဏ) ခေါ်တယ်၊ (ပညာသိ) က (ဝိဇ္ဇာ) ခေါ်တယ်၊ ဒါကြောင့် (ဝိဇ္ဇာစရဏ သမ္ပန္နော) လို့ခေါ်တာ (ဝိပဿနာ) ဆိုတာ (ဝိသုဒ္ဓိမဂ်) ပေါ်မှ (ဝိပဿနာ) ရယ်လို့ဖြစ်လာတာ (ဝိပဿနာ) ဆိုတာ ပါဠိလို နံမည်ပေးထားတာ၊ (ဓမ္မစကြာ)ထဲမှာက (ဝိဇ္ဇာဥဒပါဒိ၊ ညာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ အာလောကောဥဒပါဒိ) လို့ဒီလိုလာတာ (ဓမ္မစကြာ) မှာက (ဝိဇ္ဇာနဲ့စရဏ) ပဲလာတယ်၊ တရားမသိရင် (ဓမ္မစကြာ) နဲ့ ညှိရတယ် (မှန်ပါ့)

ဝိပဿနာက (သမပညာယ) အနေနဲ့ (ဝိပဿနာ) လို့ အနက်ယူတာ၊ စင်စစ်တော့ (သမပညာယပဿတိ) တဲ့ (သမ) က (ဝိသမ) မဟုတ်တာဆိုတော့ (သမ) ကညီညွတ်တာ၊ (ပဿ) ကရှုတာ၊ ဒီတော့ ညီညွတ်စွာရှုတဲ့ပညာလို့လည်း အဓိပ္ပါယ်ရတယ်။

(ဝိပဿနာ)ရှုရင် (စိတ်) ကပြုလုပ်နေတာဖြစ်တတ်တယ် (They are mind made) ဖြစ်နေတတ်တယ်၊ **(ဝိပဿနာ)ကို (စိတ်)နဲ့ မရှုရဘူး၊ (ဉာဏ်) နဲ့ (ပညာ) နဲ့ရှုရတယ်၊ "(ပညာ) နဲ့မြင် ကိလေစင်" တဲ့၊ ပညာ (ဉာဏ်)ကအရေးကြီးတယ်၊ (နိဗ္ဗာန်) အာရုံက လည်း (ဉာဏ်)နဲ့ သိရတာမျိုး (မှန်ပါ့)၊ (ဓမ္မာနုပဿနာ) က (ဝိပဿနာ) လို (စိတ်) နဲ့ မရှုရဘူး (ဓမ္မာရုံ) ဖြစ်တဲ့ (အာရုံ) လေးတွေရဲ့ သဘော လက္ခဏာကို ဝိညာဏ် (သိ) နဲ့ ရှုရတယ် (မှန်ပါ့)။**

(ဓမ္မာနုပဿနာ) မှာ (စက္ခုံပဇာနာတိ) က (သစ္စာဉာဏ်)၊ သစ္စာဉာဏ်ဆိုတာ အမှန်သိတာ၊ (ပရမတ်) သိ၊ ပဇာနာတိ၊ ပဇာနာတိ (သိတယ်) (သိတယ်) လို့ယူရင် (ကိစ္စဉာဏ်)၊ (ကိစ္စဉာဏ်) ဆိုတာ (ပြုလုပ်) တာကိုသိတာ၊ ဒီလိုသိတဲ့ (ပဇာနာတိ) လုပ်နေရင်း (ရာဂါ၊ ဒေါသ၊ မောဟ) တွေမရှိတော့တာက (ကတဉာဏ်) လို့ခေါ်တယ်၊ (ကတဉာဏ်) က (ပယ်) လိုက်တာကိုခေါ်တယ် (မှန်ပါ့)။

(အာရုံ) နဲ့ (စိတ်) ကိုလည်းကွဲရတယ်၊ (အာရုံ)က(ရုပ်) ၂၈ခု ပေါင်းလို့ (အာရုံ) ဖြစ်တာ၊ စိတ်က (နာမ်) ပဲ၊ အကြောင်း ၂-ခု တိုက်ဆိုင်လို့သိရတဲ့ (အကြောင်းအကျိုး) မျိုးကို (ဓမ္မ) လို့ခေါ်တယ်၊ (ဓမ္မ) ဆိုတာ (သဘာဝ) ပဲ၊ "အကြောင်းအားလျော်စွာ ဖြစ်လေပသော မှတ်ပါသဘာဝ" တဲ့ အဲ့ဒါ (ဓမ္မ) - သဘာဝပဲ။ (ဓမ္မသဘာဝ)ကို မရှုကြပဲ၊ (လူ၊ လူပုဂ္ဂိုလ်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ သတ္တဝါ) တွေရှုနေ

ကြတယ်၊ တကယ်တော့ အကြောင်းအကျိုး (ဓမ္မ) သဘာဝကိုပဲရှုရမှာ၊ မျက်စိ (ရုပ်)နဲ့ အဆင်း (ရုပ်)၊ နား (ရုပ်)နဲ့ အသံ(ရုပ်) တို့ကဖြစ်တဲ့ (အာရုံ) ကိုသိပါ၊ မြင်တာ၊ ကြားတာက(သဘာဝ)ဒါကြောင့် အကြောင်း အားလျော်စွာ ဖြစ်လေတာမှတ်ပါ သဘာဝ (ဓမ္မ) လို့ မှတ်ပါ (မှန်ပါ့)။

မျက်စိကမြင်နေကြတဲ့ ရူပါရုံ (ရုပ်) က (သဘာဝ)၊ မျက်စိ၊ နားတို့နဲ့ အဆင်းအသံကို မြင်တာကြားတာက (သဘာဝ)၊ (ဓမ္မ) နဲ့ပြော ရင် (ဓမ္မ) ပေါ့၊ ဒါကိုငါမြင်တာ၊ (ငါ) ကြားတာဆိုတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ လို့မယူနဲ့၊ ဒါက (ဓမ္မာပဋိသမ္ဘိဒါ) လို့ခေါ်တယ်၊ (ဓမ္မ) သဘာဝပဲ၊ သဘာဝဆိုတာ (ပညတ်) အာရုံဓမ္မလေးပါပဲ. . . (မှန်ပါ့)။

ရှင်သာရိပုတ္တရာဟာ အစက (ယေဓမ္မာ) ကို (ဟေတုပ္ပဘဝါ) လို့မသိဘူး၊ (ငါ) လို့သိနေတယ်၊ (ရှင်အဿဇိ) က ဟောပြမှ **"ယေဓမ္မာ ဟေတုပ္ပဘဝါ"** အကြောင်းအကျိုးလို့ သိသွားတယ်၊ ရှင်သာရိပုတ္တရာ တရားစသိတာက (ဓမ္မာနုပဿနာ) နဲ့တရားစသိတာပဲ. . . (မှန်ပါ့)။

(ဓမ္မ) ဆိုတာနဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ တွေက ဝမ်းထဲမှာမရှိတော့ဘူး၊ (သဘော) ပဲမြင်တော့တယ်၊ သဗ္ဗေဓမ္မာ၊ သဗ္ဗေသင်္ခါရလို့ ဒီလိုသိသွားတယ်၊ (ဓမ္မာနုပဿနာ) ဆိုရင် (ယေဓမ္မာ ဟေတုပဘဝါ) သိပြီပဲ၊ (ယေဓမ္မာ)ဆိုရင် ဓမ္မာနုပဿနာဖြစ်လို့ (သဘာဝ) ကိုရောက်သွားပြီ၊ (ပညတ်)တွေမရှိတော့ဘူး (ယေဓမ္မာ) ကိုသိရုံနဲ့ ရှင်သာရိပုတ္တရာ (သောတာပန်) ဖြစ်ခဲ့ပါတယ်၊ . . (မှန်ပါ့)။

ယေဓမ္မာ = အကြင်တရားတို့သည် ဟေတုပဘ္ဘဝါ = အကြောင်းရင်း
**အစရှိကုန်၏တဲ့၊ . .** (မှန်ပါ့)။

ဓမ္မ = ဓမ္မသည် သဘာဝေါတဲ့ (ဓမ္မဟာသဘာဝပဲ)၊ လူသတ္တဝါ၊ **မိန်းမ၊** ယောကျ်ားမဟုတ်တော့ဘူး၊ (ပညတ်) မရှိတာရောက်သွား **တယ်. . .** (မှန်ပါ့)။

စက္ခုဥဒပါဒိလို့ (ဓမ္မစကြာ) မှာ မြတ်စွာဘုရားဟောပါတယ်၊ (မှန်ပါ့)။ (ဓမ္မစက္ခု) ဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါမယူမှ (ဓမ္မစက္ခု) ဖြစ်တယ် လို့ဟောထားပါတယ် (မှန်ပါ့) ဒါကြောင့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အသိမဖြစ်ဖို့ အရေးကြီးတာပေါ့၊ ဒါမှ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်မှာ. . . (မှန်ပါ့)။ (သတ္တဝါ) ဆိုတာဘုံသုံးပါးမှာရှိကြတဲ့ လူဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံမှာ ရှိကြသူတွေအားလုံးကို (သတ္တဝါ) လို့ **ခေါ်ဝေါ်သမုတ်ထားတာ တကယ်မရှိဘူး၊ လူလည်း (သတ္တဝါ)** ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်လည်း (သတ္တဝါ) လို့ခေါ်တယ်. . . တကယ် မရှိဘူး၊ ရှိတာက (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ပဲ. . . (မှန်ပါ့)။

ဒါကြောင့် **"သတ္တဝါကုန် အတ္တမြဲသည်သာ အရိယာ"** လို့ခေါ် တာ (မှန်ပါ့)၊ ဒါကိုသဘောမပေါက်တော့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ အမြင်နဲ့နေကြတာပဲ (မှန်ပါ့) တကယ်တော့ (၃၁)ဘုံမှာ (ရုပ်နာမ်) ပဲ တကယ်ရှိတာ၊ မြင်ရမှာက (ရုပ်နာမ်) ပဲ (သတ္တဝါ) မဟုတ်ဘူး. . . (မှန်ပါ့)။

(ဓမ္မာနုပဿနာ) ကကျယ်ဝန်းတယ်၊ မြတ်စွာဘုရားက (မာန) ကို ပယ်ရမယ်၊ အမျက်မထွက်နဲ့၊ စိတ်မဆိုးနဲ့၊ စိတ်ဆိုးခြင်းကိုပယ်ရမယ်၊ (သံယောဇဉ်) ကိုကျော်လွှားနိုင်ရမယ်၊ သံယောဇဉ်ဆိုတာချစ်ခင်ခြင်း၊ နှစ်သက်ခြင်း၊ တွယ်တာခြင်းဖြစ်တယ်၊ ကာမရာဂသံယောဇဉ်၊ ဒိဋ္ဌိ သံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တွေကို ကျော်လွှန်ရမယ်လို့ ဆိုတာ၊ (ရုပ်နာမ်) ဖြစ်တဲ့ ကိုယ်နဲ့စိတ်ကို မကပ်ငြိစေနဲ့တဲ့၊ မကြောင့်ကျနဲ့တဲ့၊ ဒါဆိုရင် (ဒုက္ခ) မရောက်တော့ဘူးလို့ မြတ်စွာဘုရားဟောရုံနဲ့ပဲ (ဝိညာဏ်နာမ်ရုပ်) ပျောက်ပြီး (သောတာပန်) ဖြစ်သွားတဲ့ (ဓမ္မာ နုပဿနာ) ပါပဲ . . (မှန်ပါ့) တရားအားထုတ်တာစာလို သိရတာမျိုး မဟုတ်ဘူး (ဉာဏ်)နဲ့သိရတာ (မှန်ပါ့)။

(ဓမ္မာနုပဿနာ) ဆိုတာ သဘောတရားတွေကို ဆင်ခြင်တာပဲ၊ သိတာပဲ၊ (မှန်ပါ့)။ ဤဟာ (ရုပ်)၊ ဤဟာ (ရုပ်) ဖြစ်ကြောင်း၊ ဤဟာ (ဝေဒနာ)၊ ဤဟာ (ဝေဒနာ)ဖြစ်ကြောင်း၊ ဤဟာ (သညာ)၊ ဤဟာ (သညာ) ဖြစ်ကြောင်း၊ ဤဟာ (သင်္ခါရ)၊ဤဟာ (သင်္ခါရ) ဖြစ်ကြောင်း၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (ဝိညာဏ်) ဖြစ်ကြောင်းလို့ ကိုယ့်သန္တာန်မှာ ဖြစ်လာတဲ့ (အာရုံ) တွေအပေါ်ဒါက (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ရယ်လို့ (ခန္ဓာငါးပါး) ရုပ်နာမ်တွေရဲ့ သဘော သဘာဝ (ဓမ္မ) လေးတွေကို ပိုင်းခြားသိနေတာ၊ ဆင်ချင်နေတာပါပဲ၊ ဒီလို (ခန္ဓာ) ပိုင်းကို ဆင်ချင်တာကို ဓမ္မာနုပဿနာ (ခန္ဓာပဗ္ဗ) လို့ခေါ် တယ်၊ (မှန်ပါ့)။

(ဓမ္မာနုပဿနာ) ရဲ့လိုရင်းက (သတ္တဝါ) လို့မယူဘဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ရောက်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်ဖို့ လိုရင်းပဲ၊ ဒါက အရေးကြီးဆုံးပဲ (မှန်ပါ့) ဒါမှ **"သဗ္ဗေသင်္ခါရာအနိစ္စ ယထာပညာယပဿတိ"** ဖြစ်တော့တယ် (မှန်ပါ့)။

(အဝိဇ္ဇာ၊ တဏှာ) ချုပ်ရင် (နိဗ္ဗာန်) ပဲ၊ (ကာမရာဂ) တွေ ဖြစ်လာတာ (အဝိဇ္ဇာ၊ တဏှာ) ကြောင့်ပေါ့၊ မိန်းခလေးကို သားမယား အဖြစ်စိတ်ကူးတာ၊ (တဏှာ)နဲ့ပတ်သက်တဲ့ ကပ်ငြိတဲ့သဘောပေါ့၊ ဒီသဘောတွေက (မနော) (ဝိညာဏ်) မှာဖြစ်လို့ ဤဟာ (ဝိညာဏ်)လို့ ဒီလို (သိ) လိုက်ရတယ်၊ ဒီလိုသိမှ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ (ပညာ) ဖြစ်တော့တယ်၊ (ယထာပညာယပဿီ) ဖြစ်တယ် (မှန်ပါ့)။

မိမိသန္တာန်မှာ ဘယ်သဘောတရားပဲပေါ်ပေါ်၊ ပေါ်လာတဲ့ (ဓမ္မ) သဘောလေးတွေကို (သမ္မာသင်္ကပ္ပ)နဲ့ တင်ရှုလို့ အမှန်ကိုမြင်ရင် (သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြစ်လာတာပေါ့၊ (ဉာဏ်) ကအမှန်ကို မြင်တတ် အောင် အလေ့အကျင့်လုပ်ရင်းနဲ့ (သမ္မာဒိဋ္ဌိ) ဖြစ်ဖြစ်သွားတာပေါ့၊ (မြတ်စွာဘုရား) ဟောတဲ့ (နိဗ္ဗာန်) ရောက်ကြောင်း (မဂ္ဂင်ရှစ်ပါး) က (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ) ဖြစ်တဲ့ (ပညာမဂ္ဂင်) ကို ထိပ်ဆုံးကတင်ပြီး ဟောကြားထားတာပါ၊ . . (မှန်ပါ့)။

အေး . . . . (ပညာမဂ္ဂင်) ကို ထိပ်ကတင်ပြီး ရှုရတယ်၊ (ပညာ)နဲ့ရှုရမည့်နေရာ၊ (ဉာဏ်)နဲ့ရှုရမဲ့ကိစ္စကို ယခုခေတ်မှာ (သမာဓိ)

တွေကို အရင်လုပ်ယူနေကြတော့ အဲဒီ သမထ(သမာဓိ) မှာပဲလမ်းဆုံး နေကြတော့ (သမထ) ပဲဖြစ်နေကြတယ်။(ပညာ) ဉာဏ်ဘက်ကို မရောက်ကြတော့ဘူး၊ သတိပဋ္ဌာန်လည်းမဖြစ်ဘူး ..(မှန်ပါ့)၊ အရင်လုပ်ရမဲ့ (ပညာ) (ဉာဏ်) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ကို နောက်မှ လုပ်တော့ (သတိပဋ္ဌာန်) လမ်းကြောင်းအတိုင်းလည်းမဖြစ်၊ ဓမ္မာ နုပဿနာလည်း မဖြစ်ပဲ ပြောင်းပြန်တွေဖြစ်နေကြတော့တယ်။

(သမာဓိ) အရင်လုပ်ကြတော့ ဉာဏ်စဉ်တွေက (သမာဓိ) အားထားပြီး (ပညာဉာဏ်) ကို နောက်မှလိုက်တော့ (ပညာဉာဏ်) ဘက်မရောက်တော့ပဲ (သမာဓိ)ဘက် ရောက်ရောက်သွားတော့ တလွဲစီ ဖြစ်နေတာပေါ့ (မှန်ပါ့)၊ (သမထ) နဲ့ရတဲ့ (သမာဓိ) ရှိမှ (ဉာဏ်) ဖြစ်မယ် ထင်နေကြတယ်၊ (ဉာဏ်)က (နီဝရဏ) တွေပယ်တာ၊ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ကိုမြင်အောင် ရှုတာဘယ်လောက်များ ခက်လို့တုန်း၊ မြတ်စွာဘုရားက ဓမ္မစကြာမှာ (ဉာဏ်) ကို အရင်ဖွင့်ပေး တာပါ၊ (သမာဓိ) က နောက်ကပါလာရတာပါ (မှန်ပါ့)။

(ပဋိစ္စသမုပ္ပါဒ်) ဖြစ်တဲ့ဘုရားရှုတဲ့ (ဝိညာဏ်) (နာမ်ရုပ်) ကို လည်း အလေးမထားတော့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေမပြတ် တဲ့၊ သံသရာမပြတ်တာတွေချည်း ဖြစ်နေတော့ခက်သားလား၊ တကယ် တော့ (ဓမ္မစကြာ) မှာ မြတ်စွာဘုရားဟောတဲ့ (မဂ္ဂင်ရှစ်ပါး) မှာ သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ (ပညာမဂ္ဂင်) ကထိပ်ကလာပါတယ်၊ (သမာဓိ) က

နောက်ဆုံးကလာတာပါ။ ဒါကြောင့် ပြောင်းပြန်ဖြစ်နေကြတယ်။

(ပညာမဂ္ဂင်) ကို ရှေ့ကမထားတော့ ရှေးဦးစွာ (ဉာဏ်) နဲ့ မသွားတော့ **“သမ္မာသင်္ကပ္ပဂေါစရော”** မဖြစ်တော့ဘူး၊ (သမ္မာသင်္ကပ္ပ အာရုံ) မဖြစ်တော့ဘူး (မိစ္ဆာသင်္ကပ္ပဂေါစရော) မိစ္ဆာသင်္ကပ္ပအာရုံတွေ ချည်းဝင်နိုင်တော့တာပေါ့၊ (သမထ) အကျင့်မျိုးနဲ့ (သမာဓိ) ရဖို့အရင် လုပ်နေတော့ (မိစ္ဆာ သင်္ကပ္ပ အာရုံ) တွေဖြစ်တဲ့ (တဏှာ၊ ဥပါဒါန်၊ကံ) နဲ့ (နိဝရဏ) တွေဟာ ကိုယ့်သန္တာန်မှာဖြစ်နေတော့တာပေါ့၊ ( ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) အမြင်က တပြားမှ လျော့မှာ မဟုတ်ဘူး၊ ကာမဂုဏ် ထဲကအမြင်နဲ့ (ကာမရာဂ) နဲ့ (ဝိပဿနာ) အားထုတ်နေသလို ဖြစ်နေ တော့တာပေါ့ . . (မှန်ပါ့)။

(သမ္မာသင်္ကပ္ပဂေါစရော)တဲ့ (နိဗ္ဗာန်) ဟာ (သမ္မာသင်္ကပ္ပ)နဲ့ သမ္မာဒိဋ္ဌိ ပညာမဂ္ဂင် (၂)ပါးဖြစ်တဲ့ (ဉာဏ်) နဲ့အရင်ဆုံးသိရတာကို ဟောတာပါ၊ မြတ်စွာဘုရား ဓမ္မစကြာမှာ (ဉာဏ်) နဲ့သွားဖို့ကိုပဲ ဟော ထားတာပါ၊ (မှန်ပါ့)၊ အလယ်အလတ်အကျင့်တရား (မဇ္ဈိမပဋိပဒါ) က စက္ခုကရဏီ၊ ဉာဏ ကရဏီ၊ (ဉာဏ်) ဖြစ်ခြင်းကို ဟောတာ၊ (ပညာ) ဉာဏ်ကအရင်ပါရမှာ၊ (ပညာဉာဏ်) နဲ့ရှုရမှာ၊ (စက္ခု)က ရှုတာလည်း (ဉာဏ်) ဝင်မှ (သမ္မာ ဒိဋ္ဌိ) ဖြစ်တာပါ။ (စက္ခုကရဏီ) ကလည်း (ဉာဏ်)၊ (ဉာဏကရဏီ) ကလည်း (ဉာဏ်) ပါနေ၍၊ ဒီလို (ဉာဏ်) ပါမှ (သမ္မာဒိဋ္ဌိ) ဖြစ်တော့ (ဥပသမာယ) ကိလေသာငြိမ်းခြင်း၊

(အဘိညာယ၊ သမ္ဗောဓာယ) သစ္စာလေးပါးကို ထူးကဲကောင်းမွန်စွာ သိခြင်းငှာ (နိဗ္ဗာနာယ) အနုပါဒိသေသနိဗ္ဗာန် အကျိုးငှာ (သံဝတ္တတိ) ဖြစ်၏လို့ ဒီလိုပညာ (ဉာဏ်) နဲ့သွားဖို့ ဟောထားတာပါ . . (မှန်ပါ့ဘုရား)။

ဒီခေတ်မှာ ဒီလို (ဉာဏ်) တွေဖြစ်အောင် (ဉာဏ်) ကိုထိပ်တန်း မတင်ကြပဲနဲ့ (သမာဓိ) သက်သက်ကိုပဲ ထိပ်တန်းတင်ထားကြတော့ အများအားဖြင့် (သမာဓိ) လည်း ရရော၊ (သတိ)လည်းပျောက်ရောပဲ၊ (သတိ) တောင် မရှိတော့တဲ့ (နိမိတ်) တွေနဲ့ပဲ စခန်းသွားနေကြတော့၊ လိုရင်းမရောက် နိုင်အောင် ဖြစ်တော့တာပေါ့ . . (မှန်ပါ့)၊တချို့ကလည်း (ဉာဏ်စဉ်)တွေကိုပဲ ထိပ်တန်းတင်နေကြတာတွေဟာ (ဓမ္မစကြာ)နဲ့ တလွဲစီဖြစ်နေကြတယ်၊ (ဓမ္မစကြာ) က မြတ်စွာဘုရားဟောတာ၊ (ဓမ္မစကြာ) ကအများနဲ့ သက်ဆိုင်တဲ့တရား၊ (ပဉ္စဝဂ္ဂီ) ငါးဦးနဲ့ (နတ်) တွေကိုပါ ဟောတဲ့ တရားပဲ၊ တရားမသိရင် (ဓမ္မစကြာ) နဲ့ ညှိရတယ်။ . . (မှန်ပါ့)။

ပါယ်ရမည့်တရားကို (ဓမ္မစကြာ) မှာကြည့်ပါ၊ မြတ်စွာဘုရား ဟောကြားထားတာက (သမုဒယသစ္စာ) ရဲ့ (ကိစ္စဉာဏ်) ဆိုတာ (သမုဒယသစ္စာ) ကို (ပဟာတဗ္ဗန္တိမေဘိက္ခဝေ)လို့ ဟောထားပါတယ်၊ . . (မှန်ပါ့) "**သမုဒယသစ္စာရဲ့ ကိစ္စဉာဏ်**" ဟောထားတဲ့ပါဠိက -

တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ

ပဟာ တဗ္ဗန္တိမေ ဘိက္ခဝေ၊ ပုဗ္ဗေ

အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊

ဉာဏံ ဥဒပါဒိ ၊ ဝိဇ္ဇာ ဥဒပါဒိ၊

အာလောကောဥဒပါဒိ။ လို့ဒီလို (သမုဒယ) သစ္စာရဲ့ (ကိစ္စဉာဏ်) ကိုဒီလိုဟောထားပါတယ်၊ (သမုဒယသစ္စာ) ကို ပယ်ရတဲ့ကိစ္စ (ပဟာတဗ္ဗ) ကိုလုပ်ပါတဲ့ (မှန်ပါ့)။

**"ဒုက္ခသစ္စာမှာ ကိစ္စဉာဏ်"** လို့ မြတ်စွာဘုရားဟောခဲ့တာက

တံခေါပနိဒံ ဒုက္ခအရိယသစ္စံ

ပရိညေယျန္တိမေ ဘိက္ခဝေလို့ ဒုက္ခသစ္စာရဲ့ (ကိစ္စဉာဏ်) ဟာဖြင့် (ဒုက္ခ) ကို (ပိုင်းခြား) သိရမယ်လို့ဟောပါတယ် (မှန်ပါ့)။

**နိရောဓသစ္စာရဲ့ ကိစ္စဉာဏ်ကတော့**

တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ

သစ္ဆိကာတဗ္ဗန္တိမေ ဘိက္ခဝေ လို့ ဟောတာမှာ (နိရောဓ) ကျမှ (သစ္ဆိကာတဗ္ဗ) မျက်မှောက်ပြုပါလို့ ဟောပါတယ် . . (မှန်ပါ့)။

**"မဂ္ဂသစ္စာရဲ့ကိစ္စဉာဏ်"** ဟောထားတာကတော့ (မဂ္ဂသစ္စာ) ကို (ဘာဝေတဗ္ဗ) ပွားရမယ်ဟောပါတယ် ပါဠိလိုက -

တံခေါပနိဒံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ

အရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေဘိက္ခဝေလို့ (မဂ္ဂသစ္စာရဲ့ ကိစ္စဉာဏ်) လုပ်ရမဲ့ အလုပ်ကို ဟောပါတယ်၊ မဂ္ဂသစ္စာကျမှ (ဘာဝေတဗ္ဗ)

ပွားရမှာလို့ ဟောပါတယ် (မှန်ပါ့)။

အခုခေတ်ရောက်မှစစခြင်း ပယ်ရမဲ့သမုဒယ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေပယ်ရမဲ့ကိစ္စကို မပယ်ပဲဒါတွေနဲ့ (ပွားများ အားထုတ်နေကြတယ်)၊ မပယ်ဘဲနဲ့ပွားနေကြတယ်၊ (နိဝရဏ) တွေ ရင်မှာပိုက်ပြီး ပွားနေကြတယ်၊ ဘယ်မှာလဲ (ဉာဏ်) နဲ့ အရင်ဆုံး (ပယ်) ရမဲ့ (သမုဒယသစ္စာ) ရဲ့ (ကိစ္စ) ကို အရင်ဆုံး (ပယ်) ရမှာကို အရင် မလုပ်ကြဘူး၊ (ဉာဏ်) ပညာဖြစ်တဲ့ (သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ) နဲ့ကြည့်ပြီး (သမုဒယသစ္စာ) ဖြစ်စေမဲ့ (ပဋိစ္စသမုပ္ပါဒ်) တန်းစေတဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်စေမဲ့ (ပညတ်) တွေကို ပယ်ရမဲ့ကိစ္စကို အရင်မလုပ် ကြဘူး။

တရားဟောတာတွေကြည့်ရင်လည်း (ပဋိစ္စသမုပ္ပါဒ်) ထည့်ပြီး ဟောမှု၊ ပြောမှုတွေက မရှိသလောက်ပဲ၊ ပယ်ရမည့်(သမုဒယသစ္စာ) ဆိုတာ (ပဋိစ္စသမုပ္ပါဒ်)နည်းနဲ့ ပြောမှသိရတာမျိုးပါ၊ (ပဋိစ္စသမုပ္ပါဒ်) နဲ့ခံပြီးပြောမှ (ခန္ဓာဖြစ်စဉ်) မှာ (ဒုက္ခသစ္စာ) ကို နားလည်မယ်၊ (သမုဒယသစ္စာ) ကို နားလည်ကြတော့မှာပေါ့၊ နားလည်မှလည်း (ပယ်) နိုင်ကြမှာပေါ့ (မှန်ပါ့)။

(ဘာဝေတဗ္ဗ) ပွားရမှာက (သမ္မာဒိဋ္ဌိ) ဖြစ်ပြီးမှ ဒီ (သမ္မာဒိဋ္ဌိ) အရိယသစ္စာကို (နိဗ္ဗာန်)ရောက်သည့်အထိ (ပွား) ရမှာပါ၊ **ဓမ္မစကြာရဲ့** (မဂ္ဂသစ္စာ) မှာ (ကိစ္စဉာဏ်) ဟောပုံကိုပြန်ကြည့်ပါ၊ **ဘိက္ခဝေ၊ ရဟာန်း**

**တို့ "တံခေါပနိဒံဒုက္ခနိရောဓ ဂါမိနိပဋိပဒါအရိယသစ္စာ ဘာဝေတဗ္ဗန္တိ မေဘိက္ခဝေ" တဲ့၊ ဒုက္ခချုပ်ရာရောက်ရာ (နိဗ္ဗာန်) ရောက်ကြောင်း အကျင့်ဖြစ်တဲ့ (အရိယသစ္စာ) ကို (ဘာဝေတဗ္ဗ) ပွားစေအပ်တယ်လို့ ဒီလိုဟောတာပါ (မှန်ပ့ါ)။**

(ဒုက္ခသစ္စာ) ကို သိလို့ (သမုဒယသစ္စာ) ကိုလည်း သိလို့ (သမုဒယ) ဆိုတဲ့ဒုက္ခရောက်ကြောင်းဖြစ်စေတဲ့ (မိစ္ဆာသက်ပွ) ဖြစ်တဲ့ (နိဝရဏငါးပါး)တွေ၊ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်တဲ့ (ဒုက္ခသစ္စာ) ဖြစ်ကြောင်း (သမုဒယသစ္စာ) တွေပယ်ပြီးမှ ရလာတဲ့ (သမ္မာဒိဋ္ဌိ) ကနေဖြစ်လာတဲ့ (အရိယာသစ္စာ) ဆိုတဲ့ အရိယာတို့ရဲ့ အမြင်မှန်၊ (ဆိုက်) တဲ့ (သမ္မာဒိဋ္ဌိ) ကို (နိဗ္ဗာန်) ရသည်အထိ (ဘာဝေတဗ္ဗ) ပွားပေတော့လို့ (အရိယာသစ္စာ) ရတဲ့အမြင် (သမ္မာဒိဋ္ဌိ) ကိုသာပွားခိုင်းတာ၊ (သိ၊ပယ်၊ဆိုက်၊ပွား)တဲ့ အဲဒါ ပြန်လည်စဉ်းစားသင့်တာပေ့ါ . . (မှန်ပ့ါ)။

(သမုဒယ) တွေရှိနေကြတဲ့ (ပုထုဇဉ်) အကာန်းတွေဟာ အရိယာလိုမသိကြဘူး အမှန်မြင် (သမ္မာဒိဋ္ဌိ) ကိုမရကြသေးဘူး၊ (အဝိဇ္ဇာ၊ တဏှာ) တွေပဲ အရိုးစွဲရှိနေကြသေးတယ်၊ ဒီလို (သမုဒယ) အမြင်တွေ အရိုးစွဲနေသူများကို တရားစပြီး ထိုင်ခိုင်းတဲ့အခါမှာ၊ (ပုထုဇဉ်) တို့မှာရှိတဲ့ (သမုဒယသစ္စာ) ဒုက္ခဖြစ်ကြောင်းတွေကို အရင် (ပယ်) ရမည့်ကိစ္စ (သမုဒယ) တွေကို (ပဟာတဗ္ဗ) ပယ်ရမှာကို မပယ်ခိုင်းပဲနဲ့ သမုဒယတွေ ရင်ဝယ်ပိုက်ပြီး (ဘာဝေတဗ္ဗ) ပွားခိုင်း

နေသလို ဖြစ်နေတယ် (မှန်ပါ့)။

(ပဟာတဗ္ဗ) ဆိုတဲ့ ပယ်ရမယ့်ကိစ္စကို အရင်မလုပ်လို့မဖြစ်ဘူး၊ (ပဟာတဗ္ဗ)ဆိုတာ ရှိနေကြတဲ့ (သမုဒယ) တွေဟာ ဒုက္ခဖြစ်ကြောင်း ဖြစ်လို့ (ဒုက္ခ) မဖြစ်အောင် အရင်ပယ်ရတာ၊ ဒါမှ (အရိယာသစ္စာ) အရိယာတို့ရဲ့ အမြင်မှန်ရမှာပေါ့၊ ဒီလိုအမြင်မှန်ကို (ဝိပဿနာသမ္မာ ဒိဋ္ဌိ) ခေါ်ခေါ်၊ ဒီ (သမ္မာဒိဋ္ဌိ) ဆိုတဲ့ (အရိယာသစ္စာ) အရိယာတို့ရဲ့ အမြင်မှန်ရပြီးမှ (ပွား) ရတာပါ . . (မှန်ပါ့)။

(ပဟာတဗ္ဗ) ဆိုတဲ့ပါယ်ရမယ့်ကိစ္စက (တဏှာ) ကိုပယ်ရတာ (အဝိဇ္ဇာ) ကိုပယ်ရတာ (ဥပါဒါန်) ကိုပယ်ရတာမျိုး (မှန်ပါ့)။ (ဓမ္မစကြာ) မှာပယ်ရမဲ့ (ပဟာတဗ္ဗ) ကို မြတ်စွာဘုရားက ဒီကိစ္စကို အရင်ဆုံးလုပ်ကြဘို့ ပါယ်မှုကိစ္စကို အရင်ဆုံးဟောပါတယ်၊ (အရိယ သစ္စာ) ကျမှ (ဘာဝေတဗ္ဗ) ကိုဟောပါတယ်၊ (ဓမ္မစကြာ) တရားနဲ့ ကိုက်ကြည့်ရင် သိပါလိမ့်မယ် . . (မှန်ပါ့)။

(တဏှာ) ဖြစ်ကြောင်းက (ယံသခ်တံ)၊ (တဏှာ) ချုပ်ကြောင်း က (ယံအသခ်တံ)၊ အဲဒီ အသံခတံက (သစ္ဆိကတဗ္ဗ) တဲ့။

အဘိညေယျ၊ ပရိညာနှင့်

ပဟာတဗ္ဗ၊ သစ္ဆိကဟုဘာဝေတဗ္ဗ

သစ္စာလေးဖြာဆရာမကူပဲ သိတော်မူသည့် မြတ်စွာဘုရားလို့

ဒီလိုခေါ်တာ (မှန်ပါ့)။

**မရှိတာအသာနေ**

**ရှိတာရှာဖွေ**

**(နာမ်) အိန္ဒြေငြိမ်ငြိမ်နေ**

**အဲဒါမှ ဒုက္ခအရှိန်သေ** လို့ စပ်ထားခဲ့တဲ့ကဗျာလေးကလည်း ထိရောက်တယ် ဒကာကြီး (မှန်ပါ့)၊ ဒီလို (သမုဒယသစ္စာ) ဖြစ်စေတဲ့ (မရှိတာ)အသာနေဆိုတဲ့ မရှိတဲ့အမှားမြင် (ပညတ်)ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ သံသရာလည်ကြောင်း (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ကိုအသာနေလို့ (ပယ်) ထားရတယ်၊ ရှိတာရှာဖွေ၊ အမှန်ရှိတဲ့ (အရိယသစ္စာ) ရဖို့ အမှန်မြင် (သမ္မာဒိဋ္ဌိ) ရဖို့ (သမ္မာသင်္ကပ္ပ) နဲ့ မှန်စွာကြံစည်လို့ (သမ္မာဒိဋ္ဌိ) မှန်စွာမြင်အောင် လုပ်နေရတဲ့အချိန်မှာ သစ္စာဉာဏ်၊ ကိစ္စဉာဏ်ဆိုတဲ့ အမှန်သိဖို့ မှန်သောကိစ္စကိုလုပ်နေရတဲ့ အချိန်မှာ (စိတ်၊ စေတသိက်) ဖြစ်ကြတဲ့ (နာမ်) ကို ငြိမ်ငြိမ်နေပါ၊ အဲဒါမှ (ဒုက္ခ) အရှိန်သေပြီး၊ ဒုက္ခချုပ်ရာ (နိဗ္ဗာန်)ရောက်ကြောင်း ဖြစ်မယ်ဆိုတဲ့ ကဗျာလေးပါ၊ ချဲ့တတ်ရင် ချဲ့တတ်သလို သိနိုင်တယ် ဒကာကြီး (မှန်ပါ့ဘုရား)။

**မရှိတာကိုမြင်၊ ရှိတာကိုပြင်တတ်တဲ့**

**ပုထုဇဉ်အကန်းတဲ့**

အဲဒါကဘာလဲဆိုတော့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊

သတ္တဝါ (ပညတ်) တွေဆိုတာက တကယ်ရှိသလား (မရှိပါဘုရား)၊ အေး-အဲ့ဒီမရှိတာကိုပဲ မြင်တတ်တဲ့ ပုထုဇဉ်အကန်းလို့ ပြောရတာပေါ့၊ ရှိတာကိုပြင်တတ်တယ်ဆိုတာက ဘုန်းကြီးဟောထားခဲ့တဲ့ တကယ်ရှိတဲ့ (ပရမတ်)၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ ဖြစ်ကြတဲ့ ခန္ဓာ ငါးပါး (ရုပ်နာမ်) ကိုမမြင်တတ်ပဲ ပုထုဇဉ်တို့ဟာ အမှန်မသိတဲ့သစ္စာ လေးပါးမသိတဲ့ (အဝိဇ္ဇာ) ကြောင့် (ရုပ်နာမ်)ကို မမြင်ဘူး၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့ မြင်ပြီး မရှိတာကို မြင်တတ်ကြလို့ ပုထုဇဉ်အကန်းလို့ ခေါ်ရပါတယ် (မှန်ပ့ါ)။

(ဓမ္မ) ဆိုတာ သဘောတရားလို့သိရတယ်၊ ယေဓမ္မာ = အကြင် တရားတို့သည်၊ ဟေတုပတ္တဝါ=အကြောင်းရင်းအစရှိကုန်၏ (ဖြစ်ပျက်) နေတဲ့ သဘောတရားတို့သည်ဟေတုံ = အကြောင်းဖြစ်သော နေရာနှင့် အချိန် (သမုဒယ) ကိုလည်း (အာဟ) ဟောတော်မူ၏၊ အတိတ် အကြောင်းဖြစ်တာ (နေရာနဲ့အချိန်) ပါတယ်၊ ငါ ငယ်ငယ်တုန်းက တက္ကသိုလ်မှာလို့ ပြောလိုက်ရင် ကြံစည်လိုက်ရင် (နေရာနဲ့အချိန်) (သမုဒယ) တွေပါတော့ ငါကိုဘယ်မိန်းကလေးက၊ ဘယ်သူကဘာလုပ် ခဲ့တာ၊ ဆိုတဲ့အရင်က ခံစားခဲ့တဲ့ (ဒုက္ခ) ကို ပြန်ခံစားတယ်၊ ပြန်ဖြစ် နေတယ်။

**"အတိတ်စိတ်သာနှိပ်ကွပ်ပါ သစ္စာ၄ဖြာ သိစမြဲ"** တဲ့၊ ဒီတော့ အတိတ်စိတ်ကိုနှိပ်ကွပ်လို့ရှိရင် (တေသံ) ထိုဖြစ်ခြင်း၊ ပျက်ခြင်းဖြစ်သော

(အချိန်နဲ့နေရာ)တို့ရဲ့ (ဖြစ်) နေတာဟာ (နိရောဓေါ) ချုပ်သွားတယ် (ဖြစ်ပျက်) ချုပ်ငြိမ်းရာကိုလည်း ငါတို့ရဲ့ရှင်တော်ဘုရားက (အဟ) ဟောတော်မူတယ်လို့ ရှင်သာရိပုတ္တရာက ဒီလိုလည်းသိသွားတယ် (မှန်ပါ့)။

(ပညတ်) အမြင်က　= ငါ၊ သူ၊ ယောကျ်ား၊ မိန်းမအမြင်

(ပညတ်) အမြင်ရှိရင် = အသေမကောင်းနိုင်ဘူး၊

ဓမ္မောတိ = သဘာဝေါတဲ့၊ အကြောင်းအားလျော်စွာ ဖြစ်တာ၊ သူ့မှာ (အချိန်နဲ့နေရာ) ပါတယ်၊ (အချိန်နဲ့နေရာ) ဆက်သွယ်မှုရှိတယ်၊ (စိတ်)ကလေးဖြစ်တာ (စိတ်) ကသဘာဝဓမ္မပဲ၊ (စိတ်) မှာ (ပညတ်) ပါသော စိတ်သဘာဝ၊ (ပညတ်)မပါသော စိတ်သဘာဝရယ်လို့ ရှိတယ်၊ (စေတသိက်) နဲ့ (ရုပ်) တို့ကလည်း သဘာဝ (ဓမ္မ) ပဲ၊ အကြောင်း အားလျော်စွာ ဖြစ်တဲ့သဘာဝမှာ အချိန်နဲ့နေရာဆိုတာ ဆက်စပ်နေတယ် (မှန်ပါ့)။

ဖြစ်တာက (အဝိဇ္ဇာ၊ တဏှာ) ကြောင့်ပဲ၊ (အဝိဇ္ဇာ) က ဒို့ တက္ကသိုလ်ကျောင်းသားဘဝအတိတ် (အချိန်) ပေါ့၊ တက္ကသိုလ်ကျောင်း မှာဆိုတာက = (နေရာ) ပေါ့ (ဖြစ်တာ) က စိတ်ထဲမှာအကြောင်း အားလျော်စွာ ဖြစ်လာတဲ့အခါ တက္ကသိုလ်ကျောင်းတုန်းက ဆိုတဲ့ (အချိန်နဲ့နေရာ) ပါနေပြီ၊ အဲဒါ (မနောစိတ်) ထဲမှာဖြစ်လာတာ (မနော ဝိညာဏ်) (ဖြစ်တာ) ကိုသိအောင် ပြောတာ . . (မှန်ပါ့)။

သဘာဝတရား (ဓမ္မ) ဆိုတာအဲဒီလိုဖြစ်ခါမျှပဲတဲ့၊ အဲဒီတုံးက (ငါ) လို့ (ဒိဋ္ဌိ) စွဲယူလိုက်ရင် (ငါဒုက္ခ) ပါသွားတယ်၊ (ဓမ္မ) ဆိုတဲ့ (သဘာဝတရား) ဆိုတာဖြစ်ခါမျှလေးပဲ၊ အကြောင်းအားလျော်စွာ ဖြစ်ခါမျှလေးကို သဘာဝ (ဓမ္မ) လို့ခေါ်တယ်၊ ဘာဖြစ်တာလဲ ဒို့တက္ကသိုလ်ကျောင်းတုန်းက အမှတ်ရတာလေးကိုပေါ့၊ အောင်းမေ့တာ လေးဖြစ်တယ်၊ ဒီတော့ အောင်းမေ့တဲ့ (ဝိညာဏ်) စိတ်မှာ (သညာ၊ ဝေဒနာ၊ တဏှာ) ဖြစ်နေတယ်၊ အဲဒါသဘာဝ (ဓမ္မ) ပဲ၊ လူနဲ့ရောတော့ လူသတ္တဝါတွေဖြစ်ပေါ်နေတာပေါ့၊ ရောတဲ့အပေါ်မှာ ဖြစ်နေတာ၊ ရောတာက (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်) တွေ (သမုဒယသစ္စာ) တွေရောနေတာပေါ့ (မှန်ပ့ါ)။

ဖြစ်တာတွေက အကြောင်းအားလျော်စွာ ဖြစ်ခါမျှကို (ဇာတိ) လို့ခေါ်တယ်၊ အကြောင်းဖြစ်တဲ့ (ဇာတိ)ကိုသိရင် (ဖြစ်ချင်ရင်ဖြစ်တာ) ပဲ၊ (မဖြစ်ချင်ရင်မဖြစ်ဘူး) ပေါ့၊ ဖြစ်ချင်တာက (သမုဒယ) နဲ့ အကြောင်း ရှာလို့ပေါ့၊ (ဒုက္ခ)နဲ့ ပြန်ခံစားကြတယ်၊ ပြန်ခံစားတာကအရင်က ခံစားခဲ့ရဘူးတဲ့ ဒေါမနဿ၊ သောမနဿ (ဒုက္ခပဲ)ကိုပဲပေါ့၊ ဒီလို ခံစားရင် (ခန္ဓာငါးပါး) ဒုက္ခရပြီပဲ။

သိချင်တာလည်း (ဖြစ်ခြင်း) ရဲ့အကြောင်းပါတယ်၊ ဘာမဆို (ချင်)တာလေးပါရင် (တဏှာ) ဖြစ်သွားပြီ၊ (ချင်) တာက (အဝိဇ္ဇာ၊ တဏှာ)၊ ဒါကြောင့် (အဝိဇ္ဇာ၊ တဏှာ) ဖြစ်တဲ့ သမုဒယတွေအစပျိုးနေ

ကြတဲ့ သဘောတွေကို အရင်ပယ်ရမယ်။ . . (မှန်ပါ့)။

အဲဒီလိုပါယ်ပြီးရင် (အရိယာ)အမြင်ရှိပြီပေါ့၊ ဖြစ်ချင်နေတာက (လောဘ၊ တဏှာ) ပါနေပြီ။ ဖြစ်ချင်တော့ဖြစ်တယ်၊ ဖြစ်တော့ (အနိစ္စ၊ ဒုက္ခ) တွေဖြစ်တယ်၊ မဖြစ်ချင်တော့ (ဒုက္ခ) တွေမဖြစ်တော့ဘူး၊ ဖြစ်တာက (အဝိဇ္ဇာ၊ တဏှာ) (သမုဒယ)ကြောင့်ဖြစ်တာ၊ (အဝိဇ္ဇာ၊ တဏှာ) မရှိရင်မဖြစ်တဲ့ (ဒုက္ခချုပ်ငြိမ်း)တဲ့ (နိရောဓ) (နိဗ္ဗာန်) ပေါ့. . (မှန်ပါ့)၊ (အဝိဇ္ဇာ၊ တဏှာ) သဘောပေါက်ရဲ့လား (မှန်ပါ့သဘောပေါက်ပါတယ်ဘုရား)။

သဘာဝ (ဓမ္မ) လေးတွေကအကြောင်းအားလျော်စွာ ဖြစ်နေကြတယ်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ သူ့သဘာဝက ဒီလိုပဲ (ဖြစ်ပျက်) နဲ့သွားနေတယ်၊ ယမ်းကြိုးမီးရှို့သလို၊ အပြိုင်ဖြစ်ပျက်နေကြတာပဲ. . (မှန်ပါ့)။

**"ဖြစ်၊ မဖြစ်၊ ပရမတ္ထအစစ်"** တဲ့၊ ဖြစ်တာကလည်း (ပရမတ္ထ) တရားပဲ၊ မဖြစ်တာကလည်း (ပရမတ္ထ) တရားပဲ၊

| | |
|---|---|
| ဖြစ်တာက | ပဋိစ္စသမုပ္ပါန် = ဖြစ်တာ |
| မဖြစ်တာက | (နိဗ္ဗာန်) ကိုပြောတာ၊ |
| ဖြစ်၊ မဖြစ် | ပရမတ္ထအစစ်၊ |
| ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်မဖြစ် | သစ္စာ ၄ပါးအစစ်၊ |

**"ဖြစ်၊ မဖြစ် - ပရမတ္ထအစစ်"** ဆိုတာရယ်၊ မဖြစ်တာရယ်တွေက (ပရမတ္ထ) တွေချည်းပဲ၊ ဖြစ်တာလေးကလည်း (ပရမတ်)၊ မဖြစ်တာလေးကလည်း (ပရမတ်) (နိရောဓဓမ္မ)ပဲ၊ အစဉ်မဖြစ်တော့ နိရောဓသစ္စာ (နိဗ္ဗာန်) ရပြီပေါ့၊

**"ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်မဖြစ် သစ္စာ (၄)ပါးအစစ်"** ဆိုတာက

(ဖြစ်တာ) ကဖြစ်ချင်လို့ဖြစ်တာ ဖြစ်သွားတာ၊

ဖြစ်ချစ်လို့က = သမုဒယသစ္စာ

ဖြစ်တာက = ဒုက္ခသစ္စာ

မဖြစ်တာကမဖြစ်ချင်လို့မဖြစ်တာကိုယူရတာ

မဖြစ်ချင်တာက = မဂ္ဂသစ္စာ

မဖြစ်တာက = နိရောဓသစ္စာ၊ သစ္စာ (၄)ပါးအစစ်သိတာပေါ့ . . (မှန်ပါ့)

**(ပညတ်)မပါမှ (ပရမတ်) ရောက်တာ၊ (ပရမတ်) က (ပညတ်) မပါတာ၊ (ပရမတ်) က (ခန္ဓာ) လည်းဖြစ်တယ်၊ ခန္ဓာကလွတ်မှ (နိဗ္ဗာန်) ပဲ။**

ဖြစ်ချင်လို့ဆိုတာ (အဝိဇ္ဇာ) ကြောင့် (မသိ) လို့၊ (တဏှာ) ကြောင့် (တပ်မက်) နေလို့ ဒီ ၂ခုကြောင့်ပေါ့၊ (အဝိဇ္ဇာ၊ တဏှာ) ကြောင့် ဖြစ်နေကြတာလေးတွေ ငြိမ်းငွေ့လာရင် မဖြစ်ချင်တော့ဘဲ (နိဗ္ဗိန္ဒ) တို့

(သစ္စာ ရုပေက္ခ) ရောက်လာတော့တာပေါ့. . (မှန်ပါ)။ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ကိုယ့်သန္တာန်မှာ ကိုယ့်ဟာကိုယ်ကြည့်ရတာ၊ (ဘေးက လူက ဉာဏ်စင်တွေ ပြောပေးနေရတာမျိုးမဟုတ်ပါဘူး) ကိုယ့်ဟာကို သိရတဲ့တရားပဲ၊ သူများကို မေးလို့လည်းမရဘူး၊ (ရတနာသုတ်) ထဲမှာ လာတယ် . . (မှန်ပါ)။ (ခယံ၊ ဝိရာဂံ၊ အမတံ၊ ပဏီတံ) နဲ့ စစ်ဆေးရတာမျိုး (မှန်ပါ)။

**ခယံ** = ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ရာဂ၊ဒေါသ၊မောဟ ကြသာ မိစ္ဆာရိယ တွေ ကုန်သွားတာကို (ခယံ) လို့ခေါ်တယ်၊

**ဝိရာဂံ** = ငါ၊ သူ၊ ယောကျ်ား၊ မိန်းမတွေ ပုဂ္ဂိုလ်သတ္တဝါတွေကို မမြင်တော့ပဲ (ရာဂ) တပ်မက်မှုတွေ ကုန်သွားတာ (ဝိရာဂ) ပဲ၊

**အမတံ**= (သစ္စာရ) တရားရဲ့နှိပ်စက်မှုမှလွတ်တာ၊

**ပဏီတံ** = ကိလေသာတွေကင်းသွားလို့ မွန်မြတ်နေတာ၊

ဒီတရားတွေက (သန္ဒိဋ္ဌိကတပ္ပ) (သံဒိဋ္ဌိက) ကိုယ်တိုင်သိရတဲ့ တရားတွေ၊ သူများကိုမမေးရပါဘူး၊ . . (မှန်ပါ)၊ ကိုယ့်သန္တာန် တကယ်ဖြစ်၊ မဖြစ်၊ ကိုယ်တိုင်သိရတဲ့ တရားပါ၊ တရားဂုဏ်တော် (၆)ပါး နဲ့လည်း ညီညွတ်တဲ့တရားပါ . . (မှန်ပါ)။

နိဗ္ဗာန် (အသင်္ခတ) က မဖြစ်တာကိုခေါ်တယ် (နေရာနဲ့ အချိန်) မဖြစ်တော့ဘူး၊ အသင်္ခတပဲ (မှန်ပါ)၊ မဖြစ်တာက (နေရာနဲ့

**အချိန်) မဖြစ်တော့မှ (အသင်္ခတနိဗ္ဗာန်) ခေါ်တယ် (မှန်ပ့ါ)၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေမရှိတဲ့ (အငြိမ်း)ပဲ၊ (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်တဲ့ အငြိမ်းပဲပေါ့၊ (မှန်ပ့ါ)၊ (မောဟ) ဆိုတာယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါရှိတဲ့အမြင်၊ ဒီအမြင်ရှိမှ (မောဟ) ကဖြစ်တာ၊ ဒီအမြင် မရှိရင် (မောဟ) မရှိတော့တာ . . (မှန်ပ့ါ)။**

နေ့စဉ် မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိ၊ ကြံတွေးတဲ့နေရာမှာ (ဒိဋ္ဌိ)ဆိုတဲ့ ပုဂ္ဂိုလ် (သတ္တဝါ) မဝင်တော့မှ (ဥပါဒါနက္ခန္ဓာဒုက္ခ) မဖြစ်တာ (မှန်ပ့ါ)။

အချိန်နဲ့နေရာကို (အသိ) လိုက်ပေးနေရင်လည်း (ဖြစ်တာ၊ ပျက်တာ) ကို သိလာတယ် . . (မှန်ပ့ါ)၊ အချိန်နဲ့နေရာလည်း မရှိ ပုဂ္ဂိုလ်သတ္တဝါအမြင်လည်း မရှိတော့ရင် (မဖြစ်) တာ (ဇာတိ) မရတာ ခံစားရတာပေါ့၊ စဉ်းစားကြည့်နော် . . (မှန်ပ့ါ)။

တရားဆိုတဲ့ (ဓမ္မ) လေးတွေဟာ (ဇာတိ၊ ဇရာ၊ မရဏ) တွေပဲ၊ (ဥပါဒ်၊ ဌီ၊ ဘင်) လို့ ပြောလည်းရတယ်၊ ဇာတိ၊ ဇရာ၊ မရဏတွေဟာ စားရာမှာလည်းပါ၊ သွားရာမှာလည်းပါ၊ နေရာတကာပါနေတာပဲ . . (မှန်ပ့ါ)။

**အချိန်နေရာကြည့်လေပါ၊ သိတာကသဘာဝ (ဓမ္မ) ပါပဲ၊ သိတာမှာ (အချိန်နေရာ) ပါတယ်၊ (သင်္ခတဓမ္မ) ပဲ၊ အချိန်နေရာ မပါတဲ့**

**သိခြင်းမျိုးက (အသခ်ဲတဓမ္မ) ပါပဲ၊** (မှန်ပ့ါ)၊ (ဓမ္မ)ဆိုတာ ကုသလာဓမ္မာ၊ အကုသလာဓမ္မာတဲ့ (သတ္တဝါ) မဟုတ်ဘူး၊ အတ္တကောင်၊ အသက်ကောင်မဟုတ်တဲ့သဘော၊ သဘာဝ (ဓမ္မ) တွေချည်းပဲ၊ (ငါ) ဆိုတဲ့ကိုယ့်ကိုလည်းမဟုတ်ဘူး။ (သတ္တဝါ) တွေပါနေရင် နှိုင်းယှဉ်ခြင်းရှိတယ်၊ (ဓမ္မ) သဘောကနှိုင်းယှဉ်ရာမရှိဘူး၊ ဒါကြောင့် **"နှိုင်းယှဉ်ရာကုန် နိဗ္ဗာန်တုံ ခိုလှုံစံဝင်ကြလို့"** ဒီလိုဆိုကြတယ် (မှန်ပ့ါ)။

ကိုယ့်ကိုယ်ကို မိမိစိတ်ကို အမြဲစစ်ဆေးနေပါ၊ မိမိစိတ်ကို စစ်ဆေးနေရင်းနဲ့ တရားကတိုးတက်လာတယ်၊ ဟန်ကြလာတယ် . . (မှန်ပ့ါ)၊ စိတ်ပေါ်တာကို စစ်ဆေးလိုက်ရင် စိတ်က (အချိန်၊ နေရာ) ကနေ ပျောက်သွားတယ်၊

ကိုယ့်ကိုယ်ကို စစ်ဆေးလိုက်ရင် ကိုယ့်ကိုယ်ကို ဆိုတာမရှိတော့ဘူး၊ ကိုယ့်ကိုယ်ကိုကြီးဟာ (စိတ်) ဖြစ်သွားတယ်၊ အဲဒီစိတ်ခန္ဓာက (နေရာ) ဖြစ်သွားတယ်၊ အဲဒီနေရာက ပျောက်သွားတယ်၊ ဒီ (သဘာဝဓမ္မ) တွေမဖြစ်ရာ၊ မပျက်ရာရောက်သွားတယ်၊ ဒါ (ဉာဏ်) ပဲ၊ အဓိပ္ပါယ်က (ပထမတန်း) နော်၊ အဲ့ဒါ (ပထမတန်း) ဖြစ်တဲ့တရားပဲ၊ ဒကာကြီး။ . . (မှန်ပ့ါ)။

(ဇာတိ) ဆိုတာ (မရဏ) ပဲ၊ (ဇာတို့) ချုပ်တော့ (အနိစ္စ)ပေါ့၊ (ဇာတိ) ပြီးရင် (ဇရာ၊ မရဏ) ပေါ့ (မှန်ပ့ါ)၊ ပဝတ္တိယခုလက်ငင်းအချိန် (ပစ္စုပ္ပန်) မှာဖြစ်တဲ့မြင်တာ၊ ကြားတာ၊ နံတာ၊ စိတ်ကူးတာစတဲ့ (စိတ်

ပေါ်) ဖြစ်လေရာမှာ (ဇာတိ၊ ဇရာ၊ မရဏ) တွေလည်းဖြစ်နေတာပဲ. . (မှန်ပါ့)။

ဇာတိ၊ ဇရာ၊ မရဏယူရင် (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါးယူရတယ်၊ (ဇာတိ) က (ဝိညာဏ်၊ နာမ်ရုပ်) တို့က (ဇာတိ) ပဲ၊ ကြားတာဇာတိ၊ ဘယ်ကကြားတာလည်း (ဝိညာဏ်) ကကြားတာ၊ ကြားပြီးပျက်သွားတော့ (ဝိညာဏ်) ပျက်သွားတယ်။

အဲ့ဒါ (ခယမ္မေ၊ ဝယမ္မေ) ပဲ၊ ခယ=ကုန်ရာ၊ ဝယ=ပျက်ရာ၊ အဲ့ဒီ (ခယဓမ္မ၊ ဝယဓမ္မ) တွေမဖြစ်တော့ဘူးဆိုရင် (ကုန်ရာ၊ ပျက်ရာ) တွေမရှိတဲ့ (နိဗ္ဗာန်) ရောက်တာပေါ့၊ (ဥပါဒါနက္ခန္ဓာ) ဟာ (ဒုက္ခာ) မဟုတ်လား . . (မှန်ပါ့ဘုရား)၊ အဲ့ဒီ (ဥပါဒါနက္ခန္ဓာ) ကို ဆန့်ကျင်ဘက် လုပ်နေရင် (နိရောဓဓမ္မ) ဘက်ရောက်ရောက်သွားတယ်၊ ကြားပြီးရင် ပျက်သွားတာက (နိရောဓဓမ္မ) မြင်ပြီးရင် ပျက်၊ နံပြီးရင်ပျက်၊ စိတ်ကူးပြီး ရင်ပျက်၊ ဒီလို (ပျက်) တာသိတာက (နိရောဓဓမ္မ) ပဲ၊ အစဉ်အမြဲ ဒီလိုဖြစ်နေရင် (ခန္ဓာ) ကုန်ပျောက် (နိရောဓသစ္စာ) (နိဗ္ဗာန်) ရပြီပေါ့ (မှန်ပါ့)။

(ဓမ္မာနုပဿနာ)က(တဏှာကၡယာယ)=(တဏှာ) ကုန်အောင်၊ ပညာယ၊ ပရိဗ္ဗဇေယျ = (ပညာ) သဘောနဲ့အားထုတ်ရတဲ့အမျိုး (တဏှာ၊ မာန၊ ဒိဋ္ဌိ) ကုန်အောင်ကျင့်ရတဲ့တရားပဲ၊ (တဏှာ)ဆိုတာ ကာမဆန္ဒ၊ ကိုယ့်သန္တာန်မှာ (ကာမရာဂစိတ်) ရှိရင်ရှိတယ် (သံယောဇဉ်)

ရှိရင်ရှိတယ်၊ မရှိရင်မရှိဘူးသိရတယ်၊ နောင်မဖြစ်တော့ဘူးလို့ သိသွားရင် (ပဌမတန်း) တရားဖြစ်တော့တာပေါ့ (မှန်ပ့ါ)။

(ဓမ္မာနုပဿနာ) က (တဏှာ) သတ်တဲ့တရားပေါ့ (မှန်ပ့ါ)၊ (တဏှာ) ကို (ဉာဏ်)ကနိုင်သွားတဲ့တရားပေ့ါ၊ (ဉာဏ်) ကနိုင်သွားတာပေါ့ (တဏှာ၊ ရာဂ)တွေက (သင်္ခါရက္ခန္ဓာ) စေတသိက်၊ သိတာက (ဝိညာဏက္ခန္ဓာ) လို့ ဒီလိုလည်းသိရတယ် (မှန်ပ့ါ)။

(ဓမ္မာနုပဿနာ) က (တဏှာ) သတ်မှတော့ (ဒိဋ္ဌိ)လည်း သတ်ပြီးဖြစ်တော့တာပေ့ါ၊ မိမိအမြင် (ဉာဏ်) မှာ -

**ပုဂ္ဂိုလ်မပါ (ဓမ္မ) သာ (ဓမ္မစက္ခု) ဖြစ်သတည်း၊**

**ပုဂ္ဂိုလ်ပါလျှင် သူ၊ ငါ ဝင် ၍တွင် (ဒိဋ္ဌိ) ဖြစ်သတည်း၊**

**(ဒိဋ္ဌိ)ဖြစ်လျှင် ချစ်၊ မုန်း၊ ဝင် ၍တွင် (လောဘ) (ဒေါသ) ဖြစ်သတည်းလို့** ဘုန်းကြီးစပ်ထားတယ်. . . (မှန်ပ့ါ)။

မိန်းမ၊ ယောက်ျား၊ ပုဂ္ဂိုလ်၊ သတ္တဝါပါရင် (ဥပါဒါနက္ခန္ဓာ) ရပြီ၊ (ဒုက္ခ) ဖြစ်တာပဲ၊ မျက်စိနဲ့မြင်လို့ မိန်းမ၊ ယောက်ျားထင်နေတာကို၊ မျက်စိမှိတ်ပြီး လက်နဲ့စမ်းကြည့်ရင် ကာယပသာဒ (ရုပ်) နဲ့မိန်းမရဲ့ ဖောဋ္ဌဗ္ဗာအာရုံ၊ ထိတွေ့တဲ့ (ရုပ်) သိတာက (စိတ်) နာမ်၊ ဒီတော့ (ရုပ်နာမ်) ပဲရတာပေါ့ . . (မှန်ပ့ါ)။

မျက်စိမှိတ်ထားတဲ့အခါ၊ နားနဲ့ကြားတော့၊ နှာခေါင်းနဲ့နံတော့

(ရုပ်)ပဲသိတာပဲ၊ စိတ်က (နာမ်)၊ ဒီတော (ရုပ်၊ နာမ်) ပဲရတာပေါ့၊ (အာရုံ ၆ပါး) နဲ့တွေ့ထိသမျှ (ရုပ်နာမ်) ပဲ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘူးလို့သိရမယ်၊ (ဥပါဒါနက္ခန္ဓာ) ကို ဆန့်ကျင်ဘက် သိနေရင် (ရုပ်၊ နာမ်) အသိလို့ခေါ်တယ်၊ ဒီအသိတာရှည်ရင် (နိရောဓ ဓမ္မ) ဘက်ရောက်သွားပြီး (နိရောဓသစ္စာ) (နိဗ္ဗာန်) ရောက်ပြီပေါ့ . . (မှန်ပါ့)။

ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အမြင်နဲ့မမြင်ရဘူး၊ မသိရဘူး ဒါတွေကအမှန်မြင်မဟုတ်ဘူး (ပညတ်) တွေပဲ၊ တကယ်မရှိတဲ့ အမှားမြင်တွေ၊ ဒီအမှားမြင်အတိုင်း ယောကျ်ား၊ မိန်းမရှိတယ်ဆိုတဲ့ ယောကျ်ား၊ မိန်းမအမြင်နဲ့ မြင်ကြည့်ရင် - ကာမရာဂ (တဏှာ) တွေ ဖြစ်လာတယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်လာတယ်၊ (နိဗ္ဗာန်) အာရုံနဲ့ ဆန့်ကျင်ဘက်ဖြစ်လာတယ်၊ (တဏှာ) ကုန်မှ (ဒုက္ခ)ကုန်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) တို့ကုန်ရာသည်သာ (နိဗ္ဗာန်) ဖြစ်တယ်၊ ဆိုတဲ့ အရေးကြီးဆုံးအချက်ကိုသိထားရမယ်၊ (နိဗ္ဗာန်) လိုချင်ရင် ဒီအချက်နဲ့ သွားရမယ် . . (မှန်ပါ့)။

လမ်းမှန်ဖြစ်အောင် (ပညတ်) တွေဖယ်ပြီး၊ ချန်ပြီး (ရုပ်နာမ်) အမြင်ရှိရတယ်၊ ကိုယ့်အမြင်မှာ တကယ်အမှန်မြင် (ယထာဘူတ) အမြင်မှန်ဖြစ်တာပေါ့၊ ဒီလိုအမြင်နဲ့သွားရတယ် . . (မှန်ပါ့)။

ဒီလိုမြင်မှ ဒီလိုသိမှ (ဓမ္မစကြာ) ထဲမှာပါတဲ့ ပါဠိကိုပြန်ကြည့်၊

အရှင်ကောဏ္ဍည သောတာပန်ဖြစ်စဉ်မှာ-“အာယသ္မတောကောဏ္ဍည
ဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံဥဒပါဒိ” “ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ
နိရောဓ ဓမ္မန္တိ” ကောဏ္ဍညသည် ဝိရဇံ=အပါယ်သို့လားစေတတ်သော
(ရာဂ)အစရှိသော မြူမှုန်ကင်းသော၊ ဝီတမလံ=အကြွင်းမရှိ (ဒိဋ္ဌိဝိစိကိစ္ဆာ)
ပယ်သော၊ အညစ်အကြေးမရှိသော၊ ဓမ္မစက္ခုံ = သစ္စာ ၄ပါးနှင့်တကွ
သိမြင်သော (သောတာပတ္တိမဂ်ဉာဏ်) တည်းဟူသော မျက်စေ့သည်
ဥဒပါဒိ = ထင်ရှားဖြစ်လာ၏လို့ မြတ်စွာဘုရားက ဒီလိုဟောတာပေါ့
(မှန်ပ့ါ)၊ ဓမ္မစက္ခုံဖြစ်ဖို့ အရေးကြီးတယ်၊ (ဓမ္မစက္ခုံ)ဖြစ်အောင်
(ဥပါဒါနက္ခန္ဓာ) သိဖို့အရေးကြီးတယ်၊ (ဉာဏ်) နဲ့ကြည့်ရတယ်၊
(ဥပါဒါနက္ခန္ဓာ) ကို ရှေ့ပိုင်းမှာ ဘုန်းကြီးတော်တော်ပဲ အကျယ်ဟော
ထားတယ်၊ အဲ့ဒါသဘောပေါက်အောင် နားလည်အောင် လေ့လာ
ကြည့်ပါ . . (မှန်ပ့ါ)။

(ဓမ္မာနုပဿနာ) (ခန္ဓာပဗ္ဗ)၊ (အာယတန) နဲ့ (သစ္စာပိုင်း)
တွေမှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်ဘူးဆိုတာ
အကျယ်တဝင့်ပြဆိုခဲ့တယ်၊ (ဓမ္မစကြာ)မှာလည်း (လူ) မပါဘူး၊ စွဲစွဲမြဲမြဲ
ကျင့်တတ် ကြံတတ် မြင်တတ်အောင် ကြိုးစားရင် အမြင်မှန် (သမ္မာဒိဋ္ဌိ)
ကိုသိမယ်၊ ဒါမှ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ဒိဋ္ဌိ)
ပျောက်မယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါပျောက်ရင် (အတ္တ) ဒိဋ္ဌိလည်း ပျောက်
တယ်၊ (ဒုက္ခ) လည်းပျောက်မယ်၊ (သံသရာ)ဖြတ်တဲ့အလုပ်ပဲလို့ သိပါ၊
(မှန်ပ့ါ)၊ အရိယာတို့ဟာ ဒီလိုအမြင်ရှိကြလို့ ဒီလိုသိကြရင်းနဲ့ (အရိယာ)

တွေဖြစ်လာကြတာဆိုတာ နားလည်ပါ. . (မှန်ပါ့)။

လူတိုင်း ငယ်ငယ်က အိုးပုတ်၊ ဂျိုးရုပ်၊ ကော်ရုပ် စတဲ့ အရုပ်ကလေးတွေနဲ့ ကစားခဲ့ကြတယ်၊ လူကြီးဖြစ်တော့ ကစားသေးလား၊ မကစားတော့ဘူး၊ ပြောင်းလဲသွားပြီ မဟုတ်လား၊ အရိယာကျတော့လည်း (အိုးပုတ်၊ ဂျိုးရုပ်)တွေနဲ့တူတဲ့ (ကိလေသာ) တွေဖြစ်တဲ့ (အဝိဇ္ဇာ၊ တဏှာ) ဖြစ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တို့နဲ့မဆော့တော့ဘူး၊ (Automatic Changes) တွေဖြစ်လာတယ်၊ အလိုအလျောက် ပြောင်းလဲသွားတယ်၊ (နိရောဓ) အာရုံနဲ့ပဲ နေတော့တယ် . . (မှန်ပါ့)။

မြတ်စွာဘုရားဟောတဲ့ (ဓမ္မစကြာ) တရားတော်ထဲမှာ (သတ္တဝါ) မဟုတ်ဘူးဆိုတာပါတယ်၊ ဘယ်လိုပါသလဲဆိုရင် (ဓမ္မစကျွဲဥဒပါဒိ) နဲ့ (သတ္တဝါ) မဟုတ်ဘူးလို့ သိရတယ်၊ (သတ္တဝါ) ဆိုတာ မြတ်စွာဘုရားက လူ့ဘုံ (၁)ဘုံ၊ နတ်ပြည် (၆)ထပ်၊ အပါယ် (၄)ဘုံမှာရှိတဲ့၊ (ကာမရာဂ) ရှိတဲ့သူတွေကို ကာမ (၁၁)ဘုံသားတွေကို (သတ္တဝါ) လို့ခေါ်တယ်၊ ဒီကာမ (၁၁)ဘုံမှာရှိသူတွေအားလုံးကို လူတွေ၊ နတ်တွေ၊ တိရစ္ဆာန်တွေ၊ ငရဲသားတွေလို့ မခေါ်တော့ပဲ အားလုံးကို သိမ်းကျုံးပြီး ကာမရာဂရှိတဲ့သူတွေမို့ (သတ္တဝါ) လို့ အမည်ပေးထားတာ၊ ဒီလို သမုတ်ထားတဲ့ (သတ္တဝါ)ဆိုတာကတကယ်မရှိဘူး (သတ္တဝါ)မဟုတ်ဘူး (ရုပ်နာမ်)ပဲလို့သိမှ (ဓမ္မစကျွဲဥဒပါဒိ) ဖြစ်တယ် (မှန်ပါ့)၊ **အရေးကြီးဆုံးက (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ အသိသာလိုရင်းဖြစ်တယ်၊. . (မှန်ပါ့)။**

(ဉာဏာဝုဒပါဒိ) က = (အဝိဇ္ဇာ) မရှိတဲ့ (ဉာဏ်)၊ (ရုပ်နာမ်) သိတဲ့ (ဉာဏ်)ဖြစ်လာတာကိုပြောတာ၊ (ဓမ္မာနုပဿနာ) က (ဉာဏ်) ကို ရှေ့တန်းတင်ရတယ်၊ (ဓမ္မစကြာ) တရားနဲ့တူတယ်၊ (ဉာဏ်) ပဲ အရေးကြီးတယ်၊ (နိဗ္ဗာန်) ကလည်း (ဉာဏ်)နဲ့မြင်ရတဲ့ဒဿမျိုးပဲ၊ သိရတာက (ဉာဏ်) သိဖြစ်ရတယ် (မှန်ပ့ါ)။

(သောတာပန်) က (ဒိဋ္ဌိ)နဲ့ (ဝိစိကိစ္ဆာ) ကို ပယ်တယ် (ဒိဋ္ဌိ) အသိဖြစ်တဲ့ (သတ္တဝါ) အသိဖြစ်နေရင် (သောတာပန်) ဖြစ်ပ့ါမလား။ (သတ္တဝါ) လိုသိတာက အသိမှား (အဝိဇ္ဇာ) ဖြစ်တယ်၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ နှလုံးသွင်းလိုက်ရင် (ဒိဋ္ဌိ)အသိဖြစ်တယ်၊ (ဒိဋ္ဌိ) အယူမှားဖြစ်လို့ (တဏှာ၊ ရာဂ) ကဖြစ်လာတော့တာပဲ၊ အဲဒါ (အယောနိသောမနသိကာယ)လို့ ခေါ်တယ်၊ နှလုံးသွင်းမှားလို့ (အဝိဇ္ဇာ) ဖြစ်ခြင်းရဲ့အကြောင်းပဲ (မှန်ပ့ါ)၊ အဝိဇ္ဇာဆိုတာ (သစ္စာ လေးပါး) မသိတာကိုအရကောက်တော့ (အဝိဇ္ဇာ) က (သမုဒယသစ္စာ) ထဲဝင်သွားတယ် . . (မှန်ပ့ါ)။

သစ္စာ ၄ပါးမှာ (ရုပ်နာမ်) တွေရဲ့ဖြစ်ပျက်က (ဒုက္ခသစ္စာ)၊ (သမုဒယသစ္စာ)က လောဘဖြစ်တဲ့ (တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်လာတာတွေဟာ (သတ္တဝါ) လို့ယူလို့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့ယူတဲ့မသိမှု (အဝိဇ္ဇာ) က (သမုဒယသစ္စာ) ပဲ . . (မှန်ပ့ါ)။

နှလုံးသွင်းမှားရတဲ့ (အဝိဇ္ဇာ) က (သမုဒယသစ္စာ) ဖြစ်ပုံလေး

ကိုပြရရင် ငါလှျူတယ်၊ ဘာပစ္စည်းလှူတယ်၊ ဘယ်သူ့ကိုလှူတယ် စတဲ့ (သမုဒယ) တွယ်တာတဲ့ ငါ (ဒိဋ္ဌိ) တွေပါနေလို့ပဲ၊ (ကိလေသာ) ဖြစ်ရတာတွေဟာ (သမုဒယသစ္စာ) ပဲ၊ အဲ့ဒါနှလုံးသွင်းမှားတဲ့ (အဝိဇ္ဇာ) နဲ့ စတာပဲ၊ အဲဒါ (ကိလေသာ) ဖြစ်တဲ့ (အာသဝေါ) တရားနဲ့ဖြစ်တဲ့ (ကုသိုလ်) ပဲ၊ ဒီ (ကုသိုလ်) က နတ်ပြည်ရောက်ရပါလို၏ဆိုတော့ (သမုဒယ) တွေပါနေတော့ (သမုဒယ) အကြောင်းခံနေတော့ နတ်ပြည်တော့ရောက်ပါတယ်၊ ဒါပေမဲ့ နတ်ပြည်ရောက်လည်း (ဒုက္ခသစ္စာ)ပေါ့၊ မိုးပေါ်မြောက်လိုက်တဲ့ဒုတ်လိုပဲ၊ ကုသိုလ်အရှိန်ကုန်ရင် နတ်ပြည်ကနေလူ့ပြည်၊ ငရဲ တိရစ္ဆာန် စတဲ့ (ဒုက္ခ) နယ်တွင်း ပြန်ရောက်ရလို့ (ဒုက္ခသစ္စာ) ပြန်ရတာပါပဲ၊ (၃၁)ဘုံက (ဒုက္ခသစ္စာ) ပဲကိုး (မှန်ပ့ါ)။

ငါလှျူတယ်၊ ဘယ်သူ့ကို၊ ဘယ်ဘုရားကို၊ ဘာပစ္စည်းစတဲ့ (ပညတ်)တွေပါလာရင် (အာသဝေါ) မကင်းဘူး၊ (ကုသိုလ်)တော့ရတယ်၊ လောကီကုသိုလ်ပေါ့၊ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်အတွက်မှာတော့ (သမုဒယ) တွေပါနေတော့ အာသဝေါမကင်းမှု ဖြစ်စေတယ် (ဇာတိ) ဘယ်မှာပြတ်ပ့ါမလဲ၊ သံသရာလည်ရတာပဲ (မှန်ပ့ါ)။

ဘာဖြစ်ရပါလို၏ဆိုတာ = ဘဝါသဝ

ဘုံကိုတပ်မက်ပြီးလှူတာက = ကာမာသဝ

ဘယ်သူ၊ ဘယ်ဝါကိုလှူတယ်ဆိုတဲ့ (သတ္တဝါ) လို့ယူတာက= (ဒိဋ္ဌာသဝ) ပဲ။ . . (မှန်ပ့ါ)။

ဒီ (အာသဝေါ)သုံးပါးဖြစ်တာက = (အဝိဇ္ဇာသဝ) ခေါ်တယ် (မှန်ပ့ါ) အာသဝေါတရား ၄ပါးကုန်ရာကုန်ကြောင်း (နိဗ္ဗာန်) ကိုဘယ်မှာ ရောက်နိုင်ပ့ါမလဲ . . (မှန်ပ့ါ)။

(အာသဝေါတရား) နဲ့ဖြစ်တဲ့

| | |
|---|---|
| အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ဉပါဒါန် ကံ | = သမုဒယသစ္စာ |
| ရတဲ့ဘုံဘဝက (ဝိညာဏ်၊ နာမ်ရုပ်) သဠာယတန၊ ဖဿ၊ ဝေဒနာက | = ဒုက္ခသစ္စာ |
| ဒုက္ခတွေချုပ်တာက | = နိရောဓသစ္စာ |
| ဒုက္ခတွေချုပ်အောင်လုပ်တာက | = မဂ္ဂသစ္စာ |
| ဒီလိုသစ္စာ ၄ပါးမသိတာ | = (အဝိဇ္ဇာ) ပဲ |

(သတ္တဝါ) လို့အောင်းမေ့နေရင် - (အဝိဇ္ဇာ) ဖြစ်တာပဲ (မှန်ပ့ါ) ဒါကြောင့် (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ (အသိ) သာလိုရင်းဖြစ်တယ်၊ ဒီအသိတစ်ခုပဲလိုတယ် (မှန်ပ့ါ)၊ (သတ္တဝါ) လို့သိလာရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေက ပေါ်လာတယ်၊ (သတ္တဝါ) တွေပဲဆိုရင် (မောဟ)က ဖြစ်ပြီး (သတ္တဝါ) တွေမဟုတ်ဘူးဆိုမှ (မောဟ)က လွတ်မှာ၊ (သတ္တဝါ) လို့သိတဲ့အသိကို ပယ်ရမယ် . . (မှန်ပ့ါ)။ ဘာပဲမြင်မြင်၊ ဘာပဲကြားကြား (သတ္တဝါ) မဟုတ်ဘူး (ရုပ်)ပဲ၊ (ဝိညာဏ်)ပဲ၊ သင်္ခါရပဲ၊ (ဓမ္မပဲ) ဆိုတာ သိသိနေရမယ်၊ ဒီအသိကိုလေ့ကျင့်ယူရမယ်၊ မဟုတ်ရင် (အဝိဇ္ဇာ၊ တဏှာ) လာမယ်၊ (သတ္တဝါ) မဟုတ်ဘူးလို့သိမှ (ဉာဏ်) ထွက်လာမယ် (မှန်လှပါဘုရား)။

(သတ္တဝါ) တွေဘယ်လိုဖြစ်လာတုံးဆိုတော့ (သတ္တဝါ) တွေမှာ (ကံ)ဆိုတာရှိတယ်၊ ကံက (ကမ္မဇရုပ်) ကိုဖြစ်စေတယ်၊ (ကမ္မဇရုပ်) နဲ့ (ဝိပါတ်စိတ်) ကို (ဥပဟိ)လို့ခေါ်တယ်၊ စွဲလန်းတတ်တယ်၊ (ဝိပါက်စိတ်) မှာ (အိပ်) တဲ့စိတ်နဲ့မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့၊ ကြံတွေးတဲ့ဒွါရ ၆ပါးက (စိတ်) တွေလည်းပါတယ် . . (မှန်ပ့ါ)။

(သတ္တဝါ) တွေမှာ (ကမ္မဇရုပ် + ဇီဝိတ + ဟဒရရုပ်) စတဲ့ရုပ် (၁၈)ခုက ကံကြောင့်ဖြစ်တာ (ကမ္မဇရုပ်) ကလည်းကံကြောင့်ဖြစ်ရတာ၊ ဒီ (ကံ)က ဘယ်ကလာတုံးဆိုတော့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ကလာတယ်၊ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)ကြောင့် ကံ ဖြစ်တယ်၊ ကံကြောင့် (ကမ္မဇရုပ်)တွေဖြစ်ရတာ၊ အဲဒီ (ကမ္မဇရုပ်)ကို (ကမ္မဇရုပ်)လို့မသိကြပြန်ဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့သိကြပြန်တော့ (အဝိဇ္ဇာ) ဖြစ်ပြီပေါ့၊ (အဝိဇ္ဇာ) နဲ့ ဒီလိုသိတော့ (ရာဂ) ဖြစ်ပြီပေါ့၊ (အဝိဇ္ဇာ) ကြောင့် (သင်္ခါရ)ကြောင့် (တဏှာ) ကြောင့်၊ (ဥပါဒါန်) ကြောင့် (ကံ)ဖြစ်တော့ (သတ္တဝါ)အယူဖြစ်ပြီပေါ့၊ ဒီလိုနဲ့ (သံသရာ) လည်နေကြတာပဲ၊ အဲ့ဒါ (လူ၊ သတ္တဝါ) ဖြစ်စဉ်မဟုတ်ဘူး၊ ဒီလိုမသိရဘူး၊ (ခန္ဓာဖြစ်စဉ်)လို့သိရမယ်၊ အဲ့ဒါကြောင့် (ပဋိစ္စသမုပ္ပါဒ်) တရားနဲ့ (မြတ်စွာ ဘုရား)က တရားပြတာပေါ့ . . (မှန်ပ့ါ)။

မျက်စိက သင်ပေးတာမှာ ကြည့်ချင်တယ်ဆိုတဲ့ စိတ်ရှိရင် မျက်စိကပွင့်တယ်၊ ဖွင့်ချင်တာ=(မနော)၊ ဖွင့်တာ = (ရုပ်)၊ မြင်တာ =

(စိတ်)။ ဒီလိုသိရင် (ရုပ်)နဲ့ (နာမ်)ကိုသိပြီ၊ ဖွင့်တာက (စိတ္တဇရုပ်) မျက်စိဖွင့်ချင်တယ်၊ ဖွင့်တယ်၊ အဲဒါ (စက္ခုဝိညာဏ်) စိတ် (ဝိပါက်စိတ်) (ဝိပါက်စိတ်)နဲ့ (ကမ္မဇရုပ်) နဲ့ပေါင်းတော့ (ဥပတိ) ခေါ်တယ်၊ ကိုယ့်မျက်စိဖွင့်တဲ့အခါကြည့်ပါ၊ ကြည့်တာက (စက္ခုဝိ ညာဏ်စိတ်)၊ မြင်တာက= (ကမ္မဇရုပ်)၊ အဲဒါ (ရုပ်နာမ်)ပဲ၊ (သတ္တဝါ) မဟုတ်ဘူး၊ အမှန်တရား (သမ္မာဒိဋ္ဌိ) က စိတ်ပေါ်ပေါ်ဖြစ်တိုင်း (ရုပ်နာမ်) ပဲ၊ ဒီလိုအမြင်မှန်ကို သိရမယ်၊ ဒီလို (ရုပ်နာမ်)ခွဲပြီး သိရမယ်၊ ဒါဆိုရင် (ရုပ်နာမ်)ကွဲပြီ ပေါ့ . . (မှန်ပါ့)။

(သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ ဒီအသိမျိုးတာရှည်သိရင် (ရာဂ၊ ဒေါသ၊ မောဟ) ကလွတ်တယ်၊ ဒါကြောင့်မြင်ရင်၊ ကြားရင် နံ့ရင် စတဲ့ (စိတ် ပေါ်ပေါ်) ဖြစ်ရင် (သတ္တဝါ) မဟုတ်ဘူးလို့ ကိုယ့်ဟာကိုယ် (သတိ) ပေးတဲ့အနေနဲ့ ရွတ်ရွတ်ပေးရတယ်၊ ရွတ်ပေးရတာက ကိုယ့်အသိထဲမှာ အမှန်မြင်အသိကို စွဲမြဲသွားစေတဲ့သဘောပဲ၊ စွဲမြဲသွားရင် မရွတ်ရတော့ပါဘူး၊ ဒါမှ (ဉာဏ်) ကောင်းလာမယ် (ဉာဏ်) ထဲမှာပေါ်လာမယ်. . (မှန်ပါ့)။

ဒကာကြီးရဲ့သန္တာန်မှာ (သတ္တဝါ) မဟုတ်ဘူး (ရုပ်နာမ်) ဆိုတဲ့ အမြင်ရောက်သွားရင် (ရာဂ၊ ဒေါသ၊ မောဟ) က လွတ်သွားပြီ၊ (ရာဂ၊ ဒေါသ၊ မောဟ) ကလွတ်ရင် (နိဗ္ဗာန်) ကို ကိုယ့်ဟာကိုယ်သိပြီ၊ ဘယ်သူမှမပြောရပါဘူး၊ ခယံ၊ ဝိရာဂံ၊ အမတံ၊ ပနိတံကို ကိုယ်တိုင်ရတာပဲ၊

**ဒါကြောင့် (သတ္တဝါ) တွေမဟုတ်ဘူး ဆိုတဲ့ (အသိ) ကို စိတ်ဝင်စားစွာ လိုက်စားဘို့လိုတယ် (မှန်ပါ့)၊ ဒီ (အသိတလုံး) က အရေးအကြီးဆုံးပဲ (မှန်ပါ့)၊**ကိုယ့်အမြင်မှာ (သတ္တဝါ) အယူယူနေရင် (အဝိဇ္ဇာ)၊(အာသဝေါ) တွေရှိနေတယ်၊ သိအောင်၊ ပြုပြင်နိုင်အောင်လုပ်၊ သိရင်ပယ်တယ်၊ ဒါ (ဉာဏ်) စခန်းပဲ (မှန်ပါ့ဘုရား)။

ကြားတာလေးနဲ့စိတ်ဆိုးတယ်ဆိုရင် (ငါ့) စိတ်ဖြစ်လို့ (ငါ့စိတ်) ထင်လို့ (သတ္တဝါ) အသိရောက်သွားတယ်၊ (ငါ) ကိုဘာပြောတယ်၊ ဆဲတယ်စသည့် (ငါ့)ကို (သူ) ကဆိုတဲ့ (သတ္တဝါ) အသိရောက်သွားတယ်၊ (ပညာ)နဲ့သိတော့ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရောက်တော့ဘူး၊ ဒါကြောင့် **"ပညာနဲ့မြင်ပညာနဲ့ ရှုလေလျှင် ကိလေစင်" တဲ့၊ ဒါကြောင့် (ပညာ)နဲ့မြင်ရမယ်။ မျက်စိဆိုတဲ့ (ပညတ်) နဲ့မမြင်ရဘူး၊ မျက်စိကမြင်တာက မြင်တာပဲထား၊ ဒါပေမဲ့ (ပညတ်) အမြင်မဖြစ်စေနဲ့ (မှန်ပါ့)၊ (ပရမတ်) အမြင် (ပညာ) အမြင်နဲ့ (ရုပ်) ရောက်ဖို့ အရေးကြီးတယ်၊ ဤဟာ (ရုပ်) ပေါ့၊ ဒီလိုသိရင် (ပထမတန်း) စားဖြစ်ပြီ ဒကာကြီး (မှန်ပါ့ဘုရား)။**

ဤဟာ (ရုပ်) ဤဟာ (ဝိညာဏ်) လို့ (သတိ) ထားရတယ်၊ ဒီလိုအသိဟာ ဒီလိုသိတာဟာ (ဉာဏ်)ပေါ့၊ (သတ္တဝါ) လို့ယူရင် (အာသဝေါ) ရှိတယ်၊ ဒါကြောင့် (သတ္တဝါ) လို့ ဝမ်းထဲမှာ ယူမထားနဲ့ ဒကာကြီး၊ ဒါမှ (အာသဝေါ) ကုန်မယ် . . ၊ (မှန်ပါ့ဘုရား) မြင်လေသမျှ၊

ကြားလေသမျှ စိတ် (၆)ပါးနဲ့ (အာရုံ)ခံစားလေသမျှ စိတ်ထဲမှာ (သတ္တဝါ) ဆိုတာမရောက်စေနဲ့၊ (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ အမြင်စိတ်ထဲမှာ စွဲမြဲမှ (အာသဝေါ) ပျောက်တယ် . . (မှန်ပါ့)။

**"(သတ္တဝါ) ဆိုတာစိတ်ထဲမှာ အရိပ်စွဲတာတခဏ၊ သင်္ခါရဆိုတာနဂိုလ်မရှိ၊ အပျိုရှိလို့ အရိပ်မြင်၊ စိတ်ထဲထင်လို့ ပါးစပ်ပြော"** ဆိုတာ စိတ်အမြင် (ဝိညာဏ်) အမြင်လို့ခေါ်တယ်၊ (သမ္မာဒိဋ္ဌိ) နဲ့ မြင်တာ မဟုတ်ဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိုတာ စိတ်အမြင် (ဉာဏ်) နဲ့မြင်တာမဟုတ်ဘူး၊ မြတ်စွာဘုရားက **"ယထာပညာယပဿတိ"** (ပညာဉာဏ်) နဲ့ ရှုပါလို့ ဟောတာပါ . . (မှန်ပါ့)။

နှလုံးသွင်းရင် (သတ္တဝါ) မဟုတ်ဘူးလို့ အသိစွဲရင် (ပရမတ်) က သူ့ဟာသူ့အပေါ်လာတယ်၊ (သတ္တဝါ) ဆိုရင် ဟိုရောက် ဒီရောက် ဖြစ်ပြီး (ပဋိစ္စသမုပ္ပါဒ်) အကြောင်းအကျိုးတန်းသွားပြီ၊ (ခန္ဓာငါးပါး) ရပြီ၊ (ဒုက္ခ) ဖြစ်တော့တယ် . . (မှန်ပါ့)။ စိတ်ထဲမှာ (သတ္တဝါ)ဆိုတာ မရောက်စေနဲ့၊ (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ အသိစိတ်စွဲမြဲမှ (သတ္တဝါ) ပျောက်တယ်၊ သတ္တဝါပျောက်ရင် (အာသဝေါ) ပျောက်တယ် ဒကာကြီး . . (မှန်ပါ့) ။

**"(သတ္တဝါကုန်)၊ အတ္တမြုံသည်သာအရိယာ"** ဆိုတော့ (နိဗ္ဗာန်) ရောက်တာပေါ့ . . (မှန်ပါ့) ဘုရား၊ ရဟန္တာတို့မှာ (သတ္တဝါ)ဆိုတာ ဝမ်းထဲမှာမရှိဘူး၊ ဒါကြောင့် (ရာဂ) မရှိကြတာပေါ့၊ . . (မှန်ပါ့)။

ဒါကြောင့် နာဠာဂီရိဆင်ကြီးနဲ့တိုက်လည်း မကြောက်ဘူး၊ ဒေဝဒတ်က ကျောက်တုံး ကြီးနဲ့ တွန်းချတာမြင်သားပဲ၊ မရှောင်ဘူး၊ မကြောက်ဘူး . . (မှန်ပါ့)။ ကျားကိုက်ခံနေရတာသိနေသားပဲ၊ (ငါ့) ကို (ကျား) က ဆိုတဲ့ (သတ္တဝါ) အယူ၊ (ပညတ်) မဖြစ်ဘူး၊ ခိုးသားငါးရာက ဝိုင်းရိုက် နေတာခံနေရပေမဲ့ (သတ္တဝါ) အယူမဖြစ်ဘူး . . မှန်ပါ့။

(သတ္တဝါ) မဟုတ်၊ ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစက္ကူဖြစ်သတည်း၊ ပုဂ္ဂိုလ်ပါလျှင် သူငါဝင် ဤတွင်ဒိဋ္ဌိဖြစ်သတည်း၊

(ဒိဋ္ဌိ) ဖြစ်လျှင် ချစ်၊ မုန်းဝင် ဤတွင် (လောဘ) (ဒေါသ) ဖြစ်သတည်းလို့ ဘုန်းကြီးစပ်ထားတာကို သတိရပါ၊ (မှန်ပါ့ဘုရား)။

"စိတ်နဲ့ကြံတာသတ္တဝါ (ပညတ်) တွေလည်း ပါရတာ၊ မကြံ တာက (နိဗ္ဗာန်) နဲ့ (ပရမတ်) တရားတွေပဲ ကျန်နေတယ်" စိတ်က (သတ္တဝါ) ပဲကြံစည်နေကြတော့ တကယ်ကြံရမဲ့ (ပရမတ်) ကို မကြံနိုင် ကြတော့ (နိဗ္ဗာန်)နဲ့ (ပရမတ်) ကကျန်နေတယ်လို့ ပြောတာ၊ (ပရမတ်) ကိုကြံဖို့က(သမ္မာသင်္ကပ္ပ) ပညာ (ဉာဏ်) နဲ့ကြံရမှာ (မှန်ပါ့)၊ ဒီစကား လေးကို သေသေချာချာစဉ်းစားကြည့် အမှန်သိလိမ့်မယ် (မှန်ပါ့)။

ဒါကြောင့်

စိတ်ကကြံစဉ် (ရုပ်) ရောက်လျှင်

(ဉာဏ်) တွင်လူမရှိ

(လူ) မရောက်လျှင် (ရုပ်နာမ်) ပင် ဤတွင် (ဖြစ်ပျက်) ဖြစ်သတည်း။

(လူ) မရောက်ပဲ (ရုပ်နာမ်) ရောက်အောင်၊ သိအောင် ကြံတတ်ရင် (ဖြစ်ပျက်) ကိုတွေ့တယ်၊ (ရုပ်နာမ်) ရောက်သွားရင် (ဖြစ်ပျက်) ဖြစ်သွားတယ် . . (မှန်ပ့ါ)။

မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်ပြုခါနီးဆဲဆဲ နောက်ဆုံးဟောကြားခဲ့တာက **"ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"**လို့ဟောခဲ့တာက (ရုပ်နာမ်) **သင်္ခါရ** (ဖြစ်ပျက်) ကို နှလုံးသွင်းခိုင်းတာ . . (မှန်ပ့ါ)။

(ရုပ်) ရောက်အောင် (ရုပ်) တို့ (နာမ်) တို့ကို မြင်အောင် ကြည့်တတ်လို့ (ရုပ်) ပဲလို့ သိလိုက်တဲ့ (နာမ်) ဝိညာဏ်ဖြစ်တာသိလိုက်တာက (ဖြစ်) တာ (ဥဒယ) ဉာဏ်၊ ဒီ (နာမ်) ဝိညာဏ်လေးပျက်သွားတာ သိလိုက်တာက (ပျက်) သွားတာ (ဝယ) ဉာဏ်ပေ့ါ . . (မှန်ပ့ါ)။

တရားဆိုတာ ကိုယ့်ပါရမီနဲ့ ကိုယ်ရှိတယ်၊ ကိုယ်နဲ့စပ်တဲ့တရားရှိတယ်၊ ခန္ဓာငါးပါးထဲမှာရှာပါ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) မှာ ဘယ်ဟာနဲ့ စပ်ဟပ်တယ်ဆိုတာရှာပါ။ (မှန်ပ့ါ)

(အဘိဓမ္မာ) မှာ (သတ္တဝါ) ဆိုတာမပါဘူး၊ မရှိဘူး၊ (ပရမတ်) မဟုတ်လို့မရှိတာပဲ၊ ဒါကြောင့် **"(သတ္တဝါ) မဟုတ် မဟာဘုတ် အဟုတ် အိမ်နှင့်တူသတည်း၊ အိမ်နှင့်တူရာ ညှော်သည်လာ ကိစ္စထွေရာများ**

**သတည်း၊ သတ္တဝါလို့ယူလို့ ကိစ္စတွေများလာပြီ ဒုက္ခတွေရတော့တာ ပေါ့" . . (မှန်ပ့ါ)။**

(စိတ်) သိရင် (ပညတ်) ပါတာပဲ၊ ဒီလိုပါရင်ပါတယ်သိ၊ (ပညတ်) မပါရင် မပါဘူးသိ၊ (နိဗ္ဗာန်) ကျတော့ (ပညတ်)လည်း မပါတော့ဘူး၊ (စိတ်)လည်းမပါတော့ဘူး (ငြိမ်း) သွားပြီပေါ့ (မှန်ပ့ါ)။

# (ပညတ်) နှင့် (ပရမတ်)

(ဝိပဿနာ) ဆိုတာ (ပညတ်) ကိုခွာပြီး ရှုရတာ (သတိပဋ္ဌာန်) က (သတိ၊ သမ္ပဇဉ်) နဲ့သိရတာ၊ (ပညတ်) မရှိမှ (ပရမတ်) ဖြစ်တာ (ပညတ်) မရှိရင် စိတ်လည်း (ပရမတ်)ဖြစ်သွားတယ်၊ (စိတ်) က (ပရမတ်)ဖြစ်သွားရင် နူးညံ့သိမ်မွေ့သွားတယ်၊ နူးညံ့သိမ်မွေ့တော့ (စိတ်) ကိုစောင့်ရှောက်ရာရောက်သွားတယ်၊ ဒီလိုစောင့်ရှောက်ရာ ရောက်တဲ့ စိတ်ခလေးဟာ ချမ်းသာရာ (နိဗ္ဗာန်) ဘက်ကို ရောက်ရောက် သွားတယ် . . (မှန်ပ့ါ)။

ဒါကြောင့် (ပညတ်)နဲ့ (စိတ်) နဲ့ကွဲအောင်လုပ်ရတယ်၊ (အာရုံ) နဲ့ (စိတ်)နဲ့လည်းကွဲအောင်လုပ်ရတယ်၊ (စိတ်)နဲ့ (စေတသိက်) လည်း ကွဲအောင်လုပ်ရတယ် . . (မှန်ပ့ါ)။

**(ဝိပဿနာ) က "ပညာတ္တိံ ဌပေတွာ အနိစ္စဒိကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ" လို့လည်းဆိုတယ်၊ ဝိပဿနာက (ပညတ်) ကို**

ခွာပြီးရှုရတယ်၊ (ပညတ်) မှန်းသိရတယ်၊ သိရင် (ပညတ်) ကိုကျော်ရှုရတယ်၊ (ပညတ်) မရှိတော့တာကိုသိရတယ်၊ (ပညတ်) က ပုထုဇဉ်အနွယ် (ကိလေသာ) တွေ (နံ့မည်) တွေ ) (သန္တာန်) တွေပေါ့ . . (မှန်ပ့ါ)။

(ဝိပဿနာ) ရှုတယ်ဆိုတာ (ပညတ်) ကိုထားခဲ့ပြီ (ပညတ်)ကိုကျော်ပြီး ရှုရတာမျိုးပဲ၊ (မှန်ပ့ါ)၊ (ပညတ္တိသမတိက္ကမိတွာ)တဲ့၊ ပညတ္တိ-ပညတ်ကို၊ သမ-ကောင်းစွာ၊ တိက္ကမိတွာ - ကျော်လွန်၍တဲ့၊ (ပညတ်) ကို ကျော်လွန်၍ဆိုတာ (ပညတ်) ကိုထားခဲ့ပြီး၊ သူကိုမရှုပဲ (ပရမတ်) ကိုရှုရတာမျိုးမှ (နိဗ္ဗာန်) ရောက်ရတာ (မှန်ပ့ါ)၊ (ပညတ်) ပါနေရင်၊ (ပညတ်) ကပ်နေရင် (ပညတ်) က (ငရဲ) လည်းရောက်တယ်၊ (နတ်ပြည်)လည်းရောက်တယ်၊ (မှန်ပ့ါ)။

(ပညတ်) ကိုကျော်ပြီး ရှုတယ်ဆိုတာ (ဉာဏ်) ရှိမှဖြစ်တာ၊ (ဉာဏ်) ရှိမှ (ပညတ်)ကိုထားခဲ့ပြီး (ပရမတ်) ကိုရှုနိုင်တာ၊ (ဉာဏ်)ရှိမှ (ဉာဏသအနုဓမ္မစာရီ) ဖြစ်တယ်၊ ဉာဏသ-ဉာဏ်ဖြစ်၍၊ အနုဓမ္မစာရီ - လောကုတ္တရာအားလျော်စွာ ကျင့်နိုင်တယ်လို့ဆိုတယ် . . (မှန်ပ့ါ)၊ လောကုတ္တရာတရားအားလျော်စွာ ကျင့်တတ်ရင် (ရာဂ၊ ဒေါသ၊ မောဟ) တရားတွေပါယ်နိုင်ပြီး (နိဗ္ဗာန်) ရောက်တယ် (မှန်ပ့ါ)။

(ရာဂ၊ ဒေါသ) ဆိုတာ (မောဟ) ကြောင့်ဖြစ်တာကိုး (မောဟ) ဆိုတာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်)

တွေရှိနေရင် (ရာဂ၊ ဒေါသ)ကဖြစ်တာပဲ။ **"ရာဂဒေါသဖြစ်လေ့ရာ (ပညတ်) တွေလည်းပါရတာ"** လို့ဘုန်းကြီးစပ်ထားပါသေးတယ်၊ (လူ)ဆိုတာ (ပညတ်) နမိတ်ကြီးပဲ၊ မျက်နှာတို့ ခြေ၊ လက်၊ ကိုယ်လုံးတို့ ဆိုတာလည်း (ပညတ်) နိမိတ်သေးပဲ၊ နိမိတ်သေးကနေ နိမိတ်ကြီးထဲ ဝင်လာတာပဲ (မှန်ပါ့)၊ အဲ့ဒီနမိတ်ကြီး နမိတ်သေးတွေဟာ (ပညတ်) တွေပဲ၊ (မှန်ပါ့)။

အဲဒီ (ပညတ်)တွေမရှိရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေ ပျောက်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) ကသံသရာလည်တာ၊ အပါယ် ဇာတိရတာမျိုးပဲ (မှန်ပါ့)၊ (အဝိဇ္ဇာ) မဖြစ်တာက (ပညတ်) မဖြစ်တာပဲ၊ (ပညတ်) ရှိရင် (အဝိဇ္ဇာ) ဖြစ်တယ် ဒကာကြီး (မှန်ပါ့)။

(ပညတ်) မရှိရင် (မောဟ) မရှိ၊ (မောဟ) မရှိရင် (ရာဂ၊ ဒေါသ) မဖြစ်ဘူး၊ (ရာဂ၊ ဒေါသ) မရှိရင် (နိဗ္ဗာန်) ပေါ့၊ ဒါကြောင့် (ပညတ်) ကို မရှုမိဖို့ ဘယ်လောက်အရေးကြီးသလဲဆိုတာ ပေါ်ပြီ မဟုတ်လား ဒကာကြီး (မှန်ပါ့၊ ပေါ်ပါပြီဘုရား)။

လယ်တီဆရာတော်ဘုရားကြီးက (သမုတိသစ္စံနိရုဒ္ဓန္တော ပရမတ္ထတောတိဗုဒ္ဓ) တဲ့၊ သမုတိသစ္စာ (ပညတ်) ပျောက်တော့ (အရိယာသစ္စာ) ရောက်တာပေါ့၊ (ပဋိစ္စသမုပ္ပါဒ်) တန်းတာ (ခန္ဓာ) ဖြစ်တာက (ပညတ်) ကြောင့် ဖြစ်ရတာ၊ ဒါကြောင့် (ခန္ဓာ) မဖြစ်အောင် (ပညတ်) မဖြစ်အောင်သတိသပ္ပဇဉ် (ဉာဏ်) နဲ့ရှုမြင်နေရတယ်၊ စိတ်

**ဆိုတာ (ပညတ်) တွေပါနေတယ် (ပညတ်) မပါသော (စိတ်)နဲ့ နေရင် (ဉာဏ်) ဖြစ်လို့ (ခန္ဓာဒုက္ခ) မရဘူးပေါ့။ . . (မှန်ပါ့)။**

မျက်စေ့နဲ့မြင်တာကအဆင်း (ရုပ်) (ပရမတ်)၊ ကိုမြင်တာ၊ (ရုပ်) ရောက်မှမှန်တယ်၊ (ရုပ်) ကိုမိန်းမ၊ ယောကျ်ားရယ်လို့ (နာမ်) မှာ (ပညတ်) လာကပ်တာ၊ ဒီလိုယောကျ်ား၊ မိန်းမဆိုတဲ့ အသိမှား (ပညတ်) တွေမကပ်ရအောင် သတိသမ္ပဇန်၊ ဉာဏ်၊ ပညာ (အသိ) ဉာဏ်နဲ့ (ပညတ်) ဖယ်ထုတ်ရတယ်. . (မှန်ပါ့)။

မြင်တာက (ရုပ်) ပရမတ်၊ မြင်တဲ့နေရာမှာ (ပညတ်) တွေ ဖယ်လိုက်ရင် မြင်ကာမတ္တ (ဒိဋ္ဌေဒိဋ္ဌမတ္တံ) ဖြစ်တာပေါ့။ (ပညတ်)တွေကို မဖယ်ရင် ဘယ်သူ၊ ဘယ်ဝါ၊ လှတယ်၊ ချောတယ်၊ မကောင်းတဲ့လူ၊ ငါမကြိုက်ဘူး၊ ဒီလူကဘယ်တုံးက ငါ့ကိုဘာပြောတာပဲ၊ ဘာဖြစ်တယ်၊ ဘယ်လိုဘယ်ဝါတွေဟာ (နာမ်) မှာလာကပ်တော့ (တဏှာ၊ မာန) တွေ ဖြစ်တယ်၊ မခံနိုင်တဲ့ (ဒေါမနဿ) စိတ်တွေ ဖြစ်တော့တယ်၊ ဒါတွေဟာ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်တာပေါ့ . . (မှန်ပါ့)။

မြင်တာက (ရုပ်) ပရမတ်ကိုမြင်တာပါ၊ ရုပ် (ပရမတ်)ကို မမြင်ကြပဲနဲ့ (နာမ်) က (သညာ) နဲ့မှတ်ထားတဲ့ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ (ပညတ်) အမြင်တွေချည်းမြင်ကြတော့ (ပညတ်) တွေလာဖုံးတာပေါ့၊ (နာမ်) ထဲမှာဖြစ်ရမှာက (ရုပ်) နဲ့ (ဝိညာဏ်) ပဲ ဖြစ်ရမဲ့နေရာမှာ (ရုပ်) နဲ့ (ဝိညာဏ်) မဖြစ်ကြပဲနဲ့ (သညာ၊ သင်္ခါရ၊

ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေချည်းဖြစ်ပြီး တန်းသွားတော့ (လောဘ၊ ဒေါသ၊ မောဟ) တွေ (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဖြစ်နေကြတော့ (နိဗ္ဗာန်) ရဲ့ဆန့်ကျင်ဘက်တွေ ဖြစ်ကုန်ကြတာပေါ့. . (မှန်ပါ့)။

ဒီလိုဖြစ်တာဟာ (ပညတ်) တွေက (နာမ်) မှာလာကပ်လို့ (အဝိဇ္ဇာ) ဖြစ်ပြီး (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ)တွေဖြစ်ရတာပါပဲ၊ ဒီလိုဖြစ်တော့ ဒုက္ခသစ္စာရပြီး သမုဒယသစ္စာ ပြီးတော့ ဒုက္ခသစ္စာတွေနဲ့ပဲ ချာလယ်လယ်တာပေါ့၊ (ရာဂ၊ ဒေါသ၊ မောဟ) ဘက်ရောက်ရောက်ပြီး ကိလေသာတွေ ဖြစ်ကြတာပေါ့ . . (မှန်ပါ့ဘုရား)

ဒါကြောင့် (ရာဂ၊ ဒေါသ၊ မောဟ) တွေ မရောက်အောင် (နိဗ္ဗာန်) နဲ့ ဆန့်ကျင်တာတွေ မဖြစ်ရအောင် ကိလေသာတွေမဖြစ်ရအောင် (အသိဉာဏ်) နဲ့ (ပညတ်) ကို ဖယ်ထုတ်ရတယ်၊ ရုပ် (ပရမတ်) အမြင်နဲ့ကြည့်ရတယ်၊ ဒါမှ (အဝိဇ္ဇာ) မဖြစ်တော့ပဲ (ဝိဇ္ဇာဥဒပါဒိ) ဖြစ်ရတာပေါ့ . . (မှန်ပါ့)။

မြင်မှုကိုပြောပြီးပြီ၊ ကြားမှုမှာလည်း ကြားတဲ့အသံ (ရုပ်) ကလည်း လေလှိုင်းထဲကလာပြီး နားအကြည် (ရုပ်) ကိုထိတဲ့ (ရုပ်)ပဲ၊ ဒါကြောင့် အသံဟာလည်း (ရုပ်) ပရမတ်ပဲ၊ အသံကိုလည်း (ရုပ်) လို့ပဲ သိရမယ်၊ ကားသံ၊ ဟွန်းသံ၊ စပီကာသံ၊ သီချင်းသံစတဲ့ (ပညတ်) တွေနဲ့ မသိရဘူး၊ (ပရမတ်) နဲ့ပဲသိရမယ်၊ သညာ (ပညတ်) တွေနဲ့ သိနေကြတော့ (သညာ၊ သင်္ခါရ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်ရောက်ပြီး

(ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်တော့တာပေါ့၊ ဒါကြောင့် အသံကို လည်း (ရုပ်) လို့သိပါ၊ ဒါမှ (ဝိဇ္ဇာဥဒပါဒိ) ဖြစ်မှာပေါ့ . . (မှန်ပါ့)။

နံမှုမှာလည်း ငါးပိနံ့၊ ကြောင်ချေးနံ့၊ ချွေးနံ့၊ ညော်နံ့၊ ရေမွှေးနံ့ ရယ်လို့ (ပညတ်)တွေနဲ့ မသိနဲ့၊ အနံ့ကလည်း (ရုပ်)ပဲ၊ အနံ့ရဲ့ (ရုပ်) ဓါတ်ကလေးတွေနဲ့ နှာခေါင်းအကြည် (ရုပ်) နဲ့ထိတွေ့လို့ အနံ့ဖြစ်တာပါ၊ အနံ့ကိုလည်းမှတ်သားထားတဲ့ (သညာ) (ပညတ်) နဲ့ မသိပါနဲ့ (သညာ) (ပညတ်) ပါလာရင် (အဝိဇ္ဇာ) ဖြစ်လို့ (သင်္ခါရ၊ တဏှာ၊ ဉပါဒါန်၊ ကံ) ဘက်ရောက်ပြီး (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဖြစ်လိမ့်မယ်၊ ဒါကြောင့် အနံ့ကိုလည်း ဤဟာ (ရုပ်) လို့ပဲသိထားပါ . . (မှန်ပါ့ဘုရား)။

စားမှုအရသာကလည်း (ရုပ်) ပဲသိရတယ် (ပညတ်) ဖြစ်တဲ့ ကြက်သား၊ ဝက်သားမှာ မကပ်ရဘူး၊ ထိတွေ့မှုဖြစ်တာကိုလည်း (ရုပ်) လို့သိပါ၊ ကြံတွေးမှုက (ပညတ်) ပဲ၊ ကြံတွေးတာမျိုးမရှိရဘူး၊ ပစ္စုပ္ပာန် တည့်တည့်ရှုရမယ်၊ (ပညတ်) ကို ဖယ်ပြီး ရှုတတ်အောင်ပြောတာပါ . . (မှန်ပါ့)

မြတ်စွာဘုရားက (လောဘ၊ ဒေါသ) ကို ပယ်ရမယ်ဟော ထားတာပါ၊ (လောဘ၊ ဒေါသ) ဆိုတာက (မောဟ) ရှိလို့ဖြစ်တာ၊ (မောဟ) က (အဝိဇ္ဇာ) ပဲ၊ အဲဒီ (မောဟ) ကလည်း (ပညတ်) ဝင်လို့ (မောဟ)က ဖြစ်ရတာ (ပညတ်) ကိုလက်ခံရင် (မောဟ) ဖြစ်မယ် (မောဟ) ဖြစ်ရင် လောဘ၊ ဒေါသ ဆိုတဲ့ (ရာဂ၊ ဒေါသ၊ မောဟ)

**ကိလေသာတွေက ဖြစ်တော့တာပေါ့ (မှန်ပါ)။**

(ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်တယ်ဆိုတာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသိတွေ (စိတ်) ထဲမှာရှိနေလို့၊ ဒီ (အသိ) တွေ မရှိရင် တသက်လုံး (ရာဂ၊ ဒေါသ၊ မောဟ) ကင်းနေတော့တယ် . . (မှန်ပါ)။

**(သတ္တဝါ) ကုန် (အတ္တ) မြုံသည်သာလျှင် အရိယာ၊**

(သတ္တဝါ) မရှိတဲ့ အသိသာလျှင် လိုရင်းဖြစ်သည်ဖြစ်လို့ ဝမ်းထဲမှာသတ္တဝါမရှိသူလို့သိနေရင် (ရာဂ၊ ဒေါသ) တွေဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး . . (မှန်ပါ)။

မြတ်စွာဘုရားက (သတ္တဝါ) မရှိ၊ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သာ ဟောပါတယ် . . (မှန်ပါဘုရား)။

(ရာဂ၊ ဒေါသ) ဆိုတာ(ပညတ်)တွေသိနေလို့ (ပညတ်)ကြောင့် ဖြစ်ရတာ၊ (အဝိဇ္ဇာ) တို့ (မောဟ) တို့ဆိုတာလည်း (ပညတ်) ကြောင့် ဖြစ်ရတာ၊ ဒါကြောင့် (ပညတ်) မှန်းသိပြီး (ပညတ်) ကိုခွာထားခဲ့ရတယ်၊ (ပညတ်)မှန်းသိလိုက်တော့ ခွာလိုက်တော့ (ဓမ္မ)ဆိုတဲ့ ပရမတ် (သဘော) လေးပဲသိတော့တာ ပေါ့၊ (ဓမ္မသဘော) တရားအမြင်ပဲရှိတော့ (ဓမ္မေစပဇာနာတိ) ဖြစ်တော့ ဝမ်းထဲမှာ (ဉာဏ်) ထဲမှ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိတော့ (သတ္တဝါ) မရှိဘူးဆိုတဲ့

**အသိသာလိုရင်းထားတော့ (သတ္တဝါ) ကုန် (အတ္တ) မြှုတဲ့အရိယာ ဖြစ်တာပေါ့ ဒကာကြီး. . (မှန်ပါ့)။**

(ပညတ်)ကိုဖယ်လိုက်ရင် (စိတ်) ဆိုတဲ့ နှိပ်စက်တဲ့လောကကြီး **တစ်ခုလုံး** ဆိတ်သုံးသွားတဲ့၊ ငြိမ်းအေးသွားတဲ့ (သုံညတ) ဆိုက်တာ **ပေါ့။** ဘုရား၊ ရဟန္တာတို့ရဲ့ အာရုံက -

သုညတော၊ အနိမိတ္တောစ၊ ဝိမောက္ခေါ၊ တေသံဂေါစရော တဲ့

(သုညတ) အာရုံပဲရှိတော့တယ်၊ (အဘိဓမ္မာ) ဟောတာလည်း (ပညတ်) မပါပါဘူး၊ ကုသလာဓမ္မာဆိုထဲက နိသတ္တ၊ နိဇီဝဖြစ်တော့ (ပညတ်) မပါဘူး၊ (ဓမ္မ)သဘောတရားပဲရှိတယ်၊ ဘုရားလက်ထက်က (ဓမ္မ) ဟောရုံနဲ့ လူ၊ နတ်၊ ဗြဟ္မာတွေ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေ ဖြစ်သွားကြတာပါပဲ . . (မှန်ပါ့)။

(စိတ်) ဆိုတာ (ပညတ်) ပဲ၊ အတိတ်ကပြောခဲ့ဘူးတာ၊ ဆိုခဲ့ဘူးတာတွေကိုသွားသိတာ၊ (စိတ်ဆိုးတယ်) ဆိုတာ (ပညတ်)ပါမှ စိတ်ဆိုးတာ၊ (ပညတ်)မပါရင် စိတ်ဆိုးတာမဖြစ်ဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အသိဖြစ်မှလည်း စိတ်ဆိုးတာ ဆိုတာ ဖြစ်ရတာ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အသိမဖြစ်ရင် (စိတ်မဆိုးတော့) ဘူး၊ ငါပဲ၊ သူပဲ ဘယ်သူ၊ ဘယ်ပုဂ္ဂိုလ်ဖြစ်လို့ (သတ္တဝါ) ထင်ပြီး ဘယ်လို၊ ဘယ်ချမ်းသာဖြစ်တယ်ဆိုပြီး စိတ်ဆိုးကြတာ၊ စိတ်

ဆိုးတာ မောဟ (အဝိဇ္ဇာ) ဖြစ်လို့ . . (မှန်ပါ့)။

(အဝိဇ္ဇာ) ဖြစ်ရင် စိတ်ဆိုးတယ်၊ အလိုရှိမှုဖြစ်တယ်၊ (အဝိဇ္ဇာ) မဖြစ်ရင် စိတ်မဆိုးဘူး၊ အလိုရှိမှု မဖြစ်ဘူး၊ (သတ္တဝါ) ဆိုတဲ့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်ပဲ ဘာပဲ၊ ညာပဲနဲ့ သိမြင်ပြီးနေကြတာဟာ (အဝိဇ္ဇာ) နဲ့ နေကြတာ၊ ဘုရားမှာက (အဝိဇ္ဇာ) မရှိဘူး၊ (ဝိဇ္ဇာဥဒပါဒိ၊ ညာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ အာလောကောဥဒပါဒိ) နဲ့ နေတော့ (အဝိဇ္ဇာ) ရှိတဲ့ (သတ္တဝါ) တွေကို တရားဟောလို့ ရနိုင်ပါ့မလားရယ်လို့ ဘုရားဖြစ်စက သတ္တ သတ္တာဟမှာ ဆင်ခြင်မိခဲ့တာပေါ့ . . (မှန်ပါ့)။

မြတ်စွာဘုရား ဗေါဓိပင်နဲ့ ရွှေပလ္လင်ထက်မှာ ရခဲ့တဲ့ (ပဋိစ္စ သမုပ္ပါဒ်) နဲ့ပြောရရင်

(အဝိဇ္ဇာ) ကို (မောဟ) လို့ခေါ်တယ်

(တဏှာ၊ ဥပါဒါန်) ဖြစ်တော့ (ရာဂ၊ ဒေါသ) ဖြစ်တော့တယ်၊

(အဝိဇ္ဇာ ပစ္စယာသင်္ခါရ) က (အဝိဇ္ဇာ) ကြောင့် (သင်္ခါရ)ဆိုတဲ့ ပြုပြင်မှု၊ စေ့ဆော်မှုတွေဖြစ်တာ (သင်္ခါရပစ္စယာဝိညာဏံ) က ပြုပြင်မှုလေးကြောင့် (သိမှု) လေးပေါ်တာ၊ (ဝိညာဏပစ္စယာ နာမရူပံ) က (ဝိညာဏ်) သိမှုလေးဟာ (နာမ်ရုပ်) အသိလေးဖြစ်တာ၊ (နာမရူပ ပစ္စယာ သဠာယတန၊ ဖဿ၊ ဝေဒနာ) (နာမ်ရုပ်) ဖြစ်တော့ (ခန္ဓာငါးပါး) ရတော့တယ် ခန္ဓာငါးပါးရတော့ (ဝေဒနာပစ္စယာ တဏှာ၊ ဥပါဒါန်၊

ကံ) တွေလာတော့တာပေါ့ . . (မှန်ပ့ါ)။

ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ယူတာက (အဝိဇ္ဇာ) အသိရှိလို့ (အဝိဇ္ဇာ) ဖြစ်ရင် (တဏှာ) ဖြစ်တော့တာကိုး ဒီတော့သံသရာလည်ကြတာပေါ့၊ သံသရာလည်ကြောင်းက ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ (သတ္တဝါ) အသိတွေကို ယူလို့ . . (မှန်ပ့ါ)။

ဒါကြောင့် (အဝိဇ္ဇာ၊ တဏှာ) ဟာ ဒွေးမူလ၊ သံသရာလည် ကြောင်း မူလ (၂)ပါးပဲ၊ (အဝိဇ္ဇာ၊ တဏှာ) ကလွတ်မှ (ဝိဇ္ဇာဥဒပါဒိ) တို့ (ဝိဇ္ဇာ) တို့ (ဝိမုတ္တိ) တို့ဖြစ်ရတာ . . (မှန်ပ့ါ)

(အဝိဇ္ဇာ) ကိုပယ်နိုင်ဘို့ရာမှာ (သတ္တဝါ) အယူမယူမှ သစ္စာ (၄)ပါးသိပါတယ်၊ သစ္စာ (၄)ပါးသိတော့ (ဝိဇ္ဇာဥဒပါဒိ) တဲ့ (သတ္တဝါ) တွေ မပါတော့ဘူး (ရုပ်နာမ်) (ပရမတ်) ပဲ ပါတော့တယ် (ဝိဇ္ဇာ) ဉာဏ် ရရင် (သမ္မာဒိဋ္ဌိ) ဖြစ်ပြီး (နိဗ္ဗာန်) ကို ကူးတော့တာပဲ . . (မှန်ပ့ါ)။

သစ်ပင်ကြီးကိုမြင်တယ်ဆိုရင် သိတာကသစ်ပင်လို့ပဲ သိကြ တယ်၊ သစ်ပင်ဆိုတာ (ပညတ်) သိပဲ၊ (ပရမတ်) အမှန်တရားသိက (ရုပ်) ပဲသိရတယ်၊ (ရုပ်) မဟုတ်ဘူး ဟုတ်တယ်ဆိုတာ သစ်ပင်ကို စမ်းကြည့်စမ်း သစ်ပင်ကိုစမ်းမိသလား၊ မာတာ ပျော့တာကိုစမ်းမိ သလား၊ (မာတဲ့သစ်ခေါက်နဲ့ သစ်ကိုင်း၊ ပျော့တဲ့သစ်ရွက်ကလေးတွေပဲ

စမ်းမိ ပါတယ်ဘုရား)၊ မာတာ၊ ပျော့တာက (ရုပ်) ပေါ့ . . (မှန်ပ့ါ)။

သစ်ပင်ကို ခေါက်ကြည့်တော့ အသံပဲကြားရတယ်၊ အသံက (ရုပ်) ပေါ့၊ နမ်းကြည့်တော့ နံတာပဲနမ်းမိမယ်၊ နံတာလည်း (ရုပ်) ပဲ၊ စမ်းကြည့်လို့ ပူတာအေးတာတွေ့ရင်လည်း (ရုပ်) ပဲ၊ လေတိုက်လို့ တွန်းကန်နေရင်လည်း ဝါယော (ရုပ်) ပေါ့၊ သစ်ခေါက်က သစ်ရွက်က ရေတွေထွက်လာရင်လည်း (ရုပ်) ပေါ့၊ ဒါကိုဘာပင်၊ ညာပင် အကောင်း အဆိုးတွေခွဲပြီး လိုချင်တာတို့ ဆူးထိမိရင် ဒေါသဆိုတဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) တွေရောက်နေကြပြီပဲ၊ သစ်ပင်လေးစမ်းမိတာ၊ မြင်မိတာ လောက်နဲ့ (အဝိဇ္ဇာ၊ တဏှာ) တွေဖြစ်နေကြရင် မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့ယူတဲ့ အသိကပိုဆိုးတာပေါ့ . . (မှန်ပ့ါ)။

သစ်ပင်ကို မျက်စိနဲ့(စိတ်)နဲ့ ရှုတော့ သစ်ပင်၊ (ဉာဏ်)နဲ့ရှုတော့ ပရမတ် (ရုပ်)လို့သိရမယ် (သတ္တဝါ) တွေကိုလည်း စိတ်ထဲမှာမရှိအောင် (ဉာဏ်) နဲ့ရှုကြရမယ်၊ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါကို(စိတ်) နဲ့ရှုတော့(သတ္တဝါ) ဖြစ်မယ် (ဉာဏ်) နဲ့ရှုတော့ (ရုပ်) လို့ ရှုရမယ်(မှန်ပ့ါ)။

ခွေး၊ ဝက်၊ ကျား၊ ခြင်္သေ့စတဲ့ တိရိစ္ဆာန် မျက်စေ့တွေဟာ ဒုစရိုက်မြင်တဲ့ ဒုစရိုက်မျက်စေ့မျိုးဖြစ်တယ်၊ လူကလည်း ဒီလိုဒုစရိုက် အမြင်တချို့ရှိကြတယ်၊ ဒီလိုတိရစ္ဆာန်အမြင် ရှိကြတဲ့သူဟာ သူတို့ကို နိုင်တဲ့သူ ပေါ်တာပါပဲ၊ ရတော့လည်း အပါယ်ဇာတိရတာပါပဲ

. . (မှန်ပါ့)။

ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါရယ်လို့ သမုတ်ထားတဲ့ (သမုတိသစ္စာ) မပါတာ (ပရမတ္ထသစ္စာ) ပဲ (ပရမတ်) ရောက်ရင် (ရာဂ၊ ဒေါသ) တွေချုပ်ငြိမ်းတဲ့အတွက် (ပညတ်) ကို အာရုံမပြုတော့ပဲ (ငြိမ်း) နေတော့တယ် . . (မှန်ပါ့)။

လောကီစိတ်ဆိုတာ (ပညတ်) ပါမှ လောကီစိတ်ဖြစ်တာ၊ (ပညတ်) မပါရင် လောကီစိတ်မဖြစ်ဘူး (ပညတ်) မဖက်သော (လောကုတ္တရာ) စိတ်ဖြစ်တာ ပရမတ္ထစိတ္တံ ဝိညာဏခန္ဓော ဆိုတဲ့ (ပညတ်) မဖက် (ပရမတ်) သက်သက်ဖြစ်သောစိတ်ဖြစ်ရတာ၊ မြတ်စွာဘုရားဆိုရင် သမုတိသစ္စာ ကိုပယ်သော ပရမတ္ထတော၊ သဗ္ဗညုတဉာဏသအတွေ့ာ ဂေါစရောဆိုတဲ့ သဗ္ဗညုတဉာဏ်အာရုံနဲ့ ဖြစ်သွား တာပေါ့ . . (မှန်ပါ့)။

(ပညတ်) ကိုပယ်ပြီး (ဝိညာဏ်) သိလေးနဲ့နေတော့ (ငြိမ်း) နေတာပေါ့၊ (ပညတ်)မပါတော့ (ရာဂ၊ ဒေါသ၊ မောဟ)ကနေ လွတ်နေတာပေါ့ (ရာဂ၊ ဒေါသ၊ ပဟာရမောဟ) ကို ပယ်ပြီးနေရမယ်ဆိုတာနဲ့ ကိုက်တာပေါ့ (ဓမ္မသအနုဓမ္မစာရီ) တရားအားလျော်စွာ ကျင့်တာနဲ့ ကိုက်လို့ (ပရမတ္ထ) တရားဖြစ်နေတာပေါ့ . . (မှန်ပါ့)။

ထွက်လေ၊ ဝင်လေမှာသိနေတယ် ဆိုတာ (ဝိညာဏ်)

ဝိညာဏက္ခန္ဓာက ဝိပါက်စိတ်၊ ဝိပါကခန္ဓာကိုး . . (မှန်ပ့ါ)။ (စိတ်)ဆိုတာ (ပညတ်) တွေပါနေတော့ (ပညတ်) မပါတဲ့ (သိ)နေတာလေးနဲ့ပဲ နေနေတယ်ဆိုတော့ (ဝိညာဏ်သိ) ပရမတ္ထတရားပဲဖြစ်နေတာပေ့ါ. . (မှန်ပ့ါ)။

(ပရမတ်) တရားဟာ (ဓမ္မ) ပဲ၊ အဲဒီ (အသိ)လေးနဲ့ ရှုသိနေတော့ (ဓမ္မာနုအနုဓမ္မစာရီ တရားအားလျော်စွာဖြစ်နေတာပေ့ါ) ၊ငါမဟုတ်၊ လူမဟုတ် ရှုသိတဲ့ဟာလေးက ဝိညာဏက္ခန္ဓာ (သိ) လေးဖြစ်နေတယ်၊ ထွက်လေ၊ ဝင်လေသိတာကလည်း (သတိသမ္ပဇန်) နဲ့ရှုတော့ (ဉာဏ်) အဆင်အခြင်ရှိနေတာဖြစ်လို့ (ဓမ္မ) လေးပဲ (သိ) နေတာဖြစ်လို့ (ပညတ်) မဖက်တော့ ချုပ်ရမှာဖြစ်တော့(ရာဂ၊ ဒေါသ၊ မောဟ) ကနေ ကောင်းစွာလွတ်မြောက်နေတဲ့ (စိတ်) ဖြစ်နေတဲ့အတွက် မစွဲလန်းတော့ဘူး၊ ဣဒံဝါ၊ ဥဒံဝါ = ဒီလောက၊ ဟိုလောကတွေကို မတောင်းတတော့ဘူး၊ ငါ၊ သူ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေမရှိတော့ဘူး၊ အဲဒီလိုဖြစ်နေရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေချုပ်ငြိမ်းတဲ့ (နိရောဓသစ္စာ) ဆိုက်ရောက်နေတာပေ့ါ . . (မှန်ပ့ါ)။

မျက်စိမှိတ်ထားပြီး အားထုတ်တဲ့အခါကျရင် ထွက်လေ၊ ဝင်လေ (ဝိညာဏ်) သိကိုပဲ သိရမယ်၊ သိတယ်၊ သိတယ်နဲ့ (ပဇာနာတိ) ခေါ်တဲ့ အသိကိုပဲ (သိ) ပေးရမယ်၊ (အနိစ္စ) ဖြစ်ရင်လည်း သိပေးရမယ်၊ ဖြစ်ပျက်လာလည်း (သိ) ပေးရမယ် . . (မှန်ပ့ါ)။

ထွက်လေ၊ ဝင်လေသိနေတဲ့အသိဟာ (ရာဂ၊ ဒေါသ၊ မောဟ)

ကကင်းနေတယ်၊ ဘာကြောင့်လည်းဆိုတော့ (ဝိညာဏ်) သိဖြစ်တဲ့ ဒိဋ္ဌေ၊ ဒိဋ္ဌ မတ္တံ အသိလေးဟာ (ပညတ်) မပါလို့ (ရာဂ၊ ဒေါသ၊ မောဟ) ကင်းနေတာပါပဲ၊ အဲ့ဒါ ဝိရာဂနုပဿတိ၊ နိရောဓနုပဿတိ ချုပ်ငြိမ်ရာကိုမှီရတာပဲ . . (မှန်ပါ့)။

(ဓမ္မာနုပဿနာ) က (ပညတ်) မကပ်အောင်၊ (အဝိဇ္ဇာ) မဖြစ်အောင်နေရတော့ (သတိ) ကအမြဲရှိနေတာပေါ့၊ သတိ၊ သမ္ပဇဉ်ဆိုတဲ့ (ဉာဏ်ပညာ) လည်းရှိနေတယ်၊ (အိန္ဒြေ) တွေလည်း ရှိနေတာပေါ့၊ အိန္ဒြေဆိုတဲ့ (ပညိန္ဒြေ) စိတ်ဖြစ်ပြီး (အဝိဇ္ဇာ) ကိုပယ်တော့ ဝိဇ္ဇာဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ ဖြစ်သွားတာပေါ့ . . (မှန်ပါ့)။

(အိန္ဒြေ)ပါတဲ့စိတ်ဖြစ်တော့ ပညိန္ဒြေ၊ သတိန္ဒြေစတဲ့ သတိ၊ ပညာတွေက (ရာဂ၊ ဒေါသ၊ မောဟ)ကိုနည်းအောင်ပြုတယ်၊ သစ္စာ (၄)ပါးသိအောင် ပြုတယ်၊ (မောဟ)နဲ့ (ဥဒ္ဒိစ္စ)ကိုလည်း နောက်ဆုံးပိတ်မှာကွာစေတယ် . . (မှန်ပါ့)။

(ရာဂ၊ ဒေါသ) ကနေလွတ်အောင် (ဉာဏ်) အဆင်အခြင်ပါရတယ်၊ ဒါမှ (ရာဂ၊ ဒေါသ) ဟာ (စိတ်)မှာလွတ်သွားတယ်၊ (အဝိဇ္ဇာ) ဆိုတာလည်း (စိတ်)မှာ ဖြစ်တာ၊ (ရာဂ၊ ဒေါသ၊ မောဟ)ကလည်း (စိတ်)မှာဖြစ်တာ၊ ဒီတော့ (သတိ)နဲ့ (ပညတ်) ကိုခွာလိုက်တော့ (ရာဂ၊ ဒေါသ၊ မောဟ) ကနေလွတ်နေတယ်၊ (သိ) တာလေးကလည်း ချုပ်နေတယ်၊ အဲ့ဒါ (ဝိမုတ္တိစိတ်) ဖြစ်နေတာ၊ အဲ့ဒီချုပ်နေတဲ့ (ဝိမုတ္တိစိတ်)

ကိုလည်းသိနေပါတဲ့ (ဝိမုတ္တိစိတ္တံနိုပဇာနာတိ) လို့ (သတိပဋ္ဌာန်) မှာ လာပါတယ် . . (မှန်ပါ့)။

**(မဟာနုပဿနာ) က (သတိ)နဲ့ (ဉာဏ်) ပြဋ္ဌာန်းတယ်၊ (နုပဿနာ) ရောက်သွားတယ်၊ သတိသမ္ပဇါန်ဉာဏ်ပါတော့ (သတိ)က (ပညတ်) ကို သိပေးမှုဝမ်းထဲမှာ (ပရမတ်) ရောက်တာပဲ၊ ဒီလို (ပညတ်) ကိုခွာတဲ့ (သတိ) မရှိရင် (ပညတ်)ပဲရောက်တော့တာပေါ့၊ (ပညတ်) ရှုကြီးဖြစ်နေရင် ဘာအကျိုးမှမရှိတော့ဘူးပဲ . . (မှန်ပါ့)။**

(သတိ) ကနေ (ဉာဏ်) ဖြစ်တယ်ဆိုတာ (ပညတ်) ခွာတတ်လို့ (ဉာဏ်) ဖြစ်တာ (သတိသမ္ပဇါန်ဉာဏ်) တဲ့ (ပညတ်) ကွာသွားရင် (ဉာဏ်) ဖြစ်တာပဲ။

သစိတ္တံပရိယောဒပနံတဲ့ စိတ်ဖြူစင်သန့်ရှင်းတယ်၊ သတိ သမ္ပဇဉ်ပါတော့ (ပညတ်) ကွာပြီး (ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) ပျောက်တော့တယ် . . (မှန်ပါ့)။

ငါ၊ သူ မရှိမှ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိမှ (ဒိဋ္ဌိ) ပြုတ်တဲ့ (သောတာပန်) တည်တာ၊ (သကဒါဂါမ်) တည်တာ၊ (တဏှာ၊ မာန) ငါပြုတ်မှ (အနာဂါမ်) နဲ့ (ရဟန္တာ) ဖြစ်တာ . . (မှန်ပါ့)။

(မဟာနုပဿနာ) က (ဉာဏ်) အလွန်သွားရတယ်။ (ဉာဏ်) ကောင်းရင် ပထမတန်းဖြစ်တာပဲ။. . (မှန်ပါ့)။

ဒါကြောင့်(ပညတ်)ကို မမြင်ပဲ၊ (ပညတ်)ကိုပယ်ခွါပြီး (ပရမတ်)အမြင်ဖြစ်တဲ့ ဤဟာ(ရုပ်)၊ ဤဟာ(ဝေဒနာ)၊ဤဟာ (သညာ)၊ ဤဟာ(သင်္ခါရ)၊ ဤဟာ(ဝိညာဏ်)၊ ဤဟာ ဒုက္ခသစ္စာ၊ ဤဟာ သံယောဇဉ် စသဖြင့် မိမိသန္တာန်မှာ ပေါ်လာတဲ့ (ဓမ္မသဘော)လေး တွေကို ပိုင်းခြားပြီး သိသိပေးရတယ်။ (မှန်ပါ့) ကကြီး၊ ခခွေး နားလည် တဲ့အခါ (က)(ခ) ပေါ်လာရင် ဒါ (က)၊ ဒါ(ဂ)၊ ဒါ(ခ)၊ ဒါ(င)လို့သိသလို ပဲ၊ မိမိသန္တာန်မှာ ပေါ်လာတဲ့ (ဓမ္မသဘော) လေးတွေကိုလည်း ဤဟာ (ရုပ်)၊ ဤဟာ(ဝိညာဏ်)၊ ဤဟာ (သင်္ခါရ) ရယ်လို့ သိပေးရတယ် (မှန်ပါ့)

သတိဆိုတာ (သင်္ခတ)နဲ့ (အသင်္ခတ)ကြားထဲမှာ ထိုင်နေတာ ပဲ၊ (သတိ)ရှိလို့ရှိရင် မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ် (သတ္တဝါ) မရှိဘူး၊ (ရုပ်နာမ်) ရောက်သွားတယ်၊ (ရုပ်နာမ်) အသိဟာ (သင်္ခတ) ဝိညာဏ်လေး သိနေတာ. . (မှန်ပါ့)

(သင်္ခတ)တရားဆိုတာ ပြုပြင်တဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း ၄ ပါးလည်းပါတယ်၊ ပဋ္ဌာန်း ၂၄ ပစ္စည်းလည်းပါတယ်၊ ဒါကြောင့်သူ့ကို (သင်္ခတ)လို့ခေါ်တယ်. . (မှန်ပါ့)

သင်္ခတံ (ရူပံ)၊ သင်္ခတံ ဝေဒနာ၊ သင်္ခတံသညာ၊ သင်္ခတံ (ဝိညာဏံ)၊ သင်္ခတံ (သင်္ခါရ)လို့ခေါ်တယ်၊ ညွတ်တာက (နာမ်) ဖြစ်တော့ သိတာဖြစ်တာပေါ့ . . . (မှန်ပါ့)

သခ်တံ (ဝိညာဏ်)က (ပညတ်)မရှိရင် မညွတ်ဘူး၊ ဒီသင်္ခတံ ဝိညာဏ်က (အသိ)လေးရဲ့ ဖြစ်ပျက်(ဥပါဒ်၊ ဌီ၊ဘင်)ကိုပြတယ်၊ စိတ်ရဲ့ (ဖြစ်ပျက်)ကိုပြတယ်။

ဤဟာ သင်္ခတံရုပ်၊ ဤဟာ (ရုပ်)၊ ဤဟာ(ဝိညာဏ်)၊ ဤဟာ သင်္ခါရ၊ ဤဟာဒုက္ခသစ္စာ၊ ဤဟာသံယောဇဉ်ရယ်လို့ ခွဲခြားထားတာ ဓမ္မနုပဿနာ၊ ဓမ္မဝိဇယသံဗောဇ္ဈင်လို့ လည်းခေါ်တယ်(Analytical Insight) လို့ခေါ်နိုင်တယ် (ဓမ္မသဘာဝ)လေးတွေကို စူးစမ်းသိတော့ (ဓမ္မပဋိသမ္ဘိဒါညာဏ်) ရတော့ အကြောင်းအကျိုးနဲ့ သိတာပေါ့. . (မှန်ပ့ါ)

ဒါကြောင့် ဤဟာ (ရုပ်)၊ ဤဟာ(ဝိညာဏ်)၊ ဤဟာ သင်္ခါရ စတဲ့ ခန္ဓာတွေကို ပိုင်းခြားသိတာ၊ (အာယတန)တွေကို သိတာ၊ သစ္စာကို သိတဲ့(ပရမတ်)သိပဲဖြစ်ပြီး ဝမ်းထဲမှာ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်အောင် ဝမ်းထဲမှာလည်း (သတ္တဝါ)မရှိတဲ့ အသိမျိုးဖြစ်အောင် ဒီအသိမျိုးအမြဲသိအောင် (ပညတ်)ကို မရှုပဲ (ပရမတ်)ကိုပဲ ရှုရမယ်၊ သိရမယ်ဒကာကြီး . . (မှန်ပ့ါ)။

ဒီခေတ်တရားတွေက တချို့ (ပညတ်) တွေရှုနေတာ ရှုနေမှန်း မသိကြဘူး၊ (ဓမ္မာနုဓမ္မပဋိပတ္တိရာ) ဆိုတဲ့ဘုရားဟောတဲ့ (လောကုတ္တရာ အားလျော်စွာ) ကျင့်ရတဲ့ အကျင့်မျိုးမဟုတ်ဘူးဖြစ်နေတယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) ကိုပါယ်နိုင်အောင် ရှုတာက (ပညတ်)ကိုဖယ်ပြီး၊

ကျော်ပြီးရှုတဲ့ (လောကုတ္တရာတရားအားလျော်စွာ)-ရှုတာကို (ဓမ္မာနုဓမ္မပဋိပတ္တိရာ) ဖြစ်တာပဲ၊ (ဓမ္မဿအနုဓမ္မစာရီ) လို့လည်း ခေါ်တယ် (ငါ) ရှုတယ်ဆိုရင် (လောကုတ္တရာတရား) နဲ့မလျော်ဘူး၊ (ပညတ်) ပါနေရင် မလျော်ဘူး (မှန်ပ့ါ)။

ခုခေတ်မှာတော့ (သတ္တဝါ) ပျောက်အောင် မဟောကြတော့၊ (သတ္တဝါ) နဲ့ ရှုနေကြတော့ (သတ္တဝါ) ရှုကြီးဖြစ်နေတာပေ့ါ၊ အမှန်က (သတ္တဝါ) မပါပဲ ရှုရတာပါ။ (ငါ) အားထုတ်တာမဟုတ်ဘူး၊ (ဝိရိယ၊ သတိ၊ သမ္မာဓိ) ဆိုတဲ့ (သင်္ခတ) တရားက (ဉာဏ်) ဖြစ်အောင် အားထုတ်တာ (သင်္ခါရ) အချင်းချင်း (သင်္ခါရ) ကို (သင်္ခါရ) က (ဉာဏ်) ဖြစ်အောင် ရှုနေတာလို့မှတ်ပါ . . (မှန်ပါ)။

(ရာဂ၊ ဒေါသ၊ မောဟ) တွေက သုဝိမုတ္တစိတ္တော = ကောင်းစွာလွတ်မြောက်လိုသောစိတ်လည်း ရှိရမည်တဲ့၊ အနုပါဒိယာမာနေ = မစွဲလန်းဘူးတဲ့၊ ဣဒါဝါ၊ ဥဒါဝါ၊ (နာမည်၊ သန္ဌာန်)တွေဖြစ်တဲ့ (ပညတ်) တွေကို မစွဲလန်းတော့ဘူးတဲ့၊ မစွဲလန်းတော့ဘူးဆိုရင် ဘာဂဝါသမညသာ=သမညခေါ်တဲ့ (ရဟန္တာ) (အရဟတ္တဖိုလ်) ရတာပဲတဲ့ . . (မှန်ပ့ါ)။

(ပညတ်) က (နံမည်) တွေ (သန္ဌာန်) တွေပါတဲ့ ကိလေသာတွေ (မှန်ပ့ါ)၊ (ကိလေသေမာရိန္တောဂစ္ဆတိ) တဲ့၊ကိလေသေ=ကိလေသာတို့ကို မာရိန္တော = သတ်လျှက်၊ ဂစ္ဆတိ = (နိဗ္ဗာန်) သို့သွား၏တဲ့

. . (မှန်ပါ့)။

ကိလေသာကို ဘယ်လိုသတ်မလဲဆိုရင် (ပညတ်)မဖြစ်အောင် (နာမသဏ္ဌာန်) တွေ အရောက်မခံပဲ (နာမသဏ္ဌာန်) မရောက်အောင် သတိပြုပြီးရှုရင်၊ ကိလေသာဖြစ်မဲ့၊ (ပညတ်)ကို ကျော်လိုက်ရင် (ကိလေသာ) တွေ သေတာပါပဲ (မှန်ပါ့)။

ဒါကြောင့် (ပညတ်) ကိုခွာမှ မဂ်တရား၊ ဖိုလ်တရားရတာ. . (မှန်ပါ့)။ (ပညတ်) ကို ဘယ်လိုခွာရမှန်းမသိရင် (ပညတ်) တွေဖြစ်တဲ့ (နာမ၊ သဏ္ဌာန်) မရောက်ရန် အမှန်သတိပြုနေမှ (ပညတ်) တွေကျော်တာပဲ၊ (ပညတ်) ကိုထားခဲ့တာပဲ၊ (ပညတ်)ကို ခွါခဲ့တာပဲ၊ ဖြစ်တော့တယ် . . (မှန်ပါ့)။

## (နာမသဏ္ဌာန်) မရောက်ရန်အမှန်သတိပြု

(နာမသဏ္ဌာန်) ဆိုတာ (ပညတ်) တွေပဲ၊ (နာမည်) အခေါ်အဝေါ်၊ ပုံသဏ္ဌာန်တွေ၊ တော၊ တောင်၊ ရေ၊ မြေ၊ လူ၊ တိရစ္ဆာန်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဝတ္ထု၊ ပစ္စည်းအစရှိတဲ့ နာမည်၊ သဏ္ဌာန်တွေဟာ (ပညတ်) တွေပါပဲ၊ (အာရုံ) မှာ ပေါ်တာက (နံမည်) ပါမယ် (သဏ္ဌာန်)တွေပါတဲ့ (ပညတ်) ဓမ္မာရုံပဲပေါ်တယ် (မှန်ပါ့)၊ အတိတ်ကို စဉ်းစားရင်လည်း၊ တွေးရင်လည်းနာမည် (ပညတ်) မပေါ်ပဲ သဏ္ဌာန် (ပညတ်) မပေါ်ပဲမဖြစ်ဘူး၊ ဒါကြောင့် အတိတ်ပေါ်သမျှ

(ပညတ်)မို့ ဘယ်တော့မဆို (ပညတ်)ကိုကျော်နိုင်အောင်လို့ (နာမသန္တာန်) မရောက်အောင် သတိပြုနေရင် (ပညတ်) ကို ကျော်နေတာပဲ . . (မှန်ပါ့)။

**(စိတ်) ဆိုတာ (နံမည်) တို့ (သန္တာန်) တို့နဲ့ဖြစ်ရတာ (မှန်ပါ့)၊ ဒါကြောင့် (စိတ်) ကို (သိပျက်) ရှုရတယ်၊ (စိတ်)ကို သိလိုက်တာနဲ့ ပျက်တော့ (နာမသန္တာန်) ပညတ်မရောက်နိုင်ဘူး (မှန်ပါ့) (ပညတ်) နဲ့ရောတယ်၊ မရောဘူးဆိုတဲ့ (စိတ်) ကို သိသိပေး၊ (မှန်ပါ့)၊ (စိတ်) ကို ဒီအတိုင်းရှုနေကြတော့ သမ္မဇာနကာရီ (သိ)တဲ့နေရာမှာ (ပညတ်) ရော၊ မရောမသိကြတော့ (ရာဂ) မကင်းနိုင်ကြဘူး၊ တကယ်တော့ (ပညတ်)ပါသော (စိတ်) ကို မရောက်အောင် (သိ) ပေးရမှာပါ၊ ဒါမှ (ပထမတန်း) ဖြစ်တယ် (မှန်ပါ့ဘုရား)**

တွေးစိတ်ဆိုတာ (ပညတ်) ပါလို့တွေးတာ၊ (ပညတ်) မပါရင် မတွေးဘူး၊ အတွေး (အာရုံ)ရောက်လာတယ်ဆိုတာကလည်း (ပညတ်) ပါလို့ ရောက်လာတာ (တွေးစိတ်)ဆိုတာ (ပညတ်) မပါရင် ရောက်မလာဘူး၊ ဒီ (ပညတ်) တွေထဲမှာ (နာမသန္တာန်)တွေပါတာပဲ၊ ဒီတော့ **"(နာမသန္တာန်) တွေမရောက်အောင် (သတိပြု)" နေရင် တွေးစိတ် မဖြစ်တော့ဘူး၊ (ပညတ်) မပါသော စိတ်ပဲဖြစ်နိုင်တယ်။**

(ပညတ်)နဲ့ (ပရမတ်) ကို ဘယ်လိုခွဲရမှန်းမသိကြလွန်းလို့ ခွဲတတ်အောင် **"(နာမသန္တာန်) မရောက်ရန် အာမှန်သတိပြု"** ဆိုတာ

(ပညတ်)တွေမရောက်တော့ (ပရမတ်) အမှန်ရောက်တော့ (ပညတ်) နဲ့ (ပရမတ်) ကိုခွဲထုတ် တာလည်း ဖြစ်နေတော့ (ပထမတန်း) ဖြစ်နေတာပေါ့၊ . . (မှန်ပါ့)။ (ရာဂဒေါသံ ပဟာနမောဟံ) တဲ့၊ (ပညတ်) ကိုမှီပြီးဖြစ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တွေလည်းမရောက်တော့ဘူး၊ ဒါကြောင့် (ပထမတန်း) ဖြစ်တာ . . (မှန်ပါ့)၊ (နိဗ္ဗာန်) ဆိုတာဘာလဲ? (နိဗ္ဗာန်) ဆိုတာ (ရာဂ၊ ဒေါသ၊ မောဟ) မရှိတာကို ပြောတာ၊ ဒါကြောင့် (နာမသဏ္ဌာန်) မရောက်ရန် အမှန်သတိပြုနေတဲ့အားထုတ်မှုဟာ (ပထမတန်း) ဖြစ်နေတဲ့တရားလို့ မှတ်ထားရမယ် ဒကာကြီး. . (မှန်ပါ့ဘုရား)။

“**(နာမသဏ္ဌာန်) မရောက်ရန်အမှန်သတိပြု**” နေပါဆိုတဲ့ ဒီဆောင်ပုဒ်အတိုင်း သတိပြုနေရင် (လောဘ၊ ဒေါသ၊ မောဟ)တွေ မဖြစ်တော့ဘူး၊ (နာမသဏ္ဌာန်) တွေဟာ (လောဘ၊ ဒေါသ၊ မောဟ) တွေ ဖြစ်ခြင်းရဲ့အကြောင်းရင်းပဲ၊ ဒါကြောင့် (နာမသဏ္ဌာန်) မရောက်အောင် (သတိ) ပြုနေရင် (စိတ်) မဖြစ်တော့ဘူး၊ ငြိမ်းငြိမ်းချည်းနေတာပေါ့၊ စိတ် (ခန္ဓာ) မရတော့လို့ (နိရောဓဓမ္မ) တွေဖြစ်ရာကနေ (နိရောဓသစ္စာ) ဖြစ်တဲ့ ခန္ဓာ (ဒုက္ခ) မဖြစ်ရာ၊ မပျက်ရာ (နိဗ္ဗာန်) ရောက်တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

(စိတ်) ဆိုတာ (ခန္ဓာ)ပဲ၊ (နာမ်) ခန္ဓာပေါ့၊ (သင်္ခါရ) တရားပဲ၊ လူဆိုတဲ့ (ရုပ်) ခန္ဓာနဲ့ (နာမ်) ခန္ဓာက (သင်္ခါရ) တရားပေါ့၊ (နာမ်)

ခန္ဓာရရင် (သင်္ခါရ) ဖြစ်တော့ (တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်ပြီး သံသရာလည်ပြီပဲ၊ (ခန္ဓာ)မရတော့ ဒုက္ခ (ခန္ဓာ) မဖြစ်ရာ၊ တနည်းဆိုရရင် (သင်္ခါရ) ကုန်ပျောက် (နိဗ္ဗာန်) ရောက်တာပေါ့ ဒကာကြီး . . (မှန်ပါ့ဘုရား)။

မြင်စိတ်ပဲဖြစ်ဖြစ် နံစိတ်ပဲဖြစ်ဖြစ်၊ ကြားစိတ်ပဲဖြစ်ဖြစ်၊ စားစိတ်ပဲဖြစ်ဖြစ်၊ တွေ့ထိစိတ်ပဲဖြစ်ဖြစ်၊ ကြံတွေးစိတ်ပဲဖြစ်ဖြစ်၊ စိတ်ခန္ဓာတွေမှာ (နာမသဏ္ဌာန်) တွေပါလာရင် (အဝိဇ္ဇာတဏှာ) ဖြစ်ကြောင်းပဲပေါ့. . (မှန်ပါ့)။ (နာမသဏ္ဌာန်) မရောက်ရန်ဆိုတာ (အမည်နာမပုံသဏ္ဌာန်) တွေမရောက်ဖို့ ဒီ (နာမသဏ္ဌာန်)တွေဟာ (ပညတ်)မှန်းသိလို့ ဒီစိတ် (၆)ပါးဖြစ်တဲ့အခါမှာ (နာမသဏ္ဌာန်) တွေ မရောက်ရန်ဆိုတာ (နာမသဏ္ဌာန်) တွေ ပါမလာအောင်၊ အမှန်သတိပြုဆိုတာ ဒီ (ပညတ်) မရောက်အောင် မပါအောင် အမှန်ဖြစ်တဲ့ (ပရမတ်) ဖြစ်သွားအောင် (ပရမတ်) ကို ရှုကြည့်ခိုင်းတာ၊. . (မှန်ပါ့)၊ (နံမည်နဲ့သဏ္ဌာန်) ပါလာရင် (ပညတ်)ပါသော (စိတ်) ဖြစ်တယ်၊ (နာမသဏ္ဌာန်) မပါလာရင် (ပညတ်) မပါသော (ပရမတ်) (စိတ်) ဖြစ်တယ် (မှန်ပါ့)။

ဒီတော့ (နာမသဏ္ဌာန်) တွေပါမလာရင် (ပညတ်) တွေချုပ်နေတာပေါ့၊ အဲ့ဒီချုပ်နေတာလေးကို ရှုရတယ်၊ (ပညတ်)တွေပေါ်တာက (ခန္ဓာ) ရတာ၊ (ပညတ်) တွေမပေါ်တော့၊ ချုပ်တော့ (ခန္ဓာ) ချုပ်ကြောင်း (ဒုက္ခချုပ်) ကြောင်း ရှုနေတာဖြစ်တာပေါ့ (မှန်ပါ့)။

(ခန္ဓာ)မရတော့ (သင်္ခါရ) ချုပ်နေတာပေါ့။ (သင်္ခါရ) ချုပ်တော့ (အဝိဇ္ဇာ) ချုပ်တာပေါ့၊ (ခန္ဓာ) ချုပ်တော့ (ဒုက္ခ) ချုပ်ရာ၊ (သင်္ခါရ) ကုန်ပျောက်ရာ၊ (ဒုက္ခ) မဖြစ်ရာ၊ (သင်္ခါရ) တရားမဖြစ်ရာ မပျက်ရာ (နိဗ္ဗာန်)ကြီးကို မျက်မှောက်ပြုတော့တာပေါ့၊ ဒါကြောင့် (ပထမတန်း) တရားပါလို့ ဆိုရတာပေါ့ ဒကာကြီး . . (မှန်ပါ့ဘုရား)။

(နာမသန္တာန်) (ပညတ်) မရောက်ပဲ (ပရမတ်) ရောက်သွားရင် (ပထမတန်း) ဖြစ်တယ်ဆိုတာက သူဟာသူ (ဉာဏ်) ဖြစ်သွားလို့ပဲ. . - (မှန်ပါ့)။ ဒါကြောင့် (နာမသန္တာန်) မရောက်ရန် အမှန်သတိပြုရတယ် . . (မှန်ပါ့)၊ (နာမသန္တာန်) (ပညတ်) တွေပါလာရင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) တွေပါလာတယ်၊ ဒီ (နာမသန္တာန်) မရောက်မှ (ပညတ်) မပါမှသမ္မာဒိဋ္ဌိ (ဉာဏ်) ဖြစ်တော့တယ် (မှန်ပါ့)၊ (ပညတ်) ပါလာရင် (ဒုက္ခသစ္စာ) ဖြစ်တယ်၊ (ပညတ်) မပါရင် (နိရောဓ ဓမ္မ) ပဲ၊ (နိရောဓဓမ္မ) တွေက (နိရောဓသစ္စာ) (နိဗ္ဗာန်) မြင်အောင် (ဓမ္မ) ကပဲဖော်ဆောင်သွားတာပဲ ဒကာကြီး . . (မှန်ပါ့ဘုရား)။

စာတွေထဲမှာက ကြီးကြီးကျယ်ကျယ်ချဲ့ထားကြတယ်၊ (နိဗ္ဗာန်) ရောက်ကြောင်းတရားမှာ လိုရင်းကတော့ (ပညတ်)ခွါပြီး (ပရမတ်) ဖြစ်ဖို့ပဲ (မှန်ပါ့)၊ (နိဗ္ဗာန်) ကိုတကယ် ရောက်ချင်ရင် လမ်းလွဲမလိုက်ကြနဲ့၊ မျက်စေ့နဲ့မြင်မြင်၊ နားနဲ့ပဲကြားကြား (စိတ်)ထဲမှာပဲ ပေါ်ပေါ် စိတ် (၆)ပါး ဖြစ်တဲ့အခါမှာ (စိတ်) တစ်ခုစီမှာ (နာမသန္တာန်) ဘက်မရောက်ရင်

**(ကိလေသာ) ကုန်တယ်၊ အေးငြိမ်းတဲ့ ဘက်ရောက်တယ်၊ (နာမသန္တာန်) မရောက်ရန် အမှန်သတိပြုနေတဲ့ အလေ့အကျင့် (ဉာဏ်) ထည့်ပေးရင် ကြာတော့ (နာမသန္တာန်) (ပညတ်) ချုပ်ကြောင်းကို သဘောကျလာလိမ့်မယ် . . (မှန်ပါ့)။**

(တဏှာ၊ မာန၊ ဒိဋ္ဌိ)တို့က ဘယ်ကဖြစ်ကြသတုံး၊ (နံမည်) တို့ (သန္တာန်) တို့ဖြစ်တဲ့ (နာမသန္တာန်) ကဖြစ်တာ၊ (နာမည်တို့သန္တာန်) တို့ပါလာရင် (တဏှာ) ကဖြစ်တော့တာပေါ့၊ (မှန်ပါ့)၊ ဒါကြောင့် -

မျက်စိကဖြစ်၊ တဏှာညစ်ကို

စင်စစ်ခွါရန်၊ နင်သီးခံရင်

နိဗ္ဗာန်ရောက်မည်တည်းလို့ (ခန္တီသံဝရ) အနေနဲ့ ရှေးကဘုန်းတော်ကြီးများစပ်ထားကြတယ်၊ စောင့်စည်းရတဲ့ (သံဝရ)က ငါးပါးရှိတယ်၊ ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်စည်းရတာက (သံဝရ) ခေါ်တယ်၊ (ဉာဏ်) နဲ့ စောင့်စည်းရင့် (ဉာဏ်)သံဝရပေါ့ . . (မှန်ပါ့)။

မျက်စေ့က မိန်းမပျိုလေးတစ်ယောက်ကို မြင်လိုက်ရင် သားစိတ်၊ မယားစိတ် (တဏှာ) ဝင်ပူးတော့တာပဲ၊ မိန်းကလေးကအကိုရဲ့၊ မောင်ရဲ့ဆိုရင် မခွာနိုင်တော့ဘူး၊ ဒါကြောင့် (ဉာဏ်)နဲ့ စောင့်စည်းတာ အကောင်းဆုံး၊ ကာကွယ်နိုင်ဆုံးပဲ၊ ဒါကြောင့် (နာမသန္တာန်) မရောက်အောင် (ဉာဏ်)နဲ့နေရင် စောင့်စည်းပြီးဖြစ်နေတယ်၊ (နာမသန္တာန်) ကိုသာမရောက်အောင် (ဉာဏ်) နဲ့တားထားရတယ် . . (မှန်ပါ့)။

**“(သင်္ခါရ၊ နာမ) မရောက်က ညွတ်ကြဘယ်မရှိတဲ့”** (မှန်ပ့ါ)၊ (နာမသင်္ခါရ) တွေ ကိုယ် (စိတ်)ထဲမှာ မရောက်လာဘူးဆိုရင် (တဏှာ၊ ဥပါဒါန်) မရှိလို့ (ကာမ၊ ရာဂ) ဘက်ကိုမညွတ်တော့ဘူး၊ (အဝိဇ္ဇာ) ရော၊ (ကိလေသာ) ရော၊ (အာသဝေါ) ရော ကုန်တော့တယ်ဒကာကြီး (မှန်ပ့ါဘုရား)။ (ပညတ်) ရှိမှ (တဏှာ) ရှိတယ်၊ (တဏှာ) ရှိမှ ညွတ်တယ်၊ ညွတ်ရင် (သံသရာ) လည်ပြီ (မှန်ပ့ါ)။

(နာမသင်္ခါရ) မရောက်ရန် အမှန်သတိပြု၊ (သင်္ခါရနာမ) မရောက်ရန်၊ ရောက်ပြန် (နာမ်) နဲ့ရှုဆိုတာ (နာမ်ခန္ဓာ ၄ပါး) နဲ့ရှု၊ ဘယ် အာရုံပဲဖြစ်ဖြစ် (အာရုံ) ကို (အာရုံ) မှန်းသိရတယ်၊ စိတ် (၆)ပါးနဲ့ ဖြစ်တဲ့ (အာရုံ)တွေမှာ (နာမသင်္ခါရ) ပါတဲ့၊ ခန္ဓာငါးပါးပါတဲ့ (ပညတ်) အာရုံ (စိတ်)တွေဖြစ်နေတယ်၊ ဒါကို (ပညတ်စိတ်)မှန်းသိရတယ်၊ (ပညတ်) ပါသော (စိတ်) မှန်း သိရတယ်. . (မှန်ပ့ါ)။ ဒီ (နာမသင်္ခါရ) (ပညတ်) တွေပါတဲ့ (ခန္ဓာ) ရတဲ့ (အာရုံ) တွေကို မရအောင် (ဉာဏ်) နဲ့ သိသိပေးနေရင် (လူ) မဟုတ်ဘူးဆိုတာသိလာ တယ်၊ လူမဟုတ်ဘူး (ခန္ဓာငါးပါး) ပဲလို့ သိလာတော့ ဒီ (ခန္ဓာ) တွေကို မလိုချင်တော့ပဲ ငြီးငွေ့လာတော့ (နိဗ္ဗိန္ဒဉာဏ်) ကနေ (သင်္ခါရုပေက္ခာ) အရင့် စားဉာဏ် ကို တန်းရောက်တော့တာပေ့ါ၊ နောက်ပြီး (ဂေါတြဘူ)နဲ့ (နိဗ္ဗာန်) မြင်တော့တာပေ့ါ (မှန်ပ့ါ)။

(နာမသင်္ခါရ) မရောက်တာဖြစ်နေရင် (ဖြစ်ပျက်) ဆိုတဲ့

(ဥဒယဝယ) ဉာဏ်လည်းကျော်ပြီ၊ (ဘယ) ဉာဏ်လည်းကျော်ပြီ၊ (ကာမရာဂ) မရှိတော့တဲ့ (သင်္ခါရုပက္ခာဉာဏ်) အရင့်စားကို တန်းရောက်တော့တယ်၊ ဒါ (ဓမ္မာနုပဿနာ) ပဲ၊ ဒီလိုအားထုတ်ရင် (သောတာပန်) အမြန်ဆုံးတည်တယ်၊ (သောတာပန်) ထက်လွန်ပြီး (ရာဂ၊ ဒေါသ၊ မောဟ) တွေပိုပြီးကင်းသွားရင် (သောတာပန်) ထက်လွန်ပြီး အထက်မဂ်ကြီးတွေတောင် ရနိုင်တယ်၊ ဒါကြောင့် (ပထမတန်း) တရားပါလို့ ပြောနေတာနော် . . (မှန်ပါ့ဘုရား)။

(နာမသန္တာန်) မရောက်ရန်အမှန် (သတိ) ပြုနေရင် (သမုဒယသစ္စာ)လည်းချုပ်တယ်၊ (ဒုက္ခသစ္စာ) လည်းချုပ်ပြီး ဒုက္ခမဖြစ်တဲ့ (ပရမတ်) စိတ်နဲ့ ငြိမ်းနေတော့ (နိရောဓဓမ္မ) ပေါ့ (မှန်ပါ့)၊ ဒီ (နိရောဓဓမ္မ) လေးတွေများလာရင် ဒီ (ဓမ္မ) လေးတွေက (နိရောဓသစ္စာ) ဆိုက်တော့တာပေါ့ (မှန်ပါ့)။

(နာမသန္တာန်) မရောက်အောင် ဂရုစိုက်ပါ။ (နာမည်တို့သန္တာန်) တို့ မရောက်အောင် သတိပြုပြီး ဂရုစိုက်နေရင် (သောတာပန်) ဖြစ်ရုံမျှမက (ကာမရာဂ) တွေနည်းပါးလာလို့ (သကဒါဂါမ်)၊(အနာဂါမ်) သို့ တိုင်အောင်တက်သွားနိုင်ပါတယ်. . (မှန်ပါ့ဘုရား)။

(သတ္တဝါ) ရယ်လို့ စိတ်ထဲမှာယူမထားရဘူး (မှန်ပါ့)။(သတ္တဝါ) မဟုတ်ဘူးလို့ ကိုယ့်အသိမှာယူထားရမယ်၊ သိရမယ်၊ (သတ္တဝါ) ယူရင် (နာမသန္တာန်) ဖြစ်ပြီး (အဝိဇ္ဇာ) ဖြစ်နေပြီ၊ (သမ္မာဒိဋ္ဌိ) ကွယ်နေပြီ၊

(နိဗ္ဗာန်)နဲ့ ဝေးနေပြီပေါ့၊ (မှန်ပါ့)၊ (နာမသဏ္ဌာန်) ပျောက်ရင် (သမ္မာဒိဋ္ဌိ) ရောက်ပြီး (နိဗ္ဗာန်) နားရောက်ပြီပေါ့ (မှန်ပါ့)။

(ပုထုဇဉ်)တို့မှာ (နာမည်) မပါရင် စကားသုံးနှုန်းလို့ မဖြစ်ကြဘူး၊ (သဏ္ဌာန်) မပါရင်လည်း စကားပြောဆိုလို့မပြည့်စုံကြဘူး၊ (ဥပမာ) ဆေးလိပ်ဆိုရင် (နာမသဏ္ဌာန်) ပါတယ်၊ ဆေးလိပ်က (နံမည်) (သဏ္ဌာန်) က တညိုလောက်၊ တမိုက်လောက်အလိပ်ကလေးဆိုတဲ့ (ပညတ်)၊ မိန်းမဆိုရင် (နံမည်) ကမိန်းမ၊ (သဏ္ဌာန်) ကသိကြပြီးသားပဲ၊ မဖြူဆိုရင် မဖြူက(နံမည်) ၊ မဖြူသဏ္ဌာန်မဟုတ်ရင်၊ ဒါမဖြူမဟုတ်ပါဘူးလို့ ဆိုကြတယ်၊ မဖြူသဏ္ဌာန်ဝင်မှ မဖြူမှန်းသိတာ၊ ချောတယ်၊ လှတယ်၊ ကိုယ်လုံးကဘယ်လိုဆိုတဲ့ (သဏ္ဌာန်) တွေကို တောင်ချဲ့ပြီး သိနေကြတာပဲ (မှန်ပါ့)

(နာမသဏ္ဌာန်) မရောက်အောင် ဘယ်လိုရှုရမလဲဆိုရင် မြင်တဲ့အခါ၊ ကြားတဲ့အခါ၊ နံတဲ့အခါ စတဲ့စိတ် (၆)ပါးမှာ ဤဟာ (ရုပ်) လို့လည်း ရှုနိုင်ဘယ်၊ နှလုံးသွင်းရမယ်၊ သိရမယ် . . (မှန်ပါ့)။

(အချစ်) ဆိုတာဘာတုံး (အချစ်) ဆိုတာ (နာမည်နဲ့သဏ္ဌာန်) ကလွဲလို့ ရှာမတွေ့နိုင်ပါဘူး၊ တကယ်တော့(နံမည်နဲ့သဏ္ဌာန်) ကိုချစ်တာ၊ ချစ်တဲ့စိတ်က (ပညတ်) ကိုချစ်တာပဲ၊ . . (မှန်ပါ့)။

အသဲနာတယ်ဆိုတာကလည်း ဘာကနာတာလည်း (နာမ

သန္တာန်) (ပညတ်)ကြောင့်နာတာပဲမဟုတ်လား၊ ဒီမိန်းကလေးကြောင့်၊ ဟိုယောက်ျားလေးကြောင့်ဆိုတဲ့ (နာမသန္တာန်) ကလွဲလို့ ဘာရှိအုန်းမှာ တုန်း၊ ချစ်တာ၊ မုန်းတာ၊ အသဲနာတယ်ဆိုတာ (နာမသန္တာန်) ကလွဲလို့ ရှာမတွေ့ နိုင်ပါဘူး၊ ဒါကြောင့် (နာမသန္တာန်) မရောက်ရန် အမှန်သတိ ပြုနေကြရင် အသဲနာတာတို့၊ အသဲကွဲတာတို့၊ ဒေါသဖြစ်တာတို့၊ ချစ်တာတို့၊ မုန်းတာတို့ဆိုတဲ့ လောကီဒုက္ခတင်မကပါဘူး၊ (ခန္ဓာ ဒုက္ခ) တွေကလည်း လွတ်ငြိမ်းတဲ့ (နိဗ္ဗာန်) ကြီးကို မျက်မှောက်ပြု နိုင်ကြ ပါတယ် . . (မှန်ပါ့)။

(နံမည်) နဲ့ (သန္တာန်) မရောက်ရင် (သတ္တဝါ) ဆိုတာ မရှိ တော့ဘူး (သတ္တဝါ)လို့ဖြစ်လာရင်၊ ဤဟာ (ရုပ်) ပဲလို့ရှုပါ၊ သိပါ၊ (သတ္တဝါ)ဆိုတာမရှိဘူး၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (သင်္ခါရ)လို့ ဒီလို သိနေရင် (ပရမတ္ထ) တရားဖြစ်တဲ့ စိတ်၊ စေတသိက်၊ ရုပ် (ရုပ်နာမ်) ပရမတ်နဲ့ပဲ (နိဗ္ဗာန်) သွားတော့တာပေါ့ . . (မှန်ပါ့)။

(လောဘမူစိတ်) ဖြစ်ရတာ စိတ်မှာ (နာမသန္တာန်) (ပညတ်) တွေပါလို့ (ဒေါသမူစိတ်) ဖြစ်ရတာလည်း စိတ်မှာ (နာမသန္တာန်) ပညတ် တွေပါလို့၊ (မောဟမူစိတ်) ဖြစ်ရတာလည်းစိတ်မှာ (နာမသန္တာန်) (ပညတ်) တွေပါလို့ မှတ်ပါ . . (မှန်ပါ့)။

မြတ်စွာဘုရားသည် ကုသလ်၊ အကုသလ်ဇော၊ ကုသိုလ်၊ အကုသိုလ်တို့ကို ပယ်စွန့်တော်မူပြီးထသောမြတ်စွာဘုရားပါ။ (လောဘ

မူစိတ်) ကို ပါယ်နိုင်ရင် (ရာဂ) မရှိပဲ (နိရောဓဿစွာ) ဖြစ်တယ်၊ သိရင် ပယ်တယ်၊ (ရာဂ) မရှိရင် (နိရောဓသေစွာ) ဖြစ်တယ် (မှန်ပ့ါ)၊ မြတ်စွာ ဘုရားရဲ့စိတ်အမြင်မှာ (ပညတ်) မပါဘူး၊ (စေတသိက်) မှာလည်း (ပညတ်) မပါဘူး၊ (ရုပ်) အမြင်မှာလည်း (ပညတ်) မပါဘူး၊ (နာမ သန္တာန်)ပါတဲ့ (ပညတ်စိတ်) ကြောင့် (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်နေ ကြရတာ၊ (နာမသန္တာန်) ဖြစ်တဲ့ (သတ္တဝါ)ဆိုတဲ့ ယောက်ျား၊ မိန်းမ ရယ်လို့ သိနေရင်၊ (ပညတ်) တွေဖြစ်နေကြလို့ စင်ကြယ်တဲ့ (မနော) မဖြစ်နိုင်ဘူး၊ (နိဗ္ဗာန်) ကစင်ကြယ်တဲ့ (မနော) နဲ့မှ ရတာမျိုးပဲ . . (မှန်ပ့ါ)။

"ရာဂေါနိမိတ္တကာရဏံ" တဲ့၊ ရာဂေါ=တပ်မက်ညိတွယ်တဲ့ (ရာဂ) သည် နိမိတ္တကာရဏံ = နိမိတ်တို့၊ သန္တာန်တို့ကို ပြုတတ်၏တဲ့၊ (ရာဂ) စိတ်ဝင်ရင် (နိမိတ်သန္တာန်) တွေဖန်ဆင်းတော့တယ်၊ (နိဗ္ဗာန်) က (အနိမိတ္တ)၊ နိမိတ်မရှိဘူး (မှန်ပ့ါ) **"(သန္တာန်) မရှိ၊ မရွေ့ဘိ၊ ငြိမ်း၏၊ ထို (နိဗ္ဗာန်)" တဲ့၊ " (နိဗ္ဗာန်) က အနိမိတ္တပစ္စုပဋ္ဌာနံ" ဒါကြောင့် (သန္တာန်၊ နာမ) မရောက်ကည္ထတ်ကြဘယ်မရှိ ဖြစ်လို့ မိမိရှုတဲ့ (ဝိပဿနာ) သည် နိမိတ်သန္တာန်၊ နာမမရှိတဲ့ (အနိမိတ္တဘာဝနာ) ဖြစ်ရတယ် (မှန်ပ့ါ)။**

မောဟ (အဝိဇ္ဇာ) က (နာမသန္တာန်) ကိုညွှတ်တတ်တယ်၊ (လောဘ၊ ဒေါသ၊ မောဟ) တို့ကဘာကြောင့်ဖြစ်ရသလဲ (နာမည်၊ သန္တာန်) တို့ကြောင့် ဖြစ်ရတယ်၊ ဒါကြောင့် **" (သန္တာန်နာမ) မရောက်က**

**ညွတ်ကြဘယ်မရှိ” ဆိုတာ (လောဘ၊ ဒေါသ၊ မောဟ) ဘက်ကို မညွတ်တော့မဖြစ်ဘူးပေါ့ . . (မှန်ပါ့)။**

ခြေထောက်ကနာလိုက်တာဆိုရင် (နာမ၊ သန္တာန်) ပါလာပြီ၊ (ပညတ်) ဖြစ်ပြီ၊ ခြေထောက်ဆိုတာ (ပညတ်နိမိတ်သေး) ပေါ့၊ ခေါ်တဲ့ ခြေထောက်က (နာမည်နဲ့ သန္တာန်) ခြေထောက်ဆိုတာမရှိပါဘူး၊ ရုပ်၊ ဝေဒနာ၊ သညာပဲရှိတယ်။ လည်ပင်းကနာတယ်ဆိုရင်လည်း (နာမ သန္တာန်) ပဲ၊ လည်ပင်းနာတာ (ကင်ဆာ) ဆိုရင် ပြောလိုက်ရင်ပိုဆိုးပေါ့၊ (နာမသန္တာန်) ပညတ်ရောက်လို့ပေါ့ (မှန်ပါ့)၊ ရင်ဘတ်ကနာလိုက်တာ ဆိုတော့ နှလုံးရောဂါလို့ ပြောလိုက်ရင် ပိုဆိုးပေါ့၊ အသဲကင်ဆာလို့ ပြောလိုက်ရင်လည်း ပိုဆိုးပေါ့၊ ခြံထဲသွားမိလို့ ဆူးနဲ့ခြစ်မိတာကို မြွေကိုက်တာလို့ ပြောလိုက်ရင် အတော်ကူယူရမှာပေါ့ (မှန်ပါ့)၊ ဒါ ဘာကြောင့်လဲ (နာမသန္တာန်) ပညတ်ရောက်လို့ပေါ့ (မှန်ပါ့)၊ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ခန္ဓာငါးပါးပဲရှိတာ၊ မဟာဘုတ် (ရုပ်) ကခံစားတာပဲ၊ ခံစားတယ်ပေါ့၊ ဒုက္ခ (ဝေဒနာ)ကိုခံစားတယ်လို့ သိပေးရတယ်၊ (ကင်ဆာ) ဆိုတဲ့ (နာမ သန္တာန်) (ပညတ်) ကို နှလုံး မသွင်းရပါဘူး၊ မရောက်ရပါဘူး . . (မှန်ပါ့)။

မြတ်စွာဘုရားက (ရုပ်) ကိုရှုရင် (ပညတ်)မပါရအောင် (ဣတိ ရူပံ) ဤဟာ (ရုပ်)လို့ ရှုခိုင်းတာ (ပညတ်) ဖြစ်တဲ့ (နာမသန္တာန်) မရောက်အောင် သတိပြုခိုင်းတာပေါ့ (မှန်ပါ့)၊ (ပညတ်) မဖြစ်မှ

(ပရမတ်) ရောက်သွားတော့ (နိဗ္ဗာန်) လည်းရောက်သွားတာပေါ့ (မှန်ပါ့)၊ ဤဟာ (ရုပ်) မသိပဲ၊ ဤဟာ (ငါ)၊ ဤဟာမိန်းမ၊ ဤဟာ ယောက်ျားဆိုရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်ပြီပေါ့၊ (လောဘမူစိတ်) (ဒေါသမူစိတ်) ရောက်သွားတာပေါ့ (မှန်ပါ့)။

လောကောနိမိတ္တကာရန် = လောကသည် (နိမိတ်တို့သန္တာန်) တို့ကိုပြုနေ၏။ ရာဂေါနိမိတ္တကာရန် = (ရာဂ) သည်လည်း နိမိတ်တို့ သန္တာန်တို့ကိုပြုနေတယ်၊ (ရာဂ) ဖြစ်ရင် မိန်းမရုပ် ချစ်ခင်စေတဲ့(ပီယ) ရုပ်ပေါ်တယ်၊(လောဘမူစိတ်) ဖြစ်တော့တယ်၊ ဒါကြောင့် (နာမသန္တာန်) မရောက်ရဘူးဆိုတာပေါ့၊ (နာမသန္တာန်) မရောက်အောင်ရှုရင် **"သဗ္ဗေ သင်္ခါရအနိစ္စ ယထာပညာယ ပဿတိ"** ဖြစ်တာပေါ့ ။ မဟာနုအနုမမ္မ စာရီ တရားအားလျော်စွာ ကျင့်တဲ့အကျင့်လည်းဖြစ်တာပေါ့. . (မှန်ပါ့)။

စိတ်မှာ (ပညတ်) မကပ်ရင်၊(ရာဂ၊ ဒေါသ) မဖြစ်ဘူး၊(ပညတ်) က (နာမသန္တာန်)ပဲ၊ (ပညတ်) မကပ်အောင် (နာမသန္တာန်) မရောက်ရန် အမှန်သတိပြုနေရတယ်၊ (ရာဂ၊ ဒေါသ၊ မောဟ)ဆိုတာ (နာမသန္တာန်) ကြောင့်ဖြစ်တာ၊ အဲ့ဒါမရှိရင် (နိဗ္ဗာန်)ရောက်သွားတာပဲ (မှန်ပါ့)။

(တဏှာ)ဆိုတာ (ပညတ်)ကဖြစ်တာ၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (နာမည်နဲ့သန္တာန်) ကဖြစ်တာ၊ ဒါကြောင့် (နာမသန္တာန်) မရောက်ရင် (တဏှာ) ပျောက်မယ်၊ ပညတ် (ဒိဋ္ဌိ) လည်း ပျောက်ပြီး (သောတာပန်) ကစပြီး အထက်မဂ်တွေ ရောက်တာ

ပေါ့ . . (မှန်ပ့ါ)။

(နာမသန္တာန်) မရောက်ရင် (ပရမတ္တတရား) ဖြစ်တာပေါ့၊ (အရိယာ) တရားလည်းဖြစ်တာပေါ့ (ဓမ္မာနုပဿနာ) တရားလည်း ဖြစ်တာပေါ့၊ (ဥေယျမ်) တရားလို့လည်း ခေါ်တာပေါ့ (သဒ္ဓမ္မ) သူတော် ကောင်းတရားလို့လည်း ခေါ်တာပေါ့၊ သူတော်ကောင်းတရားဆိုတာ (ပရမတ်) ကိုခေါ်တာ၊ သူတော်ကောင်းတရားဖြစ်မှ (အရိယာသစ္စာန ဒဿနံ) ခေါ်တယ်၊ အရိယာသစ္စာနဒဿနံဖြစ်မှ (နိဗ္ဗာနသစ္ဆိ ကရိယာယ) ရောက်တဲ့ (မင်္ဂလသုတ်) နဲ့ ကိုက်တော့တာပေါ့၊ (မင်္ဂလ သုတ်) ရယ်လို့ ရွတ်ဆိုနေကြတာ၊ အဲဒီ (မင်္ဂလသုတ်) ကို ဘာဝနာနဲ့ဟပ် ပြီး ပြောပြကြတာက အလွန်နည်းနေတယ် (မှန်ပ့ါ)။

သူတော်ကောင်းတရားက (သဒ္ဓမ္မ) တရား၊ သူတော်ကောင်း တရားသိရင် (အယုတ်) တရားမရှိတော့ဘူး၊ (မြတ်) ရာကိုသာသိတော့ တယ်၊ သူတော်ကောင်းတရားသိကြရင် (သံသရာ) မရှည်တော့ဘူး၊ သူတော်ကောင်းတရားသိမှ သဒ္ဓမ္မ (ဓမ္မ) တရားကိုနားလည်တယ်၊ (သဒ္ဓမ္မ) တရားနားလည်မှ (ပညတ်)မပါတဲ့ (အဝိဇ္ဇာ) နှုတ်ပြီးသား ဖြစ်ပြီပဲ (မှန်ပ့ါ)။

ဒီခေတ်မှာ သူတော်ကောင်းတရားကို (လောကုတ္တရာ) တရား အနေနဲ့ မသိကြဘူး (သဒ္ဓမ္မ) သိရင် သူတော်ကောင်းတရားသည် (ပရမတ်) ရောက်တာ၊ (ပညတ်)ကွာတယ်၊ (ပရမတ်) ရောက်တော့

(လောဘမူစိတ်၊ ဒေါသမူစိတ်၊ မောဟမူစိတ်) တွေကင်းတယ်၊ (နိဗ္ဗာန်) ဆိုတာ (ရာဂ၊ ဒေါသ၊ မောဟ) တွေမဖြစ်တော့တဲ့ **"ရာဂစသီး၊ ၁၁မီး ငြိမ်းပြီး ထိုနိဗ္ဗာန်တဲ့"** (နိဗ္ဗာန်) ဟာရာဂအစရှိတဲ့ မီး (၁၁)မီးငြိမ်းတော့တယ် . . (မှန်ပါ့)။

**သူတော်ကောင်းတရားဆိုတာ (ပရမတ်) တရားကိုသိရတယ်၊ ဒီလိုသိမှ (အရိယာသစ္စာ) တရားသိတယ်၊ ဒါမှသူတော်ကောင်းတရား ဖြစ်တယ်၊ (ပရမတ္ထ) တရားမသိပဲ (ပရမတ္ထ) တရားမပါပဲ ကျင့်နေကြရင် (လောဘ၊ ဒေါသ၊ မောဟ) တွေရောနေတဲ့စိတ်တွေနဲ့ (ပညတ်) တွေနဲ့ ကျင့်နေတာဖြစ်နေကြမှာပေါ့ . . (မှန်ပါ့)။**

(ပညတ်) တွေက ယောကျ်ား၊ မိန်းမအသိဖြစ်နေကြတော့၊ ကုလား၊ တရုတ်၊ အမေရိကန်လို့လည်း မြင်နေကြတာပေါ့၊ ခရစ်ယန်တို့ မူစလင်တို့နဲ့လည်း မြင်နေကြတော့တာပေါ့၊ အမြင်က (နာမသန္တာန်) မရောက်ရဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ကုလား၊ တရုတ်၊ မူစလင်၊ ခရစ်ယန်လို့မမြင်ရဘူး၊ (ဣတိရုပ်) ဤဟာ (ရုပ်) လို့ ဒီလို (ပရမတ်) ကိုပဲမြင်ရမယ်၊ ဒီလိုမမြင်ကြပဲ (ပညတ်)တွေ (နာမသန္တာန်) တွေမြင်ပြီး တရားကျင့်နေကြတော့ (အဝိဇ္ဇာ) ကအဝတ်ထဲ ဆီစိမ့်ဝင်သလို (အကုသိုလ်) တရားတွေက အမျိုးမျိုး ကျယ်ကျယ် ပြန့်ပြန့်ကြီး ဖြစ်ပွားလာတော့တာပေါ့ (မှန်ပါ့)၊ ဒီအကျင့်မျိုးဟာ သူတော်ကောင်းတရားဘက်မရောက်နိုင်ဘူး . . (မှန်ပါ့)။

**"နာမသန္တာန်မရောက်ရန် အမှန်သတိပြု"** ဆိုတဲ့စကားလုံး လေးကိုနားလည်မှ ဒါကို (ဉာဏ်) သွားမှခရီးရောက်တာ၊ ကိုယ့်ကိုကိုယ် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမထင်နေရင် (နာမသန္တာန်) ပဲ၊ ဒါကြောင့် (ရုပ်) ရောက်ရင် (နာမသန္တာန်) တွေပျောက်တယ်၊ (ဣတိရုပံ) ဤဟာ (ရုပ်)ဆိုတာ (ကာယာနုပဿနာ) မဟုတ်ဘူး (ဓမ္မာနုပဿနာ) ထဲက ခန္ဓပဗ္ဗ၊ ခန္ဓာပိုင်းမှာ မြတ်စွာဘုရားဟောကြားခဲ့တာပါ၊ (ပရမတ်) တရားကို နာမည်မတပ်နဲ့ (ပညတ်) နံမည်သန္တာန်မပါမှ သူတော် ကောင်းတရားဖြစ်တာ။

ဒါကြောင့် (နာမသန္တာန်)တွေပါနေတဲ့ (ပညတ်) နဲ့ (ကာယ နုပဿနာ) ပဲရှုရှု၊ (ဝေဒနာနုပဿနာ) ပဲရှုရှု၊ စိတ္တာနုပဿနာ ပဲရှုရှု၊ (ပညတ်)တွေပါနေရင် (ပညတ်) ကိုရှုနေရင် (လောဘမူစိတ်၊ ဒေါသ မူစိတ်) တွေဘယ်လိုပျောက်နိုင်မလဲ၊ (သောတာပန်) ဖြစ်ဖို့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ဒိဋ္ဌိ) အမြင်တွေ ဘယ်လိုပျောက် နိုင်မလဲ စဉ်းစားကြည့်ပေါ့ဒကာကြီး (မှန်ပါ့ဘုရား)၊ ကိုယ့်ဘဝထဲမှာ ဒီလိုအသိတရားနဲ့ အမြင်မှား (ဒိဋ္ဌိ) ကို ခွါတတ်အောင် အမှန်မြင်အသိ တရားနဲ့ မလေ့ကျင့်ထားကြဘူးဆိုရင် (သမာဓိ) လေးရယုံနဲ့ (ဒိဋ္ဌိ) အမြင်တွေ ပျောက်ဖို့ဆိုတာ ဖြစ်နိုင်မလား၊ ဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့ . . (မှန်ပါ့)။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ပညတ် (စိတ်) ကိုမရှု

ခိုင်းပါဘူး၊ (စိတ်) ကလေးမရှိတော့တဲ့ (သိပျက်) အနိစ္စကို ရှုခိုင်းတာပါပဲ၊ (စိတ်)ကို (အနိစ္စ) သိပျက်ရှုတော့ (ပရမတ်)ရောက်တာပေါ့ . . (မှန်ပါ့)။

(သတ္တဝါ) ဆိုတဲ့ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပျောက်အောင် (ဥပမာ)တစ်ခုပြမယ်၊ စာရေးတဲ့ဆိုင်းဘုတ်မှာ၊ ဘောမှာ (က) လို့ရေးထား မယ်၊ ဒကာကြီးကဘယ်လိုဖတ်မလဲ၊ (က) ကကြီးလို့ဖတ်ပါ့မယ်ဘုရား၊ ဆိုင်းဘုတ်ကပြောတာလား၊ ဒကာကြီးကပြောတာလား (မှန်ပါ့) တပည့်တော်က ဖတ်ပြီးပြောတာပါဘုရား။ ဆိုင်းဘုတ်မှာမိန်းမရုပ်လှလှလေးဆွဲထားမယ်ဆိုရင် ဒကာကြီးက ဒါမိန်းမရုပ်လို့ပြောမယ် မဟုတ်လား (မှန်ပါ့)၊ ဒါဆိုင်းဘုတ်ကပြောတာလား၊ ဒကာကြီးကပြောတာလား (မှန်ပါ့) တပည့်တော်ကပြောတာပါဘုရား။

ဒကာကြီးကပြောတာပါ၊ ဆိုင်းဘုတ်ကမပြောတတ်ပါဘူး (မှန်ပါ့) ဒကာကြီးက မိန်းမရုပ်လို့ပြောတာက ဒကာကြီးမှာရှိတဲ့ စိတ်၊ စေတသိက် (နာမ်) ကို (က)နဲ့ (မိန်းမရုပ်) ကလာပြီးကပ်တာ၊ အပြင်က မိန်းမတစ်ယောက် မတ်တတ်ရပ်နေတာ မြင်ရင်လည်း ဒကာကြီးက (မိန်းမ) လို့ ပြောမယ်မဟုတ်လား (မှန်ပါ့) အဲ့ဒီ မိန်းမရဲ့ (ရူပါရုံရုပ်) ကလည်း ဒကာကြီးရဲ့ (နာမ်) ကိုလာကပ်လို့ ဒကာကြီးက (မိန်းမ)လို့ ပြောတာကိုး (မှန်ပါ့)၊ ဒကာကြီးမြင်တာမိန်းမဆိုတဲ့ မရှိတဲ့ (ပညတ်) ကိုမမြင်ရဘူး (မှန်ပါ့)၊ (က) တို့ (မိန်းမရုပ်) တို့ (မိန်းမတစ်ယောက်)

တို့ဆိုတာ (ဉာဏ်) နဲ့ ဆန်းစစ်ကြည့်ရင် (ရူပါရုံ) အဆင်း။ (ရုပ်) ပဲ၊ ဆိုင်းဘုတ်မှာ ရေးထားတာလည်း (ရုပ်) ပဲ၊ မတ်တတ်ရပ် ပြနေတာကို မျက်စိနဲ့မြင်ရတာကလည်း (ရုပ်) ပဲမြင်ရတာပဲ၊ အမှန်တရားက (ရုပ်) ပဲမဟုတ်ဘူးလား ဒကာကြီး (မှန်ပါ့၊ ရုပ်ပါဘုရား)။ ဤဟာ (ရုပ်) လို့ ဉာဏ်နဲ့ (သမ္မာသက်ပ္ပ)နဲ့မြင်မှ (အရိယာသစ္စာ)တရားအမြင်ရမယ် . . (မှန်ပါ့)၊ ဒါမှ နိဗ္ဗာနသစ္စိကရိယာယ ဖြစ်မယ် (မှန်ပါ့)။

မျက်စိကအဆင်းရုပ်ကို အလင်းရောင်ရှိလို့မြင်ရတာ၊ ဆိုင်းဘုတ်ထဲက (က) တို့ (မိန်းမရုပ်) တို့ကအဆင်း (ရုပ်) ပဲ၊ အပြင်က မတ်တတ်ရပ်နေတဲ့မိန်းမကလည်း (အဆင်း) (ရုပ်) ပဲ၊ (ဥပါဒါန်ရုပ်) ပဲ၊ ဘယ်မှာ (မိန်းမ) ဟုတ်ပါ့မလဲ (က) လည်း (ရုပ်) ပဲ၊ ဆိုင်းဘုတ်ထဲက မိန်းမလည်း (ရုပ်) ပဲ၊ အပြင်ကမိန်းမလည်း (ရုပ်) ပဲ၊ မိန်းမဆိုတာ ငယ်စဉ်ကလူကြီးတွေက ပြောထားလို့မှတ်ထားတဲ့အမှတ် (သညာ) (နံမည်)နဲ့ (သဏ္ဌာန်) ပဲ၊ (ပညတ်) ပဲ၊ (နံမည်နဲ့သဏ္ဌာန်) ကို (သညာ) ကမှတ်ထားလို့၊ စွဲယူမှတ် ထားလို့ (မိန်းမ) လို့ထင်နေတာ၊ တကယ် တော့အဆင်းရုပ် (ဥပါဒါရုပ်) ပဲ၊ ဣတိရူပံ = ဤဟာ (ရုပ်)လို့၊ ဣတိ = ဤဟာ ဆိုတာ (မိန်းမ) မဟုတ်ဘူး၊ ရူပံ = (ရုပ်) လို့ခွဲခြားလိုက်တာ၊ ဤဟာ (ရုပ်) လို့ ဒီလိုပဲ မြင်ရမယ်၊ မိန်းမဆိုတဲ့ (ပညတ်) နဲ့မမြင်ရဘူး . . (မှန်ပါ့)။

ဒါကြောင့် မိန်းမ၊ ယောကျာ်း၊ ရွှေ၊ ငွေ ပစ္စည်းစသည်တို့ဟာ

(နာမသန္တာန်) တွေပဲ၊ ဒီ (နာမသန္တာန်) ကိုမရောက်ရဘူး (ရုပ်) ပဲ ရောက်ရတယ်၊ ဒီ (ရုပ်) မျိုးကို (တဏှာ၊ ဥပါဒါန်) နဲ့ စွဲမြဲနေကြလို့ (ဥပါဒါရုပ်) လို့ခေါ်ရတာ၊ တကယ်တော့သူရဲ့ (Origin) ဇစ်မြစ်က၊ မူလဘူတက (မဟာဘုတ်ရုပ်) ဓါတ်ကြီး ၄ပါး (ရုပ်)၊ မဟာဘုတ် (ရုပ်) လို့သိရတယ်၊ ဒီလိုအမှန်အတိုင်း (ရုပ်) လို့သိရင် (ပရမတ်) ကို သိတာပဲ၊ (ပရမတ်)ဆိုတာအမှန်ကို အမှန်အတိုင်းမြင်တာ၊ သိတာ (ပရမတ္ထ သစ္စာ) ပဲ (မှန်ပါ့)၊ဒီတော့ ဤဟာ (ရုပ်)လို့မြင်တတ်မှ မိန်းမ၊ ယောကျာ်း၊ ပုဂ္ဂိုလ်၊ သတ္တဝါပျောက်မှာ (သတ္တဝါ) ပျောက်ရင် ' '**သတ္တဝါကုန်အတ္တမြုံသည်သာလျှင်အရိယာ**" လို့ခေါ်တယ်၊ (အရိယာ) ဖြစ်တော့ (အရိယာ)တို့မြင်တဲ့ (နိဗ္ဗာန်) မြင်ပြီပေါ့ (မှန်ပါ့)။

ဆိုင်းဘုတ်ထဲက (က)ရုပ်၊ မိန်းမရုပ်နဲ့အပြင်က မိန်းမရုပ်တို့ဟာ အတူတူပဲ၊ အမှန်တရားက (ရုပ်) ကိုမြင်ရတာပဲ၊ မြင်တာကို (သညာ)ဖုံးတော့ မိန်းမဖြစ်သွားတာပဲ၊ (ရုပ်) လို့မမြင်ပဲ (အဝိဇ္ဇာ) ဆိုတဲ့အမှန်ကို မသိတတ်တဲ့တရားက မိန်းမလို့မြင်ခိုင်းတယ်၊ အဝိဇ္ဇာ ပစ္စယာသင်္ခါရာပဲ၊ တကယ်တော့ (အဝိဇ္ဇာ ပစ္စယာသင်္ခါရာ အဘိ သင်္ခါရ န္တိသင်္ခါရ) လို့ဒီလိုလာတယ်၊ (အဝိဇ္ဇာ) ဆိုတဲ့ အမှန်ကိုမသိတတ်တဲ့ တရားက အမှန်ကိုအမှားသိ၊ အမှားကိုအမှန်သိတဲ့ သဘောတရား၊ သင်္ခါ=က (စိတ်၊ စေတသိက် + နာမ်) ပဲ၊ မိမိရဲ့မျက်စိ ရယ်၊ ဆိုင်းဘုတ် ထဲက မိန်းမရုပ်ဖြစ်စေ၊ အပြင်ကမိန်းမရုပ်ဖြစ်စေ မျက်စိဖွင့်လိုက်တော့ မျက်စိ (ရုပ်) နဲ့အပြင်ကအဆင်း (ရုပ်) ၂ခုက မိမိမှာရှိတဲ့ (နာမ်) စိတ်၊

စေတသိက် (သင်္ခတ) နာမ်ကိုလာကပ်တော့ (သင်္ခါရ) ဖြစ်သွားတာပဲ၊ ဒါကြောင့် (အဝိဇ္ဇာပစ္စယာသင်္ခါရ) (အဝိဇ္ဇာ) ကြောင့် (သင်္ခါရ) ဖြစ်တာဆိုတာဒါပဲ . . (မှန်ပါ့)။

အဆင်းရုပ်၊ ဥပါဒါရုပ်ကို (ရုပ်) လို့မမြင်ဘဲ မိန်းမ၊ ယောကျ်ား၊ ငါ၊ သူ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့မြင်တာက (အဝိဇ္ဇာ) ကြောင့်ဖြစ်တာ၊ ဒါကြောင့်မြင်တာကို (သညာ) ဖုံးတယ်၊ ဆန်းတဲ့မျက်စိဆိုတာ ဒီလို ကြောင့်အမှန် (ပရမတ်) ကိုမမြင်ဘဲ ငါပဲ၊ သူပဲ၊ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) ကိုမြင်ကြရတာပဲ (မှန်ပါ့)၊ ဒါကိုအမှန်အတိုင်း မြင်အောင် မြတ်စွာဘုရားဟောထားတဲ့ (ခန္ဓာငါးပါး) ထဲက၊ (ရုပ်) ကို မြင်ရင် (ရုပ်) ပဲမြင်ပါ၊ (ဝေဒနာ) ဖြစ်ရင် (ဝေဒနာ)၊ (သညာ) ဖြစ်ရင် (သညာ)၊ (သင်္ခါရ) ကို (သင်္ခါရ) (ဝိညာဏ်)ကို (ဝိညာဏ်) လို့ဒီလိုပဲ (ရုပ်နာမ်) အမှန် (ပရမတ်) ကို မြင်ရတယ် ဒကာကြီး (မှန်ပါ့ဘုရား)။

လူသေကောင်က ထမင်းစားချင်သလား (မစားချင်ပါဘုရား)၊ ဒကာကြီးတို့လို မသေသေးတဲ့လူကောထမင်းစားချင်သလား (စားချင်ပါတယ်ဘုရား) ဘာကြောင့်စားချင်သလဲဆိုရင် (စိတ်၊ စေတသိက်၊ ရုပ်) ရှိလို့ စားချင်တာ၊ အဲ့ဒီ (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်တဲ့ (ရုပ်နာမ်)က (သင်္ခတ) တရားပေါ့ (ရုပ်နာမ်) ရှိလို့ပေါ့ (မှန်ပါ့)၊ (အဝိဇ္ဇာနဲ့ သင်္ခတ) နဲ့ပေါင်းတော့ (သင်္ခါရ) ဖြစ်ပြီး ထမင်းစားပြီပေါ့ . . (မှန်ပါ့)၊ ဒါကို (အဝိဇ္ဇာပစ္စယာသင်္ခါရ) လို့ခေါ်တယ်။

(အဝိဇ္ဇာ) ကြောင့်ပြုပြင်တဲ့ (သင်္ခါရ) သဘောဖြစ်လာတယ်လို့ ပြောတာ၊ တကယ်တော့ (အဝိဇ္ဇာ) ကအမှန်မသိတာ၊ (စိတ်၊ စေတသိက်၊ ရုပ်) ဆိုတဲ့ (သင်္ခတ) နဲ့ ပေါင်းလိုက်လို့ ထမင်းစားချင်တာ၊ မိန်းမလို့မြင်တာ၊ ယောကျ်ားလို့မြင်တာ၊ ပုဂ္ဂိုလ် သတ္တဝါလို့မြင်တာမျိုး ဖြစ်လာရတာ၊ ပါဠိလိုကတော့ (အဝိဇ္ဇာပစ္စယာ သင်္ခတံ အဘိသင်္ခါရန္တီ သင်္ခါရ) လို့ ဒီလိုလာတယ်၊ (မှန်ပါ့) လူသေကောင်တို့ သစ်ပင်စတဲ့ (နာမ်) မရှိတာနဲ့နှိုင်းရတယ်၊ (နာမ်) ရှိတဲ့ (သင်္ခတ) နဲ့ကြမှ (သင်္ခါရ)က ဖြစ်တယ် (မှန်ပါ့)။

ထမင်းစားချင်တယ်ဆိုတာက ထမင်း (ရုပ်)နဲ့ (စိတ်၊ စေတသိက်)နဲ့ ဇီဝှါရုပ် (သင်္ခတ) နဲ့ပေါင်းလိုက်မှ စားချင်တယ်ဆိုတဲ့ (သင်္ခါရ) ဖြစ်လာတာပဲ၊ မြင်တာမှာလည်း အဆင်း (ရုပ်) နဲ့မျက်စေ့ (ရုပ်) ဥပါဒါရုပ် ၂ခုက မိမိရဲ့ (နာမ်) ကို လာကပ်တော့ (အဝိဇ္ဇာ) ဂလ အမှန်မမြင်တတ်ဘူး၊ ငယ်ငယ်ထဲကလူမှန်းသိစထဲက ခေါ်ဝေါ်နေကြတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမလို့ မိဘတွေက ပြောနေကြတော့ မှတ်ထားတဲ့ (သညာ) ကဖုံးသွားတော့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ (ပညတ်) အမြင်ပဲမြင်ပြီး တကယ့်ပရမတ် (ရုပ်) ကို မမြင်တတ်ပဲ ဖြစ်နေကြတော့တာပေါ့၊ ဒါကြောင့် (နိဗ္ဗာန်) က (ပညတ်) အမြင် မဟုတ်ဘူး၊ အမှန်မြင် (ပရမတ်) ကိုမြင်မှ (နိဗ္ဗာန်) ရတာမျိုးဖြစ်တယ် ဒကာကြီး . . (မှန်ပါ့)။

**(အတ္တ) နဲ့ (အနတ္တ) ကွဲဖို့မှာလည်းမှတ်ထားဘို့က (ငါ) လို့ နှလုံးသွင်းရင် (အတ္တ) ပဲ၊ (ငါ)လို့ နှလုံးမသွင်းရင် (အနတ္တ) ပဲ၊ ဒါကို သေသေချာချာမှတ်ထားရင် (အတ္တ) နဲ့ (အနတ္တ) ကွဲပြီပေါ့ . . (မှန်ပါ့)။**

မြတ်စွာဘုရားက မြင်စိတ်၊ ကြားစိတ် နံစိတ်စတဲ့ စိတ် (၆)ပါး ဖြစ်စဉ် တစ်ခုစီမှာမြင်ရင်မြင်တာမှာ (ပညတ်) ကို ကျော်ပြီး (ပရမတ်) ကို မြင်ပါလို့ ဟောပါတယ် . . (မှန်ပါ့)။

ဒါကြောင့် (နာမသဏ္ဌာန်) မရောက်ရင် မိန်းမ၊ ယောကျ်ား မမြင်တော့ဘူး၊ (ဥပါဒါရုပ်၊ မဟာဘုတ်ရုပ်)၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (သင်္ခါရ) လို့ ဒီလိုပဲမြင်ရအောင် (ပညတ်) ကျော်ပြီး (ပရမတ်) မြင်အောင်ဆိုတာ တနည်းအားဖြင့် (နာမသဏ္ဌာန်) မရောက် အောင်ဆိုတာ (နံမည်) တွေ (သဏ္ဌာန်)တွေနဲ့ မမြင်ပဲ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) လို့ ဒီလိုပဲသိမှ (ဓမ္မာနုပဿနာ) ဖြစ်တာကို ပြောတာ . . (မှန်ပါ့)။

**(ဓမ္မာနုပဿနာ) မှာ (ဖြစ်ပျက်) ကိုလွန်တယ်၊ (မှန်ပါ့)၊ (ဓမ္မာနုပဿနာ) ဆိုတာ (သဘာဝ)ကိုခေါ်တာ၊ သဘာဝတရား (ဓမ္မ)** ပေါ့ (မှန်ပါ့)၊ သဘာဝဆိုတာ (ယထာပညာသုသိမတ္တမေဝ)တဲ့၊ အကြောင်းအားလျော်စွာ ဖြစ်ခါလေးမျှကို (သဘာဝ) ခေါ်တာ၊ သင်္ဘေသင်္ခါရ ဆိုတာကအကြောင်းအားလျော်စွာ ဖြစ်နေတဲ့သဘာဝ (ဓမ္မ) ပေါ့ . . (မှန်ပါ့)။

(ဖြစ်ပျက်) ကမှ နောက်ကျသေးတယ်၊ (ဓမ္မ) သဘောရောက်သွားတော့ရင် (ဥဒယဝယ) ဉာဏ်တွေလွန်သွားပြီ၊ အနိစ္စမဂ္ဂဉာဏ် (အနိစ္စ)တွေရောက်ကုန်တယ်၊ (အနိစ္စ) ကနေ (အနုလောမဉာဏ်) အနေနဲ့ (နိဗ္ဗာန်) နဲ့ လျော်စွာဖြစ်တာ၊ (ဓမ္မာနုပဿနာ) ဆိုတာ (သတိပဋ္ဌာန်) ပဲ၊ (သတိ) ကနေ (အကြောင်းအကျိုး) ဆိုတဲ့ (သဘာဝ) ဓမ္မကိုသိပြီး အကြောင်း (တဏှာ) ဖြစ်သော (သမုဒယသစ္စာ) ကြောင့် ဖြစ်ရတဲ့အကျိုး (ခန္ဓာငါးပါး) သည် (ဒုက္ခ) ပါလားဆိုတဲ့အကြောင်း အကျိုး (သမုဒယနဲ့ဒုက္ခ) တွေ ပျောက်ကွယ်ကြောင်းသည် (မဂ္ဂ)ပါလား၊ ဒီ အကြောင်းအကျိုးမဖြစ်ရာသည် (နိရောဓသစ္စာ) (နိဗ္ဗာန်) ပါလားလို့ ဒီလိုသိသွားတာ၊ (သစ္စာ ၄ပါး)နဲ့ သိသွားတဲ့တရားက (ဓမ္မာနုပဿနာ) တရားပဲ ဒကာကြီး . . (မှန်ပါ့)။

ဉာဏ်ကြီးတဲ့ (အရှင်သာရိပုတ္တရာ) ဆိုရင် (ယေဓမ္မာ) ကြားရုံလေးနဲ့ (သောတာပန်) ဖြစ်သွားတာ၊ မြတ်စွာဘုရားရဲ့ (ဓမ္မစကြာ) တရားကို ဦးဆုံးနာရတဲ့ ရဟန္တာ (ရှင်အဿဇိ) က ပြန်လည်ဟောပြတဲ့ တရား၊ အလွန်တန်ဖိုးရှိတဲ့တရားပါ၊ (ဉာဏ်စဉ်) တွေမနာရပါဘူး (မှန်ပါ့)၊ ပုထုဇဉ်ပဲရှိသေးတဲ့ အရှင်သာရိပုတ္တရာကို (ရဟန္တာ) ဖြစ်နေတဲ့ အရှင်အဿဇိက ပြန်လည်ဟောပြလိုက်တဲ့ တရားပုဒ်ကလေးကတော့-

ယေဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံတထာ ဂတောအာဟ
တေသဉ္စ ယော နိရောဓေါ

ဇဝံ ဝါဒီမဟာသမဏော လို့ဟောလိုက်တာပဲ (မှန်ပ့ါ)။

ဒီလောက်ဟောရုံနဲ့ အရှင်သာရိပုတ္တရာ (သောတာပန်) ဖြစ်ခဲ့ရတာ၊ ဒီတရားက (ယေဓမ္မာ) ဆိုတာနဲ့သိရောပေ့ါ၊ ဒီတရားက အကြောင်းအကျိုးသိမှု (ဓမ္မာနုပဿနာ) တရားပဲ (မှန်ပ့ါ)။

ဒီတရားစာပိုဒ်လေးရဲ့ အဓိပ္ပါယ်ကအကြောင်း ခန္ဓာငါးပါး (ရုပ်နာမ်) ဓမ္မတို့သည် အကြောင်းကြောင့်ဖြစ်တယ်၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ (တဏှာ) ဆိုတာက အကြောင်းရင်းပဲ၊ မူလအကြောင်းရင်းက (တဏှာ)၊ ဒီ (တဏှာ) ဖြစ်သောအကြောင်းဟာ (သံသရာ) ကို ဖြစ်ပေါ်စေတယ်၊ ဒီ (တဏှာ) ဆိုတဲ့အကြောင်းအရင်းများ ပျောက်ကွယ်ရင် (သံသရာ) ဆိုဘာလည်း မရှိတော့ဘူး၊ သံသရာမလည်တော့ဘူးလို့ ကျွန်ုပ်တို့ဆရာရဟန်းမြတ် (မြတ်ဗုဒ္ဓ)က ဟောကြားပါတယ်လို့ ဒီလောက်ပဲ ဟောလိုက်တာပါပဲ . . (မှန်ပ့ါ)။

အရှင်သာရိပုတ္တရာအနေနဲ့ ဉာဏ်ပညာကြီးသူဖြစ်တော့ အကျယ်ချဲ့ပြီးသိတယ်၊ ဘယ်လိုသိသလဲဆိုရင် ဒါတွေဟာ (ယေဓမ္မာ) အကြောင်းအကျိုးတရားတွေပါလား၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိုတာမဟုတ်ပါလား၊ သူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဖြစ်နေကြတဲ့ (ဓမ္မ) တရားတွေပါလား၊ အကြောင်းက (တဏှာ)၊ အကြောင်းမှန် (သမုဒယသစ္စာ) (တဏှာ) မရှိရင်အကျိုး (ဒုက္ခသစ္စာ) သံသရာမရှိတဲ့ ဒုက္ခချုပ်ငြိမ်းတဲ့ (နိရောဓသစ္စာ) (နိဗ္ဗာန်) ဖြစ်ပါလား၊ ဒီအကြောင်းရင်း

(တဏှာ) ချုပ်ငြိမ်းကြောင်း (တဏှာ) ပျောက်ကွယ်ကြောင်းဟာ (မဂ္ဂသစ္စာ) ပါလားလို့ ဒီလို (သစ္စာလေးပါး) ကိုသိပြီး (သောတာပန်) ဖြစ်ရတာ . . (မှန်ပ့ါ)။

(ပဥ္စဝဂ္ဂီငါးဦး)ကလည်း မြတ်စွာဘုရားဟောတဲ့ (သစ္စာလေးပါး)ကိုသိပြီးမှ (သောတာပန်) ဖြစ်ကြရတာ၊ အခုခေတ်မှာ (ဉာဏ်စဉ်) အခေါ်အဝေါ်တွေဘက်ပဲရောက်နေကြတာ၊ (သစ္စာလေးပါး) အသိကို အဓိကမထားကြဘူး . . (မှန်ပ့ါ)၊ (သစ္စာလေးပါး)အသိကို အကြောင်း အကျိုးဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) နဲ့ဟောတဲ့အသိမျိုးနဲ့မှ (သစ္စာလေးပါး) သိတဲ့ (အဝိဇ္ဇာ) ကလွတ်တဲ့ (ဝိဇ္ဇာဥဒပါဒိ၊ ဉာဏံဥဒပါဒိ) နဲ့ (သောတာပန်) ဖြစ်တာပါ။ . . (မှန်ပ့ါ) တရားမသိရင် (ဓမ္မစကြာ) နဲ့ညှိလို့ ရှေးပညာရှိ ဆရာ တော်ကြီးများဟောကြားခဲ့ပါတယ်၊ တရားဂုဏ်တော် ၆ပါးနဲ့လည်း ကိုက်ညီရတယ်၊ ကိုယ့်အလိုတွေ မပါရပါဘူး။ . . (မှန်ပ့ါ)။

မြတ်စွာဘုရားတရားရပုံအစ၊ အရှင်သာရိပုတ္တရာ တရားရပုံအစကိုကြည့်ပါ၊ ပထမဦးဆုံး သောတာပန်အရိယာဖြစ်ကြတဲ့၊ (ပဥ္စဝဂ္ဂီငါးဦး) တို့ တရားရပုံအစကိုလည်းကြည့်ပါ။ ဘယ်မှာ (ဉာဏ်စဉ်) တွေ ပါလို့တုန်း (မှန်ပ့ါ)၊ မြတ်စွာဘုရားက (ဒုက္ခသစ္စာ)နဲ့ ဒုက္ခဖြစ်ကြောင်းက (သမုဒယသစ္စာ) ဒုက္ခချုပ်ရာက (နိရောဓသစ္စာ) ဒုက္ခချုပ်ရာရောက်ရာ ဖြစ်တာက (မဂ္ဂသစ္စာ) ရယ်လို့ (သစ္စာလေးပါး) ကိုဟောခဲ့တာပါ။

ဓမ္မာစကြာမှာ (ဉာဏ်စဉ်) တွေမပါပါဘူး (မှန်ပါ့)။

(ဓမ္မပဒ)မှလည်း ကြည့်ပါ၊ ဘယ်မှာဉာဏ်စဉ်တွေပါလို့တုန်း (မှန်ပါ့)၊ ဘုရားလက်ထက်တော်က (ဓမ္မပဒ) ဟောရင်းနဲ့ (နိဗ္ဗာန်) ရောက်ကြတာ (ဉာဏ်စဉ်) ဆိုတာအဓိကထားရတာမျိုးမဟုတ်ပါဘူး . . (မှန်ပါ့)၊ (ဉာဏ်စဉ်) ကို အရေးမထားသင့်ပါဘူး၊ အရေးထားတော့ ဘာဖြစ်မလဲ၊ ရှုရမည့် ရှုကွက်လည်းပျောက်တယ်၊ (ဓမ္မ) ဆိုတဲ့ အကြောင်းအကျိုးတရားလည်းပျောက်တယ်၊ (ဥပါဒါနက္ခန္ဓာဒုက္ခ)လည်း နားမလည်နိုင်ဘူး (ပဋိစ္စသမုပ္ပါဒ်) လည်းမသိနိုင်တော့ (သစ္စာလေးပါး) ဘယ်လိုလုပ်သိမှာလဲ . . (မှန်ပါ့)။

(သစ္စာလေးပါး) မသိတော့ (အဝိဇ္ဇာ)ဘယ်ပျောက်နိုင်ပါ့မလဲ၊ (အဝိဇ္ဇာ)က (သစ္စာလေးပါး) မသိတာကိုအရကောက်တာ၊ (ပဋိစ္စသမုပ္ပါဒ်) မသိရင်လည်း (အဝိဇ္ဇာ၊ တဏှာ) ဖြစ်ကြောင်းမသိနိုင်ဘူး (အဝိဇ္ဇာ) မသိရင် (တဏှာ) ဘယ်လိုလုပ်သိမလဲ (အဝိဇ္ဇာ၊ တဏှာ) မသိတော့ (အဝိဇ္ဇာ၊ တဏှာ) မပါယ်နိုင်တော့ (တဏှာ၊ မာန၊ ဒိဋ္ဌိ) တွေလည်းမဖြတ်နိုင်၊ မဖြတ်နိုင်တော့ (အဝိဇ္ဇာ၊ တဏှာ) တွေအရင်းခံနဲ့ သံသရာလည်တာပဲရှိတယ်၊ ဘယ်လိုလုပ် (သောတာပန်) ဖြစ်မတုံး၊ သေချာလည်း ဉာဏ်နဲ့စဉ်းစားကြည့်ပေါ့ ဒကာကြီး . . (မှန်ပါ့)။

မြတ်စွာဘုရားတရားဟောခဲ့တာက (သတ္တဝါ) အမျိုးမျိုးကို လိုက်လို့ဟောခဲ့ပါတယ်၊ (အဝိဇ္ဇာ၊တဏှာ) ပျောက်ဖို့ (သစ္စာ) ဆိုက်ဖို့

(အကြောင်းအကျိုး) သိဖို့ကိုပဲ အဓိကထားဟောခဲ့တာပါ (မှန်ပ့ါ)၊ တရားဆိုတာအများနဲ့ သက်ဆိုင်လို့ အများကိုဟောတဲ့ (ဓမ္မစကြာ) နဲ့ညီပြီး ယူမှပိုမှန်မှာပေ့ါ . . (မှန်ပ့ါ)။

(ဓမ္မာနုပဿနာ) ကဉာဏ်စဉ်မရှိတာမဟုတ်ဘူး၊ (ဉာဏ်)နဲ့ သွားရတဲ့တရား၊ ဉာဏ်အဆင့်တွေတော့ ပိုင်းမထားပါဘူး၊ (ဉာဏ်) ကို ရှေ့ရှု ရတဲ့တရားဖြစ်တယ်၊ (ဉာဏ်) နှဲ့ ရှုရင်းနဲ့ (ပဌမတန်း) ဖြစ်တဲ့တရားပါ . . (မှန်ပ့ါ)၊ (ဓမ္မာနုပဿနာ) အ်နေနဲ့ သတိပဋ္ဌာန် တရားမှာ -

> အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ။
> သမုဒယ ဓမ္မာနုပဿီဝါဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ဓမ္မေသုဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ။

လို့ ဖြစ်တာနဲ့ပျက်တာတော့လာတယ်၊ (ဖြစ်ပျက်) လာတယ် ဆိုပါတော့ (မှန်ပ့ါ) ဖြစ်ပျက်က ဖြစ်တာကိုသိတာနဲ့ အဲဒီဖြစ်မှုလေးက ချုပ်သွားဆာယ်၊ ဤဟာ (ဒုက္ခသစ္စာ) လို့ သိလိုက်ရင် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ပေ့ါ၊ ဤဟာ (သမုဒယသစ္စာ) ဆိုရင် (တဏှာ၊ ရာဂ) တွေ ဖြစ်တာပေ့ါ၊ ဒုက္ခကျတော့ (သင်္ခါန်၊ နိမိတ်) နဲ့ ဖြစ်တာပျက်တာပေ့ါ၊ (နိဗ္ဗာန်) ကျတော့ (သင်္ခါန်နိမိတ်) မရှိတော့ (ဖြစ်ပျက်) မရှိဘူးပေ့ါ၊ (မှန်ပ့ါ)။

(နိဗ္ဗာန်) ဟာ ဓမ္မ(သဘာဝ)ဖြစ်တဲ့ (ပရမတ်)နဲ့သွားရတာမျိုးပဲ၊ ထင်ရှားမရှိတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမအမြင်နဲ့သွားရတာမျိုး မဟုတ်ဘူး၊ ဒါတွေအမြင်နဲ့သွားနေရင်၊ ဒီအသိမပျောက်ပဲသွားနေရင်(လောဘ၊ ဒေါသ၊ မောဟ) တွေမကွာနိုင်ဘူးပေါ့၊ ထင်ရှားရှိတဲ့သဘာဝ (ဓမ္မ) တရား (ပရမတ်) တရားနဲ့သွားတော့ (ဖြစ်ပျက်) ကိုလွန်သွားတာပေါ့ (မှန်ပါ့)၊ (နာမသဏ္ဌာန်) ပျောက်ရင် (ပရမတ်) ဖြစ်တော့ (ပထမတန်း) ဖြစ်ပြီပေါ့ (မှန်ပါ့)၊ နိရောဓ = ဆိုတာ (ပညတ်)ကိုပယ်လိုက်ရင် (နိရောဓ)ဖြစ်တာပဲ၊ (နာမသဏ္ဌာန်)ပယ်တော့ ပရမတ် (ရုပ်)ပဲရှိတာ၊ ခေါင်းထဲမှာလာထင်တဲ့ (ရုပ်) ကလေးကို ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါထင်နေရင် (ရုပ်) ပရမတ်မရောက်နိုင်ဘူး၊ အမှန်တရား (ဓမ္မ) သဘာဝတရားက (ရုပ်) ပဲ၊ ဒါကြောင့် (ပညတ်) ဖြစ်တဲ့ (နာမသဏ္ဌာန်) မရောက်မှ (ရုပ်) ရောက်ပြီး (နိရောဓ) ဆိုက်တော့တယ် . . (မှန်ပါ့)။

ဓမ္မာနုပဿနာဆိုတာ

ဓမ္မ = သဘောလက္ခဏာ

နုပဿနာ = အဖန်ဖန်ရှုတာ၊ သဘောလက္ခဏာတွေကို အဖန်ဖန်ရှုတာက (ဓမ္မာနုပဿနာ) တရားပါပဲ . . (မှန်ပါ့)။

ဓမ္မေ = သဘောလက္ခဏာတရားတို့၌

အနုပုနပုနံ = အဖန်ဖန်

ပဿနာ = ရှုခြင်းသည်လည်း (ဓမ္မာနုပဿနာ) ပါပဲ။

မြတ်စွာဘုရားရဲ့ (ဓမ္မစကြာ) မှာလည်း (သတ္တဝါ) မဟုတ်ဘူး ဆိုတာပါပါတယ်၊ (သတ္တဝါ) မဟုတ်ဘူးလို့သိရပါတယ်၊ ဘယ်လိုသိရ သလဲဆိုရင် (ဓမ္မစက္ခုံဉဒပါဒိ) နဲ့ (သတ္တဝါ) မဟုတ်ဘူးဆိုတာသိရပါ တယ်၊ ဒီလိုသိတော့ ဝိဇ္ဇာဉဒပါဒိ = အဝိဇ္ဇာမရှိတော့ဘူး (အဝိဇ္ဇာ)က ဘယ်ကလာသလဲဆိုတော့ အသိမှားတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် စတဲ့လူပဲ၊ နတ်ပဲ၊ တိရစ္ဆာန်ပဲရယ်လို့ ကာမ(၁၁)ဘုံသားရယ်လို့ စွဲမှတ်ယူတဲ့ (သတ္တဝါ)အသိကလာတာပဲ၊ (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့ (ဉာဏ်) အသိဝင်တော့ ဉာဏံဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိလည်းဖြစ်တာပေါ့ (မှန်ပါ့)၊ (သတ္တဝါ) ပျောက်မှ (ဉာဏ်)ရောက်တယ် (မှန်ပါ့)။

မြတ်စွာဘုရားက (သတ္တဝါ)လို့ယူတဲ့ (သညာ)ကိုပယ်ပြီး ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (သင်္ခါရ)၊ ဤဟာ (ဝေဒနာ)၊ ဤဟာ (သညာ)လို့ (ခန္ဓာငါးပါး) ကို ပိုင်းခြားသိမြင်အောင် ခန္ဓာငါးပါး ကိုလည်း (အာယတန) တို့ရဲ့ (ဖြစ်ရာအစုအဝေး) လို့လည်း သိပါ။ (သစ္စာ)အနေနဲ့လည်းသိဖို့၊ ဒီလိုသိမှလည်း (ရာဂ၊ ဒေါသ၊ မောဟ) ကိုပါယ်နိုင်တဲ့ (ဓမ္မာနုပဿနာ) ကိုဟောကြားခဲ့ရခြင်းဖြစ်ပါတယ် . . (မှန်ပါ့)။

(ခန္ဓာငါးပါး) သိမှ၊ ခန္ဓာငါးပါးကွဲမှ (ဓမ္မာနုပဿနာ) ဖြစ်တယ်၊ (ဥပမာ) ဤဟာ (သညာ) ဆိုတာမှတ်သားထားမိလို့ သိလိုက်တာနဲ့ ဤဟာ (သညာ)လို့ ရှုပါ၊ ဘယ်သူ၊ ဘယ်ဝါ၊ ဘာပဲ၊ ညာပဲလို့မပေါ်ပါ

စေနဲ့၊ ဤဟာ (သညာ) ပဲ၊ (သညာ)ထက်မပိုပါစေနဲ့၊ (သညာ)လို့ ဆင်ခြင်လိုက်ဖို့ပဲ၊ ကျန်တဲ့ (ခန္ဓာ) တွေမှာလည်း ဤဟာ (ရုပ်) လို့ ဆင်ခြင်သိလိုက်ပါ၊ (ရုပ်) ထက်ပိုမသိနဲ့၊ (ဥပါဒါရုပ်၊ မဟာဘုတ်ရုပ်) အဖြစ်နဲ့ (ဉာဏ်) အမြင်နဲ့ ဆင်ခြင်သိပါ။ ဤဟာ (ဝိညာဏ်)၊ ဤဟာ (သင်္ခါရ)၊ ဤဟာ (ဝေဒနာ)မှာလည်း သူ့သဘာဝ (ဓမ္မ) လက္ခဏာလေး၊ သူ့သဘောလေးကို (သိ) ကာမတ္တလေးပဲသိပါ၊ (ဉာဏ်) နဲ့ဆင်ခြင်သိ ပေးလို့ရှိရင် (ရာဂ၊ ဒေါသ၊ မောဟ) မပေါ်ဘူး (အဝိဇ္ဇာ)လည်း မဖြစ် တော့၊ (အဝိဇ္ဇာနိရောဓါအာသဝနိရောဓေါနိဗ္ဗာန်) ဆိုတဲ့အတိုင်း (နိဗ္ဗာန်) ကိုမျက်မှောက်ပြုပြီးပဲ ဒကာကြီး (မှန်ပါ့ဘုရား)။

(ဓမ္မာနုပဿနာ) က (ဓမ္မ) သဘောမှန်သမျှတွေမှာ (ပညတ်) ကိုဖယ်ပြီး (ပရမတ်) ဆိုက်အောင်ရှုဘို့ပဲ (မှန်ပါ့)။

(ဓမ္မာနုပဿနာ) မှာ (နာမ်ရုပ်) ဖြစ်တဲ့ကိုယ်နဲ့စိတ်ကို မကပ် ငြိရဘူး၊ မကြောင့်ကျရဘူး၊ (မာန)ကိုပယ်ရမယ်၊ (ဒေါသ) ထွက်ခြင်း၊ (စိတ်ဆိုး) ခြင်းမရှိရဘူး၊ ပယ်ရမယ်၊ သံယောဇဉ်ကို ကျော်လွှားနိုင် ရမယ်၊ ဒါဆိုရင် (ဒုက္ခ) မဖြစ်တော့ဘူး၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဖြစ်ပြီပဲ . . (မှန်ပါ့)။

(ဝိသာခါ) ကျောင်းအမကြီး (သောတာပန်)ဖြစ်တဲ့အခါမှာ (အဝိဇ္ဇာ) မရှိတော့ဘူး၊ ဘာကြောင့် (အဝိဇ္ဇာ) မရှိတော့သလဲဆိုရင်

မြင်တာ၊ ကြားအာ၊ နံတာ၊ စားတာ၊ ထိတွေ့တာ၊ ကြံတွေးတဲ့စိတ် (၆)ပါး ဖြစ်တိုင်းမှာ (သတ္တဝါ) မယူလို့ပဲ၊ သဘောပဲသိနေတာကိုး (မှန်ပါ့)၊ မြတ်စွာဘုရားဟောတဲ့ (ရူပါရမနံစက္ခုဝိညာဏဓါတုယာ) ဖြစ်တဲ့ (ရုပ်) (ဝိညာဏ်) စတာတွေသိတော့ (အဝိဇ္ဇာ) မဖြစ်ဘူး၊ (အဝိဇ္ဇာ) တစ်လုံး မဖြစ်ရင် (ဝိဇ္ဇာဥဒပါဒိ) တစ်လုံးဖြစ်တယ်၊ ဒါနဲ့ပဲ (သောတာပန်) ဖြစ်ခဲ့ တာပဲ . . (မှန်ပါ့)။

ဘာမဆို (ပညတ်)နဲ့ကြည့်ရင် (သတ္တဝါ)၊ (ပရမတ်)နဲ့ကြည့်ရင် (ဇီဝိန္ဒြေ) (ရုပ် ဒြပ်) ဇီဝိတရုပ်ပဲ၊ (နာမသန္တာန်) မရှိရင် (သတ္တဝါ) မရှိဘူး၊ (ပညတ်) မရှိဘူး၊ (ဒြပ်)ရှိလို့ (သညာ) ရှိတယ်၊ ဒြပ်မရှိရင် (သညာ) မရှိဘူး၊ (သင်္ခါရ) က (ဝေဒနာ) နဲ့ (သညာ)က ကြွင်းတာမှန်သမျှ (သင်္ခါရ)ပဲ၊ (ခန္ဓာငါးပါး) ကိုသိရင် ကြိုက်တာရှု၊ (ဧကောဓမ္မော) ပဲ၊ တစ်ခုရှုရင်အကုန်သိပြီပဲ၊ (နိဗ္ဗာန်) ရောက်တာချည်းပါပဲ . . (မှန်ပါ့ ဘုရား)။

တရားရတယ်ဆိုတာ (အဝိဇ္ဇာ) မဖြစ်အောင် (သတ္တဝါ) အသိ (ပညတ်) အသိကိုပယ်ပြီး (ပရမတ်) ကိုသိအောင်လုပ်ရင်းနဲ့ (သမ္မာဒိဋ္ဌိ) အမှန်မြင်ယူရင်းနဲ့ (ဉာဏ်)ဖြစ်သွားတဲ့ (ဝိဇ္ဇာဥဒပါဒိ)၊ (ဉာဏံဥဒပါဒိ) ဆိုတဲ့ဝမ်းထဲမှာဖြစ်တဲ့ (အသိ) ကိုယူရတယ်၊ သောတာပန်ဖြစ်ရင်၊ ရင်ထဲမှာအေးနေတာပဲ၊ အထက်မဂ်တွေဆိုရင် ပိုအေးပေါ့၊ ကောင်းကင် ကြီးလို ဟာလာဟင်းလင်းကြီးနဲ့ (ဇာတိ၊ ဇရာမရဏ) မရပဲ သန္တိသုခကြီး

ကို ရနေတာပဲ ဒကာကြီး ..(မှန်ပါ့)၊ ကဲကြိုးစားကြပေတော့ .. (မှန်ပါ့ဘုရား)။

# နိဂုံး

ဤ (ဓမ္မာနုပဿနာ) တရားစာသားများသည် အဆင်း (ရုပ်) ပရမတ်တွေသာဖြစ်ပါသည်၊ စာသားအဆင်း (ရုပ်) များကို ဖတ်ရှုနေခြင်းသည် (ပရမတ္ထသစ္စာ)အားဖြင့် (အတ္တ) ငါမဟုတ်၊ လူမဟုတ်၊ သတ္တဝါမဟုတ် "ကုသလာဓမ္မာ" ဖြစ်သော (နာမ်) တရား (၅၃)ပါးထဲမှ ထိုက်သည့်အားလျော်စွာ ရရှိသော (စိတ်)နှင့် (စေတသိက်) အချို့တို့က အဆင်း (ရုပ်) များကို ဖတ်ရှုနေခြင်း၊ သိနေခြင်း ဖြစ်ပါသည်။ (ရုပ်နာမ်) တို့ အလုပ်လုပ်နေခြင်းသာဖြစ်ပါသည်။ (အတ္တ) ငါက ဖတ်နေသည် မဟုတ်ပါ၊ (အတ္တ) ငါမဟုတ်သည့် (ရုပ်နာမ်) (အနတ္တ) တရားတို့သာ လျှင် (ဓမ္မသိ) နှင့် (ဝိညာဏ်သိ) များဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ (ရုပ်နာမ်)၏ အကျယ်သဘောဖြစ်သော(စိတ်၊ စေတသိက်၊ ရုပ်) တို့တွင် -

| | | | |
|---|---|---|---|
| **စိတ်** | - | ၁ ပါး | နာမ်တေပညာသ |
| **စေတသိက်** | - | ၅၂ ပါး | (၅၃)ပါး |
| **ရုပ်** | - | ၂၈ ပါး | |
| **သင်္ခတဓါတ်** | | ၈၁ ပါး | |
| **(နိဗ္ဗာန်) အသင်္ခတဓါတ်မြတ်** | | ၁ ပါး | |
| **စုစုပေါင်း** | - | ၈၂ ပါး | |

အသင်္ခတဓါတ် နိဗ္ဗာန် (၁)ပါးနှင့် သင်္ခတဓါတ် (၈၁)ပါးတို့ကို ပေါင်းသော် လောကီ၊ လောကုတ္တရာနယ်တွင် ဓါတ် (၈၂)ပါးသာရှိပါသည်။

ထို့ကြောင့် (ဓမ္မာနုပဿနာ) တရားကိုဖတ်ရှုနေခြင်းသည် အတ္တ (ငါ) က ဖတ်ရှုနေခြင်းမဟုတ် (လူ) ကဖတ်ရှုနေခြင်းမဟုတ် (သတ္တဝါ)က ဖတ်ရှုနေခြင်းမဟုတ်ပေ၊ ငါမပိုင်ငါမဆိုင်သည့် (အနတ္တ) တရား (စိတ်) နှင့် (စေတသိက်) တို့က ဖတ်ရှုနေခြင်းပင်ဖြစ်ပါသည်။

အလားတူပင်(ဓမ္မာနုပဿနာ) တရားကိုရှုပွားနေခြင်းသည်လည်း (အတ္တ)ကောင်ကလေးက ရှုပွားနေခြင်းလည်းမဟုတ်၊ (ငါ) က ရှုပွားနေခြင်းမဟုတ်ပေ၊ (အတ္တ) မရှိ (ငါ) မရှိ 'ကုသလာဓမ္မာ' တည်းဟူသော (ဓမ္မသဘာဝ) ဖြစ်သည့် (စိတ်) နှင့် (စေတသိက်) အချို့တို့က မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် တက်လှမ်းနေခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကြကုန်သော ယောဂီလို့ခေါ်သော သူတော်စင် သူတော်မြတ်အခေါ်ရှိသူတို့သည်အမျိုးမျိုးသော (ပညတ်) တို့ကို ကျော်လွန်စေပြီး (ပညာ) မျက်စိဖြင့်မြင်အပ်သော (ပရမတ္တဓမ္မသဘာဝ) ကို ဆိုက်အောင်အားထုတ်ရပေမည်။ ထိုသို့ အားထုတ်ရကြောင်းကိုလည်း သိရှိနားလည်ဖို့လိုအပ်ပါသည်။

(ဓမ္မာနုပဿနာ) ရှုပွားရာတွင် သုံးညတ (ဓမ္မသဘာဝ) ဆိုက်ရန်သိသင့်သိအပ်သော အချက်မှာ (နာမနှင့်သန္တာန်) ပင်ဖြစ် ပါသည်။ ထို (နာမသန္တာန်) သည် (ပညတ်) တို့ပင်ဖြစ်ပါသည်။ (ဝိပဿနာ) ဘာဝနာအားထုတ်ကြသောအခါ (ပညတ်) ကို အာရုံမပြု ရ၊ (ပရမတ်) ကို သာ အာ ရုံ ပြု ရ မ ည် ဆို သ ည် ကို (ဝိ ပ ဿ နာ) ရှု ပွ ား ကြ သူတိုင်းအားလုံးအသိပင်ဖြစ်ကြပါသည်။

(ပညတ်) နှင့်ပတ်သက်၍ ခြုံငုံသိရှိနိုင်ကြရန် အတိုချုပ်အားဖြင့် (ပညတ်) နှစ်မျိုးနှစ်စားရှိပါသည်။ တစ်မျိုးမှာ (ရှိ) သည်ကို ခေါ်ဆိုသော **"အဟုတ်ရှိ"** (ပညတ်) ဖြစ်၍ ကျန်တစ်မျိုးမှာ (မရှိ)သည်ကို ခေါ်ဆိုနေကြသော **"သမုတ်ရှိ"** (ပညတ်)တို့ပင် ဖြစ်ပါသည်။

(ရှိ)သည်ကိုခေါ်ဆိုသော (ပညတ်)သည် (သခ်တ၊ အသခ်တ) လောကဓါတ်ကြီးတစ်ရပ်လုံးတွင် (၈၂)ပါးသော (ဓမ္မသဘာဝ) ပင်ဖြစ်ပါသည်။ ဤ (၈၂)ပါးသော (ဓမ္မသဘာဝ)တို့ကို သိစိမ့်သောငှာ မြတ်ဗုဒ္ဓသည် ထို (ဓမ္မသဘာဝ) နှင့် ကိုက်ညီသောအမည် (ပညတ်)ကို ပေးလျက်ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ (ရှိ) သည်ကို သင့်လျော်စွာခေါ်ဆိုထားသော (အမည်) ပင်ဖြစ်သည်။ ထို (ပညတ်) ကို (ဝိဇ္ဇာမန ပညတ်) ဟူ၍လည်းခေါ်ဆိုကြပါသည်။ (ဥပမာ)အားဖြင့် (ရှိ)သည်ကို ခေါ်ဆိုသော (ပညတ်) တို့သည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဖဿ၊ ဝေဒနာ၊ သညာအစရှိသည်တို့ဖြစ်ကြပါသည်။ ၎င်းတို့သည်

(၈၂)ပါးသော (ဓမ္မသဘာဝ)တွင် ပါဝင်သော (နာမပညတ်)များပင် ဖြစ်ကြပါသည်။

အထူးသိမှတ်စရာမှာ (နာမည်) ပညတ်နှင့် (ဓမ္မသဘာဝ) တို့မှာ တစ်ခုနှင့်တစ်ခုမရောယှက်ကြပါ။ တစ်ခြားစီသာဖြစ်ကြပါသည်။ (ပထဝီ) ဆိုသည့်နံမည်၊ (ဝေဒနာ)ဆိုသည့် (နံမည်) (ပညတ်)တို့၏ (ဓမ္မသဘာဝ) တစ်ခုစီကို လူတို့သိရှိရန် (မြတ်ဗုဒ္ဓ) က နံမည်များပေး၍ မှည့်ခေါ်ထားသော (ပညတ်) မျှသာဖြစ်ပါသည်။ (ဓမ္မသဘာဝ) တွင် (နံမည်) မပါပါ၊ (နံမည်) အမည် (နာမ) သည် (ဓမ္မသဘာဝ) မဟုတ်၊ ထို့ကြောင့် ပခုက္ကူ ဆရာတော်ဘုရားကြီးက (နာမသဏ္ဌာန်) မရောက်ရန် အမှန်သတိပြုကြရန် လမ်းညွှန်ပေးထားခြင်းဖြစ်ပါသည်။ (သဏ္ဌာန်၊ နာမ) မရောက်က ညွတ်ကြဘယ်မရှိလို့လည်း ဟောကြားထားသည်မှာ (ဓမ္မသဘာဝ) ဆိုက်အောင် ဟောကြားထားခြင်းဖြစ်ပါသည်။

(မရှိ) သည်ကိုခေါ်ဆိုနေကြသော (ပညတ်) ဆိုသည်မှာ (ဥပမာ) ပြရသော် တနင်္ဂနွေ၊ တနင်္လာ၊ နတ်တော်၊ ပြာသို၊ လူ၊ နတ်၊ ဗြဟ္မာ၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ ကျွဲ၊ နွား (သတ္တဝါ) စသည် တို့မှာ (မရှိ) သည်ကို ခေါ်ဆိုနေကြသော (ပညတ်) များသာဖြစ်ကြ ပါသည်။ လောက၌ အမှန်တကယ်ရှိသော (ဓမ္မသဘာဝ) (၈၂)ပါးသော ဓါတ်များမဟုတ်ကြပါချေ၊ (မရှိ)သည်ကို (သမုတိသစ္စာ) အားဖြင့် သမုတ်ရှိခေါ်ဆိုထားသော (နာမ) (ပညတ်)မျှသာဖြစ်ပေသည်။

ယင်းသို့ (ဓမ္မသဘာဝ) သီးခြားမရှိသည်များ ခေါ်ဆိုခြင်းကို (အဝိဇ္ဇာမန) ပညတ်ဟူ၍ ခေါ်ဆိုကြပါသည်။

ထို့ကြောင့် ယောဂီသူမြတ်တို့သည် **"သမုတ်ရှိ" နှင့် "အဟုတ်ရှိ"** ကို ရှေးဦးစွာတိကျပြတ်သားစွာ ခွဲခြားသိမှတ်ထားရပေမည်၊ တနည်းဆိုသော် "အဝိဇ္ဇမနပညတ်" နှင့် "ဝိဇ္ဇာမနပညတ်" ကို ရှေးဦးစွာ တိကျပြတ်သားစွာ ခွဲခြားသိမှတ်ထားရပေမည်။

(သမုတ်ရှိ) အဖြစ်ခေါ်ဆို၍ နေကြရသော(အဝိဇ္ဇာမန၊ ပညတ်) သည် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်တို့ဖြစ်ကြပါသည်။ ၎င်းတို့ကိုပေါင်း၍ (သတ္တဝါ) ဟု တစ်လုံးတည်း ခေါ်ဆိုသမုတ်ထားခြင်းဖြစ်ပါသည်။

(သတ္တဝါ) နှင့်ပတ်သက်၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဘိက္ခုနီသံယုတ်၊ ဝဇီရာဘိက္ခုနီသုတ်၌ မာရ်နတ်သည် ဝဇီရာအမည်ရှိသော ထေရီမအား အို . . . အရှင်မ၊ အဘယ်သူသည် (သတ္တဝါ) ပြုသနည်း၊ အဘယ်ကြောင့် (သတ္တဝါ) သည်ဖြစ်လာသနည်းဟု မေးရာ၊ ထေရီမက အို . . . မာရ်နတ် သင်သည်အဘယ်အရာကို (သတ္တဝါ) ဟု မှောက်မှောက်မှားမှားစွဲလန်းနေသနည်း၊ အို . . . မာရ်နတ်. . (သတ္တဝါ) ဟုခေါ်ဆိုခြင်းသည် စင်စစ်သော်ကား၊ ပြုပြင်အပ်သောစိတ်၊ စေတသိက်၊ ရုပ် (သင်္ခါရ) အစုတို့သာတည်း။

(သတ္တဝါ) ဟူသည်မြူမျှမရှိ၊ ဤသက်သက်သော (ရုပ်နာမ်) (သင်္ခါရ) အစုသည် (သတ္တဝါ) ဟူသောအမည်ကို ပေးထားခြင်းသာ ဖြစ်၏။ အစိတ်စိတ်အပိုင်းပိုင်း တစစီဖြစ်နေသော ဘီး၊ ဝင်ရိုး၊ ထမ်းပိုး၊ စည်းလုံးတို့ကို ပေါင်းစပ်သည်ရှိသော်လည်း၊ ယာဉ်၊ ရထားဟူသော ဝေါဟာရစကားအသံသည်ဖြစ်ပေါ်သကဲ့သို့ ကာမ (၁၁)ဘုံသားတို့ကို ပေါင်းခြုံ၍ခေါ်သော (သတ္တဝါ) ဟုအခေါ်ရှိသော လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲသားတို့သည် (စိတ်၊ စေတသိက်၊ ရုပ်) ဟူသော (ခန္ဓာငါးပါး) သာထင်ရှားရှိကုန်သော အစုတို့ကိုသာလျှင် ဖြစ်ကုန်၏။ (သတ္တဝါ) ဟူသည် လူ၊ နတ်၊ ဗြဟ္မာ၊ ယောက်ျား၊ မိန်းမ၊ တိရစ္ဆာန်၊ ငရဲသားအပါအဝင်ကို (သတ္တဝါ) ဟူ၍သာခေါ်ဝေါ် သမုတ်ထားခြင်းဖြစ်၏။

စင်စစ်သော်ကား(လူ)ဟူ၍မရှိ (သတ္တဝါ)ဟူ၍မရှိယောက်ျား၊ မိန်းမဟူ၍ မရှိပါပေ၊ (ခန္ဓာငါးပါး) သာရှိ၏။ ထို (ခန္ဓာငါးပါး) ဟု ဆိုအပ်သော (ဓမ္မ)သဘောသည် (ဒုက္ခအစု) သာလျှင်ဖြစ်၏။ ဒုက္ခ သာလျှင်တည်ရှိ၏ဟု မာရ်နတ်ကို ဝဇီရာထေရီမက မြတ်ဗုဒ္ဓဟောကြား သည့်အတိုင်း ဟောကြားထားခဲ့ပေသည်။

သုတ်မဟာဝါ (မဟာသတိပဋ္ဌာနသုတ်) အဋ္ဌကထာ၌ လည်းကောင်း၊ သမ္မောအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်္ဂ၌ လည်းကောင်း လာရှိပြန်သည်မှာ -

ယံ ပဿတိ နတံဒိဋ္ဌ၊
ယံ ဒိဋ္ဌံတံနု ပဿတိ၊
အပဿံ ဗဒ္ဓတေမုဠှော၊
ဗဒ္ဓမာနော နမုစ္စတိ။

ယံ၊ အကြင်ယောကျ်ား၊ မိန်းမအစရှိသောအာရုံကို ပဿတိ မြင်ရ၏၊ တံ-ထိုယောကျ်ား၊ မိန်းမဟူသောအာရုံကို၊ နဒိဋ္ဌ -မမြင်အပ်၊ ယံ-အကြင် (မဟာဘုတ်၊ ဥပါဒါရုပ်) တရားကို ဒိဋ္ဌ-မြင်အပ်၏၊ တံ-ထို (မဟာဘုတ်၊ ဥပါဒါရုပ်) တရားကို နုပဿတိ-ပညာမျက်စိဖြင့် မမြင်ကြ၊မုဠှော - မောဟဖြင့် တွေဝေကြသည်ဖြစ်၍၊ အပဿံ အပဿန္တော၊ (ဘူတရုပ်ဥပဒါရုပ်) ကို ပညာမျက်စိဖြင့် မသိမမြင်သော ပုဂ္ဂိုလ်ကို၊ ဗဒ္ဓတေ (တဏှာမာန) စသောကိလေသာတို့ဖြင့် ဖွဲ့ချည်၍ထားတော့ ၏။ဗဒ္ဓမာနော ကိလေသာတို့ဖြင့် ချည်နှောင်ထားအပ်သော ပုဂ္ဂိုလ်သည် နမုစ္စတိ၊ သံသရာဝဋ်ဆင်းရဲမှ မလွတ်ကျွတ်နိုင်သည်သာတည်းဟု အဋ္ဌ ကထာဆရာမြတ်ဖွင့်ဆိုတော်မူ၏၊ မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော် မိန်းမ၊ ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို မစွဲယူရ၊ လက်ခြေစသော အင်္ဂါ ပြုံးဟန်၊ ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို မစွဲယူရ။

(ဆဋ္ဌမူ၊ မြန်မာပြန်၊ စာမျက်နှာ ၇၃)

ထို့အပြင် ဆဋ္ဌမူဖြစ်သော မူလပဏ္ဏာသပါဠိတော်စာမျက်နှာ

(၂၃၈) သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် (၃၂၃) အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် (၅၃၀) ဓမ္မသင်္ဂဏီပါဠိတော်ဆဋ္ဌမူစာမျက်နှာ (၂၆၁) ထိုမှ တစ်ပါးအခြားသောပါဠိတော်များ၌လည်း ယင်းသို့ပုံပန်းသဏ္ဌာန် နိမိတ်ကိုမယူရန် ဟောတော်မူပါသေး၏။

ယင်းသို့ (ယောကျ်ား၊မိန်းမ)စသောနိမိတ်ကို မယူရန် နိကာယ်ငါးရပ်စလုံးမှ ကောက်ယူဖော်ပြရခြင်းမှာ နိကာယ်ငါးရပ်စလုံးတွင် (လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ) ဟူသောပုံပန်းသဏ္ဌာန်အရိပ် နိမိတ်ကိုမယူရန် မြတ်စွာဘုရားဟောကြားတော်မူခြင်းကို လေးနက်စွာသိရှိတော်မူကြစေရန်ဖြစ်ပါသည်။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေကြသည်မှာ အများအားဖြင့် (အတ္တ) ကပွားများအားထုတ်နေကြသည်ကို တွေ့ရှိရ၏။တနည်းဆိုသော် (ငါ) က ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေကြသည်ကို တွေ့ရှိရ၏။

ဗုဒ္ဓမြတ်စွာသာသနာတော်၏ ပါဠိတော်ဆောင်ပုဒ်မှာ "**သဗ္ဗေ ဓမ္မာအနတ္တာ**" ဖြစ်၏။ ထို့ကြောင့် ဝိပဿနာဘာဝနာကို ပွားများအားထုတ်လျှင် (အနတ္တဓမ္မ)သဘာဝကိုသာလျှင် ပွားများအားထုတ်ရပေမည်။ (ငါ) က (အတ္တ) ကပွားများအားထုတ်နေခြင်းဖြင့် အလိုရှိအပ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာ မှတ်သားထားရပေမည်။

(ငါ)က ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေခြင်းမှာ (ဒိဋ္ဌိ) ချွခြင်းမဖြစ်သည်ကို ဝိသုဒ္ဓိမဂ်အဌကထာပါဠိ ဆဋ္ဌမူ ဒုတိယ စာမျက်နှာ - (၂၆၃) ၌

အဟံဝိပဿာမိ မမဝိပဿနာတိ
ဂဏှာတော ဟိ ဒိဋ္ဌိ သမုဂ္ဃာဋနံနာမ
နဟောတိ။

ငါသည် ဝိပဿနာရှုအံ့၊ ငါ၏ဝိပဿနာတည်း။ ဤသို့ယူသော ယောဂီအား ဒိဋ္ဌိပျောက်ခြင်း၊ ကွာခြင်းမည်သည်မဖြစ်၊ (အရှင်နန္ဒမာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ - (၃၅၈)။

ထို့ကြောင့် ဝိပဿနာဘာဝနာပွားများရာတွင်(ငါ)က ဝိဿနာ ဘာဝနာပွားများနေသည်မဖြစ်စေရ၊ (စိတ်) နှင့် (စေတသိက်) နာမ် ခန္ဓာလေးပါးတို့က ပွားများအားထုတ်နေသည်ဟူ၍သာ မှတ်ယူရလေ သည်။ ငါကပွားများအားထုတ်နေသည်ဆိုပါက (ဒိဋ္ဌိ) မစင်ခြင်းကြောင့် (သတ္တဝါ) ဟူသောအယူကို မစွန့်ခြင်း ဖြစ်နေသောကြောင့် အလိုရှိ အပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ပေ။

(အနတ္တ) သဘာဝမမှုဖြစ်သော သဘောတရား**တခုက** (အနတ္တသဘာဝမမှု)ဖြစ်သော သဘောတရားတို့၏ အဖြစ်အပျက်ကို ဆင်ခြင်ပွားများ အားထုတ်နေခြင်းမျှသာ ဖြစ်ရပေမည်၊ယင်းအဌကထာ ၌ ဆက်လက်လာရှိပြန်သည်မှာ -

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ
ဝ ဝတ္ထုပေန္တိ ပရိဂ္ဂဏှန္တိ ပရစ္ဆိန္ဒန္တီတိ
ဂဏှတော ပန ဒိဋ္ဌိဥဿာဠန် နာမ
ဟောတိ။

(သင်္ခါရ)တို့သည်သာလျှင် (သင်္ခါရ) တို့ကိုရှုကုန်၏။ သုံးသပ်ကုန်၏၊ နှလုံးပိုက်ထားမှတ်သားကုန်၏၊ သိမ်းဆည်းရုံးစုကုန်၏၊ ပိုင်းခြားကုန်၏၊ ဤသို့ယူသော ယောဂီအား (ဒိဋ္ဌိ) ကိုခွာသည်မည်၏ဟု ပြဆိုထားပါသည်။

သမ္မုတိသစ္စာမျှသာဖြစ်သော လူနတ်ပြဟ္မာ (သတ္တဝါ) ကို ဖယ်ခွာလျှက် (သဘာဝဓမ္မ) သဘောတရားမျှသာဖြစ်သော (စိတ်၊ စေတသိက်၊ ပရမတ္ထဓမ္မသဘာဝ) တို့က စိတ်စေတသိက်နှင့် ရုပ်ဖြစ်ကြကုန်သော ပရမတ္ထ ဓမ္မသဘာဝတို့ ဖြစ်ပျက်နေခြင်းကို ဆင်ခြင်ပွားများနေခြင်းမျှသာဖြစ်ခြင်းကို စွဲမြဲစွာသိရှိထားရန် ဖြစ်ပါသည်။

တဆင့်တက်ရန်ကား (ဓမ္မာနုပဿနာ) သို့မဟုတ် ဝိပဿနာဘာဝနာပွားများရာတွင် (ပညတ်) ကိုအာရုံမပြုရ၊ မရောက်ရ (ပရမတ္ထသဘာဝ) ကိုသာ အာရုံပြုရလေသည်။ အကြောင်းမှာ (သမ္မုတိသစ္စာ) ဖြစ်သောခေါ်ဝေါ်သမုတ်ထားသော (နာမသဏ္ဌာန်) ပညတ်တို့သည် မပျက်စီး (ဓမ္မသဘာဝ) တရားသည်သာလျှင် ပျက်စီးကြပါသည်။ (ဥပမာ) ဆိုသော် အရှင်သာရိပုတ္တရာဆိုသော အမည်သည်မပျက်စီး၊

အရှင်သာရိပုတ္တရာ၏ (ခန္ဓာငါးပါး) ကားမရှိတော့ပြီ၊ ပျက်စီးခဲ့လေပြီ၊ အနိစ္စလက္ခဏာ ဖြစ်ရပေသည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်မှာ နတ်သားတစ်ဦးက မြတ်စွာဘုရားအား လျှောက်ထားရာမှာ -

ကိံဇီရတိ

ကိံနဇီရတိ

အဘယ်အရာသည် ပျက်စီးဆွေးမြေ့၍ အဘယ်အရာသည် မပျက်စီးမဆွေးမြေ့ပါသနည်းလို့ နတ်သားက လျှောက်ထားလို့ မြတ်စွာဘုရားက ဖြေကြားရာတွင် -

ရူပံဇီရတိ မစ္စာနံ

နာမဂေါတ္တံ နဇီရတိ

အဓိပ္ပါယ်မှာ (ရုပ်) သည် ပျက်စီးဆွေးမြေ့၏၊ မျိုးနွယ်၏ (အမည်နာမ) သည် မပျက်စီးမဆွေးမြေ့ဟု ပြောကြားတော်မူပါသည်။

ထို့ကြောင့် (နာမ) ပညတ်သည်မပျက်စီး၊ ရုပ်သဘာဝ၊ နာမ်သဘာဝသာလျှင် ပျက်စီးခြင်းကြောင့် (ဓမ္မသဘာဝ) ကိုသာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာအားဖြင့် ရှုအပ်ကုန်ရာ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး (ပရိနိဗ္ဗာန်) ပြုခါနီး ဆဲဆဲမှာပင် ဟောကြားခဲ့သည်မှာလည်း -

"ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေနသမ္ပာဒေထ" ဟူ၍ ဟောကြားတော်မူခဲ့သည့် ဝယ = ပျက်စီးခြင်း၊ ဓမ္မာ = သဘောရှိသည့် သင်္ခါရ=ရုပ်၊ နာမ် (ပရမတ်) ကိုသာ မမေ့မလျော့ပဲ သိနေကြယ်လို့ မှာကြားခဲ့ခြင်းကိုလည်း ထောက်ရှု၍သိနိုင်ကြပါသည်။

## (နာမ) နှင့် (သဘာဝ)

ထို့ကြောင့် (နာမ္မ) နှင့် (သဘာဝ) ၂ခုရှိသည့်အနက် (နာမ) ကိုမရှုရ၊ သဘာဝ (ဓမ္မ) ကိုသာ (ပညာ)ဉာဏ်မျက်စေ့ဖြင့် ရှုရပေမည်။

(နာမသဏ္ဍာန်) ပညတ်တို့သည် မပျက်စီး၊ မဆွေးမြေ့ခြင်း ကြောင့် (အနိစ္စ) လက္ခဏာစသည်တို့မဖြစ်ပေါ်နိုင်ပေ၊ (ရုပ်နာမ်) ခန္ဓာ ငါးပါးသဘာဝ (ဓမ္မ) သဘောတွေသည်သာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ရေးသုံးပါးသဘာဝရှိနေကြ၍ (ပညတ်၊ ပရမတ်) ခွဲခြားနိုင် ရန်အတွက် အလွယ်ဆုံးနှင့် အထိရောက်ဆုံးဖြစ်သော (နာမ သဏ္ဍာန်) မရောက်ရန် အမှန်သတိပြုစေခြင်းဖြင့် လိုရာ (သဘာဝ) (ဓမ္မ) (ပရမတ်) သို့ ဆိုက်ရပေသည်။

ကပ်သီးကပ်သတ်လုပ်၍ (ဥပမာ) လူသေခြင်းသည် (**အနိစ္စ**) ဖြစ်၍ (ဓမ္မသဘာဝ) မဆိုက်ဘူးလားဟု မေးလျှင်၊ လူသေသည်ဆိုရာ၌ (အနိစ္စ) ဖြစ်သော်လည်း လူသေသည် (**ဓမ္မသဘောသဘာဝ**) အားဖြင့် (ပရမတ္ထ) သဘာဝသို့မဆိုက်ပါ။ အကြောင်းမှာလူသေသည်ဟု ဆိုခြင်း

မှာ (အဝိဇ္ဇာမာန၊ ပညတ်) ကို အာရုံပြု၍ ပြောခြင်းကြောင့်ဖြစ်ပေသည်။ (ပရမတ္ထ) သဘာဝတွင် (လူ)မရှိ ဓါတ် (၈၁)ပါးသာရှိ၏။ လူသေသည် လို့ပြောလျှင်(သင်္ခါရ) ဖြစ်၍ (သင်္ခါရ)ပျက်ခြင်းပဲလို့ ပြောမှမှန်၏၊ (ဝယ ဓမ္မာသင်္ခါရာ) ဖြစ်၏၊ (ရုပ်နာမ်) (သင်္ခါရ) ပဲရှိ၏၊ (လူ) ဟူ၍မရှိပေ၊ ထို့ကြောင့် (လူ) မရှိသောကြောင့် လူသေသည် ပျက်စီးခြင်း။ ဆွေးမြေ့ ခြင်းရှိသော်လည်း (ပရမတ္ထသဘာဝ) သို့မဆိုက်ပါပေ။

**ရုပ်နာမ်(ခန္ဓာငါးပါး) သည် (လူ)မဟုတ်၊ (သတ္တဝါ) မဟုတ်ပေ၊ အဇ္ဈာတသတ်မင်းသားကို အကြောင်းပြု၍ မြတ်စွာဘုရားဟောကြား ခဲ့သည့် သုတ်သီလက္ခန်ပါဠိတော်၊ သာမညဖလသုတ်ပါဠိတော်အနက် အဓိပ္ပါယ်ဆဋ္ဌမူဘာသာပြန် စာမျက်နှာ (၇၃)၌ လာရှိရာမှာ -**

မြတ်စွာဘုရားက စက္ခုန္ဒြိယသံဝရသည့် သုတ်သီလ က္ခန် ပါဠိတော်၌ ဟောကြားသည်မှာ၊ မင်းကြီး၍လောကမှာ (ရဟန်း) သည်မျက်စေ့ဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သောအခါ (မိန်းမ၊ ယောက်ျား) စသော သဏ္ဌာန်ကို စွဲယူလေ့မရှိ၊ ခြေ၊ လက်စသောအင်္ဂါ၊ ပြုံးဟန်၊ ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာများကိုလည်း စွဲယူလေ့မရှိ၊ စက္ခုန္ဒြေကိုစောင့်စည်း၏၊အကယ်၍ ထိုရဟန်းသည် ငါ၊ သူ၊ ယောက်ျား၊ မိန်းမကိုစွဲယူ၍ စက္ခုန္ဒြေကိုမစောင့်စည်းပဲနေသော် (စက္ခုန္ဒြေ) စောင့် စည်းမှုမရှိသောအကြောင်းကြောင့် **'တဏှာ'** = တပ်မက်ခြင်း၊ **'အဘိဇ္ဈာ'** အကုသိုလ်ဖြစ်ခြင်း ဒေါမနဿ = နှလုံး မသာယာခြင်းဟူသော

ယုတ်မာသောအကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသော ရဟန်းကိုလိုက်၍ နှိပ်စက်ကြကုန်ရာ၏။

ထို့ကြောင့် ရဟန်းသည် စက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်ရာ၏။စက္ခုန္ဒြေကိုစောင့်စည်းရာ၏၊ စက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ-

မျက်စေ့ဖြင့်အဆင်း (ရူပါရုံ) ကိုမြင်သည်ရှိသော် ဤဟာ (ရုပ်)

နားဖြင့်အသံ (သဒ္ဒါရုံ) ကိုကြားသည်ရှိသော် ဤဟာ (ရုပ်)

နှာခေါင်းဖြင့်အနံ့ (ဂန္ဓာရုံ) ကိုနံသည်ရှိသော် ဤဟာ (ရုပ်)

လျှာဖြင့်အရသာ (ရသာရုံ)ကိုလျှက်သည်ရှိသော် ဤဟာ(ရုပ်)

ကိုယ်ဖြင့်ထိတွေ့သည့် (ဖောဋ္ဌဗ္ဗာရုံ) ကိုထိသည်ရှိသော် ဤဟာ (ရုပ်)

စိတ်ဖြင့်သဘော (ဓမ္မာရုံ) ကိုသိသည်ရှိသော် ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)။

(ရူပါရုံ) ကိုမြင်သည်ရှိသော် ယောကျ်ားနိမိတ်၊ မိန်းမနိမိတ် အသံကိုကြားရသော် ယောကျ်ားအသံ၊ မိန်းမအသံ၊ ကောင်းသည် မကောင်းသည်စသော (နိမိတ်) စသည်တို့ကိုမယူပဲ (ရုပ်) ဟူသော (ဓမ္မ) သဘာဝကို မျက်စေ့ဖြင့် ကောင်းစွာထင်မြင်ဆင်ခြင်၍ (သိ) ရမည်ဟု ဟောကြားခဲ့ပါသည်။

ထို့အပြင် အဋ္ဌကထာဆရာမြတ်များကလည်း ဟောကြားခဲ့ ရာမှာနာမည်၊ အရိပ်နိမိတ်၊ ပုံပန်းသဏ္ဌာန်တို့ကို မယူရန်၊ မြင်သည့်အခါ

ကြားသည့်အခါ၊ နံသည့်အခါ၊ စားသည့်အခါ၊ ထိတွေ့သည့်အခါ၊ ကြံတွေးသည့်အခါ အရိပ်နိမိတ် (နာမသဏ္ဌာန်) တွေကိုမယူဘို့ ဟောကြားခဲ့ကြပါသည်။ (နာမ သဏ္ဌာန်) တွေကို လက်ခံသိမ်းပိုက်ကြမယ်ဆိုရင် ကြိုက်ရင် (လောဘ) မကြိုက်ရင် (ဒေါသ)၊ အမှတ်တမဲ့နေလျှင် (မောဟတွေ) ဖြစ်သွားကြောင်း ဟောပြခဲ့ကြပါသည်။

ထို့ကြောင့် မဂ်ဖိုလ်၊ နိဗ္ဗာန်ကိုအလိုရှိ၍ တကယ်တန်းကျင့်မည့် ယောဂီသူမြတ်သည် (ဓမ္မသဘာဝ)ကို (ပညာ) မျက်စိဖြင့် ကောက်ယူ၍ ရှုပွားကြကုန်ရာ၏။

ဤသို့ ဓမ္မာနုပဿနာ(ဓမ္မသဘာဝ) ကိုရှုပွားရန်မြတ်စွာဘုရား ဟောကြားခဲ့ပုံကို သုတ်သီလက္ခန်ပါဠိတော်သုတ် အပြင် သုတ်ပါထေယျပါဠိတော်သံဂီတိသုတ်၊ မူလပဏ္ဏာသ ပါဠိတော်စူဠဟတ္ထိပဒေါပမသုတ်၊ မဇ္ဈိမပဏ္ဏာသပြဟ္မဝဂ်၊ ယောဋမုခသုတ်၊ ဥပရိပဏ္ဏာသအစ ဒေဝဒဟသုတ်၊ အင်္ဂုတ္တိုရ် စတုက္ကနိပါတ်၊ မဟာဝဂ်၊ အတ္တန္တပသုတ်၊ သဠာယတနဝဂ္ဂ သဠာယတနသံယုတ်ပါဠိတော်၊လောကကာမဂုဏဝဂ်၊ သာရိပုတ္တာတွေ့ရသုတ်၊ ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍ(သုတ္တန္တိကဒုကဝိဘာဂ) တို့၌လည်း လေ့လာနိုင်ကြပါသည်။

ဗုဒ္ဓမြတ်စွာသည် လောကဓါတ်ကြီးကို သိမ်းကျုံးလျှက် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြည့်တော်မူသောအခါ တဖက်တွင် မပြုမပြင်ရပဲ (သုခ) အတိဖြစ်သော (အသင်္ခတ) ဓါတ်၊ မြတ်သော

(နိဗ္ဗာန်) ကိုမြင်တော်မူ၏။

တဖက်တွင် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ) တို့ပြုပြင်စီမံအပ်သော (ဒုက္ခ) အတိသာဖြစ်သော (သင်္ခတ) ဓါတ်ကိုတွေ့မြင်တော်မူ၏။

ဤတွင်မဂ်ဖိုလ်၊ နိဗ္ဗာန်ကိုအလိုရှိသူ ယောဂီသူမြတ်၏စိတ်တွင် စွဲမြဲမှတ်ယူထားရမည်မှာ၊ လောကဓါတ်ကြီးတစ်ရပ်လုံးတွင် ဘာမျှမရှိ (ဒုက္ခ) နှင့် (သုခ)သာရှိ၏၊ (ဝါ) (သင်္ခတ) ဓါတ်နှင့် (အသင်္ခတ) ဓါတ်သာရှိ၏၊ ဤ ၂ခုကိုအရင်းပြု၍ သစ္စာ (၄)ပါး၊ (၈၂)ပါးသော လောကီ၊ လောကုတ္တရာသဘာဝဓမ္မဓါတ်တို့သာရှိကြ၏၊ ရှင်းပြရလျှင်-

| | |
|---|---|
| **ဒုက္ခ(သင်္ခတ)ဓါတ်(၈၁)ပါး** | **သုခ(အသင်္ခတ)နိဗ္ဗာန် (၁)ပါး** |
| **အယုတ်သစ္စာ (၂)ပါး** | **အမြတ်သစ္စာ (၂)ပါး** |
| ဆင်းရဲခြင်းဒုက္ခအမှန်သည် = (ဒုက္ခသစ္စာ) | ဒုက္ခချုပ်ငြိမ်းရာသုခ(နိဗ္ဗာန်)သည် (နိရောဓသစ္စာ) |
| ဆင်းရဲဒုက္ခဖြစ်ကြောင်းအမှန်သည် = (သမုဒယသစ္စာ) | ဒုက္ခချုပ်ရာ အကျင့်မှန်သည် (မဂ္ဂသစ္စာ) |

(သင်္ခတ) ဓါတ်ဆိုသည်မှာ မူရင်းအားဖြင့် (ရုပ်) = ၂၈ ပါး စိတ် = (၁)ပါး၊ စေတသိက် = (၅၂)ပါး ပေါင်း (၈၁)ပါးသော ဓါတ်တို့သာဖြစ်လေသည်။

(သံခိတ)နယ်တစ်ရပ်လုံးတွင် ဤဓါတ် (၈၁)ပါးသာရှိလေသည်။ အခြားမည်သည့်တရားမျှမရှိချေ၊ ဤ (၈၁)ပါးသောဓါတ်တို့ကိုပင် ထိုက်သည့်အားလျော်စွာ -

| | |
|---|---|
| **ရုပ်နာမ်** | - ၂ ပါးဟူ၍လည်းကောင်း |
| **ခန္ဓာငါးပါး** | - ဟူ၍လည်းကောင်း |
| **ဓါတ် ၆ပါး** | - ဟူ၍လည်းကောင်း |
| **အာယတန ၁၂ပါး** | - ဟူ၍လည်းကောင်း |
| **ဓါတ် ၁၈ပါး** | - ဟူ၍လည်းကောင်း |

(ပဋိစ္စသမုပ္ပါဒ်) တရားဟူ၍လည်းကောင်းခေါ် ဆိုကြပါသည်။

(၄၅) နှစ်တိုင်တိုင် ရှင်တော်မြတ်ဘုရားဟောကြားတော်မူခဲ့သော တရားတော်တို့ကို ခြုံ၍လိုရင်းကိုထုတ်သော် (ဒုက္ခ) နယ် ဤမှာဘက်မှ (သုခ) နယ်ဟိုမှာဘက်သို့ ရောက်ရှိစေရန် ဟောတော်မူသောတရားတော်များပင်ဖြစ်ပါသည်။

ထို့ကြောင့် ယင်းသို့ဟောတော်မူအပ်သော ပါဠိတော်အရပ်ရပ်သဘောကို အတိုချုပ်ဖော်ပြရသော် (ဓမ္မပဒ) ပါဠိတော် (မဂ္ဂဝဂ်) ၌လာရှိသော

(၁) သဗ္ဗေသင်္ခါရာ အနိစ္စာ

(၂) သဗ္ဗေသင်္ခါရာ ဒုက္ခာ

(၃) သဗ္ဗေဓမ္မာ အနတ္တာ ဟူသော ဒေသနာတော်ကို ရရှိ

လေသည်။ အနက်ကား

(၁) သဗ္ဗေ = ခပ်သိမ်းကုန်သော၊ (သင်္ခါရ) = အကြောင်းတရားတို့ ပြုပြင်အပ်ကုန်သော (ရုပ်နာမ်) တရားတို့သည် (အနိစ္စ) အမြဲမရှိကုန်။

(၂) လူ၊ နတ်၊ ဗြဟ္မာ စသော ကာမ (၁၁)ဘုံသားတို့၌ ခပ်သိမ်းကုန်သော အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော (ရုပ်) တရား၊ (နာမ်)တရားတို့သည် ဆင်းရဲ (ဒုက္ခ) သာဖြစ်ကြကုန်၏။

(၃) ခပ်သိမ်းကုန်သော ပြုပြင်အပ်ကုန်သော (သင်္ခတ) ဓါတ်၊ မပြုပြင်အပ်သော (အသင်္ခတ)ဓါတ်တို့သည် (အတ္တ) မဟုတ် (အနတ္တ) '**ဓမ္မသဘာဝ**' တရားတို့သာလျှင် ဖြစ်ကုန်၏။

ထို့ကြောင့် ယောဂီသူမြတ်တို့ တိကျပြတ်သားစွာ သိမှတ်ထားရမည်မှာ မိမိနှင့်တကွ (သင်္ခတ) နယ်အတွင်းရှိ (၈၁)ပါးသော ဓါတ်တို့မှာ -

(၁) (အနိစ္စ) '**ဓမ္မသဘောသဘာဝ**' မျှသာဖြစ်သည်။

(၂) ဆင်းရဲ (ဒုက္ခ) '**ဓမ္မ သဘောသဘာဝ**' မျှသာဖြစ်သည်။

(၃) (ငါ) မဟုတ်၊ လိပ်ပြာကောင်မဟုတ် (အတ္တ) မဟုတ်

အကြောင်းတရားကြောင့် ဖြစ်ပေါ်ရသောအကျိုးတရား(အနတ္တ) **'ဓမ္မသဘော သဘာဝ'** မျှသာဖြစ်သည်ကို စွဲမြဲသိမှတ်သိမ်းပိုက်ထားရပေမည်။

ထိုမှတစ်ပါး၊ ဟိုမှာဘက်တွင် "အသုတဝါပုထုဇဉ်"တို့နှင့်လုံးဝမသက်ဆိုင်သော "သုတဝါအရိယာသာဝကော" အရိယာတို့နှင့်သာသက်ဆိုင်သော (ဒုက္ခ)အပေါင်းတို့ ကင်းငြိမ်းလျှက် (သုခ) အတိသာလျှင် ဖြစ်သော (အသင်္ခတ)ဓါတ်မြတ် (နိဗ္ဗာန်)သည် သူတော်၊ သူမြတ်တို့အတွက် ရှိ၏ဟု စွဲမြဲစွာသိမှတ်သိမ်းပိုက်ထားရမည် ဖြစ်၏။

(ဓမ္မ)သဘာဝကို စွဲမှီ၍ ဖြစ်ပေါ်နေသော မိမိကိုယ်ကောင်၊ အရိပ်အရောင်ကြီးနှင့် အစွဲအမှီခံရသော (ခန္ဓာငါးပါး) ကို (ဓမ္မ)သဘာဝအတိုင်းမှန်ကန်စွာ သိရှိနားလည်နိုင်ရန် (ဉာဏ်) ပညာမျက်စေ့ကို အလိုရှိအပ်ပေသည်။

(ဉာဏ်) ပညာမျက်စေ့ဆိုသည်မှာ အခြားမဟုတ်၊ ဘုရားရှင်ပေးထားတော်မူသော **'ဓမ္မစက္ခု'** (ဓမ္မာနုပဿနာ) ပင်ဖြစ်ပေသည်။

(ဓမ္မာနုပဿနာ) သည် (ပညတ်)ကိုကျော်၍ (ပညတ်) ကို ထားခဲ့ပြီး (ပရမတ်)ကို ရှုရမည်ဖြစ်ရာ ပါဠိတော်၌လာရှိသည်မှာလည်း

"ပညတ္တိံ ဌပေတွာ အနိစ္စဒိကာရေန ဝိဝိဒံပဿတီတိ ဝိပဿနာ" အရ

(တဏှာဒိဋ္ဌိ) ဖြစ်စေသော (ပညတ်) ကို ပယ်ခွါ၍ ရှုကျင့်ရမည်ဖြစ်ပေသည် (တဏှာ၊ ဒိဋ္ဌိ) ဖြစ်စေသော (ပညတ်)ကို ပယ်ခွါရှုနိုင်ရန် (ပညတ်)များဖြစ်သည့် (နာမ၊ သဏ္ဌာန်) မရောက်ရန် အမှန်သတိပြုနေခြင်းပင်ဖြစ်ပေသည်။

ဤတရားသည် (ဓမ္မာနုပဿနာ) တရား၊ (ပရမတ္ထ) တရား၊ အရိယာသစ္စာနဒဿနံတရား၊ သမ္မာဒိဋ္ဌိတရား၊ သဒ္ဓမ္မံ (သူတော်ကောင်းတရား) ဟူ၍လည်းခေါ်ဆိုရပါသည်။

ကျွန်ုပ်တို့၌ရှိသော ဒွါရ (၆)ပါးမှ (စိတ်) ၆ပါးဖြစ်ပေါ်တိုင်း (စိတ်) ထဲ၌ အခေါ်အဝေါ်မှန်သမျှ (အမည်နာမ) တွေမရောက်အောင် (သတိ) ပြုနေခြင်း (သဏ္ဌာန်) အနေဖြင့်၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ပစ္စည်းစသည့် (သဏ္ဌာန်)တွေမရောက်အောင် (သတိ)ပြုနေခြင်းဖြင့် (ပညတ်) တွေမဖြစ်ပေါ်သည့်အတွက် (တဏှာ၊ ဒိဋ္ဌိ) တွေမဖြစ်ပေါ်တော့ပေ၊ (ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) ဟူသောအမှားမြင်မှု (ဒိဋ္ဌိ)ဘက်သို့လည်း မရောက်တော့ပေ၊ (ပညတ်) အမြင်မဖြစ်ပေါ်လျှင် (ရာဂ၊ ဒေါသ၊ မောဟ)တို့သည်လည်း ပါးပါးသွားသည့်အတွက် (တဏှာ) ချုပ်လျှင် (ဥပါဒါန်) လည်း ချုပ် (ကံ) လည်းချုပ်သောကြောင့်စိတ် (ခန္ဓာ) ရခြင်းဇာတိ (ဒုက္ခသစ္စာ) ဒုက္ခလည်းငြိမ်းပြီး ဒုက္ခဖြစ်ကြောင်း (တဏှာ၊ ဥပါဒါန်၊ ကံ) (သမုဒယသစ္စာ) ကိုလည်း ပယ်ပြီးဖြစ်နေတော့၏။

(တဏှာ) ချုပ်လျှင် (ပဋိစ္စသမုပ္ပါဒ်) သံသရာပြတ်ကြောင်း (ပဋိလုံ) အရ (နာမ်ရုပ်) လည်းချုပ်၊ (သင်္ခါရ) လည်းချုပ် (အဝိဇ္ဇာ) လည်းချုပ်သဖြင့် (ဝိဇ္ဇာ) နှင့်နေသူ (ဝိဇ္ဇာဥဒပါဒိ၊ ညာဏဥဒပါဒိ) ဖြစ်လာ၏။

(နာမသန္တာန်) မရောက်အောင် သတိပြုနေခြင်းသည် (ပညာ ဉာဏ်) ဖြင့် (ပရမတ်) ကိုရှုနေခြင်းဖြစ်၏။ (ပညာ) မဂ္ဂင် ၂ပါး၌ **"သမ္မာ သင်္ကပ္ပဂေါစရာ"** ဆိုသောကြောင့် (သမ္မာသင်္ကပ္ပ) အာရုံဖြစ်နေ၏။

(သမ္မာသင်္ကပ္ပ) ဖြစ်အောင်နေခြင်းသည် (မိစ္ဆာသင်္ကပ္ပ)ကို မရောက်အောင် နေခြင်းဖြစ်ပေသည်။ (မိစ္ဆာသင်္ကပ္ပ) ဆိုသည်မှာ (နီဝရဏငါးပါး)ဖြစ်သော (ကာမ၊ ရာဂ၊ ဒေါသ၊ မောဟ၊ ထိနမိဒ္ဓ) တွေဖြစ်ပေါ်နေခြင်းကို ခေါ်ဆိုနိုင်၏။ မိမိစိတ်၌ ထိုသို့သော မင်္ဂတား၊ ဖိုလ်တား၊ စိတ်များမဖြစ်အောင် (ဉာဏ်၊ ပညာ) ဖြင့် ထိန်းပေးခြင်း၊ စိတ်ကိုစောင့်စည်းခြင်းသည် (သမ္မာသင်္ကပ္ပ) ဖြစ်၏။ ကောင်းစွာကြံခြင်း၊ မှန်စွာကြံခြင်းမည်၏။ (သမ္မာသင်္ကပ္ပ) သည် နိဿမဝိပါတ်၊ အဗျာပါဒဝိပါတ်တို့ဖြစ်၍ ရှုဖို့ကောင်းခြင်းဖြစ်၏။

ရှုပွားနည်းမှာထိုင်နေစဉ်၊ ထနေစဉ်၊ လဲလျောင်းနေစဉ်၊ စားသောက်နေစဉ် မည်သည့်အခါ၌မဆို နှလုံးသွင်းမှုအားထုတ်မှုသည် မြင်သည့်အခါ၌ဖြစ်စေ၊ ကြားသည့်အခါ၌ဖြစ်စေ၊ နံသည့်အခါ၌ဖြစ်စေ၊ စားသည့်အခါ၌ဖြစ်စေ ထိတွေ့သည့်အခါ၌ဖြစ်စေ ကြံတွေးသည့်အခါ

၌ဖြစ်စေ၊ မိမိ (စိတ်) သန္တာန်၌ (နာမသန္တာန်) မရောက်ရန်၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (ဝေဒနာ)၊ ဤဟာ (သညာ)၊ ဤဟာ (သင်္ခါရ)ဟူ၍ (ဓမ္မသဘာဝ) ကိုသိပေးသော (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်သော (ရုပ်နာမ်)အသိဖြင့် ရှုနေရပေမည်။ ခန္ဓာငါးပါး (ရုပ်နာမ်) ပရမတ်ပဲရှိသဖြင့် ရုပ်နာမ် (ပရမတ်) ကိုသာသိအောင် ရှုနေရပေမည်။

ဤကဲ့သို့ အဟုတ်ရှိ တကယ်ရှိ အမှန်ရှိ (ရုပ်နာမ်) (ပရမတ်) ကိုရှုပွားနေခြင်းအားဖြင့် (ပုထုဇဉ်) တို့၏အသိ (ပညတ်)များကွာနေ၏၊ (ပညတ်) ကွာလျှင် (ဒိဋ္ဌိ) လည်းကွာနေ၏၊ (ဒိဋ္ဌိ) သည်တစ်ခါရှုတခါ ကွာဖြစ်နေသောကြောင့် (ဒိဋ္ဌိ) ကိုလက်တွေ့ခွါနေခြင်းဖြစ်တော့၏။ (ဒိဋ္ဌိ)ကို လက်တွေ့ကျကျခွါနေခြင်းဖြစ်သောကြောင့်လည်း လက်တွေ့ကျသော အစကောင်းသည့် (ပထမတန်း) တရားဖြစ်နေတော့၏။

(ပညတ်) ကိုခွါပြီးရှုသည့် (ဝိပဿနာ) အစစ်ဖြစ်သောကြောင့် (ပညတ်) ကြောင့်ဖြစ်သည့် (တဏှာ၊ ဒိဋ္ဌိ)၊ (တဏှာ) ကြောင့်ဖြစ်သော (ရာဂ၊ ဒေါသ၊ မောဟ) တို့မဝင်အောင် တားဆီးနေခြင်းပင်ဖြစ်ပေတော့၏။ (နိဗ္ဗာန်) ရောက်ကြောင်းအမှန်ဖြစ်နေတော့၏။

မျက်စေ့မှိတ်၍ အားထုတ်နေစဉ် (စိတ်)ထဲ၌အမည် (နာမ) ပေါ်လာလျှင်ဖြစ်စေ၊ (သန္တာန်) တစ်ခုခုပေါ်လာလျှင်ဖြစ်စေ၊ (ပညတ်) ပါသော (စိတ်) ဖြစ်လာ၍၊ ထိုစိတ်ကို (သိပျက်) ရှုရာ၏။ စိတ်ခန္ဓာကို ရှုပွားနေစဉ် မိမိက (သတိ) ပြုနေသဖြင့် စိတ်မပေါ်လျှင် (ပညတ်)

မပါသောစိတ်၊ ဤဟာ (ဝိညာဏ်) အဖြစ် သိပေးရာ၏။ သိမပေးလျှင် မောဟ (အဝိဇ္ဇာ) ဝင်မည်ဖြစ်၏၊ သိရုံသာသိပေးရသည့် (ဝိညာဏ်) ကိုသိသည့် (အသိ)သည် (ပရမတ်) ဖြစ်၏၊ (ပညတ်) မပါသော (စိတ်) သည် (ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) ပျောက်သော (စိတ်) ဖြစ်၍ အေးငြိမ်းသော (ပရမတ်စိတ်) ဖြစ်နေ၏။ (နိဗ္ဗာန်) ရောက်ကြောင်း (ဘာဝနာ) ဖြစ်နေတော့၏။

(ပညတ်) ဖြစ်သောအမည် (နာမသဏ္ဍာန်) ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရောက်ပါမှ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူသော (ပုထုဇဉ်) တို့၏အသိသည် တဖြည်းဖြည်းနည်းပါး သွားပြီး (ဉာဏ်) အမြင်သည်အမှန်မြင်သော (ဉာဏ်) (သမ္မာဒိဋ္ဌိ) ဖြစ်လာတော့၏ (သမ္မာဒိဋ္ဌိ) ရောက်မှ (မဇ္ဈိမပဋိပဒါ)လမ်းမှန် ဖြစ်တော့၏၊ စက္ခုကရဏီ၊ ဉာဏကရဏီ (ဉာဏ်) ရောက်သွား၏။

(သမ္မာဒိဋ္ဌိ) ရောက်သွားပါမှ (နတ္တာဝါနဥဒယဘယံ) ဟုခေါ်ဆို အပ်သောဖြစ်ခြင်း၊ ပျက်ခြင်းကိုမြင်လာ၏ (သမ္မာဒိဋ္ဌိ) ရောက်သွားမှ ဖြစ်ခြင်း၊ ပျက်ခြင်းတွေ့ထင်လာ၏၊ (ပရမတ်) ရောက်မှ (ဖြစ်ပျက်) မြင်လာခြင်းဖြစ်၏၊ (ပညတ်)တွေရှိနေလျှင် (အဝိဇ္ဇာ) ဖြစ်နေ၍ (ကာမသုခလ္လိကာနုယောဂေါ) ဖြစ်နေ၏ (ကာမရာဂစိတ်)နှင့် ရှုနေခြင်းဖြစ်နေတော့၏။

ကာမသုခ = လောကီအာရုံကာမဂုဏ်ချမ်းသာမကင်းသော

(ပညတ်) နှင့်ရှုနေ၍ (အဝိဇ္ဇာ) ဖြစ်နေ၍ လမ်းမှန်မကျတော့ပေ၊ (ပညတ်) များမရှိရာ (ပရမတ်)ကိုတွေ့မှသာ (မဇ္ဈိမပဋိပဒါ)လမ်းမှန်သို့ ရောက်တော့၏။

(တဏှာ) မပွားစီးအောင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ရှင်အာနန္ဒာအား ဟောကြားသလိုမိန်းများကိုမြင်လျှင် ကိုယ့်မိခင်၊ ကိုယ့်အမ၊ ကိုယ့်နှမ၊ ကိုယ့်သမီးဟု နှလုံးသွင်းရာ၏၊ ဤသဘောမျိုးမှ တစ်ဆင့်တက်၍ ယောကျာ်း၊ မိန်းမ (သန္တာန်)ကိုမြင်လျှင် ဤဟာ (ရုပ်)ဟူ၍ သိပေးရာ၏။

ကြားရာမှာလည်း ဘာပြောသည်၊ ဘာဆိုသည်ဟူသော အဓိပ္ပါယ်မပေါ်စေပဲ (တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်သို့မကူးစေပဲ ကြားသည့်အသံသည် အသံရုပ်ပင်ဖြစ်၍ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)စသည်ဖြင့် သိပေးရာ၏၊ အနံ့နံမှုမှာလည်း (မွှေး) လျှင် (ရာဂ)ဘက်သို့ကူး၏၊ (နံ)လျှင် (ဒေါသ) ဘက်သို့ရောက်တတ်သောကြောင့် နံတာ၊ မွှေးတာကို နှလုံးမသွင်းပဲ၊ အနံ (ရုပ်) ကိုဤဟာ (ရုပ်) ဟူ၍ (ဉာဏ်) ဖြင့် သိပေးရာ၏။

စားလျှင်လည်းအရသာ (တဏှာ) ဘက်သို့မကူးစေပဲ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) ဟူ၍ သိပေးရာ၏၊ ထိတွေ့လျှင်လည်း (ရုပ်) အနေဖြင့် သိပေးရာ၏၊ ကြံတွေးလျှင်လည်း (နာမသန္တာန်) မရောက်အောင် သတိပြုပြီး ဤဟာ (ရုပ်) ဟူ၍၊ ဤဟာ (ဝိညာဏ်) ဟူ၍

သိပေးရာ၏။

(ပညတ်) မပါသော (စိတ်) ကို စိုက်ကြည့်နေသော စိတ်ပင်လျှင် (ဝိညာဏ်)ဖြစ်၏။ (ပရမတ်စိတ်) ဖြစ်၏၊ ထိုစိတ်သည် (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေမရှိ၍ အေးငြိမ်းနေ၏။

ထိုကဲ့သို့စိုက်ကြည့်နေ၍ ငြိမ်းနေသော (နိရောဓမ္မ) သည် တဖြည်းဖြည်းနှင့် သင်္ခါရုပေက္ခာအရင့်စားသို့ရောက်ပြီး နောက်ပိုင်း (သင်္ခါရ) မရှိရာမပျက်ရာ (နိဗ္ဗာန်)ဆီသို့ ကူးပြောင်းသွားလေတော့၏။

(ပညတ်) ကိုပယ်ခွါနေခြင်းဖြစ်သည့် **"နာမသန္တာန်မရောက်ရန် အမှန်သတိပြု"** ခနေခြင်းဖြစ်သည့် နှလုံးသွင်းခြင်း၊ အားထုတ်ခြင်း၊ ရှုပွားခြင်းသည် (ပညတ်)ကိုခွါထားသည့်အတွက် (ပညတ်) ကိုဖြစ်စေသော (အဝိဇ္ဇာ) ကိုသတ်နေခြင်းဖြစ်နေ၏။ (ဒိဋ္ဌိ) ခွါနေခြင်းဖြစ်တော့၏၊ လောဘမူစိတ် (တဏှာ) ကိုပါးစေ၏။

(အဝိဇ္ဇာ) မဖြစ်လျှင် (အာသဝေါ) လည်းမဖြစ်၊ (အာသဝေါ) မဖြစ်ခြင်းသည် (အဝိဇ္ဇာ၊ နိရောဓါအာသဝနိရောဓေါနိဗ္ဗာန်) ဆိုသည့်အတိုင်း (ပညတ်) မဖြစ်အောင် (တဏှာ) မဖြစ်အောင် (နာမသန္တာန်) မရောက်အောင် (ရှု) နေခြင်းဖြင့် (အာသဝေါ) ကင်းနေ၏၊ (ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) တွေမရောက်သောကြောင့် တရားအားထုတ်ရင်း (ဒိဋ္ဌိ) ကိုလည်းလက်တွေ့ ခွါနေခြင်းဖြစ်၍

(ပထမတန်း) တရားပင်ဖြစ်တော့၏။

(ပညတ်) မရှိ၍ (တဏှာ) မဖြစ်လျှင် (သမုဒယ) ကို ပယ်ထားပြီးဖြစ်သဖြင့် (သမုဒယသစ္စာ) ဖြစ်သော (ဒုက္ခဖြစ်ကြောင်း) မရှိလျှင် (ဒုက္ခသစ္စာ) လည်းချုပ်၏။ (ခန္ဓာငါးပါး) မရသည့် (ဒုက္ခခန္ဓာ) မရသည့် (ပရမတ်) စိတ်နှင့် နေခြင်းဖြစ်၍ (နိရောဓ) ဖြစ်နေ၏။

(ဓမ္မာနုပဿနာ) ကို အနှစ်ချုပ်သော် (ဓမ္မာနုပဿနာ) သည် ကျယ်ပြန့်၏၊ (ဓမ္မ)ဟူသောသဘော၌ (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်သော ရုပ်နာမ် (သင်္ခါရ) (ပညတ်) နှင့် (နိဗ္ဗာန်) တို့ပါဝင်လေရာ (စိတ်၊ စေတသိက်၊ ရုပ်) နှင့် (ပညတ်) တို့ကိုသိပေးရသောကြောင့် (ပရမတ်) သို့ ဆိုက်ရောက်နေ၏၊ (ပညတ်) ကိုမရှုရပေ၊ (ပညတ်) ကို (သိ) ပေးလိုက်ခြင်းဖြင့် (ပညတ်) ပျက်သွားသဖြင့် (ပဋိစ္စသမုပ္ပါဒ်)တန်းခြင်း၊ (ရာဂ၊ ဒေါသ၊ မောဟ) မှလွတ်သွားခြင်းကြောင့် ငြိမ်းနေ၏၊

(ဓမ္မ) ဖြစ်သော (စိတ်)ပေါ်လျှင် (ပညတ်)ပါသော (စိတ်) ဟူ၍ (သိ) ပေးလိုက်ခြင်းဖြင့် (ပညတ်)ကွာ သွား၏။ ထိုအခါ (ပညတ်) မပါသော စိတ်ဟူ၍ (ပရမတ်စိတ်) ကိုလည်းသိပေးရာ၏။ ထချင်တာ၊ ထိုင်ချင်တာ၊ စားချင်တာ၊ သောက်ချင်တာအစရှိတာမျိုးဖြစ်ပါလျှင် လည်း ဤဟာ (စေတသိက်)အဖြစ် သိပေးရာ၏၊ ထို့အတူ၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) ဤဟာ (ဝေဒနာ) ဤဟာ (သညာ)ဟူ၍

မိမိသန္တာန်မှာပေါ်လာသည့် ခန္ဓာငါးပါး (ဓမ္မ) သဘောလေးများကို ဤဟာ (က)၊ ဤဟာ (ခ)၊ ဤဟာ (ဂ) ဆိုသလို သိပေးခြင်းဖြင့် (ပရမတ်)ဆိုက်ပြီး အငြိမ်းဓါတ်ကိုရရနေ၏။

(က) (ခ) အစအဆုံးရအောင် ကျက်မှတ်သလို (စိတ်၊ စေတသိက်၊ ရုပ်) ပညတ်တို့ကိုလည်း မိမိသန္တာန်၌ ပေါ်လာသမျှ (အသိ) လိုက်ပေးခြင်း (သိ)နေခြင်းဖြင့် (ရုပ်နာမ်) သိသော (ပရမတ္တသစ္စာ) ယေဓမ္မာဖြစ်နေ၏၊ (ယေဓမ္မာ) ၌ (ဟေတုပ္ပဘဝါ) ဆိုသော ကြောင့် အကြောင်းအကျိုးရှိနေ၏ (ဓမ္မာ) ဖြစ်သော (စိတ်၊ စေတသိက်၊ ရုပ်) စသည့် (ရုပ်နာမ်) တို့သည် ဖြစ်ကြောင်းလည်းရှိကုန်၏၊ ချုပ်ကြောင်းလည်းရှိကုန်၏၊ ထိုဖြစ်ကြောင်း ချုပ်ကြောင်းတို့သည် (ဝယဓမ္မာသင်္ခါရာ) ဖြစ်ကြကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးဆဲဆဲ နောက်ဆုံးမိန့်ကြားခဲ့သော (ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေနသမ္ပာဒေထ) နှင့် ပြည့်စုံအောင်။ လိုက်နာရအောင်၊ (ဓမ္မာနုပဿနာ) တွင် ဤဟာ (ရုပ်)၊ ဤဟာ (ရုပ်) ဖြစ်ကြောင်း၊ ဤဟာ (ရုပ်ချုပ်ကြောင်း)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (ဝိညာဏ်ဖြစ်ကြောင်း)၊ ဤဟာ (ဝိညာဏ်ချုပ်ကြောင်း) စသည်တို့ကို (သိ) ပေးရခြင်းကြောင့် ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ) နှင့် ပြည့်စုံနေ၏၊ မြတ်စွာဘုရား၏နောက်ဆုံးတရားသည် (ဓမ္မာနုပဿနာ) ဖြစ်နေတော့၏။

(ရုပ်နာမ်၊ သင်္ခါရ ဝယဓမ္မာ) ကို ရှုနေခြင်း၊ သိနေနိုင်ခြင်း တို့ကြောင့် (ဖြစ်ပျက်) ကို အမြန်ဆုံးသိမြင်နိုင်၏၊ (ပညတ်) မပါ (ပရမတ်) ရုပ်နာမ် (သင်္ခါရ) တို့၏ (ဝယဓမ္မ) ကို ရှုနေနိုင်ခြင်း၊ သိနေ နိုင်ခြင်းတို့ကြောင့် (နိရောဓဓမ္မ) ဖြစ်နေ၏။

ထို (နိရောဓဓမ္မ) အငြိမ်းဓါတ်ကို (၅)မိနစ်ရလျှင် ၅မိနစ်ငြိမ်း ၏။ တစ်နာရီရလျှင် တစ်နာရီငြိမ်း၏၊ တစ်နေ့လုံးရလျှင်၊ တစ်နေ့လုံးငြိမ်း ၏။ အစဉ်ရလျှင် (သင်္ခါရ) ကို ဥပေက္ခာပြုသည့် (ခန္ဓာငါးပါး) ကို မတွယ်တာတော့သည့် ၊ လျစ်လျူရှုသည့် (သင်္ခါရုပေက္ခာဉာဏ်) အရင့်စားကိုရောက်ပြီး (သင်္ခါရဒုက္ခခန္ဓာ) မဖြစ်ရာ၊ မပျက်ရာ၊ ဒုက္ခပျောက်၍ အနုလောမဉာဏ်မှတဆင့် ပုထုဇဉ်တို့ပုံစံမျိုး မဖြစ်တော့ သည့် ပုထုဇဉ်အနွယ်ကို ဖြတ်သည့်နိဗ္ဗာန်ကို လှမ်းမျှော်ကြည့်နိုင်သည် (ဂေါတြဘူဉာဏ်) ရ၍ မဂ်ဆိုက်ဖိုလ်ဝင် ဖြစ်ခါ မဂ်ဉာဏ်ကြီးနှင့်တ(ာ) (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်ကြတော့မည် ဖြစ်ပါတော့သည်။

(ဦးကံညွန့်)

**ဓမ္မာနုပဿနာတရားတော်ပြီး၏။**

❀ ❀ ❀ ❀ ❀ ❀ ❀ ❀

# (အဝိဇ္ဇာ) မဖြစ်ပဲ (ဉာဏ်) ဖြစ်ချင်ရင်

- ❒ (အဝိဇ္ဇာ) ဖုံးတယ်ဆိုတာ (ပညတ်)ဖုံးတာ (ပညတ်)မှန်းမသိတာ။
- ❒ (အဝိဇ္ဇာ) ဆိုတာ (ပညတ်) ကြောင့် (အဝိဇ္ဇာ) ဖြစ်တာ။
- ❒ ဒါကြောင့် (အဝိဇ္ဇာ) မဖြစ်အောင် (ပညတ်) မရောက်အောင် (သတိ) ပြုနေရင် (အဝိဇ္ဇာ) မဖြစ်ဘူး။
- ❒ လူတောထဲနေပေမဲ့ (ပညတ်) မရောက်အောင် (သတိ) ပြုနေရင် တောရဆောက်တည်တာနဲ့ အတူတူပဲ၊
- ❒ (ပညတ်) မရောက်အောင်ဘယ်လို (သတိ) ပြုနေရမလဲဆိုရင် (နာမ၊ သန္တာန်မရောက်ရန် အမှန်သတိပြု) နေရမယ်၊
- ❒ ရောက်မယ်ကြံရင် (သတိ) သာပြုလိုက် (အဝိဇ္ဇာ)မဖြစ်တော့ပဲ (ဉာဏ်) ဖြစ်သွားလို့ (ဉာဏံဥဒပါဒိ) ဖြစ်တာပေါ့။
- ❒ (ဉာဏံဥဒပါဒိ) ဖြစ်တာများလာရင် (မဂ်ဉာဏ်) ကြီးဟာ မလွဲတော့ပါဘူး။
- ❒ မြတ်စွာဘုရားက (ပညတ်) ကိုသိလို့ (ဥဒယျမ်) တရားသိပြီး (သဗ္ဗညုတ) ဉာဏ်တော်ကြီးကိုရတာပါ။

**ပခုက္ကူဆရာတော်ဘုရားကြီး**

# စာဖတ်မပျင်းကြစေလို

- (စိတ်၊ စေတသိက်၊ ရုပ်) ခန္ဓာငါးပါး (ရုပ်နာမ်) အရှိတရားတို့ကို (လူ) ရယ်လို့ သမုတ်ခေါ်ဆိုနေကြသော (လူ) တို့သည် သေလွန်သွားကြသည့်အခါ၌ (ကုသိုလ်၊ အကုသိုလ်၊ အသိဉာဏ်) တို့သည်သာ ထိုသူတို့၏ (စိတ်၊ စေတသိက်) အစဉ်အတန်းကြီးတွင် လိုက်ပါသွားကြမည်သာဖြစ်ပေသည်။

- စာဖတ်ပျင်းသောသူတို့သည် ဘဝဘဝက (အသိဉာဏ်) မျိုးစေ့ ညံ့ဖျင်းလာသောသူတို့ပင်ဖြစ်ချေ၏။

- အဘယ်ကြောင့်ဆိုသော် (အသိ၊ အလိမ္မာ) သည် (စာ) မှာရှိသောကြောင့် စာဖတ်ပျင်းသောသူတို့သည် (လောကီ၊ လောကုတ္တရာ) အသိဉာဏ် အလိမ္မာမျိုးတို့ကို ရနိုင်ကြတော့မည်မဟုတ်ကြပါပေ။

- စာဖတ်ပျင်းသောသူတို့သည် (မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား) တော်မြတ်ကို ရပါလို၏ဟု မည်သို့ပင်ဆုတောင်းနေကြစေကာမူ၊ ဆုကြီးပန်ပုဂ္ဂိုလ်၊ တရားစစ်၊ တရားမှန်ဖြစ်သော (တရားထူး) ကို နာကြားရသော ပုဂ္ဂိုလ်တို့မှလွဲ၍ စာဖတ်ပျင်းသောသူတို့သည် (နိဗ္ဗာန်ရောက်ကြောင်း) တရားတော်မြတ်ကို ဘယ်သောအခါမှ သိနိုင်ကြတော့မည်မဟုတ်ကြပါပေ။

294.364.3-68
A1MMGB026197


ဦးကံညွန့်

# ဦးကံညွန့် ပူဇော်ထားသော တရားစာအုပ်များ


၁၉၉၅





၁၉၉၆





၁၉၉၇




၁၉၉၈




၁၉၉၉





၁၉၉၉





၂၀၀၀




၂၀၀၀




၂၀၀၂




၂၀၀၃

